
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**အယ်ဒီတာအဖွဲ့**

ကိုဒီ၊ သီဟ်မြလှိုင်၊ စံပြနီ

**မျက်နှာဖုံးခေါင်းစီးစာလုံး**

ပန်းချီတင်ထွဏ်း

**ထုတ်လုပ်မှုတာဝန်ခံ**

မိုးမြင့်လှိုင်

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ် ၁၈၉၊ ဒုတိယထပ်၊
၃၄ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊
ဖုန်း ၀၉ ၄၉၂၈၂၆၂၀၊
၀၉ ၄၂၁၀၆၀၈၀၂
truemegazine@gmail.com



BURMESE CLASSIC .com

**နီလေးမောင်**

**မဂ္ဂဇင်း**

အမှတ် (၂၂၆)၊ နိုဝင်ဘာ၊ ၂၀၁၃ ခုနှစ်

- သိန်းနိုင်ဦး(ပဲခူး) ........ ၁၇
  ပြစ်မှုနှင့်ပြစ်ဒဏ်
- ညိုမင်းလွင် ........ ၂၄
  နိုင်ငံတကာသတင်း
- ခင်မမမျိုး ........ ၂၈
  အုပ်စုဖွဲ့ကျူးလွန်သောမှုခင်းများ
- သက်လွင်(ရဲကျော်သူ) ........ ၃၄
  မယုံနိုင်စရာဖြစ်ရပါသည် ဆရာနီ
- မျိုးမြင့်ကြိုင်(သင်) ........ ၃၈
  မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသန္တရစရိုက်
- မြလေးဖြူ(မြူး) ........ ၄၂
  လောဘအတွက် ဒေါသထွက်ကြသူများ
- သိန်းတိုး ........ ၅၂
  လောင်းကစား
- နတ်တလင်းချစ်လွင် ........ ၅၈
  ထိပေါက်ပြီး ထိလက်မှတ်ပျောက်သောအခါ
- လှဦး(ဒွာရဝတီ) ........ ၆၄
  လူသားစား လူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com




- ကောင်းသုတ(မင်းဘူး) ................ ၇၀

  ဓားပြကျော်စိန်

- မောင်မှိုင်းညို့(ချောင်းဦး) ............... ၇၈

  ရဲဆိုတာ ...

- ဝင်းသောင်(ရမည်းသင်း) .............. ၈၈

  ရုပ်ရှင်ရုံထဲကအချစ်

- ချစ်ဦးလွင် .......................... ၉၈

  အရက်ကြောင့်

- နေဇော်ဦး .......................... ၁၀၄

  ခရီးစဉ် ၉၆၁ ၏ နောက်ဆုံးမျှော်လင့်ချက်

- မောင်လူသစ် ....................... ၁၁၄

  ညို့ရမ္မက်၏နိဂုံး

- ဇောဟိန်း(CID) .......................... ၁၂၃

  စီရင်ထုံးထဲကနှစ်လောင်းပြိုင်

- ကိုရဲ(ဥပဒေ) ....................... ၁၂၈

  တမလွန်မှသံယောဇဉ်

- အောင်လှိုင်းဝင်း(သူရ ၁၀) ............ ၁၃၇

  ပျက်အစဉ် ပြင်ခဏ

- ခရီးသွားသတင်းသမား ............... ၁၄၄

  မုဒိမ်းမှု

- ခရမ်းသစ်လူ ....................... ၁၅၂

  အရောင်ကိုညှိသည့်အလင်း

- ညိုမင်းလွင်(မော်ကျွန်း) ............... ၁၆၀

  ရာစုနှစ်တစ်ခုကျော်ထိန်းသိမ်းခံဝိညာဉ်၏ ဖြူစင်သောမေတ္တာ၊ စေတနာ

- စိုးဝေ .............................. ၁၈၀

  သံယောဇဉ်ပုတီးကုံးလေး

- သက်လွင်(ရဲကျော်သူ) ............... ၁၉၂

  မိုက်လေသူ၏သွားရာလမ်း

- ဇေယျမင်းသျှင် ...................... ၂၀၂

  နွေ၏အလွန်

- ကေတီအောင်သိန်း .................... ၂၂၃



**ကာတွန်း**

ပေသီး၊ ဟန်၊ ဇောဟန်၊
ဦးအောင်၊ မြေရိုင်း

**ပန်းချီဒီဇိုင်းသရုပ်ဖော်**

ကျော်ဦး၊ ကျော်စိုးသိန်း၊
ညီညီလွင်၊ စက္ကူ၊ မောင်မောင်ညီ

**မျက်နှာဖုံးဒီဇိုင်း**

သားကြီး (NORTH SIDE)

**စာစီစာရိုက်**

အနာဂတ်ကမ္ဘာ

**CTP**

ကမ္ဘာဦး


www.burmeseclassic.com

www.burmeseclassic.com



# တစ်နပ်စားအကြံ လမ်းပေါ်ကဒလန်နဲ့ ခုတ်မယ့် ထစ်မယ့် ပါးပါးလှီးမယ့်လူများ

**နီလေးမောင်**

ကျွန်တော်တို့လမ်းထဲမှာ ကိုလူမောင်ဆိုတဲ့ ပူပူနွေးနွေး ပင်စင်စားတစ်ယောက် ရှိပါတယ်။ သူက အပျော်အပါး၊ အသောက်အစား ကင်းတဲ့ လူရိုးလူအေးပါ။ သူ့ဝါသနာက တီဗွီကြည့်တာပါ။ သူ့အိမ်မှာ ၁၄ လက်မတီဗွီလေး ရှိပေမယ့် ဝန်ထမ်းဘဝတုန်းက ကြည့်ဖို့ အချိန်မရခဲ့ဘူး။ ရုံးချိန်မီအောင် စောစော ထ၊ ရုံးဆင်းတော့လည်း လိုင်းကားတိုးစီး၊ မိုးချုပ်မှ အိမ်ရောက်ဆိုတော့ ပင်ပန်းနွမ်းနယ်နေပြီ။ မနက်ဖြန် စောစော ထနိုင်ဖို့ ညစောစောအိပ်ရမှာ မဟုတ်လား။

ပင်စင်လည်း ယူလိုက်ရော စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားပြီ။ တီဗွီရှေ့ကကို မထတော့ဘူး။ ဝါသနာကို အပြည့်အဝ အကောင်အထည်ဖော်ပြီ။ ဒါက သူ့အတွက် တစ်ခုတည်းသော ဖြေဖျော်ရေးလေ။ ခက်တာက တီဗွီအစီအစဉ်ဆိုတာကလည်း သူ့အချိန်နဲ့သူ လွှင့်တာ မဟုတ်လား။ အဲဒီလို တီဗွီမလာတဲ့ အချိန်တွေကို ပျင်းရိစွာ ဖြတ်သန်းနေရတဲ့ ကိုလူမောင်တစ်ယောက် တီဗွီရှေ့မှာ အမြဲထိုင်နေနိုင်မယ့် အစီ အစဉ်တစ်ခုကို စဉ်းစားမိတယ်။ ဒါကတော့ ဒီဗီဒီစက်တစ်လုံး ဝယ်ဖို့ပါ။ အဆင်ပြေတာက ပင်စင်ယူတော့ ရလာတဲ့ စုငွေဆောင်ငွေကလေးကလည်း ရှိနေတာကိုး။

ငါးသောင်းဝန်းကျင်ဆိုရင် သုံးပျော်တဲ့ San Sung အမျိုးအစား ဒီဗီဒီစက်တစ်လုံးရနိုင်တယ်လို့ အသိတွေက ပြောထားတာလည်း ရှိနေတော့ ဈေးကွက်ကို ကိုယ်တိုင်ထွက်လို့ စုံစမ်းတာပေါ့။ အပေါ်စက် အောက်စက်တွေမျိုးစုံတင်ရောင်းတဲ့ ဆိုင်တစ်ဆိုင် ဝင်ကြည့်တယ်။ ဆိုင်ကလည်း ဈေးဦးပဲ မပေါက်သေးတာလား မသိဘူး။ ဆိုင်ရှိလူကုန် သူ့အနား ဝိုင်းလာ ဟိုဟာကောင်းတယ်၊ ဒီဟာကောင်းတယ် ပြောပြီး စက်တွေ တစ်လုံးပြီးတစ်လုံး ထုတ်ပြတော့တာပဲ။ အမျိုးအစားတွေကလည်း အများကြီး။ ကိုလူမောင် ခေါင်းတော်တော်နောက်သွားတယ်။ အေးအေးဆေးဆေး စုံစမ်းဖို့ လာတာ၊ ခုတော့ ဖွတ်အတင်းထိုးရောင်းနေပြီ။ နောက် လာယူပါ့မယ်၊ စုံစမ်းရုံပါဆိုလည်း မရဘူး။ ပက်ကင်ဘူးအသစ်တွေ ဆွဲဖောက်ပြလိုပြနဲ့ မဝယ်ဘဲ ပြန်ထွက်လို့ မရအောင် လုပ်နေကြပုံလေ။ ဈေးရောင်းတာနဲ့မတူဘဲ အမဲဖျက်တဲ့ပုံစံမျိုးဖြစ်နေတော့ ကိုလူမောင်လည်း စိတ်ညစ်နေပြီ။

စုံစမ်းဖို့လာတာ ပိုက်ဆံမပါခဲ့လို့ တစ်ခါတည်း ယူမသွားနိုင်သေးဘူး၊ ဝယ်ရင် ဒီဆိုင်မှာပဲ လာဝယ်ပါ့မယ်ပြောတော့ ကိုလူမောင်ကို ရိုးရိုးအအ နယ်က အချဉ်ကြီးထင်ပြီး ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ် လုပ်နေတဲ့ အရောင်းဝန်ထမ်းတွေ ကိုယ်ရှိန်သပ်သွားတယ်။ ရပါတယ်၊ ရပါတယ်၊ လိုချင်ရင်လာယူပါ။ စောစောက ဖောက်ပြခဲ့တဲ့ ပက်ကင်ဖိုးတော့ ပေးခဲ့ပါတဲ့။ ငါးမရလည်း ရေချိုးပြန်မယ်ဆိုတဲ့ လူစားတွေပါလား။ နောက်တစ်နေ့ကျတော့ ကိုလူမောင် ပိုက်ဆံပါယူသွားတယ်။ ဒီနေ့တော့ ဝယ်ဖြစ်အောင် ဝယ်တော့မယ်ပေါ့။ ဒါပေမယ့် ဟိုနေ့ကဆိုင်လိုမျိုးနဲ့ တွေ့မှာလည်း စိုးရိမ်နေတော့ ဆိုင်တိုင်းလည်း မဝင်ရဲသလို ဖြစ်နေတယ်။ အဲဒီလို ယောင်လည်လည်ဖြစ်နေတဲ့ ကိုလူမောင်အနားကို လူရွယ်တစ်ယောက်က ကပ်လာတယ်။ ဘာရှာတာလဲ၊ တီဗွီလား၊ အောက်စက်လား၊ ဒီဗီဒီလားလို့ မေးတယ်။ ကိုလူမောင်က ဒီဗီဒီစက်ဝယ်မလို့ဆိုတော့ သူက လိပ်စာကတ်တစ်ခုပေးတယ်။ အီလက်ထရော

www.burmeseclassic.com



နှစ်ပစ္စည်းနဲ့ ပတ်သက်ရင် အဲဒီဆိုင်သာသွားပါ ဈေးမှန်၊ ပစ္စည်းမှန်နဲ့ ရိုးရိုးသားသား ရောင်းတာ ဒီဆိုင်ပဲရှိတယ်။

လာလာ … ကျွန်တော် လိုက်ပို့ပေးမယ်။ မဝယ်လည်း လေ့လာလို့ ရပါတယ်ဆိုပြီး ပန်းဆိုးတန်းလမ်းထဲ ဦးဆောင်ခေါ်သွားတယ်။ ပစ္စည်းတွေ အများကြီးတင်ထားတဲ့ ဆိုင်ကြီးတစ်ဆိုင်ပါ။ အရောင်းဝန်ထမ်း တွေကလည်း ဟိုနေ့ကဆိုင်လို အငမ်းမရ မရှိပါဘူး။ ဣန္ဒြေရရပါပဲ။ နာမည်အမျိုးမျိုး၊ တံဆိပ်အမျိုးမျိုးနဲ့ ဒီဗီဒီတွေက အများကြီးပါလား။ ကြိုက်တာပြောပါ ပြောပေးမယ့် ကိုလှူမောင်က နားမလည်ဘူး။ မရွေးတတ် ဘူး။ ဒါနဲ့ ငါးသောင်းဝန်းကျင်တန် ဒီဗီဒီလိုချင်တယ်လို့ ကိုလှူမောင်က ပြောတော့ သူတို့က San Sung အမျိုးအစားစက်ကို ထုတ်ပေးတယ်။ ဈေးက ငါးသောင်းခွဲတဲ့။ ဟုတ်ပြီ။ သူ့မိတ်ဆွေတွေ ပြောလိုက်တဲ့ အမျိုးအစားပါ။ ဈေးကတော့ များနေတယ်။ နောက်ဆုံးတော့ လေးသောင်းခွဲနဲ့ ပေးတယ်။ စက်ဝယ်တဲ့ ကိစ္စ ပြီးသွားပြီ· ညကျတော့ ဒီဗီဒီစက်နဲ့ တီဗွီကို ကြိုးဆက်ဖို့ကိစ္စကို အသိတစ်ယောက်က လာလုပ်ပေး တယ်။ စက်ကို လေးသောင်းခွဲပေးရတာ သိတော့ ခင်ဗျား ခံလိုက်ရပြီတဲ့။ ဒါ တရုတ်စက်တဲ့ ၂၃၀၀၀ ပဲ ရှိတယ်တဲ့။

ကြည့်စမ်း … ရက်စက်လိုက်ကြတာ။ အဲဒီညက ကိုလှူမောင် တစ်ညလုံး အိပ်မပျော်ခဲ့ပါဘူး။ ဒီပိုက်ဆံဟာ နှစ်ပေါင်းများစွာ စုဆောင်းခဲ့ရတဲ့ ချွေးနဲ့စာပါ။

နောက်တစ်နေ့ကျတော့ ကိုလှူမောင် စက်ကိုယူပြီး ဆိုင်ပြန်သွားတယ်။ ရောင်းဈေး မတန်တဆ များနေတဲ့ကိစ္စသွားပြောမယ်ပေါ့။ ဟိုနေ့က ဒီစက်ရောင်းလိုက်တဲ့ အရောင်းသမားဟာ ကိုလှူမောင်ကို မြင်တာနဲ့ လှစ်ခနဲ နောက်ဖေးခန်းဝင်သွားတယ်။ ပြန်ထွက်မလာတော့ဘူး။ ရှိတဲ့လူတွေ မေးတော့လည်း မလာဘူးလို့ ပြောင်လိမ်နေတယ်။ ကိုလှူမောင် စိတ်တိုလာပြီ။ ဈေးအများကြီးယူရောင်းတဲ့ ကိစ္စပြောပြပြီး ဆိုင်ရှင်နဲ့ တွေ့ချင်တယ်ဆိုတော့ အမျိုးသမီးတစ်ယောက်က ရောင်းပြီးတဲ့ပစ္စည်း ငွေပြန်မအမ်းနိုင်ကြောင်း၊ San Sung အစစ်နဲ့လဲပေးမယ်။ ငါးထောင်ထပ်ပေးရမယ်ဆိုတယ်။ San Sung အစစ်ရမယ်၊ တစ်နှစ် အာမခံပေးမယ်တဲ့။ ကိုလှူမောင် သဘောတူလိုက်တယ်။ မတူလို့လည်း မရဘူးလေ။ အလိုက်ပေးဖို့ ငါးထောင် မပါဘူး။ သုံးထောင်ပဲ ယူပါလို့ အတင်းဆစ်တော့ ရပါတယ်။ တကယ်တော့ ဒီစက်ဟာလည်း ပထမစက် အဆင့်လောက်ပဲ ရှိပြီး ဈေးကလည်း နှစ်သောင်းခွဲလောက်ပဲ ရှိနေတာကို မသိရှာတဲ့ ကိုလှူမောင်ကတော့ ဝမ်းသာအားရ စက်ကို ပိုက်ပြီး ပြန်လာခဲ့ပါပြီ။ တံဆိပ်ဆိုတာက တပ်ချင်တဲ့တံဆိပ် တပ်လွှတ်လို့ရသလို ဒီလိုစိတ်ထားမျိုးရှိတဲ့ လူတွေပေးတဲ့ တစ်နှစ် အာမခံဆိုတာလည်း ဘယ်လိုမှ ခိုင်မာနိုင်မှာ မဟုတ်ဘူးဆိုတာ ကိုလှူမောင်လို လူရိုးလူအေးက မသိခဲ့ဘူးလေ။

ဒီနေ့ … အီလက်ထရောနစ်ပစ္စည်းတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပါပြီ။ သုံးပေမယ့် ပစ္စည်း မှန်၊မမှန်၊ ကောင်း၊မကောင်းကိုတော့ မဆုံးဖြတ်နိုင်သေးပါဘူး။ နယ်စပ်က ဝင်လာတဲ့ပုံစံတူ ပစ္စည်းတုတွေကို ဒီဘက်က မသမာတဲ့ဆိုင်တွေက တံဆိပ်မျိုးစုံကပ် ဒလန်တွေ မွှေးပြီး မသိသူတွေကို ရိုက်စားလုပ်နေတာလည်း ပါတာပေါ့။

ဒီလိုကိစ္စမျိုးတွေကို တိုးတိုးရော ကျယ်ကျယ်ပါ ကြားနေရပါတယ်။ အချို့ အီလက်ထရောနစ် ရောင်းတဲ့ဆိုင်တွေဟာ တစ်နပ်စားအကြံနဲ့ မသိတဲ့ ဝယ်သူတွေကို လှီးဖြတ်လှည့်စားနေဆဲပါ။

ဒီလို အီလက်ထရောနစ်ပစ္စည်း ဝယ်မယ်ဆိုရင် ဘယ်သူသေသေ ငေမာပြီးရောဆိုတဲ့ လောဘ စိတ်ထားနဲ့ အကြံအဖန်သမားတွေကို သတိထားဖို့ လိုပါတယ်။

နီလေးမောင်

www.burmeseclassic.com

www.burmeseclassic.com





ဆိုးဇော

သံယောဇဉ် ပုတီးကုံးလေး

အသက်နဲ့ဝိညာဉ် ကြွေသွားပြီဖြစ်တဲ့
ကြိုးသမားရဲ့
လက်ထဲက စိပ်ပုတီးလေး...
လျှို့ဝှက်ထူးခြားမှုတွေနဲ့ပါ

ဖတ်ရှုဖွယ်
သည်လ



အိန္ဒိယိုး
ဆောင်းကတား

လမ်းဘေးမှာကစားနေကြတဲ့
လူငယ်လေးတွေရဲ့ဘောလုံးပွဲ
လောင်းကစားအရိပ်ထိုးလာချိန်မှာ



သက်လွင်

အရက် လောင်းကစားတို့နဲ့
ပျော်မွေ့နေသူတစ်ဦးရဲ့
အဆင်အခြင်မဲ့မှုကြောင့်ဖြစ်ခဲ့တဲ့
မှုခင်းတစ်ခု.....

ရာဇဝတ်ဘေး
ပြေးမလွတ်...

မှုခိုးမှု



www.burmeseclassic.com

www.burmeseclassic.com

ထီပေါက်ပြီး
ထီလက်မှတ်ပျောက်သောအခါ

ဉပဒေရေးရာအသိပညာပေး

ရဲ့ရတပ်ဖွဲ့နှစ်ပတ်လည်

ခေါင်းပါး

မျိုးညို ၊ ကျော်ဦး ၊

ရဲ ..ဆိုတာ



အကျဉ်းစံဗိုဉာဉ်၏
ပြုစင်သောမေတ္တာ
နှစ်ပေါင်းရာချီ အကျဉ်းကျခံနေရတဲ့ ဗိုဉာဉ်တစ်ကောင်...
အင်္ဂလိပ်တစ်မှ ခစ်ရိုလ်လေးတစ်ဦး...
တိုက်ဆိုင်ကြုံ တစ်ခုအတွင်းမှာ ဆုံတွေ့ကြသောအခါ.....



တွေ့ရ ကြုံရ ရဲတပ်ဖွဲ့ဝင်ဘဝ
မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်
တွေ့ဆုံ-ဓာတ်ပုံ
မျိုးမြင့်ကြိုင်၊ သင်း၊

တွင်း သ တင်း

နန်းနိုင်ဦး ၊ ဖဲရူး ၊



## ပုံနှိပ်မှတ်တမ်း

နိုဝင်ဘာလ ၂၀၁၃၊
ပထမအကြိမ်
တန်ဖိုး - ၇၀၀ ၊ အုပ်ရေ - ၁၀၀၀
ဦးကျော်ရွှေမင်း (၀၅၉၉၂)
အောင်သိန်းသန်းပုံနှိပ်တိုက်

အမှတ် ၄၄(ခ) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။
ဦးမိုးကောင်းလှိုင် (၀၄၈၇၀) မှခင်းစာပေ
၃/၂၆၇၊ ခရေပင်လမ်း၊ ဝေဘာဂီ၊
မ/ဉက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းမှ ထုတ်ဝေသည်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ဖောက်ထွင်းမှုနှင့် ခိုးမှုများကို ကြိုတင်ကာကွယ်ရန်

❖ နေအိမ်၏ ခြံစည်းရိုးကို လုံခြုံမှုရှိသည်ထိ ခိုင်ခံ့အောင် ကာရံပါ။

❖ ခြံစည်းရိုးကို ကျော်ဖြတ်ဝင်နိုင်သည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ဖယ်ရှားပစ်ပါ။ မှောင်ရိပ်ဖြစ်စေမည့် ချုံနွယ်များ၊ သစ်ပင်များကို အမြဲတစေ ရှင်းလင်းဖယ်ရှားပါ။

❖ ဖြစ်နိုင်က နေအိမ်ပတ်လည်၌ မီးထွန်းထားပါ။

❖ နေအိမ်ခြံစည်းရိုးများ၌ အချက်ပေး ကိရိယာတပ်ဆင်ပါ။ အသံမြည်သည့် ချူ၊ ဆည်းလည်း၊ ခေါင်းလောင်း၊ သစ်စသားခလောက်၊ နို့ဆီခွက်ခလောက်များ တပ်ဆင်ထားရှိပါ။

❖ စုပေါင်းလူနေတိုက်ခန်းများ၏ ရေပိုက်များ၊ အမိုက်စွန့်ပိုက်နှင့် မိလ္လာပိုက်များကို အတားအဆီးတပ်ဆင်ပါ။

❖ သီးခြားနေထိုင်သည့် အိမ်ခြံဝင်းများ၌ အစောင့်ထားရှိပါ။ သို့မဟုတ် အစောင့်ခွေးထားရှိပါ။

❖ ရွှေ၊ ငွေ၊ မိလ္လာနှင့် နေအိမ်ပြုပြင်မှု ပြုရသည့်အခါ အစောင့်အမြဲရှိနေပါစေ။

❖ နေအိမ်အနီး၌ ကြိုး၊ ဆူး၊ ဆောက်၊ လွှ၊ လှေကား၊ ထိုင်ခုံ၊ အမြင့်များကို အလွယ်တကူ အသုံးပြုနိုင်ရန် မထားရှိပါနှင့်။ ညအချိန် တံခါးအားလုံးကို လုံခြုံမှု ရှိ မရှိ စစ်ဆေးပြီးမှ အိပ်တတ်သည့် အလေ့အထ ပြုလုပ်ပါ။

❖ နေ့ဖြစ်စေ၊ ညဖြစ်စေ အပြင်ထွက်သည့်အခါ တံခါးကို အမြဲပိတ်ထားပါ။ သို့မဟုတ် အစောင့်ထားရှိပါ။ အပြင်ထွက်သွားသည့် မိသားစုဝင်ကို တံခါးဖွင့်ပြီး စောင့်ဆိုင်းမှု မပြုပါနှင့်။

❖ သံသယရှိသည့် ထူးခြားမှုရှိပါက ပတ်ဝန်းကျင်သို့ အသိပေး အကူအညီ တောင်းခံပါ။ သို့မဟုတ် ရဲကင်း၊ ရဲစခန်းနှင့် တာဝန်ရှိသူများထံ ချက်ချင်းအသိပေး အကြောင်းကြားပါ။

www.burmeseclassic.com

www.burmeseclassic.com






## သိန်းနိုင်ဦး (ပဲခူး) စုစည်းတင်ပြသည်

**အရက်မူးပြီး ဓားနဲ့လိုက်ခုတ်သတ်သူ ထောင် (၇)နှစ်ကျ**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့တွင် အရက်မူးပြီး မရီးဖြစ်သူကို ဓားဖြင့်လိုက်ခုတ်ရာ မရီးဖြစ်သူကို မတွေ့ရ၍ တွေ့ရှိရသူ အမျိုးသမီးနှစ်ယောက်အား ဓားဖြင့် ခုတ်သတ်မှုဖြင့် ပြစ်မှုကျူးလွန်သူ မိုးနိုင်အား ပဲခူးခရိုင် ဒုတိယတရားသူကြီး (၁) ရုံးမှ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော (၅·၅·၂၀၁၂) ရက်နေ့ ညနေ (၃)နာရီ အချိန်ခန့်က ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်း ပတိပဋ္ဌာန် (၄) လမ်းနေ၊ ဦးထွေးမောင် (၇၆) နှစ်သည် အပြင်သို့သွားရာမှ နေအိမ်သို့ပြန်လာစဉ်- ကျောက်ကြီးလမ်းရှိ တောရကြီးကျောင်းတိုက်ရှေ့သို့ အရောက်တွင် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ကြည်အား မိုးနိုင်ဆိုသူက ဓားဖြင့် ခုတ်ကြောင်း၊ တစ်ရပ်တည်းနေ မညိုစန်းက ပြောပြ၍ သိရှိရသဖြင့် နေအိမ်သို့ ပြန်၍ ကြည့်ရှုသောအခါ -

ဇနီးဒေါ်ကြည်မှာ နေအိမ်ရှေ့ရှိ လမ်းဘေးရေမြောင်းအတွင်း ပုံလျက်အနေအထားဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ခဲ့ရသည်ဆို၏။

ဦးထွေးမောင်က မေးမြန်းကြည့်ရာ အိမ်နီးချင်းကိုသိန်းနိုင်နှင့် မလှလှလေးတို့ နှစ်ဦးက ပြောပြရာတွင်-

အရက်မူးနေသူ မိုးနိုင်က ၎င်း၏မရီးဖြစ်သူ မမြင့်မြင့်သန်းနှင့် စကားများရန်ဖြစ်ပြီး ဓားဖြင့် လိုက်ခုတ်၍ မမြင့်မြင့်သန်းက ထွက်ပြေးသွားကာ ဒေါ်ကြည်၏ ဈေးဆိုင်အတွင်းသို့ ဝင်ရောက်ပုန်းရှောင်ခဲ့ကြောင်း။

မိုးနိုင်က ဒေါ်ကြည်၏ ဈေးဆိုင်အတွင်းသို့လိုက်ဝင်ပြီး မရီး ဖြစ်သူကို ရှာဖွေရာမတွေ့ရ၍ ပြန်ထွက်လာစဉ် ဈေးဆိုင်ရှေ့ ခုံတန်းလျားပေါ်၌ ထိုင်နေသော ဆိုင်ရှင်ဒေါ်ကြည်အား အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မဲ့ သက်သက်ဓားဖြင့် ခုတ်ခဲ့သည့် အမြင် ဈေးဆိုင်သို့ ဈေးဝယ်လာသူ မလှလှလေးအား ဓားဖြင့်ဆက်လက် ခုတ်ခဲ့ကြောင်း၊ ပြောပြသိရှိရသဖြင့် ဦးထွေးမောင်က သက်ဆိုင်ရာ ပဲနွယ်ကုန်း ရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်း ရဲစခန်းမှ (ပ) ၅၄/၂၀၁၂ ပြစ်မှုပုဒ်မ- ၃၀၂/ ၃၂၆ အရ အမှုဖွင့်အရေးယူပြီး စခန်းမှူး ရဲအုပ်ဗညားအောင်နှင့်အဖွဲ့က ရဲစခန်းမြောက်ဘက် (၂)မိုင်ခန့်ကွာဝေးသော လူသတ်မှု ဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးမှု ပြုလုပ်ခဲ့သည်။



ထိုသို့ စစ်ဆေးရာတွင်-

ဒေါ်ကြည် (၆၃)နှစ် ဈေးရောင်း၊ ပတိပဋ္ဌာန်ရပ်ကွက်နေသူမှာ ဝဲဘက်လက်ကောက်ဝတ် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ညာဘက်လက်ဖမိုးတွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ကုတ်ပိုးတွင် ပြတ်ရှဒဏ်ရာတစ်ချက်နှင့် ကုတ်ပိုး မှ ပါးစပ်အထိ ပြတ်ရှဒဏ်ရာ ရရှိ၍ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးနေပြီး မလှလှလေး (၂၂) နှစ်၊ ပတိပဋ္ဌာန်ရပ်ကွက်နေသူ၏ ယာဘက်ဦးခေါင်းချိုစောင်းတွင် ပြတ်ရှဒဏ်ရာတစ်ချက်နှင့် ယာဘက်ဂုတ်တွင် ပြတ်ရှဒဏ်ရာ တစ်ချက် ရရှိနေကြောင်းတွေ့ရှိရသဖြင့် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် ရဲဆေးစာဖြင့် ဒဏ်ရာရရှိနေသူနှင့် သေဆုံးသူ အလောင်းအား ပဲနွယ်ကုန်း ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ ထို့နောက် ပြစ်မှုကျူးလွန်သူ မိုးနိုင် (၃၉)နှစ်၊ (ဘ) ဦးထွန်းကြည် (ပန်းရံလုပ်) (၄) လမ်း၊ ပတိပဋ္ဌာန်ရပ်ကွက်၊ ပဲနွယ်ကုန်းနေသူအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြက် (၃)လက်မ၊ အသွား (၁၀) လက်မ၊ ဝါးအရိုးတပ် ဓားမ တစ်ချောင်းနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းအမှုအား အမှုစစ်စခန်းမှူး ရဲအုပ်ဗညားအောင်က စစ်ဆေးအမှုတည်ဆောက်၍ ပဲနွယ်ကုန်းရဲစခန်း(ပ) - ၆၅/ ၂၀၁၂ ဖြင့် ပဲခူးခရိုင်၊ ဒုတိယ တရားသူကြီး (၁) ရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့၏။ အမှုကို တရားရုံးက ရာဇ်ကြီး အမှတ်- ၃၆/ ၂၀၁၂ ဖြင့် လက်ခံကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံ မိုးနိုင် (၃၉)နှစ်အား ပြစ်မှုပုဒ်မ- ၃၀၂(၂) အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်နှင့် ပြစ်မှုပုဒ်မ- ၃၂၄အရ အလုပ်နှင့် ထောင်ဒဏ် (၁)နှစ်စီ တစ်ပေါင်းတည်း ကျခံစေရန် (၁.၅.၂၀၁၃) ရက်နေ့က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## လူသတ် မုဒိမ်းကျင့်သူကို သေဒဏ်အမိန့်ချ



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာတွင်နေထိုင်သော မိန်းမပျိုလေးတစ်ဦးသည် နေအိမ်မှကျောင်းသို့သွားရောက်စဉ်ပါလာသောပိုက်ဆံအားပေးခဲ့ရန်ပြောဆိုရာ မိန်းကလေးက မပေးသည့် အတွက်လည်ပင်းညှစ်သတ်ပြီးသားမယားအဖြစ်ပြုကျင့်သူမင်းမင်းထိုက်အားပဲခူးခရိုင် ဒုတိယတရားသူကြီး (၂)ရုံးမှသေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာလွန်ခဲ့သော (၁၆.၁၀.၂၀၁၂) ရက်နေ့၊ နံနက်(၇)နာရီအချိန်ခန့်က ပဲခူး မြို့နယ်၊ အထက်ဇိုင်းဂနိုင်းကြီး ကျေးရွာနေ ×××× (၁၃) နှစ် (၈) တန်းကျောင်းသူသည် နေအိမ်မှ အလက (၁) ကျောက်ကြီးစုကျောင်းသို့ ကျောင်းတက်ရန် တစ်ဦးတည်း သွားရောက်ခဲ့သည်ဆို၏။

ထိုနေ့ ညနေ (၅)နာရီအချိန်အထိ မချော့စုလှိုင်မှာနေအိမ်သို့ ပြန်လည်မရောက်လာသည့် အတွက် ၎င်း၏ဖခင်ဖြစ်သူ ဦး တင်မြင့်က လိုက်လံစုံစမ်းခဲ့ရာ တစ်ရွာတည်းနေ ကျောင်းအတူတက်ကြသော သူငယ်ချင်းများက မချော့စုလှိုင် ကျောင်းသို့ မလာကြောင်း ပြောပြ၍ သိရှိရပြီး ၎င်း၏အတန်းပိုင် ဆရာမ ဒေါ်မြမြသန်းထံ သွားရောက်မေးမြန်းခဲ့ရာတွင်လည်း မ×××× သည် ယနေ့ကျောင်းသို့ လာရောက်ခြင်း မရှိကြောင်း သိရှိရသဖြင့် ပဲခူး အမှတ် (၂) ရဲစခန်းသို့ လူပျောက်တိုင်ကြားခဲ့သည်။

ပဲခူးအမှတ် (၂) ရဲစခန်းမှ လူပျောက်အမှတ်စဉ် ၆/၂၀၁၂ ဖြင့် အမှုရေးဖွင့်၍စုံစမ်းခဲ့သည်။ ဖခင်ဖြစ်သူ ဦးတင်မြင့် ကလည်း ရွာသားများနှင့်အတူ လိုက်လံရှာဖွေရာ-

နောက်တစ်နေ့ (၁၇.၁၀.၂၀၁၂) ရက်နေ့ ညနေ (၃)နာရီအချိန်ခန့်၌ အထက်ဇိုင်းဂနိုင်းကြီးအုပ်စုနေ ဦးထွန်းမြင့်၏စပါးခင်းအစပ်တွင် ပျောက်ဆုံးနေသော မ××× အား ပြင်ပဒဏ်ရာမတွေ့ရှိရဘဲညိုမည်းပုပ်ပွပြီးသေဆုံးနေသည်ကိုတွေ့ရသဖြင့် အမှတ်(၂)ရဲစခန်းသို့အကြောင်းကြားတိုင်တန်းခဲ့သည်။

ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်ဝင်းဦးဆောင်၍ စခန်းမှူး ရဲအုပ်စိန်လွင်၊ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်ကျော်မင်းထွန်း၊ ဒုရဲအုပ်မျိုးဆွေဦး၊ ဒုရဲအုပ်တင့်နိုင်ဝင်း၊ နယ်ထိန်းတပ်ကြပ်ကြီးသူရစိုး၊ တပ်ကြပ်ဇော်မင်းထိုက်၊ ဒုတပ်ကြပ် ကျော်ကျော်မင်း နှင့်အဖွဲ့က သက်သေရာအိမ်မှူး၊ ဦးစိန်လွင်၊ ရာအိမ်မှူး ဦးတင်ထွန်းတို့အဖွဲ့နှင့်အတူ ရဲစခန်း၏အရှေ့မြောက်ဘက် (၅)မိုင်ခန့်ကွာဝေးသော သဲဖြူကျောင်းတံတားအနီး အလောင်းတွေ့ရှိရာနေရာသို့ ချက်ချင်းသွားရောက်စစ်ဆေးခဲ့ကြသည်။

ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာတွင် သေဆုံးသူမှာ ပြင်ပဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ရာမရှိဘဲ ပက်လက်အနေအထား ဖြင့် ပုပ်ပွနေသည်ကိုသာ တွေ့ခဲ့ရ၍ ရဲဆေးစာနှင့်အတူ ပဲခူးဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ၏ စုံစမ်းချက်အရ- မျက်မြင်သက်သေတစ်ဦးဖြစ်သည့် အထက်ဇိုင်းဂနိုင်းကြီး ကျေးရွာနေ ဈေးသည် မဲချောဆိုသူက ၄င်းသည် ပဲခူးဘူတာမှ ဈေးရောင်းပြီး ရွာသို့ ပြန်လာစဉ် လမ်းခရီးတစ်နေရာသို့အရောက်တွင် နောက်သို့ မလုံမလဲ လှည့်ကြည့် လှည့်ကြည့်ဖြင့် လမ်းလျှောက်လာသူ အမျိုးသားတစ်ဦးနှင့် ဝင်ရောက်တိုက်မိ၍ အသေအချာကြည့်မိရာ ထိုလူ၏အင်္ကျီနှင့် လုံချည်တို့ တွင်ရွှံ့များပေကျံနေပြီး ကျောပိုးအိတ်တစ်လုံး လွယ်ထားသည်ကို တွေ့မြင်ခဲ့ရသည်ဆို၏။

ထို့အတူ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာနေ မျက်မြင်သက်သေ မပုံ့က (၁၆.၁၀.၂၀၁၂) ရက်နေ့ နံနက် (၇)နာရီအချိန်ခန့်က ၄င်းသည် ဇိုင်းဂနိုင်းကြီး ကျေးရွာနှင့် ရေစက်ကုန်းရွာ အကြား အချင်းဖြစ်ပွားရာ အနီး၌ အရက်မူးနေသော အရပ်ပုပု၊ ဂင်တိုတို အမျိုးသားတစ်ဦးကို တွေ့ရပြီး ၄င်းအမျိုးသားက ရွှေလေ့ကျောက်လုံးကျေးရွာနေ မမာမာဆိုသူအား နောက်ပြောင်စခဲ့သဖြင့် မမာမာက ဆဲဆိုသွားသည်ကို မြင်တွေ့ခဲ့ရသည်ဆို၏။

ထို့ကြောင့် ဒုရဲအုပ်ကျော်မင်းထွန်းနှင့်အဖွဲ့က ရွှေလေ့ ကျောက်ပုံကျေးရွာသို့ သွားရောက်၍ မမာမာဆိုသူအား မေးမြန်းခဲ့ရာ (၁၆.၁၀.၂၀၁၂) ရက် နံနက်ပိုင်းက ဈေးရောင်းရန်ရွာမှ ထွက်လာရာ လမ်း၌အရက်မူးနေ သူ တစ်ဦးနှင့် ဆုံတွေ့စဉ် ထိုအမူးသမားက ရှေ့၌ဓားပြတိုက်ရန် စောင့်နေကြောင်း၊ ခြောက်လှန့်ပြောဆိုခဲ့သည့်အတွက် စိတ်တိုပြီး ပြန်ဆဲခဲ့ကြောင်းနှင့် ထိုအချိန်တွင် အထက် ဇိုင်းဂနိုင်းကြီး ကျေးရွာမှ ကျောင်းသူကျောင်းသားလေးများမှာ ကျောင်းသို့ သွားနေသည်ကို တွေ့ခဲ့ရသည်ဆို၏။

အရက်မူးနေသူမှာ ပဲခူးမြို့နယ်၊ ရွှေလေ့ကျောက်ပုံကျေးရွာနေ ဦးထွန်းနိုင်၏ သမက်မင်းမင်းထွန်းဆိုသူဖြစ်ကြောင်း ပြောပြသိရှိရသဖြင့် ရဲတပ်ဖွဲ့ဝင်များ က ညတွင်းချင်းပင် ပဲခူးမြစ်ကို ဖြတ်ကူး၍ ရွှေလေ့ကျောက်ပုံရွာသို့ သွားရောက်ပြီး မင်းမင်းထွန်း (၃၃) နှစ်၊ လယ်လုပ်သားအား (၁၇.၁၀.၂၀၁၂) ရက်နေ့ ည (၁၁)နာရီအချိန်ခန့်တွင် လက်ရဖမ်းဆီးရမိခဲ့သည်။

၄င်း၏အိပ်ရာနံဘေးမှ ကျောပိုးအိတ်တစ်လုံးနှင့် ကျောပိုးအိတ်အတွင်းမှ ဘောလ်ပင် (၅) ချောင်းတို့အား ရှာဖွေတွေ့ရှိရ၍ သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသူ မင်းမင်းထွန်းက အချင်းဖြစ်သည့် ၁၆.၁၀.၂၀၁၂ ရက်နေ့ နံနက် ၇ နာရီအချိန်ခန့်က ၄င်းသည် ပဲခူးမြို့နယ် ရေစက်ကုန်းကျေးရွာ နာရေးအိမ်မှ ဖဲရှုံး၍ရွာသို့ လမ်းလျှောက်ပြန်လာရာလမ်းတွင် ကျောင်းဝတ်စုံနှင့် မိန်းကလေးတစ်ဦးကို တွေ့၍ ၄င်းထံမှ ပိုက်ဆံတောင်းရာ မပေးသဖြင့် ထိုမိန်းကလေး၏ ပါးစပ်အားပိတ်ကာ လမ်းဘေးရှိ လယ်ကွင်းအတွင်းသို့ ခေါ်သွားပြီး ပါးနှစ်ဖက်အား ရိုက်နှက်၍ လည်ပင်း ညှစ်သတ်ခဲ့ကြောင်းနှင့် ၄င်းသေဆုံးသွားသောအခါ သားမယားအဖြစ် ဆက်လက်ပြုကျင့်ခဲ့ကြောင်း ထို့နောက် လွယ်အိတ်အတွင်းမှ စာအုပ်များကို သွန်ချထားခဲ့ပြီး လွယ်အိတ်အားယူ၍ ထွက်ပြေးလာစဉ် လမ်း၌အမျိုးသမီးတစ်ဦးနှင့် ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ရွှေလေ့ကျေးရွာ

www.burmeseclassic.com

www.burmeseclassic.com



သို့ ရန်ကုန်-မန္တလေးရထား သံလမ်းအတိုင်း ပြန်လာခဲ့ပြီး နေအိမ်၌ ဟာန်မပျက်နေစဉ် ဖမ်းဆီးခံ ရခြင်းဖြစ်ကြောင်း ဝန်ခံထွက် ဆိုခဲ့သည်။

ပဲခူးအမှတ် (၂) ရဲစခန်းမှ (ပ) ၆၂/ ၂၀၁၂ ပြစ်မှုပုဒ်မ-၃၀၂ အရ အမှုဖွင့်အရေးယူပြီး အမှုစစ်စခန်းမှူး ရဲအုပ်စိန်လွင်က ဆက်လက်စစ်ဆေးခဲ့သည်။

ယင်းအမှုအား စစ်ဆေးတည်ဆောက်၍ ပဲခူးအမှတ် (၂) ရဲစခန်းမှ ပဲခူးခရိုင်ဥပဒေရုံးသို့ တင်ပြအကြံပြုချက် တောင်းခံခဲ့ရာ ပြစ်မှုပုဒ်မ ၃၀၂/၃၇၆ အရ တရားစွဲရန် ပြန်လည် အကြံပြုခဲ့သဖြင့် ရဲစခန်းစွဲချက်အမှတ် ၂၈၈/ ၂၀၁၂ ဖြင့် ပဲခူးခရိုင် ဒုတိယ တရားသူကြီး (၂)ရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့၏။

အမှုကို တရားရုံးက ရာဇဝတ်ကြီး အမှတ် ၆၆/ ၂၀၁၂ ဖြင့် လက် ခံကြားနာစစ်ဆေးပြီး ပြစ်မှုကျူး လွန်ကြောင်း ထင်ရှားသဖြင့် တရားခံမင်းမင်းထွန်း (၃၃) နှစ်အား ပြစ်မှုပုဒ်မ ၃၀၂ (၁) (က) အရ သေဒဏ်ကျခံစေရန် (၃-၄-၂၀၁၃) ရက်နေ့က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

## ဟော်ယွှန်းထဲ

နာမည်ကြီးဖောက်ထွင်းဝိဇ္ဇာတစ်ဦး ထောင်ကျလာသည်။ ထိုဖောက်ထွင်းဝိဇ္ဇာ နာမည်ကြီးလွန်းသဖြင့် ထောင်မှူးကြီးက သူ၏ရုံးခန်းသို့ ခေါ်ယူတွေ့ဆုံမေးမြန်းသည်။

ထောင်မှူးကြီး ။ ။ မင်းသတင်းကို ကြားနေရတာတော့ ကြာပြီ။ ခုမှ ရောက်လာတော့တယ်။ ကဲ … ပြောစမ်းပါဦးကွာ။ မင်းက သူတို့ပြောသလို သော့မှန်သမျှ ဖွင့်နိုင်တယ်ဆိုတာ ဟုတ်ရဲ့လား။

ဖောက်ထွင်းဝိဇ္ဇာ။ ။ ဟုတ်ပါတယ်ခင်ဗျာ။ ကြိုက်ရာသော့ကို ယူခဲ့ပါ။ သုံးမိနစ်အတွင်း ဖွင့်ပြနိုင်ပါတယ်။

ထောင်မှူးကြီး ။ ။ ဟေ … တကယ်လား။ ဒါဖြင့်နောက်ဆုံးပေါ်ခေတ်မီ သော့တွေကိုကောကွာ။ ငါ့ကိုတော့ လာမကြွားနဲ့နော်။ နာသွားမယ်။

ဖောက်ထွင်းဝိဇ္ဇာ ။ ။ အဲဒီသော့တွေက ပိုလွယ်ပါတယ်ခင်ဗျာ။ မယုံရင် လက်တွေ့စမ်းကြည့်နိုင်ပါတယ်။

ထောင်မှူးကြီး ။ ။ ဟိုက် … တယ်ဟုတ်ပါလား။ ကဲ … ဒါဖြင့် ဒီထောင်က သော့တွေကိုကော မင်းဖွင့်နိုင်မလား။

ဖောက်ထွင်းဝိဇ္ဇာ ။ ။ မျက်စိမှိတ်ပြီးတောင် ဖွင့်နိုင်ပါတယ်။

ထောင်မှူးကြီး ။ ။ ကောင်းကွာ။ ဒီလောက်တောင်တော်တဲ့ မင်းလိုကောင်ကို ဒီအတိုင်းထားရင် အကျဉ်းထောင်လုံခြုံ ရေးအတွက် ရင်လေးနေရတော့မယ်။ ဟေ့ …ဝါဒါတစ်ယောက် လာစမ်း။ ဒီကောင့်ကို တိုက်ပိတ်ထားလိုက်။

www.burmeseclassic.com

www.burmeseclassic.com



**မိသားစုကိစ္စ မကျေနပ်ချက်နှင့် တုတ်နဲ့ ရိုက်သတ်သူ ထောင် (၈) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ ဇီးဖြူဘုရားကျေးရွာတွင် ယခင်က ပထွေးတော်စပ်ခဲ့ဖူးသူကို မိ သားစုကိစ္စ မကျေနပ်၍ တုတ်ဖြင့် ရိုက်သတ်မှုဖြင့် ပြစ်မှုကျူးလွန်သူအား ပဲခူးခရိုင်ဒုတိယ တရားသူကြီး (၁)ရုံးမှ အလုပ်နှင့်ထောင်ဒဏ် (၈)နှစ် ကျခံစေရန် (၁၄.၆.၂၀၁၃) ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော (၂၄.၂.၂၀၁၃) ရက်နေ့ နေ့ (၁၂) နာရီအချိန်ခန့်တွင် ပြွန်တန်ဆာမြို့နယ်၊ ဂျိုပင်ကျေးရွာအုပ်စု၊ ဇီးဖြူဘုရားကျေးရွာနေ ဦးစိုးတင့် (၄၈) နှစ် (ဘ) ဦးတင်စိန်သည် နေအိမ်၌ ရှိနေစဉ် ၎င်း၏အစ်ကိုဖြစ်သူ ဦးထိန်ဝင်းကို ကိုအောင်ဆိုသူက တုတ်ဖြင့်ရိုက်၍ သေဆုံးနေပြီဖြစ်ကြောင်း တစ်ရွာတည်းနေ မြင့်စိုးက လာရောက် ပြောပြ၍ သိရှိခဲ့ရသည်ဆို၏။

ဦးစိုးတင့်က သွားရောက်ကြည့်ရှုရာ ဇီးဖြူဘုရားကျေးရွာ၊ အနောက်ဘက်ရှိ တဲစုတာလမ်းဘေး၊ လှည်းလမ်းကြောင်း၌ အစ်ကိုဖြစ်သူ ဦးထိန်ဝင်း (၅၂) နှစ်မှာ ဦးခေါင်းနောက်စေ့တွင် ကြေမွပေါက်ပြဲ ဒဏ်ရာတစ်ချက်နှင့် ညာဘက်မေးစေ့တွင် ဖူးရောင်ဒဏ်ရာတစ်ချက် ရရှိပြီး သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

အချင်းဖြစ်ပွားရာအနီးနေလူများအား မေးမြန်းကြည့်ရာ (၂၃.၂.၁၃) ရက်နေ့ည (၈) နာရီအချိန်ခန့်က ဦးထိန်ဝင်း ရွာထဲမှပြန်လာစဉ် ကိုအောင်ဆိုသူက နောက်မှလိုက်လာကာ တုတ်ဖြင့် ရိုက်နှက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် (၂၄.၂. ၁၃) ရက်နေ့ (၁)နာရီအချိန်ခန့်တွင် ပြွန်တန်ဆာရဲစခန်းသို့ သွားရောက် တိုင်တန်းခဲ့သည်။

အဆိုပါ တိုင်ကြားချက်ရရှိလျှင် စခန်းမှူး ရဲအုပ်စောလတ်နှင့် အဖွဲ့က ရဲစခန်းအနောက်မြောက်ဘက် (၅)မိုင်ခန့် ကွာဝေးသော လူသတ်မှုဖြစ်ပွားရာသို့ သွားရောက်၍ စစ်ဆေး ဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် ရဲဆေးစာဖြင့် အလောင်းအား ပြွန်တန်ဆာ ဆေးရုံသို့ တင်ပို့ခဲ့သည်။ ထို့နောက် ရဲတပ်ဖွဲ့ဝင်များက ကိုအောင် (၂၄)နှစ် (ဘ) ဦးအုန်းလှိုင်၊ ဇီးဖြူဘုရား ကျေးရွာနေသူအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် နွားလှည်း ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ပိုးတုတ် (၂)ချောင်းနှင့် အတူ အမှုဖြင့်ဖမ်းဆီးရမိ၍ ပြွန်တန်ဆာ ရဲစခန်းသို့ ခေါ်ဆောင် စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးသဖြင့် ကိုအောင် ဝန်ခံထွက်ဆိုရာတွင် အချင်းဖြစ်ပွားသည့် (၂၃·၂· ၁၃) ရက်နေ့ ည (၇)နာရီ အချိန်ခန့်က ၄င်းသည် ဇနီးဖြစ်သူ မကျင်ထွေးနှင့်အတူ နေအိမ်၌ရှိနေစဉ် လွန်ခဲ့သော ငါးနှစ်ကျော်ခန့်က ပထွေးတော်စပ်ခဲ့ဖူးသူ ဦးထိန်ဝင်း အရက်မူးပြီး နေအိမ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ ထိုသို့ အရက်မူးပြီး ဦးထိန်ဝင်းနေအိမ်သို့ ရောက်ရှိလာခြင်းကိစ္စနှင့် ပတ်သက်၍ လင်မယားချင်း စကားများ ရန်ဖြစ်ရာ ယခင်က ပထွေးတော်စပ်ခဲ့စဉ်ကပင် ဦးထိန်ဝင်းအပေါ် မကျေနပ်ခဲ့သော ကိုအောင်က ယခုလည်း ဦးထိန်ဝင်းကြောင့် ၄င်းတို့လင်မယားချင်း စိတ်ဝမ်းကွဲ ရန်ဖြစ်ခဲ့သဖြင့် ဦးထိန်ဝင်း ထွက်သွားရာနောက်သို့ လိုက်သွားပြီး နာကြည်း မကျေနပ်ချက်များဖြင့် တုတ်နှင့်ရိုက်၊ လည်ပင်းအား ပုဆိုးဖြင့် ညှစ်သတ်ခဲ့ကြောင်းနှင့် ဦးထိန်ဝင်း သေဆုံးသွားသောအခါ အလောင်းအား ရွာနှင့်ဝေးရာ လှည်းလမ်းကြောင်းသို့ နေရာပြောင်းရွှေ့ထားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ် ပေါက်ခဲ့သည်။

သေဆုံးသူ ဦးထိန်ဝင်း၏ ညီဖြစ်သူ ဦးစိုးတင့် တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာ ရဲစခန်းမှ (ပ) ၃၆/ ၂၀၁၃ ပြစ်မှုပုဒ်မ- ၃၀၂ အရ အမှုဖွင့် အရေးယူပြီး အမှုစစ် စခန်းမှူး ရဲအုပ်စောလတ်က ဆက်လက်စစ်ဆေးခဲ့သည်။

ယင်းအမှုအား ခိုင်မာအောင် စစ်ဆေးတည်ဆောက်၍ ပြွန်တန်ဆာ ရဲစခန်း စွဲချက် အမှတ် ၅၉၂/ ၂၀၁၃ ဖြင့် ပဲခူးခရိုင် ဒုတိယ တရားသူကြီး (၁) ရုံးသို့ တရား စွဲဆိုတင်ပို့ခဲ့ရာ အမှုကို တရားရုံးက ရာကြီး အမှတ်- ၁၈/ ၂၀၁၃ ဖြင့် လက်ခံကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံ ကိုအောင် (၂၄) နှစ်အား ပြစ်မှုပုဒ်မ- ၃၀၂ (၂) အရ အလုပ်နှင့် ထောင်ဒဏ် (၈) နှစ် ကျခံစေရန် (၁၄·၆·၂၀၁၃) ရက်နေ့က ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**သိန်းနိုင်ဦး (ပဲခူး)**

www.burmeseclassic.com

www.burmeseclassic.com



## INTERNATIONAL REPORT



## ညီမြင်းလွင် (မော်ကျွန်း)

### လူသေရင် အလောင်းကို လင်းတစာကျွေးပစ်တဲ့ တိဗက်တို့ရဲ့ ဓလေ့ထုံး

တရုတ်ပြည်နယ် အနောက်တောင်ဘက်ရှိ တိဗက်ပြည်နယ်အတွင်း တိဗက်လူမျိုးတို့ အထွတ်အမြတ်ထားရာ ရေခဲရေဖြင့် ပြည့်လျှမ်းနေသော ရေအိုင်ကြီး ၃ ခုရှိသည်။ ၎င်းတို့အနက် တိဗက်ပြည်လာဆာမြို့တော်၏ တောင်ဘက် ၁၀၀ ကီလိုမီတာရှိ သမ်ဒဂုတ်ရေကန်ကြီးသည် အကြီးဆုံးရေကန်ကြီး ဖြစ်သည်။

ထိုရေကန်ကြီးအနီးမှ ဒေသခံရွာသူ၊ ရွာသားတို့၏ စိတ်ဝင်စားဖွယ် ဓလေ့တစ်ခုမှ လူသေဆုံးပါက သေဆုံးသူ၏ အဆင့်အတန်း ဂုဏ်ပုဒ်အရ အလောင်းစင် ပြင်ရသည်။ (သာမန်ဆင်းရဲသား ဖြစ်ပါက မြေပြင်တွင် ဖျာခင်း၍လည်းကောင်း၊ ချမ်းသာဂုဏ်ရှိသော သူများကစင်မြင့်အလောင်းစင်ဖြင့် တင်ထားခြင်းဖြင့်လည်းကောင်း) ထိုအလောင်း သင်္ဂြိုဟ်မှုကိစ္စကို ခွဲစိတ်ဖြတ်တောက်မှု ကျွမ်းကျင်သော သုဘရာဇာက ဦးစီးရသည်။ မီးခိုးကောင်းစွာထွက်သော မီးပုံကြီးတစ်ခုကို သုဘရာဇာက ပြုလုပ်ပြီး မီးခိုးများအထက်ကောင်းကင်သို့ အမြင့်ဆုံးတက်သွားအောင် စီမံရသည်။ ထိုမီးခိုးတို့ တိမ်အထိ တက်လာသည်ကို မြင်ရသော လင်းတတို့သည် မြေပြင်သို့ ဆင်းလာကြသည်။ ထိုအခါ သုဘရာဇာသည် စုံလင်သော ဓား၊ ဆောက်၊ လွှ စသည့်တို့ဖြင့် အလောင်းကို ခွဲစိတ်ဖြတ်တောက်ပြီး အတုံးကလေးများ ပြုလုပ်၍ လင်းတများကို ပစ်၍ ကျွေးမွေးခြင်းကို အလောင်း၌တစမကျန်အောင် ပြုလုပ်ရသည်။ အလောင်းကောင် ကုန်သောအခါ လင်းတတို့သည် ကောင်းကင်အမြင့်သို့ ပျံတက်သွားကြတော့သည်။ (ထိုသို့ ပြုလုပ်ခြင်းမှာ သေဆုံးသူကို မြင့်မြတ်သော ကောင်းကင်ဘုံသို့ ပို့ဆောင်ပေးသည်ဟု ယုံကြည် ကြသည်။ ခွဲစိပ် ဖြတ်တောက်မှု ကျွမ်းကျင်သော သုဘရာဇာတို့၏ ပညာကို ဆေးကျောင်းသားများပင် အတုယူလေ့လာကြရသည်။

Ref XINHUA News

www.burmeseclassic.com

www.burmeseclassic.com



# မွေးမြူရေးခြံမှ မိကျောင်းများ ထွက်ပြေးလွတ်မြောက် ဒေသခံများ စိုးရိမ်ထိတ်လန့်



တရုတ်နိုင်ငံ၊ကွမ်တုံပြည်နယ်၊ကွမ်ကျိုမြို့တွင်းရှိ မိကျောင်းမွေးမြူရေးခြံတစ်ခုမှ မိကျောင်းအကောင်ရေ (၁၀၀)ကျော်သည် မုန်တိုင်းကျ မိုးသည်းထန်စွာ ရွာနေစဉ် ခြံစည်းရိုးကို ထိုးဖောက် ဖျက်ဆီး လွတ်မြောက်သွားပြီး မြစ်ထဲရောက်ရှိသွားသဖြင့် ဒေသခံများ စိုးရိမ်ပူပန်နေကြသည်။

အဆိုပါ မွေးမြူရေးခြံသည် ဖေးမာမြစ်နှင့် နီးကပ်ပြီး ရေအိုင်ကြီးကို တာဘောင်ဖို့ ခြံခတ်ထားကာ၊ မိချောင်းအရွယ်စုံ (၁၀၀၀၀) ကျော်ကို စီးပွားဖြစ် မွေးထားသောခြံဖြစ်သည်။ ဇွန် (၂၃-၂၄) တို့တွင် မုန်တိုင်းကျပြီး ခြံအတွင်းရှိ ကန်ရေပြင်သည် မိုးရေကြောင့် မြင့်တက်လာသည်။ မိုးသံလေသံကြားတော့ အားသစ်တွေ ဝင်လာသည့် မိကျောင်းတို့သည် နိမ့်သွားသောကန်ဘောင်ကို ပြေးတက်ပြီး ဆွေးမြေ့နေသော ခြံစည်းရိုးပိုင်းကို နှုတ်သီးဖြင့်ထိုးဖောက် အားပြင်းသည့် အမြီးတို့ဖြင့် ရိုက်ချိုးဖျက်ဆီးကာ လွတ်မြောက်ပြီး၊ ဖေးမာမြစ်ထဲ ဆင်းသက်ပျောက်ကွယ်သွားကြသည်။

မိကျောင်းများ ထွက်ပြေးပုံကို မြင်တွေ့လိုက်သော ကလေးတစ်ဦးက အော်ဟစ်သတိပေးတော့မှ ခြံတာဝန်ခံတို့ ခြံပိတ်ဆို့ ကာကွယ်လိုက်ရသည်။ အရွယ်မျိုးစုံ (အကောင်ကြီးကြီး) တစ်ရာကျော် လွတ်မြောက်သွားသည်ဟု ဒေသအာဏာပိုင်တို့ ခန့်မှန်းသော်လည်း ခြံရှင်ကတော့ ဒီလောက် မများကြောင်း ပြောကြားခဲ့သည်။ လွတ်သွားသော မိကျောင်းများအနက် ၆ ကောင်ကို ခြံရှင်က ပြန် ဖမ်းဆီးနိုင်ခဲ့သည်။ မိကျောင်း (၂) ကောင်ခများတော့ ထိုဒေသရှိ လူတို့က ဖမ်းဆီး ရမိပြီး၊ ဟင်းလုပ်လိုက်ကြသည်။ ခြံရှင်က စည်းရိုးများ ပြုပြင်၊လုံခြုံစွာကာရံပြီး နောင်တကြိမ် မဖြစ်စေ ရပါဟု ကတိပေးပြောကြားသည်။ သို့ရာတွင် ဖေးမာမြစ်အတွင်း ရေလုပ်ငန်းဖြင့် အသက်မွေးသူများ၊ မြစ်ကမ်းဘေးနေ အရပ်သားများတွင် အချိန်မရွေး တွေ့နိုင်သော အန္တရာယ်အဖြစ် ရင်ထိတ်နေရကြောင်း သတင်းက ဆိုသည်။

Ref: XINHAU News

www.burmeseclassic.com

www.burmeseclassic.com



## အိန္ဒိယမှ မူလတန်းကျောင်းတွင်း အစာထဲ၌ ပိုးသတ်ဆေးပါသော နေ့လည်စာ စားမိ၍ ကလေးများ သေဆုံး

အိန္ဒိယနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်ဖြစ်သည့် ဘီဟာပြည်နယ်တွင် ကလေးများ အဟာရဓာတ်ပြည့်လာစေရန်နှင့် ကျောင်းပညာသင်ကြားရေးတွင် ပိုမိုစိတ်ဝင်စားပြီး ကျောင်းမှန်မှန်တက်စေရန် ရည်ရွယ်ချက်ဖြင့် အစိုးရက မူလတန်းကျောင်းများရှိ ကလေးများကို နေ့လည်စာ အခမဲ့ကျွေးမွေးရာမှ အစာအဆိပ်သင့်ပြီး ကလေးသူငယ်များ သေဆုံးခြင်းနှင့် ရောဂါခံစားရခြင်းများဖြစ်ခဲ့သည်။

၁၇.၇.၁၃ နေ့၌ ဘီဟာပြည်နယ် ချက်ပရာမက်စ်ရာဆင်ရှိ မူလတန်းကျောင်းတွင် အစိုးရအခမဲ့ကျွေးသော အာလူးနှင့်ဆန်ချက်ထားသည့် နေ့လည်စာကို ကျွေးခဲ့သည်။ မိနစ်ပိုင်းအတွင်း မူးဝေအော့အန်ခြင်း၊ ခေါင်းချာချာလည်မူးခြင်း၊ အကြောဆွဲခြင်း၊ ကြွက်တက်ခြင်းတို့ကို ကလေးများ မချိမဆန့်ခံရပြီး ဆေးရုံမရောက်မီ ၂၂ ဦး သေဆုံးခဲ့ကာ ဆေးရုံတွင် ၅ ဦး သေဆုံးခဲ့ရသည်။ ကလေး ၅၀ မှာလည်း အစာအဆိပ်မိခြင်းရောဂါကို ဆက်လက်ကုသမှု ခံနေရသည်။

သေဆုံးခဲ့သောကျောင်းသား/ကျောင်းသူများ၏ မိဘဆွေမျိုးများအပါအဝင်၊ ကျောင်းသားမိဘများသည် ပြည်နယ်အစိုးရကို အပြင်းအထန် ကန့်ကွက်ပြီး ဒေါသထွက်ခဲ့ကြသည်။ ကလေး၂၇ဦး၏ အလောင်းများကို ထိုကြေကွဲဖွယ် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည့် ကျောင်းအရှေ့တွင် ဝမ်းနည်းစွာ စုပေါင်းမြှုပ်နှံခဲ့ကြသည်။ အခင်းဖြစ်ပွားပြီးနောက် ကျောင်းအုပ်ဆရာမကြီး ထွက်ပြေး တိမ်းရှောင်သွားခဲ့သည်။ ကလေးများ ကျွေးသော အစားအစာချက်သည့် စားဖိုဆောင်ရှိ ပစ္စည်းများကို ရဲဓာတ်ခွဲခန်းတွင် စစ်ဆေးသောအခါ ဆီပုလင်းများထဲတွင် ပိုးသတ်ဆေး/ကြွက်သတ်ဆေးအဖြစ် သုံးသည့် မိုနိုကရိုတိုဖေါ့စ်ဓာတ်နှင့် အော်ဂင်နိုဖေါ့စ်ဖေါရပ်ကွန်ပေါင်းဓာတ်တို့တွေ့ရသည်။ ၎င်းဓာတ်ဆေးတို့သည် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများဖြစ်ပြီး လူ့အသက်ကို အန္တရာယ်ပေးသော ဓာတ်ဆေးများ ဖြစ်ကြသည်။ ၎င်းဓာတ်ဆေးများသည် ကလေးတို့ကို ကျွေးသည့် အာလူးဆန်ထမင်း နေ့လည်စာတွင် ပါဝင်ခဲ့ရာမှ ဤသို့ ကြေကွဲဖွယ်အဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်သည်။ ရာဇဝတ်မှုမြောက်သော ဖြစ်ရပ်ဖြစ်ပြီး၊ ကိုယ်တွင်ကြံစည်လုပ်ကြခြင်းလော/ မတော်တဆ ပိုးသတ်ဆေးပုလင်းအလွတ်ကို စားဆီထည့်ရာမှ အစာထဲပါသွားသည်လော၊ ဆိုသည်ကို သဲကွဲစွာ မသိရသေးဘဲ စုံစမ်းနေဆဲဖြစ်သည် ပြည်နယ်အစိုးရသည် ဒေသအတွင်း အစားအစာကျွေးသော ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



များကို ဆော်ဩတပ်လှန့်ပြီး ကျွေးသောအစာများ ဘေးကင်းလုံခြုံရေး အထူးစစ်ဆေးကြရန် ကြေညာချက်ထုတ်ပြန်ထားသည်။ ဤဖြစ်ရပ်သည် အစားအစာ နို့စသည့် ကျွေးသော ဌာနများအတွက် အထူးဂရုစိုက်ရမည့် ဝမ်းနည်းဖွယ်အဖြစ်ဆိုးအဖြစ် မီးမောင်းထိုးပြလိုက် ခြင်းဖြစ်သည်။

Ref: Internet News

## အရေခြုံ-မူးယစ်ဆေးဝါး လက်သစ်များပေါ် လူကိုအဆိပ်သင့်စေဟု HN ကထုတ်ပြန်



ကမ္ဘာ့ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုကာကွယ်တားဆီးရေးအဖွဲ့ (UNOCD)၏ လေ့လာထုတ်ပြန်ချက်အရ တားမြစ်ထားသော မူးယစ်ဆေးဝါးများကို ပုံစံပြောင်းပြီး စိတ်ကြည်ဆေး၊ ဦးနှောက်အားတိုးဆေး၊ အကိုက်အခဲပျောက်ဆေးစသည်ဖြင့် စိတ်ပိုင်းဆိုင်ရာ ကုသသောဆေးဝါးများ အဖြစ်ထုတ်လုပ်မှု မြင့်မားလာပြီး၊ ၎င်းဆေးဝါးများကို လူငယ်ထုအတွင်း သုံးစွဲမှု တိုးတက်လာခဲ့သည်။ တားမြစ်ထားသော မူးယစ်ဆေးများ၏ မော်လီကျူးကို အနည်းငယ်အသွင်ပြောင်းယုံဖြင့် မူးယစ် ဆေးကဲ့သို့ အာနိသင်ရှိသော ဓာတ်ပစ္စည်းဖြစ်လာသည်။ ၎င်းကို ဥပဒေနှင့်ညီညွတ်သော ဆေးပစ္စည်းများ ထည့်ကာ မူးယစ်ဆေးမဟုတ်သယောင် ရောင်းချခြင်းဖြစ်သည်။ ယခင်က ထိုသို့ဆေးအမျိုးအစား ၅၀ သာ ရှိရာမှ ယခုအခါတွင် ၂၅၀ အထိ ရှိလာပြီး မှတ်ပုံ မတင်ခြင်း၊ ဆေးသုံးစွဲက အန္တရာယ် မရှိကြောင်း အာမခံချက်လည်း မရှိဟုဆိုသည်။ ထိုဆေးများကို ဟောင်ကောင်၊ ပိုလန်၊ ပြင်သစ်၊ ဥရောပသမဂ္ဂ၊ USA စသည့် နိုင်ငံ ၂၇ တွင် လူငယ်များ တွင်တွင်ကျယ်ကျယ် စွဲလန်းသုံးစွဲနေကြသည်။ ဤသို့ အရေခြုံ မူးယစ်ဆေးဝါးများ ယခုကဲ့သို့ ပေါများလာခြင်းသည် နိုင်ငံတကာ သဘောတူညီထားသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဥပဒေကို ထိပါးအကြိမ် စိန်ခေါ်ခံရခြင်းဖြစ်သည်။ ထိုအရေခြုံမူးယစ် ဆေးအန္တယ် ဆေးများမှာ Spice ဆေး၊ Meow Meow ဆေး၊ Bath Salts ဆေးများဖြစ်ပြီး ကြာရှည်တွင် အဆိပ်သင့်ခြင်းနှင့် သုံးစွဲသူ၏ ကျန်းမာရေးကို ဆိုးကျိုးသာပေးပြီး၊ အခြားပျောက်ကင်းနိုင်သော အာနိသင် မရှိ၍ ရှောင်ရှားကြရန် တိုက်တွန်းထားကြောင်း (UNOCD) ၏ နှစ်ပတ်လည် အစီရင်ခံစာ၌ ဖော်ပြထားသည်။

Ref: Internet (27.6.2013)

www.burmeseclassic.com

www.burmeseclassic.com



# အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းများ

## ခင်မမမျိုး

အုပ်စုဖွဲ့ကျူးလွန်သော မှုခင်း (organized crime) ဆိုတာ မှုခင်းအမျိုးအစားတစ်ခု ဖြစ်ပါတယ်။ မာဖီးယားဂိုဏ်းကို ဥပမာအဖြစ် ဖော်ပြလေ့ရှိကြပါတယ်။ စစ်သုံးစကားလုံးဖြစ်တဲ့ နိုင်ငံတကာမှုခင်း အဖွဲ့အစည်းများ (International criminal organizations)၊ ထောက်လှမ်းရေးသုံး စကားလုံးဖြစ်တဲ့ အင်တာပရိုက်စ်မှုခင်း (enterprise crime) စတာတွေကလည်း ဒီသဘောတရားနဲ့ အလားတူ သဘောတရားတွေ ဖြစ်ပါတယ်။



မှုခင်းဗေဒပညာရှင် Abadinsky ဆိုသူက အုပ်စုဖွဲ့ ကျူးလွန်သော မှုခင်းဆိုတာကို လူမှုဆက်နွယ်ပတ်သက်မှုရှိသူများမှ အမြတ်အစွန်းရရန်နှင့် ပါဝါရရှိရန် ရည်ရွယ်၍ တရားဥပဒေနှင့် မညီသော လုပ်ဆောင်မှုများ လုပ်ဆောင်ရန် စုဖွဲ့ထားသည့် အဖွဲ့အစည်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။ ဒီလိုစုဖွဲ့ရာမှာ အဖွဲ့ဝင်အဖြစ် ပါဝင်မှုဟာ ဆွေမျိုးတော်စပ်မှုနဲ့ ရင်းနှီးခင်မင်မှုတွေအပေါ်မှာ အခြေခံထားပါတယ်။ မှုခင်းဗေဒပညာရှင် Finckenauer ဆိုသူက အဖွဲ့တွေ ရပ်တည်နိုင်ရေးအတွက် ပြည်သူ့ရေးရာ ဝန်ထမ်းတွေကို လာဘ်ပေးမှုတွေ ပါရှိကြောင်း ထောက်ပြပြောဆိုထားပါတယ်။

### အုပ်စုဖွဲ့ကျူးလွန်သောမှုခင်းနှင့်စီးပွားရေးလောက ဆက်နွယ်မှုများ

အချို့အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းတွေနဲ့ စီးပွားရေးလောကအကြားမှာ ဆက်နွယ်မှုတွေ ရှိတတ်ပါတယ်။ တရားဝင်စီးပွားရေးလုပ်ငန်းအဖြစ် မှတ်ပုံတင်ထားပြီး ဝန်ထမ်းတွေနဲ့ စာရင်းကိုင်တွေပါ ခန့်ထားပေမယ့်၊ ဦးဆောင်လုပ်နေသူတွေနဲ့ နောက်ကွယ်က ကြိုးကိုင်နေသူတွေက တရားမဝင် စီးပွားရေးလုပ်ငန်းတွေကိုပါ လုပ်ဆောင်နေတာမျိုးတွေပါ၊ ကမ္ဘာ့မှုခင်းရာဇဝင်မှာ နာမည်ကြီးတွေဖြစ်ခဲ့တဲ့ Al Capone,

www.burmeseclassic.com

www.burmeseclassic.com





Meyer Lansky နဲ့ Lucky Luciano စသူတို့ရဲ့ မြေအောက် ကမ္ဘာကြီးဟာ တရားဝင်စီးပွားရေးလုပ်ငန်းတွေနဲ့ ရပ်တည်ခဲ့တာပါ။ တရားဝင် စီးပွားရေးလုပ်ငန်းတွေမှာ စားသောက်ကုန်၊ အိမ်ခြံမြေ၊ စားသောက်ဆိုင်၊ အထည်ချုပ်စက်ရုံ၊ နိုက်ကလပ် စတာတွေ ပါဝင်ပြီး တရားမဝင် စီးပွားရေးလုပ်ငန်းတွေမှာ မူးယစ်ဆေးဝါး၊ လောင်းကစား၊ ပြန့်ပေးဆွဲခြင်း၊ ကြေးစားလူသတ်ခြင်း စတာတွေ ပါဝင်ပါတယ်။

## သွင်ပြင်လက္ခဏာများ

အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းများရဲ့ အကြီးမားဆုံး သွင်ပြင်လက္ခဏာကတော့ အကြမ်းဖက်မှု (violence) ဖြစ်ပါတယ်။ ဒါပေမယ့် မှုခင်းကျူးလွန်နေသူများဟာ ကြွယ်ဝချမ်းသာမှု၊ လွှမ်းမိုးနိုင်စွမ်းနဲ့ ပါဝါတွေအတွက် စုဖွဲ့ထားကြတာဖြစ်ပြီး အကြမ်းဖက်မှုများလုပ်ဆောင်ရန် ရည်ရွယ်ချက်တစ်ခုတည်းနဲ့ စုဖွဲ့ထားကြတာ မဟုတ်ပါဘူး။ အခြားသွင်ပြင်လက္ခဏာတွေကတော့ ဆက်နွယ်ပတ်သက်မှု သဏ္ဍာန် (interaction patterns)၊ ချမ်းသာကြွယ်ဝမှု၊ စဉ်ဆက်မပြတ် ရပ်တည်မှု၊ စည်းကမ်းတင်းကြပ်မှု၊ အဖွဲ့ဝင်ခွင့် ကန့်သတ်မှု စတာတွေ ဖြစ်ပါတယ်။

အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းတွေကို အားကောင်းစေတဲ့ အခွင့်အရေးလေးခု ရှိပါတယ်။ ပထမတစ်ခုက လူနေမှုအဆင့်အတန်း နိမ့်ပါးမှု၊ တရားမဝင် ဝန်ဆောင်မှုများအား တောင်းဆိုမှုနဲ့ ပြိုင်ဆိုင်မှုရှိသော ဝန်းကျင်အနေအထား စတဲ့ စီးပွားရေး အခွင့်အရေးများ ဖြစ်ပါတယ်။ ဒုတိယတစ်ခုကတော့ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု စတဲ့ အုပ်ချုပ်မှုရေးရာ အားနည်းချက် အခွင့်အရေးများ ဖြစ်ပါတယ်။ တတိယတစ်ခုကတော့ ဥပဒေစိုးမိုးမှုရေးရာ အားနည်းချက် အခွင့်အရေးများ ဖြစ်ပါတယ်။ စတုတ္ထအချက်ကတော့ မှုခင်းကျူးလွန်မှုကို အားပေးအားမြှောက်ဖြစ်စေနိုင်တဲ့ လူမှု(သို့)နည်းပညာပြောင်းလဲမှုတွေ ဖြစ်ပါတယ်။ အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းများကို ထိန်းချုပ်ရေးအတွက် စီမံချက်များ ရေးဆွဲရာမှာ ဒီအချက်တစ်ခုချင်းစီကို အာရုံစိုက် ရေးဆွဲသင့်ပါတယ်။

## အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းများ၏သမိုင်းအစ

alien conspiracy theory အရ (၁၉၀၀) ခုနှစ်ဝန်းကျင်မှာ Black Hand ဆိုတဲ့ အဖွဲ့တစ်ခု အမေရိကန်ပြည်ထောင်စုမှာ စတင်ပေါ်ထွက်ခဲ့ပါတယ်။ ဒီအဖွဲ့ကို Johnny Torrio ဆိုသူက ဦးဆောင်ခဲ့ပါတယ်။ သူဟာ Five Points Gang ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အီတလီလူမျိုးနွယ်များက ဦးစီးတဲ့ မှုခင်းမိသားစုများရဲ့ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒီမှုခင်းမိသားစုများဟာ သူတို့ဟာသူတို့

www.burmeseclassic.com

www.burmeseclassic.com





La Cosa Nostra (LCN) အဖြစ် ခေါ်ဝေါ်ကြပေမယ့် လူအများစုကတော့ မာဖီးယားဂိုဏ်းများအဖြစ် သတ်မှတ်ခေါ်ဝေါ်ကြပါတယ်။ ဒီမှုခင်းမိသားစုတွေထဲမှာ ထင်ရှားတဲ့ မိသားစုငါးခုကတော့ Gambino, Columbo, Lucchese, Bannano နဲ့ Genovese စတာတွေ ဖြစ်ပါတယ်။

(၁၉၂၀) နဲ့ (၁၉၃၀) ကာလတွေအကြားမှာ အမေရိကန်ပြည်ထောင်စုအခြေစိုက် Sicilians တွေ လွှမ်းမိုးတဲ့ဂိုဏ်းတွေနဲ့ အီတလီတွေ လွှမ်းမိုးတွေ ဂိုဏ်းတွေအကြား ဂိုဏ်းတိုက်ပွဲတွေကို ရှောင်ရှားပြီး အမြတ်အစွန်းရှိရေးကို အဓိကထားဖို့ တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ကြပါတယ်။ ပထမအစီပိုင်းမှာ အရက်သေစာကို အာရုံစိုက်ခဲ့ကြပြီး ဒုတိယကမ္ဘာစစ်မတိုင်မီကာလမှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားကို အာရုံစိုက်ခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ် နှောင်းပိုင်းကာလမှာတော့ တစ်ကမ္ဘာလုံးက အုပ်စုဖွဲ့မှုခင်းကျူးလွန်တဲ့ဂိုဏ်းတွေရဲ့ အဓိက စီးပွားရေးလုပ်ငန်းတွေထဲမှာ စားသောက်ဆိုင်၊ ဟိုတယ်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စတာတွေပါ ပါဝင်လာပါတယ်။ (၁၉၅၀) ကာလနှောင်းပိုင်းကာလတွေမှာ ဂိုဏ်းစတားတွေက ထင်ရှားတဲ့ လူရိုသေရှင်ရိုသေ စီးပွားရေးသမားတွေအထိ ဖြစ်လာခဲ့ကြပြီး အချို့အလုပ်သမားသမဂ္ဂတွေမှာ ဝင်ရောက်နေရာယူလာခဲ့တာတွေလည်း ရှိပါတယ်။

ဥပဒေအရအရေးယူဆောင်ရွက်ခြင်း

အစဉ်အလာတွေအရ အုပ်စုဖွဲ့ကျူးလွန်သောမှုခင်းများကို ရဲတပ်ဖွဲ့တွေက ထိန်းချုပ်အရေးယူနိုင်စွမ်း အားလျော့ခဲ့ပါတယ်။ မှုခင်းကျူးလွန်တဲ့ အုပ်စုတွေမှာ လူသိရှင်ကြား စီးပွားရေးသမားများ ပါဝင်ခြင်း၊ နိုင်ငံရေးလောကနဲ့ ဆက်နွယ်မှုများ ရှိခြင်း၊ နိုင်ငံရေးသမားများကို လွှမ်းမိုးထားခြင်း၊ လုပ်ကြံသတ်ဖြတ်မှုများ ရှိခြင်း စတာတွေကြောင့် ဖမ်းဆီးရေးမှာသာမက ဖမ်းဆီးပြီးသူများကို ရုံးတင် တရားစွဲဆိုရေးမှာပါ။ ခဲယဉ်းစေတဲ့ အတားအဆီးတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံပေါင်းစုံမှာ မှုခင်းနှိမ်နင်းရေး နည်းလမ်းပေါင်းစုံကို အသုံးပြုလာကြပါတယ်။ အသုံးအများဆုံးနည်းလမ်းကတော့ သံသယဖြစ်ဖွယ်အဖွဲ့အစည်း (သို့မဟုတ်) လုပ်ငန်းထဲမှာ ရဲအရာရှိများအား လျှို့ဝှက်မြုပ်နှံခြင်း၊ သတင်းပေးများ စည်းရုံးထားရှိခြင်း၊ ဂိုဏ်းဝင်များအား ဖမ်းဆီးအရေးယူပြီးပါက လွတ်မြောက်ချိန်တွင် အဖွဲ့သို့ ပြန်လွှတ်၍ မြုပ်နှံခြင်း၊ နောက်ယောင်ခံခြင်း စတာတွေ ဖြစ်ပါတယ်။ အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းများကို တိုက်ဖျက်ရာမှာ မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှု၊ လူသတ်မှု စတာများကို သီးခြားဖြစ်ပွားသော မှုခင်းများအဖြစ် မရှုမြင်ဘဲ မှုခင်းကွင်းဆက်များ ရှိ၊မရှိ စနစ်တကျ လေ့လာဆန်းစစ်နိုင်ဖို့ အလွန်ပဲ အရေးကြီးပါတယ်။

ဖမ်းဆီးအရေးယူမှု မဟုတ်တဲ့ အခြားသော အရေးယူဆောင်ရွက်မှု နည်းလမ်းများကိုလည်း မှုခင်း

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်များက ဖော်ထုတ်အကြံပြုထားကြပါတယ်။ ပထမနည်းလမ်းကတော့ အနီရောင်ဇုန်၊ အနက်ရောင်ဇုန် စတာများ သတ်မှတ်ပြီး သီးခြားထိန်းချုပ်ခြင်း ဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ မှုခင်းကျူးလွန်သော အဖွဲ့များရဲ့ အမြတ်အစွန်းရရှိမှုများ နည်းနိုင်သမျှ နည်းအောင် အခွန်နှုန်းထားများ တိုးမြှင့်ကောက်ထားခြင်း၊ စီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် စောင့်ကြပ်စိစစ်ခြင်း စတာတွေ ဖြစ်ပါတယ်။ တတိယနည်းလမ်းကတော့ တရားမဝင် ပစ္စည်းဖြန့်ဖြူးရေး ကွန်ယက်များကို အလုပ်လုပ်ဆောင်၍ မရအောင် တားဆီးပိတ်ပင်ခြင်း၊ ပစ္စည်းသိုလှောင်သိမ်းဆည်းမှုများအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်း စတာတွေ ဖြစ်ပါတယ်။

## အုပ်စုအမျိုးအစားများ

အုပ်စုဖွဲ့ပြီး မှုခင်းများ ကျူးလွန်ကြရာမှာ အုပ်စုဖွဲ့မှုကို တရုတ်၊ ဂျပန်၊ ဂျမေကာ၊ အီတလီ၊ နိုက်ဂျီးရီးယား၊ မက်ဆီကန် စတဲ့ လူမျိုးနွယ်ဖွားပေါ်မှာ မူတည်ပြီး ပြုလုပ်လေ့ရှိကြပါတယ်။ တရုတ်နွယ်ဖွား အုပ်စုတွေထဲမှာ စီးပွားရေးရာ မသမာမှုများကို တရုတ်မာဖီးယားတွေက ကြီးစိုးထားပြီး မက်ဆီကန်နွယ်ဖွားများနဲ့ ပူးတွဲပြီး လူကုန်ကူးမှုများ လုပ်ဆောင်



နေသော အုပ်စုများ၊ ထိုင်ဝမ်အခြေစိုက် မြေအောက်ကြက်သွန်ဖြူကုန်သွယ်ရေး လုပ်ဆောင်နေသော အုပ်စုများ၊ ကွန်ပျူတာဆော့ဝဲလ်ခိုးယူမှုများ လုပ်ဆောင်သော အုပ်စုများနဲ့ မူးယစ်ဆေးဝါး၊ လောင်းကစားနှင့် ပြည့်တန်ဆာလုပ်ငန်းများကို လုပ်ဆောင်သော အုပ်စုများ ရှိပါတယ်။

ကိုလံဘီယာနွယ်ဖွားအုပ်စုအများစုကတော့ drug cartels များ ဖြစ်ကြပြီး အမျိုးအစားနှစ်မျိုး ရှိပါတယ်။ ပထမတစ်မျိုးက mendellin-type cartels ဖြစ်ပြီး လမ်းပေါ်မှာ လှုပ်ရှားကြပါတယ်။ ဒုတိယတစ်မျိုးကတော့ Cali-type cartels များ ဖြစ်ပြီး တရားဝင် စီးပွားရေးလုပ်ငန်းရှင်များအဖြစ် အရေခြုံပြီး လှုပ်ရှားကြပါတယ်။ အီတလီနွယ်ဖွားများကတော့ မာဖီးယားဂိုဏ်းအဖြစ် ထင်ရှားတဲ့ အုပ်စုများဖြစ်ပါတယ်။ ဂျမေကန်နွယ်ဖွားအုပ်စုများကတော့ ကမ္ဘာ့ crack market တစ်ဝက်ကျော်ကို ထိန်းချုပ်ထားသူများဖြစ်ပြီး ပြန်ပေးဆွဲခြင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်းနဲ့ ကားခိုးခြင်းတွေကိုပါ လုပ်ဆောင်လေ့ရှိပါကြပါတယ်။

ဂျပန်နွယ်ဖွားအုပ်စုများကိုတော့ ရာကူဇာများလို့ လူအများက သိထားကြပြီး အာရှအခြေစိုက်အုပ်စုဖွဲ့ ကျူးလွန်သောမှုခင်းများမှာ ပါဝင်လေ့ရှိပါတယ်။ ငွေမည်းမှ ငွေဖြူပြောင်းခြင်း၊ လက်နက်ပစ္စည်းအရောင်းအဝယ်ပြုလုပ်ခြင်း စတာတွေက သူတို့ရဲ့ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်ပေမယ့် တရားဝင်စီးပွားရေးလုပ်ငန်းများဖြစ်တဲ့ ဘဏ်လုပ်ငန်းနဲ့ အိမ်ခြံမြေလုပ်ငန်းတွေနဲ့ အရေခြုံထားလေ့ရှိကြပါတယ်။ မက်ဆီကန်နွယ်ဖွားအုပ်စုများကိုတော့ မက်ဆီကန်မာဖီးယားများအဖြစ် လူအများကသိထားကြပါတယ်။ ဒီအုပ်စုများရဲ့ အဓိကစီးပွားရေးလုပ်ငန်းတွေကတော့

www.burmeseclassic.com

www.burmeseclassic.com





လူကုန်ကူးခြင်း၊ လက်နက်ကုန်ကူးခြင်းနဲ့ မူးယစ်ဆေးဝါးသယ်ဆောင် ဖြန့်ဖြူးရောင်းဝယ်ခြင်းတွေ ဖြစ်ပါတယ်။

နိုက်ဂျီးရီးယားနွယ်ဖွား အုပ်စုများကတော့ ဆိုင်ဘာမှုခင်းများကို အများဆုံး ကျူးလွန်လေ့ရှိပါတယ်။ ကမ္ဘာမှာဖြစ်ပွားတဲ့ ကွန်ပျူတာအသုံးပြု ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာမှတစ်ဆင့် ခိုးယူသုံးစွဲမှုများ စတဲ့ မှုခင်းတော်တော်များများဟာ နိုက်ဂျီးယားအုပ်စုများမှ ဖြစ်ပါတယ်။

## အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းများတွင် ပါဝင် ပတ်သက်သောလေ့ရှိသူများ

အုပ်စုဖွဲ့ကျူးလွန်တဲ့ မှုခင်းများမှာ ပါဝင်ပတ်သက်လေ့ရှိသူ အများစုဟာ ငွေကို ဖြတ်လမ်းနည်းနဲ့ ရှာဖွေပြီး ကြီးပွားတိုးတက်လိုသူများ ဖြစ်ပါတယ်။ များသောအားဖြင့် ဆယ်ကျော်သက်အရွယ်မှာ လမ်းပေါ်မှာ လှုပ်ရှားခဲ့သူများဖြစ်ပြီး၊ အသက်နှစ်ဆယ်ကျော် သုံးဆယ်ကျော်မှာ တစ်စထက်တစ်စ အဆက်အသွယ်နယ်ပယ် တိုးချဲ့ပြီး မှုခင်းများ ပူးပေါင်းကျူးလွန်လာကြသူများ ဖြစ်ပါတယ်။ အချို့ကတော့ အကျဉ်းထောင်ထဲမှာ အဆက်အသွယ်များ ရလာပြီး ထောင်ကထွက်လာချိန်မှာ အဖွဲ့အစည်းတွေလည်း ဆက်လက်ရောက်ရှိသွားကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ရဲအရာရှိများအား ထိုးဖောက်မြှုပ်နှံထားရေး စီမံချက်တွေမှာ အကျဉ်းထောင်တွေကို နကဦးအာရုံစိုက်ပြီး မြှုပ်နှံသူနဲ့ သံသယဖြစ်ဖွယ် ဂိုဏ်းအဖွဲ့ဝင်တို့ကို ထောင်ကျအကျဉ်းသားများအဖြစ် ကြိုတင်ပူးတွဲပေးလေ့ရှိပါတယ်။ ဒီလိုနည်းအားဖြင့် သံသယဖြစ်ဖွယ် အဖွဲ့ဝင်က ရဲအရာရှိကို ရာဇဝတ်လောကသားအဖြစ် ယုံကြည်လက်ခံသွားပြီး သူ့အဖွဲ့ရှိရာကို ခေါ်ဆောင်သွားပေးစေရန် ရည်ရွယ်ပါတယ်။

## အုပ်စုဖွဲ့ကျူးလွန်သောမှုခင်းများဆိုင်ရာထောက်လှမ်းရေးဆန်းစစ်ချက် intelligence analysis

အုပ်စုဖွဲ့ကျူးလွန်သော မှုခင်းများဆိုင်ရာ ထောက်လှမ်းရေး ဆန်းစစ်ချက်များ ပြုလုပ်ရာမှာ ဆန်းစစ်လေ့လာချက် နည်းလမ်းမျိုးစုံကို အသုံးပြုဖို့ လိုအပ်ပါတယ်။ အသုံးဝင်တဲ့ ပထမနည်းလမ်းတစ်ခုကတော့ ဆက်စပ်မှုလေ့လာဆန်းစစ်ချက် (association analysis) ဖြစ်ပါတယ်။ နောက်ယောင်ခံလိုက်ရာက ရရှိတဲ့ သတင်းအချက်အလက်များနဲ့ သတင်းပေးများမှ ပေးပို့သော သတင်းအချက်အလက်များကို စုပေါင်းပြီး ရဲတပ်ဖွဲ့မှ သိရှိပြီးသားအဖွဲ့ဝင်များနဲ့ သံသယဖြစ်ဖွယ် အဖွဲ့ဝင်များအကြားက ဖြစ်နိုင်ချေရှိသော ကွင်းဆက်ဇယား (link chart) ကို ရေးဆွဲထားရှိပြီး ဆက်စပ်မှုလေ့လာဆန်းစစ်ချက်တွေပြု

www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်ပါတယ်။

ဒုတိယနည်းလမ်းကတော့ တယ်လီဖုန်းလေ့လာဆန်းစစ်ချက် ဖြစ်ပါတယ်။ တယ်လီဖုန်းကြားဖြတ်သတင်းယူမှုမှတစ်ဆင့် ရရှိတဲ့ သတင်းအချက်အလက်များအပေါ် အခြေခံပြီး တယ်လီဖုန်းခေါ်ချိန်၊ စကားပြောပြီးချိန်၊ စကားပြောသူများ စတာတွေကို ကြိမ်နှုန်းပြဇယား (frequency distribution chart) နဲ့ ဖော်ပြခြင်းအားဖြင့် ဘယ်လိုအချိန်မှာ၊ ဘယ်သံသယဖြစ်ဖွယ်လူတွေနဲ့ အဆက်အသွယ် ပြုလုပ်တတ်တယ်ဆိုတာကို ရှင်းလင်းစွာ တွေ့မြင်လာနိုင်ပါတယ်။ ဥပမာအားဖြင့် လောင်းကစားပြုလုပ်သူတွေဟာ ပွဲမတိုင်မီအချိန်မှာ အများဆုံး တယ်လီဖုန်း အဆက်အသွယ် လုပ်လေ့ရှိပါတယ်။

တတိယနည်းလမ်းကတော့ စကားအပြန်အလှန်ပြောခြင်းဆိုင်ရာ လေ့လာဆန်းစစ်ချက် (conversation analysis) ဖြစ်ပါတယ်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် ပြောဆိုချက်များအား အသံဖမ်းယူထားချက်များ၊ မြှုပ်နှံထားသူများနှင့် သတင်းပေးများမှ အသံဖမ်းယူထားချက်များ၊ တယ်လီဖုန်းကြားဖြတ် သတင်း ရယူထားမှုများမှ သတင်းအချက်အလက်များကို အခြေခံပြီး သတင်းအချက်အလက်ပါဝင်မှုဆိုင်ရာ ကားချပ် (content analysis chart) ကို ရေးဆွဲနိုင်ပါတယ်။ ဒီကားချပ်ကနေတစ်ဆင့် စကားဝှက်များ၊ အသုံးအနှုန်းများနဲ့ မှုခင်းကျူးလွန်လေ့ရှိသော အချိန်၊ နေရာများကို ဖော်ထုတ်နိုင်ပါတယ်။



## နိဂုံး

(၁၉) ရာစုနဲ့ (၂၀) ရာစုကာလတွေမှာ အုပ်စုဖွဲ့ ကျူးလွန်သော မှုခင်းများဟာ ပြည်တွင်းအခြေစိုက် သဏ္ဌာန်တွေ ဆောင်ခဲ့ရာက (၂၁) ရာစုမှာတော့ နယ်စပ်ဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သော မှုခင်းများအဖြစ် ကမ္ဘာ့တရားဥပဒေစိုးမိုးရေး၊ ကမ္ဘာ့လုံခြုံရေးတွေကို တစ်စထက်တစ်စ ခြိမ်းခြောက်စိန်ခေါ်လာနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းအခြေစိုက်အုပ်စုဖွဲ့ ကျူးလွန်သော မှုခင်းများနဲ့ နယ်စပ်ဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သော မှုခင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် မှုခင်းများအား အထောက်အကူပြုစေသော အချက်များအား ဖော်ထုတ်ခြင်း၊ အရေးယူဆောင်ရွက်ရန် နည်းလမ်းများချမှတ်ခြင်း၊ အုပ်စုအမျိုးအစားများနှင့် ဆက်နွယ်မှုများအား ခွဲခြားသတ်မှတ်ခြင်း၊ ထောက်လှမ်းရေးဆန်းစစ်ချက်များ စနစ်တကျပြုလုပ်ခြင်းများကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

**ခင်မမမျိုး**

www.burmeseclassic.com

www.burmeseclassic.com





# မယုံနိုင်စရာ ဖြစ်ရပါသည် ဆရာနီ

၂နှစ်ပြည့်အမှတ်တရ

**သက်လွင်(ရဲကျော်သူ)**

ကျွန်တော်စာမရေးတာ ကြာ ပါပြီ။

၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့က မော်တော်ဆိုင်ကယ်အတိုက်ခံရသဖြင့် ကလေးမြို့ ပြည်သူ့ဆေးရုံမှာ သုံးလ တက်ခဲ့ရသည်။ ဥပဓိဒ္ဓေဒကံ မပါ၍ လူမသေဆုံးခဲ့သော်လည်း ကျွန်တော်၏ ဉာဏ်ဘက်ခြေထောက်က ပုံမှန်မဖြစ်တော့ပါ။

ဒီဖြစ်ရပ်ကို ဆရာနီသိတော့ စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့တယ်လေ။ ကျွန်တော်က ရန်ကုန်မြို့နှင့် ဝေကွာလှသည့် ကလေးမြို့မှာ နေတာဆိုတော့ ဆရာနီကို ချက်ချင်း အသိမပေးခဲ့ဘူး။ ဆေးရုံကဆင်းမှ အသိပေးခဲ့တယ်။ ချက်ချင်းသိလျှင် စာပေလောကထဲမှာ နစ်မြုပ်နေတဲ့ ဆရာနီ မအားလပ်သည့် ကြားထဲက ပြေးလာမှာစိုးလို့ပါ။ ဒါကို ဆရာနီ သိတဲ့အခါမကျေမနပ် ဖြစ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောနှစ်က ကျွန်တော် ရန်ကုန်မှာ မျက်စိလာခွဲတော့ "မေတ္တာဦး" ဆေးရုံကို ဆရာနီ ရောက်လာပါတယ်။ သားတော်မောင်ကိုမိုးမြင့်လည်း ပါလာပါတယ်။ ဒီတုန်းက ကျွန်တော့ကို "စာမူခ" ဆိုပြီး ငွေတစ်သောင်း ပေးသွားတယ်။ လွန်စွာမှ ကျေးဇူးတင်ပါတယ် ဆရာနီ။ ဆရာနီနဲ့တွေ့တဲ့အချိန်က ကျွန်တော် ကလေးမြို့ဆေးရုံမှာ တက်ခဲ့တုန်းက အတွေ့အကြုံတွေကို "ရက်ပေါင်းကိုးဆယ် ဆေးရုံဝယ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရေးချင်တယ်လို့ ပြောတော့ ဆရာနီက "ရေးပါလား" တဲ့ ဆရာနီဟာ ဖြစ်ရပ်မှန်သာဆိုရင် တကယ်လိုလားတယ်။ အမှန်တော့ ဆရာနီအားပေးခဲ့ပေမယ့် ကျွန်တော် မရေးဖြစ်ခဲ့ပါဘူး။

လွန်ခဲ့တဲ့ ဩဂုတ်လထဲကနေ့တစ်နေ့မှာ သမီးဖြစ်သူ ဝေဝေစိုးက "ဦးနီလေးမောင်ဆုံးပြီ" လို့ ပြောတော့ ကျွန်တော် အံ့ဩသွားတယ်။ ဘယ်သူပြောသလဲ ဆိုတော့ သတင်း စာမှာ တွေ့လိုက်ကြောင်း ပြောတယ်။ အိမ်မှာက သတင်းစာ မရှိလို့ သတင်းစာယူတဲ့ မိတ်ဆွေတွေ အိမ်မှာ သွားရှာကြည့်တော့လဲ မတွေ့ရဘူး။ ဘယ်နေ့ဘယ်ရက်က ဘာသတင်းစာမှာဆိုတာ မသိတော့ ရှာမရဖြစ်နေတယ်။ ဒါနဲ့ 'ဖြစ်ရပ်မှန်' ထွက်မည့်ရက် ကလည်း နီးနေပြီဆိုတော့ တကယ်မှန်လျှင် 'ဖြစ်ရပ်မှန်' မှာ ပါမှာပဲဆိုပြီး စာအုပ် အငှားဆိုင်ကို ပြေးမေးခဲ့တယ်။ 'ရှင်းသန့်' စာအုပ်အငှားဆိုင်မှ ကိုကျော်စိုးက ဒီလဖြစ်ရပ်မှန် မရောက်ဘူးတဲ့။ "ဘုရား...ဘုရား ဟုတ်များ ဟုတ်နေရောလား" ဒါနဲ့ မယုံကြည်နိုင်စရာ သတင်းတစ်ခုကို အတည်မပြုဘဲ နေခဲ့တယ်။

"ဟော...ခုတော့ ဟုတ်နေပြီလေ ဖြစ်မှဖြစ်ရလေ ဆရာနီရယ်"

အဲဒီလို သိလိုက်ရတဲ့ညက ကျွန်တော်အိပ်မပျော်တော့ဘဲ ဆရာနီနဲ့ စတင်သိကျွမ်းခဲ့တဲ့ နေ့မှစပြီး "မေတ္တာဦးဆေးရုံ" မှာ နောက်ဆုံးတွေ့လိုက်ရတဲ့ ဆရာနီရဲ့ ပုံရိပ်ကို တရေးရေး မြင်ယောင်နေမိတော့တယ်။

ကျွန်တော်က ရဲအရာရှိ လုပ်ခဲ့သူဆိုတော့ လူအမျိုးမျိုးရဲ့ မျက်နှာကို ကြည့်ပြီး လေ့လာတတ်တဲ့ အကျင့် သင်တန်းဆင်းထဲကပါလာတယ်။ လူတွေဟာ မိမိတို့ရဲ့ ဘဝမှာ ဖြစ်ပေါ်နေတဲ့ စိတ်ရင်းကို သူတို့ရဲ့ မျက်နှာမှာ ဖော်ပြနေတတ်ကြပါတယ်။ လူတချို့ရဲ့ မျက်နှာမှာ ပစ္စည်းမာန်၊ ပညာမာန်၊ ရာထူးမာန်တွေနဲ့ ဖုံးလွှမ်းနေတတ်ကြပါတယ်။ တချို့မျက်နှာမှာတော့ လောဘ၊ ဒေါသ၊ မောဟဓာတွေ ပြည့်နက်နေတတ် ကြပါတယ်။ တချို့ကြတော့ လျှို့ဝှက်စွာ ပြုလုပ်တတ်တဲ့ မကောင်းမှု အကျင့်စရိုက်ကြောင့် မလုံမလဲ ရှိတတ်ကြတယ်။ တချို့ မျက်နှာသည် မပြည့်စုံမှုကြောင့် ညှိုးငယ်စွာ ရှိတတ်ကြတယ်။ တချို့ မျက်နှာမှာ ပူပင်သောကကြောင့် မှိုင်တွေငေးမောပြီး တချို့ကြတော့ လိုအင်ဆန္ဒ ပြည့်ဝမှုကြောင့် ရွှင်လန်းချမ်းမြေ့နေပုံပေါ်လွင် နေတတ်ကြပါတယ်။

ဆရာနီရဲ့ မျက်နှာမှာတော့ လူသားအချင်းချင်း ညှာတာထောက်ထားတတ်တဲ့ စိတ်ဓာတ်အပြည့်နဲ့ စာပေလောကမှာ မိမိကဲ့သို့ တိုးတက်စေလိုသော ဆန္ဒနှလုံးသား အမြဲကိန်းအောင်းနေကြောင်းကို "ဖြစ်ရပ်မှန်ရဲ့ ရေးတတ်သလိုရေး" ဆိုတဲ့ ကဏ္ဍကလည်း သက်သေပြနေပါတယ်။ ဆရာနီရဲ့ အေးဆေးတည်ငြိမ်စွာ ပြောဆိုဆက်ဆံတတ်မှုကလည်း လူတစ်ဖက်သားရဲ့ စိတ်ဓာတ်ကို လန်းဆန်းတက်ကြွအောင် လှုံ့ဆော်ပေးသလိုပါပဲ။

ဘာပဲပြောပြောလေ 'ဖြစ်ရပ်မှန်' ဆိုတဲ့ မဂ္ဂဇင်းနာမည်ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းကိုက ယထာဘူတကျတဲ့ အမှန်တရားကို လိုလားသူမြတ်နိုးသူ ဖြစ်ကြောင်း ထင်ရှားနေပြီ မဟုတ်လား။ ပြီးတော့ကြည့် 'ဖြစ်ရပ်မှန်' ရဲ့ ရည်မှန်းချက်က "မူးယစ်ဆေးဝါးပပျောက်ရေး" နှင့် "မှုခင်းကျဆင်းရေး" တဲ့။ ဘယ်လောက် ရည်မှန်းချက် ကောင်းမွန်သလဲလို့။ သူများ ကြားကောင်းရုံလောက် ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေ သုံးနေတာ မဟုတ်ပါဘူး။ မူးယစ်ဆေးဝါးပပျောက်ရေးမှာ သားတစ်ယောက်လုံးကို အဆုံးခံပြီး အရင်းတည်ခဲ့တယ်ဆိုတာ ကျွန်တော် အသိဆုံး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်းပါးတွေကို 'ဖိုးတာ' ကလောင်အမည်နဲ့ ရေးစေခဲ့တယ်လေ။ ဒါပေမဲ့ အလွန်မိုက်ရိုင်းလှတဲ့ မူးယစ်ဆေးဝါးက သားလေးကို ဝါးမျိုသွားခဲ့တယ်။ ရင်နှင့်စရာ ဖြစ်ရပ်မှန်တွေပါလား ဆရာနီရယ်။

ဒီသာဓကတွေကို ကြည့်ရင် ဆရာနီတစ်ယောက် 'ဖြစ်ရပ်မှန်' ကို အားပေးနေကြတဲ့ စာဖတ်ပရိသတ်ကြီး အပေါ်မှာ ဘယ်လိုစေတနာတွေ ထားခဲ့တယ်ဆိုတာ သိနိုင်ပါပြီ။ ဒီနေ့လို ခေတ်မီတိုးတက်လာပြီး ဖြစ်တဲ့ မြန်မာနိုင်ငံမှာ မှုခင်းတွေ ရာခိုင်နှုန်း မတိုးတက်စေရန် အဖက်



ဖက်က စိမ်ချက်တွေချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ အချိန်မှာ မှုခင်းလျှော့နည်းကျဆင်းရေးကို ဆန္ဒပြင်းပြလှတဲ့ ဆရာနီတစ်ယောက် စာပေလောကကြီးနဲ့ ချစ်လှစွာသော စာဖတ်ပရိသတ်ကြီးကို စွန့်ခွာ မျက်ကွယ်ပြုသွားရတာ လွန်စွာမှ ကြေကွဲဝမ်းနည်းရပါတယ် ဆရာနီ…

နိဂုံးချုပ်အနေနဲ့ မူးယစ်ဆေးဝါးကင်းရှင်း၊ မှုခင်းတွေကျဆင်းလာပြီး နိုင်ငံတော်ကြီး သန့်ရှင်းစေလိုသော ဆရာနီ။ အရည်အသွေးပြည့်ဝသော မျိုးဆက်သစ်ကလောင်ရှင်များ တိုးတက်ပေါ်ထွန်းစေလိုသော ဆရာနီ စာဖတ်ပရိသတ်ကြီး အပေါ် သစ္စာရှိစွာဖြင့် ကိုယ်ကျိုးမဖက် ကလောင်လက်နက်ဖြင့် ပညာပေးခဲ့သော ဆရာနီကို ဒီဆောင်းပါးလေးဖြင့် ဂုဏ်ပြုလိုက်ပါတယ် ဆရာနီ…။

မယုံကြည်နိုင်စရာ ဖြစ်ရပါတယ် ဆရာနီ…။

ကျွန်ုပ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုဟူသမျှ ဆရာနီတစ်ယောက် အမျှရ၍ သုဂတိဘုံဘဝ ရောက်ပါစေ…။

သက်လွင်(ရေကျော်[illegible])

www.burmeseclassic.com

www.burmeseclassic.com



# အယ်ဒီတာ မြန်ကြားလွှာ

(၁) မြစ်ရပ်မှန်သည် အနယ်နယ် အရပ်ရပ်မှ စာဖတ်သူတို့၏ သဘောနှင့်ကိုက်ညီမည့် ကဏ္ဍသစ်နှင့် အစီအစဉ်များကို တိုးချဲ့ဖော်ပြလျက်ရှိပါသည်။

(၂) တိုးချဲ့ကဏ္ဍသစ်အဖြစ် မြစ်ရပ်မှန်မဂ္ဂဇင်းတွင် ရေးသားဖော်ပြ လှုံကြိုက်များခဲ့ဖူးသည့် စာရေးဆရာ ကလောင်ရှင်တို့၏ စာများကို ပြန်လည်ဆန်းသစ်မှုအဖြစ် ရံဖန်ရံခါ ဖော်ပြထားပါသည်။

(၃) ဤသို့ ပြန်လည်ဆန်းသစ်မှုကဏ္ဍတွင် ဖော်ပြထားသော စာများအတွက် ဥာဏ်ပူဇော်ခကို အိမ်တိုင်ရာရောက် ပို့ပေးမည် ဖြစ်သော်လည်း လက်လှမ်းမမီသော ဆရာများအတွက် ဥာဏ်ပူဇော်ခကို ကိုယ်တိုင်သော်လည်းကောင်း၊ သက်ဆိုင်သူမှသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော် လည်းကောင်း မဂ္ဂဇင်းတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(၄) နယ်မှ စာရေးဆရာ ကလောင်ရှင်များအနေနှင့် ဥာဏ်ပူဇော်ခကို ကိုယ်တိုင် မထုတ်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူစေလိုပါသည်။

(၅) မြစ်ရပ်မှန်သို့ စာမူများပို့ပေးနေသော အနယ်နယ် အရပ်ရပ်မှ စာရေးဆရာ ကလောင်ရှင်များကို ကျေးဇူးတင်ရှိပါကြောင်း မြန်ကြားရင်း၊ မြစ်ရပ်မှန်မဂ္ဂဇင်းအတွက် ပို့ထားသော စာမူများကို အခြား တိုက်များသို့ ခိုတွဲပွားချွဲမပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com





# မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင် များနှင့် ဒေသန္တရ စရိုက်

မိုးမြင့်ကြိုင် ၊ သင် ၊



www.burmeseclassic.com

www.burmeseclassic.com



(၁)

"ဟဲလို အမိန့်ရှိပါ....ရဲစခန်းကပါ ဘာအကူအညီပေးရမလဲ ခင်ဗျာ"

"ဟုတ်ကဲ့ ကျွန်တော် ဦးလှဝင်းပါ....ဘဏ်ရှေ့မှာ အမျိုးသမီးတစ်ဦး သေနေပါတယ်"ဟု သတင်းပေးစကားကို ကြားရသဖြင့် တာဝန်မှူးမှာ မျက်လုံးပြူးသွား၏။

"ဘယ်လိုဖြစ်လို့ သေတာလဲ"

"ဘယ်လိုဖြစ်လို့ သေတာမှန်းလဲတော့ မသိဘူး။ ကျွန်တော်မြင်နေလို့ လှမ်းအကြောင်းကြားတာပါ"

"ကျွန်တော်တို့ အခုချက်ချင်း လာခဲ့ပါမယ်"ဟု ပြောပြီး တာဝန်မှူးမှ စခန်းမှူးထံ အမြန်သွားသတင်းပို့လိုက်၏။ စခန်းမှူးနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ ချက်ချင်းလိုက်သွားကြ၏။ အခင်းဖြစ်နေရာ ရောက်၍ မြေပြင်အခြေအနေအား စုံစမ်းရာ ဆင်းရဲသား လင်မယားနေစရာမရှိ၍ ဘဏ်ရှေ့နေရာတွင် ခဏနေခိုက် မိန်းမဖြစ်သူမှာ ရောဂါကြောင့် သေဆုံးသွားခြင်းဖြစ်၏။ ဆွေမျိုးလည်းမရှိ၊ ယောကျ်ား ဖြစ်သူမှာလည်း မိန်းမ၏ အသုဘကို မဆောင်ရွက်နိုင်သဖြင့် ထွက်ခွာသွား၏။ ရဲနှင့် အုပ်ချုပ်ရေး အဖွဲ့ဝင်များသာ ကျန်ရစ်ခဲ့၏။ ရဲတပ်ဖွဲ့ဝင်များ၏ ထုံးစံအတိုင်း ဆေးရုံသို့ ပို့ရန်ဖြစ်သည်။ ဒဏ်ရာဒဏ်ချက် ရှိ/မရှိ ကြည့်ရာတွင်လည်း ပြင်ပဒဏ်ရာ မရှိ။ ထို့အတွက်ကြောင့် ရဲတပ်ဖွဲ့ဝင်များ ငွေကြေးအကုန်ခံ၍ ဆေးရုံ သို့ ပို့လိုက်ရ၏။ ဒေသန္တရစရိတ်အတွက် မည်သူမျှ စိုက်သူမရှိ။

(၂)

ရဲစခန်းအတွင်းသို့ ဓားဒဏ်ရာဖြင့် လူတစ်ယောက် ဝင်လာ၏။ အခြေအနေမှာလည်း အဝတ်အဟောင်းနှင့် ပုဆိုးအဟောင်းဝတ်ဆင်လာသည်ကိုသာ တွေ့ရ၏။

> "ရဲစခန်းလုပ်ငန်းများနှင့် ဒေသန္တရ စရိတ်များသည်လည်း ဒေသရဲတပ်ဖွဲ့ အောင်မြင်မှု၊ ကျဆုံးမှုများနှင့် အများဆုံး သက်ဆိုင်နေ..."

"ကျွန်တော့်ကို ဓားနဲ့ခုတ် လိုက်လို့" ဟုပြော၏။

"ဘယ်သူက ခုတ်တာလဲ"ဟု တာဝန်မှူးမှ မေးလိုက်၏။

"လူမမှတ်မိဘူး"ဟု ပြော၏။

"ဘာကြောင့် ခုတ်တာလဲ"

"မသိပါဘူးဗျာ"ဟု ပြောပြီး ထိုင်ခုံတွင် ထိုင်လိုက်သည်။ ထိုအချိန်တွင် စခန်းမှူးမှာ ရဲစခန်းအတွင်းသို့ ဝင်လာ၏။

"ဘာဖြစ်တာလဲ"

"ဓားခုတ်ခံရတယ်လို့ ပြောတယ် သူ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုလည်း ရေရေလည်လည် မပြောနိုင်ဘူး"ဟု သတင်းပို့လိုက်၏။

"ဒါဆိုရင် ဆေးရုံမြန်မြန်ပို့၊ ကားခနဲ့ ဆေးဖိုးလည်း ယူသွား"ဟု ပြော၍ ငွေ (၈၀၀၀/-) အား ထုတ်ပေးလိုက်၏။ တာဝန်မှူးလည်း ပိုက်ဆံယူ၍ ဒဏ်ရာရသူနှင့် ဆေးရုံသို့ ထွက်သွား၏။ ဒေသန္တရ စရိတ်အား ရဲတပ်ဖွဲ့ဝင်များကသာ စိုက်ထုတ်ဆောင်ရွက်လိုက်ရသည်။

"မြဝတီရဲစခန်းသို့ သွားရောက်ခေါ်ဆောင်ရန်မှာ စခန်းတွင် ဒေသန္တရစရိတ်များ လိုလာပေသည်၊ ရဲစခန်းများတွင် ထုတ်ပေးထားသော အုပ်ချုပ်မှုစရိတ်မှာ ငွေ (၁၀၀) ကျပ်သာရှိသည်"

(၃)

ရဲစခန်းလုပ်ငန်းများနှင့် ဒေသန္တရစရိတ်များသည်လည်း ဒေသရဲတပ်ဖွဲ့ အောင်မြင်မှုကျဆုံးမှုများနှင့် အများဆုံးသက်ဆိုင်နေပေသည်။ ဥပမာတစ်ခုကို ထပ်မံတင်ပြရလျှင် …………မြို့နယ်၌ လူခိုးမှုတစ်ခု လာရောက်တိုင်တန်းသည့်အတွက် ရဲစခန်းမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှု ဖွင့်ပေးပြီးနောက် အမှုစစ်မှ သက်ဆိုင်ရာ နယ်မြေရဲစခန်းများ၊ စပ်ဆိုင်သော ရဲစခန်းများကို စာများ၊ ဓာတ်ပုံများ၊ ဖက်စ်များဖြင့် ပေးပို့လိုက်၏။ ဆက်သွယ်ရေးလမ်းကြောင်းများ ကောင်းမှုကြောင့် လူခိုးသွားသော အမျိုးသားနှင့် အမျိုးသမီးအား နယ်စပ်မြဝတီရဲစခန်းမှ ဖမ်းဆီးရမိကြောင်း၊ တရားခံအား လာရောက်ခေါ်ဆိုရန် အကြောင်းကြားလာလေသည်။

ထိုအခါ မြဝတီရဲစခန်းသို့ သွားရောက်ခေါ်ဆောင်ရန်မှာ စခန်းတွင် ဒေသန္တရစရိတ်များ လိုလာပေသည်။ ရဲစခန်းများတွင် ထုတ်ပေးထားသော အုပ်ချုပ်မှုစရိတ်မှာ ငွေ (၁၀၀) ကျပ်သာရှိသည်။ သွားမခေါ်လျှင်လည်း ပြည်သူလူထုကို အကာအကွယ် မပေးသလိုဖြစ်နေ၏။ သွားခေါ်ပြန်ရင်လည်း ဖမ်းဆီးရမိသူ (၂) ဦး၊ သွားခေါ်သူ (၃) ဦး အသွားအပြန် ခရီးစရိတ်မှာ တစ်သိန်းကျော်ကျော် ကုန်ကျမည်ဖြစ်ပေသည်။ ကုန်ကျစရိတ်အား မည်သူကပေးမည်နည်း။ နောက်ဆုံးတော့ မဖြစ်မနေ သွားခေါ်၍ အမှုကို တရားစွဲလိုက်ရသည်။

× × × × × × × ×

ရန်ကုန်မြို့၌ တွေ့ရသော လူသေအလောင်းများကိစ္စသည်လည်း ရဲတပ်ဖွဲ့နှင့်သာ ပတ်သက်နေ၏။ ရန်ကုန်မြို့သည် လူဦးရေထူထပ်ပေါများ၍ ကြုံရာကျပန်း လုပ်ငန်းများ၊ လုပ်ကိုင်စားသောက်ရန် လုပ်ငန်းများ ရှိသဖြင့် နယ်မြေအရပ်ရပ်မှ လာရောက်လုပ်ကိုင်နေထိုင်ကြသည်။ ထိုအထဲတွင် တောင်းရမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထု မသိရှိသော ဒေသန္တရ စရိတ်များစွာကို ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ကြိုးစား၍ ပြေလည်အောင် ဆောင်ရွက်နေ . . .

စားသောက်သူများလည်း ပါဝင်သည်။ ၎င်းတို့မှာ စောင်မပါ၊ အခင်းမရှိ၊ ချောင်ကြိုချောင်ကြားများ တွင် မှီခို၍ နေထိုင်ကာ သေဆုံးတတ်သည်။ ၎င်းတို့ကို ရဲတပ်ဖွဲ့မှပင် တာဝန်ယူ၍ ဆေးရုံသို့ ပို့ပေးကြရသည်။ အချို့အလောင်းများမှာ ပိုင်ရှင်မရှိသည့်အတွက် ရဲတပ်ဖွဲ့ကပင် အစစအရာရာ ဆောင်ရွက်ပေး ရသည်။ အမှုမဖြစ်ပွားသော ဒေသ၊ မှုခင်းဖြစ်လေ့ဖြစ်ထ မရှိသောဒေသ၊ မှုခင်းထူထပ်သော ဒေသတို့မှ ဒေသန္တရ စရိတ်သည် ဒေသတစ်ခုတည်းနှင့် တိုင်းတာ၍ မရပေ။ ထို့ကြောင့် ရဲစခန်းများတွင် ဒေသန္တရစရိတ်သည် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်။ အောက်ခြေရှိ တပ်ဖွဲ့ဝင်များအနေနှင့်လည်း လုပ်ငန်းအောင်မြင်အောင် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေသည်ကိုလည်း ပြည်သူလူထု နားလည်သဘောပေါက် စေချင်ပါသည်။ ပြည်သူလူထု မသိရှိသော ဒေသန္တရစရိတ်များစွာကို ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ကြိုးစား၍ ပြေလည်အောင် ဆောင်ရွက်နေပေသည်။ တခါတရံတွင် လုံခြုံရေးကိစ္စများအတွက် အဆက် မပြတ် သယ်ယူပို့ဆောင်နေရသဖြင့် ကားစရိတ်/ဆီစရိတ်များလည်း ရှိပေသည်။ အချို့တပ်ဖွဲ့ဝင်များ အဖို့ ကိုယ်ပိုင်ဆိုင်ကယ်လေးများ ဝယ်၍ ကိုယ့်စာတ်ဆီကိုယ်ထည့်ကာ ဆောင်ရွက်နေရပေသည်။ ဘတ်စ်ကားနှင့်လည်း သွား၍မဖြစ်၊ ကားငှား၍လည်း မသွားနိုင်သည့်အခါမှာလည်း ဖြစ်သလို ကြိုးစား၍ လည်ပတ်နေရပေသည်။

နိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေချိန်တွင် အဘက်ဘက်မှ ပြည့်စုံအောင် ဆောင်ရွက်ရသည်မှာ မလွယ်ကူလှပေ။ အချို့ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် အောက်ခြေရဲစခန်းများ ဆောင်ရွက်နေသည်ကို နားမလည်၍ တစ်ဖက်သတ် ရေးသားထားသည်ကို ဖတ်ရှုရသဖြင့် အလုပ်ကြိုးစား ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များမှာ စိတ်မသက်သာ ဖြစ်ရ၏။

သို့ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မည်သည့်ခေတ်မျိုးမဆို ပြည်သူလူထု အကျိုးစီးပွားရေးကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ရသည့် အခြေ အနေကို ပြည်သူလူထုအနေဖြင့် အတတ်နိုင်ဆုံး နားလည်မှု ပေးနိုင်ရန် လိုပေသည်ဟု တင်ပြလိုက်ရပေသည်။

မျိုးမြင့်ကြိုင် (သင်)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(၁)

"သုံးလက်မမျှသာ အလျား ရှိသော လူသား၏လျှာက ခြောက် ပေအရှည်ရှိသော လူသားကိုသေ အောင် ဖန်တီးတတ်၏ (ဂျပန် စကားပုံ)

အထက်အမည်ပါ "ဂျပန် စကားပုံ" ကလေးကို အလွန် မြတ်နိုးသမှုနှင့်အတူ "တစ်ခါက တစ်ဘဝ" ၏ ငယ်ချစ်ဦး "မမြမြဝင်း" (မောမြေမြင့် တစ် နေရာ) မှ "အမှတ်တရလက် ဆောင်" (PRESENT) ပေးပို့ ထားခဲ့တဲ့ (၂၀၀၃) ခုနှစ် "ဒိုင် ယာရီ" (အဟောင်း) စာမျက် နှာလေးပေါ်မှ အဆိုပါ "ဂျပန် စကားပုံ" ကလေးကို အတွေးနှင့် ပြေးမြင်ခံစားမိလိုက်ချိန်တို့နှင့် အတူ "လောဘအတွက် ဒေါသထွက် ၍ အသက်စတေးကြသူများ" ၏ "နိဒါန်း" မှသည် "နိဂုံး" အရောက် ဆုံးရှုံးမှုတွေနဲ့အတူ သောကအပူတွေ ခံစားခဲ့ရပါသော ဤဇာတ်လမ်း "ဖြစ်ရပ်မှန်" ကို "အသစ်ထပ်မံ" မီးမောင်းထိုးပြ လိုက်မိရာတွင် ...

(၂)

"အထက်အညာ" မလှိုင် မြို့နယ် "ဝွေးချိုအင်း" ကျေးရွာ သည် တောင်သူလယ်သမားတို့ အများစု နေထိုင်ကြသကဲ့သို့ သက်ငယ် (သက်ကယ်)ပစ်ခြင်း "ဝါးကပ်" ယက်ခြင်း "တောင်း" ယက်ခြင်းတို့နှင့်အတူ "သက် ငယ် (သက်ကယ်တန် ဝါးခုတ်) [သက်ငယ် (သက်ကယ်) ပစ်ရန် နှီးနှင့်ချည်နှောင်သော ဝါးခြမ်း ပြား] တို့ လုပ်ကိုင်ကြသကဲ့သို့ တစ်ဖက်ကလည်း ဝက်၊ ကြက်၊ နွား၊ သိုး၊ ဆိတ်တို့ကိုပါ တွဲဖက် ၍ တွဲဖက်၍ မွေးမြူရေးလုပ်ကိုင် ကြသည့် အနီ "ဝွေးချိုအင်း" ရွာသည် "ကျောက်ပန်းတောင်း မြို့နယ်" နှင့် ထိစပ်နေသော ရွာ တစ်ရွာဖြစ်သကဲ့သို့ "အနောက် တောင်" ဒေါင့်တစ်နေရာ (၃) မိုင်ခန့်အကွာမှာတော့ "ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်ထိန်း၊ "သစ်တိန်း" ဆိုတဲ့ ကျေးရွာကြီး တစ်ရွာ ရှိပါ၏။

"ဝွေးချိုအင်းရွာ" နှင့် "သစ်တိန်းရွာကြီး" ဆိုသည်တို့ က "နှစ်ရွာတစ်ရွာ" ဆိုသကဲ့ သို့ ကူးလူးဆက်ဆံခဲ့ကြသည့် တောင်သူလယ်သမားတို့ ဖြစ် ကြပါသည်။ "ဝွေးချိုအင်းရွာ" တွင် (စာရေးသူ) ၏ အဒေါ် (ဒေါ်တင်) နှင့် ဦးထွန်းရှိန် မိသား စုတို့ နေထိုင်ကြပါသည်။ ဦးထွန်း ရှိန်သည် တစ်ခေတ်တစ်ခါက



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာ၏ အာဏာရ ပုဂ္ဂိုလ်ကြီး တစ်ခုပါ။ "ရွာမိရွာဖ" တစ်ဦး ဖြစ်၍ အရာရာတွင် ၄င်း၏ သြဇာတည်ခဲ့သူတစ်ဦးဖြစ်သည်။ နှစ်ရှည်ကြာခဲ့တဲ့ ကာလများကပါ "အညာ" တွင် "မြေယာ" သည် အလွန်တန်ဖိုးကြီးသည်နှင့် အမွေ မြေကြီးက ရွှေသီး" ခေတ်ဖြစ်သည်နှင့်အညီ အချို့သော ဆွေမျိုးတစ်စုတို့ထဲတွင် (မြေနှင့် ပတ်သက်လျှင်) ဆွေမျိုးဂုဏ် သိက္ခာမထောက် ဘိုးဘွားလက်ထက် "ဓားမဦးချမြေ" ကို၊ "တစ်လက်မ" မှပင် "ကိုယ့်ဘက်သူ့ဘက်" မပါလိုကြပါ။ ဥပမာ လယ်ယာမြေအထက်နှင့် အောက် "ကန်သင်း" (ကဇင်း) ကိုပင် နည်းနည်းလေးမှ အပါ မခံချင်ဆိုသည့်အတိုင်း "သူ့ဘက်ကိုယ့်ဘက်" ငြင်းခုံကြပါသည်။ ဤသို့ ဤနယ်ဖြစ်ရသည်တွင် လွန်ခဲ့သော ၂၀၀၈ ခုနှစ် မိုးနှောင်းရာသီ (နိုဝင်ဘာလ) တွင် (ဆောင်းရာသီ) စိုက်ပျိုးရန် "နေကြာခင်း" အတွက် မြေပြုပြင် (ယာထွန်ခြင်း) ရာ၌ ရွာအနောက်ဘက် ၂ ဖာလုံခန့်ရှိ ယာမြေကို "ကန်သင်း" (ကဇင်း) အသစ်ပြုပြင်ရန် ပေါက်ပြားတစ်လက်နှင့် "ကန်သင်း" (ကဇင်း) ပြုပြင်နေချိန်၊ နံနက် (၉း၁၅) နာရီအချိန်က မောင်ညိုတုတ်မှာ ကန်သင်း (ကဇင်း) ပေါ်တွင်ထိုင်၍ အနားယူချိန် "ပြောင်းဖူးဖက်" ဆေးလိပ်တိုကလေးကို ဖွာရှိုက်နေခိုက်မှာပင် သူ့အဒေါ် (အညာအခေါ် ဒွေးတစ်ဝမ်းကွဲ တော်စပ်သူ) မှ

"ဟဲ့…ညိုတုတ် ငါ့ယာထဲက မြေပါအောင် "ကန်သင်း" (ကဇင်း) လုပ်ရသလားဟဲ့။ နင်တို့တော်တော် မြေငတ်နေသလား။ အဲဒါ ငါ့ဘက်ကို ပါသွားပြီဟဲ့ မသာလောင်းရဲ့ ငတ်ကြီးကြရဲ့။ သေချင်းဆိုးမြွေပွေးကိုက်။ ငါလေ ဒီထက်ပိုပြီး ဆဲလိုက်ရရင် မကောင်းတော့ဘူး။ နင်က တူတစ်ဝမ်းကွဲမို့ ရှေ့ဆက်မဆဲသာ"

ဟု "အညာလေသံ" နဲ့ အတူ "ဒေါသပုန်" ထ၍ ဆဲရေး တိုင်းထွာလိုက်သော ဒေါ်ဆစ်တို" ၏ အဆဲအဆို မဆုံးမီမှာပင် အညာတဘက်ကို ခေါင်းပေါ်မှ "ခေါင်းပေါင်း" ဖြုတ်ပြီး ချွေးသုတ်နေစဉ်မှာပင်

"အဒေါ်ကြီး ခင်ဗျားကြီး ကျုပ်ကို ဆဲပြီးပြီးလေ။ အသက်က (၄၀) ကျော်နေပြီဗျာ။ ဒီလို တောထဲတောင်ထဲမှာ တူဝရီးနှစ်ယောက်နေပြီး အဲသလို ပြောဆို

"ခင်ဗျားကြီး ကျုပ်ကို ဆဲပြီးပြီလေ။ အသက်က (၄၀) ကျော်နေပြီဗျာ။ ဒီလို တောထဲတောင်ထဲမှာ တူဝရီးနှစ်ယောက်နေပြီး အဲသလို ပြောဆို ဆဲနေတာ မကောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မြေကို ငွေထက်တန်ဖိုးကြီးပါတယ်ဆိုတဲ့ ခင်ဗျားကြီး ဒီကန်သင်းပေါ် မှာပဲ အသက်ထွက်ရစေ့မယ်။ ထောင်အပြင် တန်း မရှိဘူး"

ဆဲနေတာ မကောင်းပါဘူး။ အဒေါ့်မြေ "တစ်လက်မ" လည်း ပါမသွားပါဘူး။ ကန်သင်း (ကဇင်း) တင်တွေပဲဗျာ မသကာ မြေပါ သွားလည်း ပေါက်ပြားနဲ့ ပေါက်မိလို့ အလွန်ဆုံးရှိလှမှ "နှစ်လက်မ" ထက်မပိုပါဘူး ဗျာ"

လို့လည်း မောင်ညိုတုတ်မှ "ပြောင်းဖူးဖက်ဆေးလိပ်" ကို ဖွာရှိုက်ရင်းမှ ရပ်နားပြီး ချေပ ပြောဆိုလိုက်ချိန်မှာပင်…

"နင်က ငါ့ကို "အသက်ကြီးပြီး အချိန်မစီးဘူး" လို့ ပြောတဲ့သဘောပေါ့ဟုတ်လား။ ဒီမယ်မှတ်ထား ညိုတုတ်ငါက အပိုလုပ်ပြီး စကားမပြောဘူး။ "ငွေ" ထက် "မြေ" က တန်ဖိုးရှိတယ်ဆိုတာ ဒို့တစ်ရွာလုံး သိကြတယ်ဟဲ့။ နင်က မသိချင်ဟန်ဆောင်ပြီး ငါ့မြေကို ခိုးယူသာပေါ့။ လူပါးဝတဲ့အကောင် ငါ့မြေကိုလည်း ခိုးယူတယ်။ ငါ့ကိုလည်း ခွေလိုဟောင်သေးတယ်။ ထပ်ပြီး ဆဲဆိုမှ ကျေနပ်တယ်။ မသာလောင်း သေချင်းဆိုး မြွေပွေးကိုက်လို့ သေပါစေတော်။ ဒီမအေ (-) တော့ ဘယ်သေမင်းကမှ မခေါ်ဘူး" လို့လည်း "ဒေါ်သမီး" ပေါက်ကွဲခြင်းများနှင့်အတူ ဒေါ်ဆစ်တိုမှ ပြောလည်းပြော ဆဲလည်းဆဲဆို လိုက်ပါလေရော…

"အဒေါ် ကိုယ်တိုင်က ညစ်တီးညစ်ပတ်နဲ့ ဆဲသာတော့ တော်တော့ကိုလွန်လှပြီ၊ ခင်ဗျားကြီး လွန်လွန်းသဗျာ။ ကျုပ်မခံနိုင်တော့ဘူး။ ခင်ဗျား ဒီဟာနောက်ဆုံးဖြစ်ပါစေဗျာ။ ကျုပ်သည်းခံနေတာနော် ၊ ကျုပ်ကိုတော့ အဆိုးမဆိုနဲ့ဗျာ။ ကျုပ်စိတ်ဆိုးနေတာနော်"

လို့ အသံတွေ တုန်တုန်နှင့် ပြောလျှက်မှပင် ဒေါ်ဆစ်တို့မှ ဆက်၍ "ခါးထောက်" လျှက်နှင့်

"နေပါဦး ညိုတုတ်ရဲ့ နင်က သည်းခံသလေးဘာလေးနဲ့ နင်က ဘာလုပ်ချင်လို့လည်း ပါးကျိုးသွားချင်သလား။ ဟဲ့…လူ့ငနွားရဲ့" လို့လည်း ပြောဆိုလိုက်ပါလေရော။

"အေး…ပေါ့ဗျာ သိကြသေးတာပေါ့။ ခင်ဗျားကြီး အဲဒီနေရာက မြေကွက်ထဲမှာပင် အသက်ထွက်ရမယ် ကြည့်ထားဦးပေါ့"

လို့ ပြောဆိုလျှက်မှ "ဒေါ်သမီးလျှံတို့ တောက်လောင်လျှက်စီးထားသော "ကား ဖိနပ်" (ကားတာယာဖိနပ်) အဟောင်းကိုပင် မစီးနိုင်တော့ဘဲ ရွာဆီသို့ ဦးတည်ပြန်ခဲ့ရာတွင် ကံကြမ္မာညှိုးနွမ်းတော့မည့် အဒေါ်တစ်ဝမ်းကွဲ စောင့်နေသူ ခမျာမှာတော့ (လုံးဝ) မသိပါချေ။

"ဒေါ်သစိတ်ရှက်စိတ်" တို့နှင့်အတူ ရွာသို့ အမြန်ဆုံးပြန်လာခဲ့သူ မောင်ညိုတုတ်မှာတော့ နာကျည်းမှု ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ခြေလှမ်းကျဲကျဲကြီးတို့ ဖြင့် ပြန်လာခဲ့သဖြင့် (၁၅) မိနစ်ခန့်အကြာ ရွာရောက်ခဲ့သလို "အိမ်ထရံ" တွင် ထိုးထားသော ဓားရှည်တစ်ချောင်းကို အမြန်ယူ၍ မူလနေရာ ယာခင်းထဲသို့ အမြန်ဆုံး ပြန်လာခဲ့ချိန်မှာဖြင့် ကန်သင်း (ကဇင်း) ဘောင်ပေါ်တွင် "အညာတဘက်" ကို "ခေါင်းပေါင်း" ၍ ထိုင်နေသည့်ဒေါ်ဆစ်တိုကို တွေ့လိုက်ချိန်မှာပင်...

"ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးဗျာ။ မြေကို ငွေထက်တန်ဖိုးကြီးပါတယ်ဆိုတဲ့ ခင်ဗျားကြီး ဒီကန်သင်း (ကဇင်း) ပေါ်မှာပဲ အသက်ထွက်ရစေမယ်။ ထောင်အပြင်တန်း မရှိဘူး။ ကဲ...ဗျာ...ကဲ"

"အားကောင်းမောင်းသန်" ယောကျ်ားပီပီ ဒေါ်ဆစ်တို၏ "လည်ပင်း" သို့ နှစ်ချက်တိတိ ခုတ်ပိုင်းသတ်ဖြတ်လိုက်ချိန်မှာဖြင့်...

"အ...အမယ်လေး... သေ...သေ"

စက္ကန့်ပိုင်းအတွင်းမှာပင် ဒေါ်ဆစ်တိုခမျာမှာ သူချစ်သော မြေယာအတွင်း "ကန်သင်း" (ကဇင်း) ဘောင်ပေါ်မှာပင် အသက်ဓိဝိန် ကြွေခဲ့ပါပြီကောလား။ "ဒေါသ" ထွက်၍ အမှားတစ်ရပ် "လူသတ်မှု" ပင် ဖြစ်ခဲ့ပြီပေါ့။ "ထောင်အပြင်တန်းမရှိဘူး။ ကျုပ် ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး" ဟူသော ခံယူချက်တို့နှင့်အတူ လူသတ်မှု ကျူးလွန်မိခဲ့လေသူ "ညိုတုတ်" မှာတော့ "နဂိုရုပ်" ကို ဟန်လုပ်၍ အိမ်ပြန်လာခဲ့သော်လည်း "ရာဇဝတ်ဘေး ပြေးမလွတ်" ဆိုသည့် "ကိန်း" အရ (သို့မဟုတ်) "ဆောင်ပုဒ်" အရ၊ အချုပ်အနှောင်ခံပြီး "ထောင်နန်းစံ" ရမည် "ဇာကန်" ပေမို့ ထွက်ပြေးသော်လည်း "မြေလှန်" သကဲ့သို့ ရဲအတတ်ပညာ ကျွမ်းကျင်သူ ပြည်သူ့ရဲတွေအပေါ် မလှည့်စား၊ မလိမ်မညာပါပဲနှင့် အတူ ကိုယ်ထိလက်ရောက် ကျူးလွန်မိခဲ့သူ (ရာဇဝတ်မှုကျူးလွန်ခဲ့မိသူတစ်ဦး) ဖြစ်နေပြီမို့လည်း ကျေးရွာလူကြီး (ရ·ယ·က ဥက္ကဋ္ဌ) "ဦးဖိုးသစ်" အပါအဝင် အတွင်းရေးမှူး "ဦးသန်း" တို့အား အကြောင်းကြား သတင်းပို့လိုက်ပါသည်။ "လုပ်ရဲရင်ခံရဲတယ်" မဟုတ်ပါကလား။

ရ·ယ·က ဥက္ကဋ္ဌ "ဦးဖိုးသစ်" မှတစ်ဆင့် "ဆည်တို



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်း" သို့ထပ်ဆင့်အကြောင်းကြားလိုက်ရာ၌ အခင်းဖြစ်နေရာသို့ ရဲအုပ် (စခန်းမှူး) "ဦးဝင်း" အပါအဝင် "နယ်ထိန်းရဲတပ်ကြပ်ကြီး "မောင်ဖြူ" နှင့် ဒုရဲတပ်ကြပ် "ညွန့်အောင်" တို့ရဲအဖွဲ့မှ မြေပုံကြမ်းရေးဆွဲ၍ အသေးစိတ်တို့ကို ရေးမှတ်ကာ သက်သေခံ "ဓားရှည်တစ်ချောင်း" နှင့်အတူ တရားခံ မောင်ညိုတုတ် အသက် (၂၅) (ဘ) ဦးဘဲမီးအား ပုဒ်မ (၃၀၂) အရ အရေးယူလိုက်ပါသည်။



(၃)

မြို့နယ်ဆရာဝန်ဒေါက်တာ "ဒေါ်သန္တာ" ၏ စစ်ဆေးချက်မှတ်တမ်းအရသော်လည်းကောင်း၊ တရားခံ၏ ထွက်ဆိုချက် (ဖြောင့်ချက်) ပေးမှုအရလည်းကောင်း သေစေလိုသည့်ဆန္ဒအရ လူသတ်မှုကျူးလွန်ပါသဖြင့် ခရိုင်တရားသူကြီး "ဦးဖြူဝင်း" ၏ ရုံးတော်မှ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ကျခံစေရန် အမိန့်ချလိုက်သော မောင်ညိုတုတ်၊ အသက် (၂၅) နှစ် (ဘ) ဦးဘဲမီးသည် မိတ္ထီလာထောင်နန်းစံဘဝသို့ ရောက်ရှိခဲ့ပါတော့သည်။

ရက်မှ လပြောင်း နှစ်သို့ကူးပြောင်းခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရမှ "လွတ်ငြိမ်းချမ်းသာပေးမှု" တွင် ပါဝင်နိုင်ခဲ့ရာမှ ထောင်ဒဏ် (၇) နှစ် အပြည့်အဝ မခံစားခဲ့ရပါ။ ထောင်ထဲတွင် ရာဇဝတ်သား (ထောင်သား) တို့၏ စည်းကမ်းရှိသေ လိုက်နာမှုတို့နှင့်အတူ "မိုက်နောင်တ" ကို "ချွေးစတေး" ၍ပြည်သူ့အတွက် လုပ်ငန်းတွေ ပါဝင်လုပ်ဆောင်ပေးခဲ့သူ တရားခံ ညိုတုတ်မှာ "လွတ်ငြိမ်းချမ်းသာခွင့်" တွင် တစ်ဖက်မှ ပါဝင်အကျိုးသက်ရောက်ခဲ့သဖြင့်လည်း "ထောင်နန်းစံရက်" အပြည့်အဝမခံစားရပါဘဲ ၆ နှစ်ခန့်သာ ခံစားခဲ့ပြီး ထောင်မှလွတ်မြောက်လာခဲ့ပါသည်။ "လူမိုက် ကံကောင်း" ပမာပါပဲလား။

"ငွေးချိုအင်း" ရွာသို့ "ထောင်ထွက်" တစ်ဦးအဖြစ် ပြန်လာခဲ့ရသည်။ အခြေအနေဖြစ်သည်မို့ အပေါင်းအသင်းများကပါ ရှောင်ကြဉ်ကြသည်လည်းရှိသကဲ့သို့ မဟုတ်မခံ စိတ်ဓာတ်ရှိသူ "ညိုတုတ်" အားလည်း ဘဝကို နားလည်ပေးကြပါသည်။ သို့သော် "ထောင်ထွက်" က "ထောင်ထွက်" ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုက်မာန်ပါ ““ရာဇဝတ်မှု”” ကျူးလွန်ခဲ့သည့် အမှုတွင် မိမိ၏ အပြစ်ကိုသိ၍ ဝန်ခံခဲ့သော်လည်း မိမိထောင်ကျရန်အတွက် ““ဦးဆောင်ဦးရွက်”” ပြုလုပ်ပေးခဲ့သူ ““မြင့်နိုင်”” ကိုတော့ ““ညိုတုတ်”” က မကျေနပ်ခဲ့။ ရံဖန်ရံခါ တွေးတောမိရင်း ““ဒွေးချိုအင်းရွာ”” ထွက် ““ထွေးညို””, အရက်ဟုခေါ်သော ““ဆန်အရက်”” ကို သောက်မိသည့် အကာလညခြမ်းမှာပင် ““ထောင်”” အတွေ့အကြုံရှိခဲ့သမို့ ““အမေကမွေး ထောင်ကကျွေး”” ဟူသော ““ဆိုရိုး”” ကို အစွဲပြု၍လည်း…

““မြင့်နိုင်…မြင့်နိုင် ငါ့ကို အပိုင်ကိုင်ပြီး ထောင်ချခဲ့တဲ့ကောင်ကိုတော့ မင်းနဲ့လည်း ဆွေမျိုးမကင်း ရပ်ဆွေရပ်မျိုးထဲက သွားလေသူကြီး ဒေါ်ဆစ်တို့နောက် မင်းပါလိုက်သွားရမယ် ဟေ့ကောင်ရေ””

ဟု ““ကြုံးဝါး”” သံကြီးနှင့်အတူ ““အန်ထွက်”” လုနီးပါး သောက်ခဲ့ပြီးတဲ့ ““ဆန်အရက်တစ်လုံးနှင့်အတူ ““အရက်အဖော်ကြွက်ကြော်”” အမြည်းကို ““ခရီးအတွက်”” (လုပ်ကြံရန်အတွက်) သောက်ခဲ့ပြီးတဲ့ ““ထောင်ကထွက်သောနေ့”” ရဲ့ (ငါးလ) ခန့်

“မြင့်နိုင်…မြင့်နိုင်… ငါ့ကို အပိုင်ကိုင်ပြီး ထောင်ချခဲ့တဲ့ကောင်… မင်းနဲ့လည်း ဆွေမျိုးမကင်း ရပ်ဆွေရပ်မျိုးထဲက သွားလေသူကြီး ဒေါ်ဆစ်တို့နောက် မင်းပါလိုက်သွားရမယ် ဟေ့ကောင်ရေ”

အကြာမှာတော့ ရွာမြောက်ပိုင်းက မြင့်နိုင်အိမ်ခြံဝင်းအတွင်းသို့ လာရောက်ချိန်က ခါးကြားတွင် ထိုးထားခဲ့သည့် (၆ လက်မခန့်ရှိ) ““ဓားမြှောင်”” ကို ““ခါး”” ထိုးလို့ပေါ့။ ““အမှန်ရက်စက်နိုင်မည့်”” ““ဆန်အရက်”” သွေးဆူမှုတို့နှင့်အတူ အိမ်မွေးခွေး ““အောင်နက်”” က ““ဟောင်”” ခဲ့သလို မြင့်နိုင်ဇနီး ““လှထွေး”” ကပါ ““ဘာကိစ္စကြောင့် အရက်တွေ မူးလာတာလဲ။ ညိုတုတ်ရယ် မကျေနပ်သာ ရှိခဲ့ရင်လည်း နောက်နေ့ မနက်မှလာခဲ့ပါ”” ဟု တောင်းတောင်းပန်ပန် ပြောဆိုခဲ့သည်ကိုပင်…

““ဟေ့…လျှာမရှည်နဲ့ လူသတ်ပြီး ထောင်က ထွက်လာခဲ့တဲ့ ကျုပ်ကို ရွာနီးချုပ်စပ်တွေကပါ သိပြီးသား။ ခင်ဗျား ယောက်ျားကိုလည်း သတ်ရဦးမှ ကျေနပ်မယ်။ ခင်ဗျားကြီး ဒေါ်ဆစ်တိုလို ဖြစ်သွားမယ်။ သေချင်ရင်တော့လာခဲ့။ မဆိုင်ရင် မကပ်နဲ့နော်”” ဟု ပြောလိုက်ချိန်မှာပင် အိမ်ရှင်ကိုမြင့်နိုင်မှာ ““ကြောက်အားလန့်အား”” တွေ ကြီးလျက်နှင့်ပင် ““အိမ်ဝိုင်း”” (အိမ်ခြံ) အတွင်း ပတ်ပြေးခဲ့ရာမှ အနီးရှိ ““ဝါးရင်းတုတ်”” တစ်ချောင်းကို ယူ၍ အိမ်ပေါ်တက်ပြေးသလို တံခါးမကြီးမှ ““ဂျက်”” မထိုး (တံခါးစေ့ထား၍) ““တံခါးထောင့်တစ်နေရာ”” တွင် မတ်တပ်ရပ်အနေအထားနှင့်အတူ ““ဝါးရင်းတုတ်”” ကိုကိုင်၍ ““အသင့်အနေအထား”” ဖြင့် ရှိခဲ့သလို ညိုတုတ်အိမ်ပေါ် တက်-မတက် လှမ်းကြည့်နေချိန်မှာပင် ညိုတုတ်မှ ““မင်း အိမ်ပေါ်ကို ငါတက်ခဲ့ပြီ သေပြီသာမှတ်ဟေ့”” ဟု ဟစ်ကြွေး၍ အရက်

www.burmeseclassic.com

www.burmeseclassic.com




မူးမူးနှင့် တက်ရောက်လာခဲ့ချိန် နှင့် အိမ်တံခါးမကြီးကို "တွန်း" လိုက်ချိန်မှာတော့ "ကြောက်ကန်ကန်" ၍ အုပ်မိုးထားသော "ဝါးရင်းတုတ်" ဖြင့် ညိုတုတ်၏ ဦးခေါင်းပေါ်သို့ (၃၊ ၄) ချက်တိတိ ရိုက်ချလိုက်စဉ်မှာတော့ အရက်သံကြီးနှင့်အတူ

"အ…ဝါး…ဝါး…ဝါး…ဟာ…ဟာ…"

"အသံဆိုးကြီး" (၃) ချက် အပြီးမှာတော့ လူ့ဘဝထဲက ထွက်ခွာသွားခဲ့ရတဲ့ အဒေါ်ဝမ်းကွဲတော် စပ်ဖူးသူ ဒေါ်ဆစ်တိုကို ကိုယ်ထိလက်ရောက် သတ်မိခဲ့သူ "ညိုတုတ်" မှာတော့ "မှိုနှတ်" လိုက်သလိုမျိုးနဲ့ သူ့အသက်လည်း သေပွဲဝင်ခဲ့ရချေပြီမို့ "ဝဋ်ဆိုတာ လည်တတ်တယ်" ပဲ ခေါ်ရမလား။ "ကံကြမ္မာရဟတ် တစ်ပတ်လည်" လို့ပဲ ခေါ်ရမလား။ ဒီဇာတ်လမ်း "ဖြစ်ရပ်မှန်" တွေကို "မလှိုင်" တစ်မြို့နယ်လုံးကပါ မသိသူ မရှိသလောက်ပါဘဲလား ခင်ဗျား။

"ညိုတုတ်" အလှည့်ရောက်၍ (ညိုတုတ်သေ) သောအခါလည်း ကျေးရွာလူကြီး မယကဥက္ကဋ္ဌ "ဦးဖိုးသစ်" ပင်လျှင် "ဆည်တိုရဲစခန်း" သို့ တိုင်ကြားခဲ့ပါ၍ "အိမ်ကျော်နှင်း" ရာမှ ခုခံခဲ့ရာတွင် သေဆုံးမှုအား ပုဒ်မ (၄၄၇) အရ အရေးယူခဲ့ရာမှာ တရားခံ ကိုမြင့်နိုင် အသက် ၃၀ နှစ် (ဘ) "ဦးတုတ်ပေါ" အား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ညိုညိုဆန်း၏ စစ်ဆေးတွေ့ရှိချက် အရလည်းကောင်း ရဲအုပ် (စခန်းမှူး) ဦးမြင့်ကြည်နှင့် နယ်ထိန်းရဲတပ်ကြပ်ကြီး "ညွန့်ကြည်" တို့၏ အနီးကပ် စစ်ဆေးတွေ့ရှိချက် (မြေပုံပါ) အရလည်းကောင်း၊ တရားခံမြင့်နိုင်၏ ဖြောင့်ချက်ပေး (ဝန်ခံမှု) တို့နှင့်အတူ ခရိုင်တရားသူကြီး "ဒေါ်ခက်မွန်ဝင်း" (ကညွတ်ကွင်း) မှ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေလိုက်သည်က မိတ္ထီလာထောင်ပင် ဖြစ်ပါ၏။

ဤသို့ ဤနှယ် ဖြစ်ခဲ့ရပါသော "အကြောင်းတရား" တို့၌ "အကျိုးဖြစ်ပေါ်စေခဲ့သည့် ရာဇဝတ်မှုတို့ နှစ်ခု" (နှစ်မှု) တို့သည် "အရင်းစစ်အမြစ်မြေ" ဟူဘိသကဲ့သို့ လည်းကောင်း၊ တစ်ကြောင်းသော "ညွှန်းဆိုချက်" ကို "ဖွင့်ဆို" ရပါမူ "လောဘအတွက် ဒေါသထွက်၍ အသက်စတေးကြသူများ" ပင် မဟုတ်ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



(၄)

""သုံးလက်မ"" မျှသာ အလျားရှိသော ""လူသား၏လျှာ"" က ""ခြောက်ပေ"" အရှည်ရှိသော ""လူသား"" ကို ""သေအောင်ဖန်တီးတတ်၏"" ဟု ဆိုသော ""ဂျပန်စကားပုံ"" ကလေးကဲ့သို့ ""နှုတ်အမှုအရာ"" ကြမ်းတမ်းသဖြင့် မခံရပ်နိုင်သူ (တူတစ်ဝမ်းကွဲ တော်စပ်သူ) ""ညိုတုတ်"" မှ အဒေါ်တစ်ဝမ်းကွဲ တော်စပ်ခဲ့သူ ""ဒေါ်ဆစ် တို"" အား ယာမြေ ""ကန်သင်း"" (ကဇင်း) ဘောင်ပေါ်မှာပင် အိမ်ပြန်ယူခဲ့သော ဓားရှည်ဖြင့် နှစ်ချက်တိတိ ""လည်ပင်း"" သို့ ""စလွယ်သိုင်း"" ခုတ်ပိုင်းသတ်ဖြတ်ခဲ့သလို အနီး ""ညိုတုတ်"" အားလည်း ကြောက်လန့်လန့်"" ၍ မိမိအိမ်မှာပင် ပုန်းအောင်းရာမှ ဝိုင်နက်ကျူးလွန်ပြီး အိမ်ရှင်ကိုမြင့်နိုင်ကို အသေသတ်ရန် အိမ်ပေါ်တက် စော်ကားသဖြင့် ပြန်လည်ခုခံရင်း ""လူသေမှု"" (ရာဇဝတ်မှု) ကျူးလွန်ကြရာမှ ကိုမြင့်နိုင် ထောင် (၅) နှစ် ကျခံခဲ့ရကြပါ၏။

""တစ်ရွာတည်းနေ တစ်ရေသောက်"" ခဲ့ကြတဲ့ ရိုးသားကြတဲ့ ရွာသူ၊ ရွာသားတွေ ဖြစ်ခဲ့ကြပါသော်လည်း ""တရားလက်လွတ် ငှက်တောင်ကျွတ်"" ဖြစ်ခဲ့ရတဲ့ အကြောင်းများသည်ပင် နောင်လာနောင်သား စဉ်းစားဆင်ခြင်နိုင်စရာအဖြစ် ""ဖြစ်ရပ်မှန်မဂ္ဂဇင်းကြီး"" ၏ ""စာမျက်နှာ"" ပေါ်တွင် ရေးသားအပ်ပါတော့သတည်း။

"ခင်ဗျား ယောက်ျားကိုလည်း သတ်ရဦးမှ ကျေနပ်မယ်။ ခင်ဗျားကြီး ဒေါ်ဆစ်တိုလို ဖြစ်သွားမယ်။ သေချင်ရင်တော့ လာခဲ့။ မဆိုင်ရင် မကပ်နဲ့နော်"



(၅ နှစ်တာကာလမှ ""ဖြစ်ရပ်မှန်"" ကို ရေးသားထားပါသည်။ ကာယကံရှင် အမည်များ လွှဲပြောင်းထားပါသည်။ သင်္ခန်းစာ ယူနိုင်ကြရန် ရေးသားထား၍ ထိခိုက်နစ်နာရန် ရည်ရွယ်ချက် ဖြင့် မရေးပါ။ စာရေးသူ)

""အညာတမာပန်းလို သင်းကြိုင်ခိုင်မြဲနိုင်ကြပါစေ""

မြလေးဖြူ (ဖြူး)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော့်အိမ်ဘေးရှိ လမ်းတွင်း၌ ရန်ပြေနှင့် မာန်ပြေဟူသော လူငယ်နှစ်ယောက်ဦးစီးသည့် ဆယ်ကျော်သက်ရွယ် လူငယ်များ ညနေတိုင်း ဘောလုံးလာကစားကြသည်။

သူတို့သည် တစ်သင်းလျှင် ဘောလုံးသမား တစ်ဖက် လေးယောက်ထားရှိသည်။

ဂိုးတိုင်ကလည်း အကျယ် အဝန်း တစ်တောင်ခန့်ရှိသော အုတ်နီခဲ တစ်ဖက်နှစ်လုံး ထောင်ထားသည်။

ကစားကြသည့် ဘောလုံးကလည်း တစ်ကျပ်တန် ပလတ်စတစ်ဘောလုံး၊ ဒီတော့ လမ်းသွားလမ်းလာများနှင့် လမ်းဘေးရှိ အိမ်များအား သိပ်အန္တရာယ် မဖြစ်။

ထို့ကြောင့် ရပ်ကွက်ကလည်း ကြည်ဖြူသည်။ အိမ်ဘေးရှိ အိမ်များကလည်း မတော်တဆ ထိခိုက်မှုများရှိပါကလည်း ခွင့်လွှတ်ကြသည်။

ထိုလူငယ်လေးများသည် ဘောလုံး အထိန်းအသိမ်း သေသပ်သည်။ ကစားပုံ ကျွမ်းကျင်သည်။

တစ်ဖက်နှင့်တစ်ဖက် မခိုမကပ် အားကြိုးမာန်တက် ကစားကြသဖြင့်လည်း မတော်တဆ ထိခိုက်မှုများ ဖြစ်ကြသည်။ သို့သော် စိတ်မဆိုးကြ၊ ထိခိုက်၍ လဲသွားသူကို ထူမရင်း 'ဆောရီးကွာ သူငယ်ချင်း' ဟု ဆိုလိုက်သည်နှင့် ထိသွားသူကလည်း 'ရပါတယ် သူငယ်ချင်း ကစား ကစား ဆက်ကစား' ဟူ၍ ပြောပြီး ပြန်ကစားသည်။ သူတို့မှာ တစ်ဦးနှင့်တစ်ဦး အာဃာတမရှိ၊ အငြိုးမရှိ။ ဘောလုံးကစားပြီးကြသည်နှင့် တစ်ဦးလည်ပင်းတစ်ဦးဖက်ပြီး ပန်းခြံထောင့် အအေးဆိုင်သို့ အအေးသွားသောက်ကြသည်။

သို့ကလို ဘောလုံးကျွမ်းကျင်စွာ ကစားတတ်ပြီး စိတ်ဓာတ်ရေးရာ ကောင်းလှသော သူတို့လေးတွေ ကစားပြီဆိုသည်နှင့် ရပ်ကွက်တွင်းမှ လူများ ဝိုင်းအုံကြည့်သည်အထိ ပွဲစည်လှသည်။

ထို လာရောက်ကြည့်သော လူအုပ်တွင်း၌ လောင်းကစားဝါသနာပါသော ခေါက်ဆွဲဆိုင်ပိုင်ရှင် ကိုလောစံနှင့် ရွှေဆိုင်ပိုင်ရှင် ကိုသံခဲတို့ ပါသည်။

ပြဿနာကို ကိုလောစံက စတင်လိုက်သည်။

"ရန်ပြေတို့ဘက်က သရေအရှုံးရှိတယ်ဟေ့၊ သုံးထောင်၊သုံးထောင်" သူ့ကိုရည်ရွယ်ပြောလိုက်မှန်းသိသော ကိုသံခဲက ချက်ခြင်းပင် …

"နည်းတယ် ကိုလောစံ၊ ငါးထောင်လောက်တော့လုပ်မှပွဲလည်းပိုကြည့်လို့ကောင်းသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောလိုက်သည်။

"ရတယ်လေငါးထောင်"

ဟု ကိုလောစံက ပြန်ပြော လိုက်သည်။

"ခင်ဗျား ရန်ပြေတို့ဘက် က သရေအရှုံး ပေးတယ်နော်"

ဟု ကိုသံခဲက သေချာ အောင် မေးလိုက်သည်။

"ဟုတ်ပါတယ် ကိုသံခဲ ရေ၊ သရေ အရှုံးပါ"

ထိုအခါ ဘောလုံးပွဲကြည့်နေ သော ပရိသတ်ထဲမှ ကိုစိန်ကုလား က ဝင်ပြီး အကြံပေးသည်။

"ခင်ဗျားတို့ဟာ ပွဲကြပ်ဒိုင် မရှိဘဲ လောင်းလို့ ဖြစ်မလားဗျ။ ဘယ်နှစ်နာရီ ကစားမှာလဲ၊ ဘယ် လိုပုံစံနဲ့ ကစားမှာလဲ"

"ဟုတ်တယ်ဗျ ပွဲကြပ်ဒိုင် ရှိမှ ဘောလုံးပွဲနည်းစနစ်ကျတော့ မှာပေါ့"

ဟူ၍ ကိုဆင်ပေါက်က ဝင် ထောက်သည်။ ထိုအခါ-

"ဒီလိုဆို ဘယ်သူ ဒိုင်လုပ် ပေးမှာလဲ"

ဟု ကိုသံခဲက မေးလိုက် သည်။

"ဟိုမှာလေ သံမဏိ၊ သူ့ကို ဒိုင်လုပ်ခိုင်းပေါ့"

ဟု စိန်ကုလားက ပြော လိုက်သည်။

ဆေးကြောအား
သိန်းဝိုး

အဘစံမင်းအား လောင်းကြေး ငွေများကို အပ်ပြီး နာရီကို ကြည့်စေသည်။ ဒီလိုနှင့်ပဲ အဘစံမင်းလည်း ဒိုင်ချုပ် ဖြစ်လာသည်။

လမ်းတစ်ဖက် ထောင့်မှာ တော့ သံမဏိက ဘောလုံးပွဲကို စိတ်ဝင်စားစွာ ကြည့်နေသည်။ သံမဏိက မြို့နယ်အဆင့်အထိ ဘောလုံးကစားဖူးသူ ဘောလုံး ဝါသနာအိုးတစ်ယောက် ဖြစ် သည်။

သူမည်မျှ ဘောလုံးဝါသနာ ပါသည်ကို ရေစည်တွန်းလှည်း လမ်းဘေးတွင် ရပ်ထားပြီး ဘော လုံးပွဲ ရပ်ကြည့်နေသည်ကိုသာ ကြည့်ပါတော့။

ပိုက်ဆံရမည့် အလုပ်ကိုပင် ဘေးချိတ်ထားသူ ဖြစ်သည်။ ကို သံခဲက သွားရောက် မေတ္တာရပ် ခံလိုက်သည်။ သံမဏိကလည်း ကျေကျေနပ်နပ် လက်ခံသည်။ လူအုပ်တွင်းမှ လူတစ်ယောက် သူ့အိမ်ပြန်ပြီး 'ဝီစီ' သွားယူပေး သည်။

သည်လိုနှင့် သံမဏိ ဒိုင်လူ ကြီး ဖြစ်သွားသည်။

"ကောင်းပြီ အချိန်ဘယ် လောက်ကစားမှာလဲ။ ကျွန်တော့် အလိုကတော့ တစ်ဖက် ဆယ့်ငါး မိနစ် အနားပေးချိန် ငါးမိနစ် စုစု ပေါင်း သုံးဆယ့်ငါးမိနစ် ကစား စေချင်တယ်။ ဘယ့်နှယ်လဲ"

ကိုလောစံနှင့် ကိုသံခဲက 'ကောင်းပါတယ်'ဟု ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သံမဏိက လူပါး၊ သို့ကြောင့်။

"ကောင်းပြီ ကျွန်တော်ကတော့ ဘောလုံးပွဲအတွင်းမှာ စည်းကြပ်ပေးမယ်။ အချိန်ကိုတော့ လူကြီးတစ်ယောက်ယောက်ကို ပေးကြည့်ခိုင်းပါ။ သူက အချိန်စေ့ပြီဆိုတာနဲ့ ကျွန်တော် ရပ်ပေးပါမယ့်။ မကျေနပ်တဲ့ကိစ္စမှန်သမျှကိုလည်း သူနဲ့သာ ဖြေရှင်းပါ"

ကောင်းပြီ။ ဒီလိုဆို ဘယ်သူ့ကို ခန့်ထားမလဲ။ သူက အရေးကြီးသည်။ သမာသမတ်ရှိသောသူ ဖြစ်ရမည်။

ကံကောင်းချင်တော့ ဘောလုံးပွဲကြည့်သော ပရိသတ်ထဲမှ အသက်ခြောက်ဆယ်ကျော် ပင်စင်စား ဘောလုံးဝါသနာအိုးကြီး အဘစံမင်းကို သွားတွေ့သည်။ ကိုသံခဲကပဲ သွားရောက်မေတ္တာရပ်ခံလိုက်သည်။ အဘစံမင်းကလည်း လိုလိုချင်ချင် လက်ခံသည်။ ထို့ကြောင့် အဘစံမင်းအား လောင်းကြေးငွေများကို အပ်ပြီး နာရီကိုကြည့်စေသည်။ ဒီလိုနှင့်ပဲ အဘစံမင်းလည်း ဒိုင်ချုပ်ဖြစ်လာသည်။ သံမဏိက ကလေးများ ကစားနေရာသို့သွားပြီး ပွဲရပ်ခိုင်းသည်။ နောက် အကျိုးအကြောင်း ပြောပြပြီး ဝီစီမှုတ်၍ ပွဲကို စကစားစေသည်။

ဤသို့ဖြင့် အေးချမ်းစွာကစားနေသော လူငယ်များ ဘောလုံးပွဲကို လူကြီးများက ဝင်ရောက်နှောင့်ယှက်လာတော့သတည်း။

×××

ထိုနေ့က နှစ်ဖက်အသင်း သရေဖြစ်သွားသည်။

ထို့ကြောင့် သရေအရှုံးပေးထားသော ကိုလောစံ ရှုံးသည်။

ဘောလုံးကစားသူများ အနေဖြင့် အနိုင်၊ အရှုံးမရှိသော်လည်း လောင်းကစားသူများအနေဖြင့် အနိုင်၊ အရှုံး ပေါ်သွားသည်။

ထိုအချိန်က ကိုသံခဲသည် အေးအေးချမ်းချမ်း အနိုင်ရသော ငွေကို ယူပြီး ပြန်သွားလျှင်ပြီး လျက်နှင့် မပြန်ဘဲ မာန်ပြေကို ပခုံးပေါ်တင်ပြီး 'မြန်မာ နိုင်ပြီ' သီချင်းကိုအော်ဆိုသည်။

တချို့ ပွဲကြည့်သူများကလည်း နီးစပ်ရာ အနိုင်ရဘောလုံးကန်သူ လူငယ်လေးများကို ဝိုင်းထမ်းကြသည်။

သည်လိုနှင့် ကိုသံခဲ ဦးဆောင်၍ မာန်ပြေတို့အဖွဲ့ကို ပန်းခြံထောင့် စားသောက်ဆိုင်များဘက်သို့ ခေါ်သွားကြသည်။

ဒါကိုမြင်တော့ ရန်ပြေတို့ သိပ်မကြည်တော့။

တောက်တခေါက်ခေါက်နှင့် ဖြစ်ကုန်ပြီ။

ဒီကြားထဲ ကိုလောစံက-



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မနိုင် နက်ဖန်နိုင်မှာ ပေါ့ကွာ။ ဘာဖြစ်သေးလဲ နက်ဖက်နိုင်အောင်သာ ကစား။ မင်းတို့ဘက်ကပဲ ငါလောင်းမယ်။ သူတို့ထက်သာတာ ငါကျွေးမယ်။ အိုကွာ ငါ့ဆိုင်က ခေါက်ဆွဲကျွေးမယ်။ ချသာချ ကန်သာကန်ဟူ၍ မီးလောင်ရာ လေပင့်ခဲ့ပြန်ပါသတည်း။

×××

နောက်နေ့ ပွဲကြည့်သူများ များလာသည်။

လောင်းကြေးလည်း ပိုများလာသည်။

ကိုလောစံက နှစ်သောင်း၊ ကိုသံခဲကနှစ်သောင်းနှင့် ဘေးတစ်ဖက်တစ်ချက်မှ တစ်ထောင်မျိုး၊ နှစ်ထောင်မျိုး၊ ငွေလေးသောင်းခန့်လောက် လောင်းကြေးဖြစ်သွားသည်။ ထိုလောင်းကြေးကို ဒိုင်ချုပ်ဖြစ်သော ဘကြီးစံမင်းလက်ထဲသို့ ထည့်လိုက်သည်။

ဒိုင်လူကြီးက မနေ့ကအတိုင်း သံမဏိ။

သံမဏိ ဝီစီမှုတ်လိုက်သည်နှင့် ပွဲစပြီ။

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ကစားကြသည်။

ရင်ထဲမှာ အတွေးလေးတွေ

အားပေးသော ပရိသတ်ကလည်း ယခင်ကလိုမဟုတ်တော့။ ကိုယ်လောင်းထားသော အသင်းကိုသာ အားပေးကြသည်ဆိုတော့ ဂိုဏ်းနှစ်ဂိုဏ်း ကွဲကုန်ကြပြီ။



ကိုယ်စီနှင့်ဆိုတော့ ပွဲက ကြမ်းလာသည်။

သည်ကြားထဲ အားပေးသော ပရိသတ်ကလည်း ယခင်ကလိုမဟုတ်တော့။ ကိုယ်လောင်းထားသော အသင်းကိုသာ အားပေးကြသည်ဆိုတော့ ဂိုဏ်းနှစ်ဂိုဏ်း ကွဲကုန်ကြပြီ။

ထိုစဉ်မှာပဲ မာန်ပြေ ဘောလုံးကို ဆွဲယူလာသည်။

ရန်ပြေက ပြေးဝင်ကပ်သည်။

မာန်ပြေက ညာဘက်မှ ထွက်မည့်ဟန်ပြပြီး ဘယ်ဘက်မှ ပတ်ထွက်သည်။

သည်အချိုးကိုသိသော မာန်ပြေ ခြေနှစ်ချောင်းကြားထဲသို့ ဘယ်ခြေကို ထိုးထည့်လိုက်သည်။

မာန်ပြေ ခြေခေါက်ပြီး ပေတရာလမ်းပေါ်သို့ လဲကျသွားသည်။ အတော်နာသည်။ ရန်ပြေ ပရိသတ်က ဝိုင်းဟားသည်။ သည်တော့ အင်မတန်မှ အားကစားစိတ်ဓာတ်ရှိလှသော မာန်ပြေသည် 'လောင်းကစား'ဟူသော အမှောင်ရိပ်က လွှမ်းမိုးလိုက်ပြီမို့ ချစ်သူငယ်ချင်းအပေါ် အပြစ်မြင်လိုက်သည်။ ထို့ကြောင့်လည်း နေရာမှထပြီး ကိုယ့်ထိလက်ရှောင်ကျူးလွန်လိုက်သည်။

ရန်ပြေကလည်း သူ့သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းအား သူငယ်ချင်းဟူ၍ မမြင်တော့။ ရန်ဘက်တစ်ယောက်အနေဖြင့် မြင်သွားပြီမို့ ပြန်လှန်တုန့်ပြန်လိုက်သည်။

သည်လိုနှင့် နှစ်ဘက်ဘောလုံးသမားများမှာ ထိန်းမရတော့ ဘဲ သူ့ငါ့ထိုး၊ ငါ့သူထိုးနှင့် ရုတ် ရုတ်ရက်ရက် ဖြစ်ကုန်ကြသည်။ ဒိုင်ချုပ်လည်း မတတ်နိုင်တော့။

ဒိုင်လူကြီးလည်း ပွဲမထိန်းနိုင်တော့။ ဝီစီသာ တသွင်သွင်မှုတ်နေသည်။ ဝီစီသံကလည်း ဘယ်လိုမှ အရာမရောက်။

ပိုဆိုးသည်က အားပေးသည့် ပွဲကြည့်သူအချင်းချင်း ထိုးနှက်ကုန်ကြခြင်းပင်တည်း။

အို အရပ်ထဲမှာ အုန်းအုန်းကြွက်ကြွက်ညံလို့ ခဲနှင့်လည်း ပစ်ကြသည်။ တွေ့ရာတုတ်များနှင့်လည်း ဆွဲယူရိုက်ကြသည်။

အိမ်တစ်အိမ်မှ တယ်လီဖုန်းဆက်လိုက်သဖြင့် ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ကားနှင့်ရောက်လာကြပြီး ဘောလုံးသမားများ အပါအဝင် တအုံ့တမကြီး ကားပေါ်တင်ပြီး ရဲစခန်းသို့ မသွားသည်။

နောက်ဆုံး ရလာဒ်ကား…

ဘောလုံးသမား လူငယ်တချို့ ထိပ်ပေါက်၊ ခေါင်းပေါက်နှင့် ဆေးရုံမှာ တက်ချုပ်ရသည်။



ဒိုင်လူကြီး သံမဏိ ရေစည်လုံ့ သုံးမရအောင် ကျိုးပဲ့သွားသည်။ ဒိုင်ချုပ် ဘကြီးစံမင်း အပါအဝင် ကိုလောစံ၊ ကိုသံခဲနှင့် လောင်းကစားသူများအား လောင်းကစား အက်ဥပဒေနှင့် ရဲစခန်းမှ အရေးယူသည်။

အထူးသဖြင့် ဘယ်ကပေါက်လိုက်သည် မသိသော ခဲတစ်လုံး စာရေးသူအိမ်အား လာထိပြီး ပြတင်းပေါက်မှန် ကွဲသွားခြင်းပင်တည်း။

အမှန်မှာတော့ လောင်းကစားသည် မကောင်းပါ။

လောင်းကစားသည် စာရိတ္တပျက်စေပါသည်။

ယခုလည်း ဘာမဟုတ်သည့် လမ်းပေါ် အေးအေးဆေးဆေး ကန်နေသည့် ဘောလုံးပွဲတွင် လောင်းကစားကြောင့် ပြဿနာတက်ခဲ့ရပါသည်။ ထို့ကြောင့် အမျိုးကအစ ပြဿဒ်မီးမလောင်ခင် လောင်းကစားကို တားဆီးကြပါစို့။

**သိန်းတိုး**

www.burmeseclassic.com

www.burmeseclassic.com



# ထိပေါက်ပြီး ထိလက်မှတ်ပျောက်သောအခါ

နတ်တလင်း ချစ်လွင်



www.burmeseclassic.com

www.burmeseclassic.com



အသက် (၃၀)နားနီးပြီ။ သို့ ပေမယ့် သူ့အဖေအမေတို့က သူ့ ကို ပုတူးတူးလေး ထင်နေကြတာ၊ မိဘတို့သဘောသဘာဝပါ။ အလားတူ ဦးလေးဖြစ်သူ ကျွန်တော် မောင်ချစ်ကလည်း ခုမှတူမကြီး၊ အပျိုကြီးဂိုဏ်း မဝင်တဝင် အရွယ်တော် တဆိတ်ဟိုင်းသည့် နှစ်ဆယ်ကျော် အစိတ်ပိုင်းကျော်အရာရှိ ဖြစ်ဖို့ တာစူနေသူကို ဘယ်နှယ့် ဘယ်နှယ့် သူ့နာမည်စုစန္ဒာဟိန်းကနေ စိမ်းမြမြစိမ်းကို ပြောင်းခေါ်နေပါလိမ့်။ ကလေးကလား။ အကယ်ဒမီဇန်းကိုင်မှာမို့လား၊ သရုပ်ဆောင်အဆိုတော် လုပ်မှာမို့လား။ စုစုအဖေ အမေတို့ ပုတူးတူးထင်၍ နာမည်ပြောင်း ပေးနေတာများလားဟု မေးခွန်း ထုတ်စရာရှိလာသည်။ မဟုတ်ပါ အဖြစ်က ဒီလိုပါ။ ဦးစွာ စုစန္ဒာဟိန်းအမည်နှင့် ပတ်သက်၍ ရှင်းပြလိုသည်။ စာရေးသူ မောင်ချစ်တို့ မိုးဟိန်းမျိုးဆက်ကာစရမည်။ အလျဉ်းသင့်၍ မိုးဟိန်းအမည်ကို အသက် (၆၀) ဝန်းကျင် စာဖတ်ဝါသနာပါသူများသာ စာရေးဆရာပါလားဟု သိထားနိုင်မည်။ ခုခေတ်နောက်ပိုင်း လူရွယ်၊ လူငယ်တွေကတော့ မိုးဟိန်းဆိုသည်မှာ တစ်မြို့နှင့် တစ်မြို့ ပြေးဆွဲနေသော ခရီးသည် တင်ကားအမည်လား၊ ရေကြောင်း လိုင်းသင်္ဘောအမည်လား၊ ပြဇာတ်၊ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်၊ အဆိုတော်၊ ပန်းချီ၊ ရုပ်ပြကာတွန်း ရေးဆွဲသူ တစ်ဦးဦးဟု မှတ်ယူကောင်း မှတ်ယူနိုင်သည် မဟုတ်ပါလား။ စစ်ပြီးခေတ် လွတ်လပ်ရေးမရခင်ကပင် စာရေးသူဖေဖေ ဦးမိုးဟိန်းမှာ သွေးသောက်၊ မြဝတီ၊ နဝဒေး၊ ရှုံထောက်မဂ္ဂဇင်း၊ အဟိ၊ သောကြာ၊ ရယ်စရာ (၁၆၀၀၀)၊ ဟာသစာစောင်များနှင့် ၁၉၆၀ ဝန်းကျင်တွင် ကြေးမုံ၊ မြန်မာ့အလင်း၊ ပုဂ္ဂလိကသတင်းစာများတွင် မိုးဟိန်း၊ ဗိုလ်ဟိန်းအမည်တို့ဖြင့် လယ်သမား၊ ဆန်စက်ပိုင်နှင့် အစိုးရအဝယ်ဒိုင် စပါးရောင်းဝယ်ရေး ဆောင်းပါးတို့ ရေးခဲ့သည်။ လုံးချင်း(၃)အုပ်ထုတ်ခဲ့သည်။ (၇·၇·၉၄) ရက်နေ့ အသက် (၇၀) အရွယ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ရှာသည်။ မေမေကတော့ သူ့အ ရင် (၁၉၈၈) ခုနှစ်ကပင် ကွယ်လွန်ခဲ့သည်။ မိဘ(၂)ပါးမှာ ကျန်ရစ်သူ မောင်နှမ (၅)ဦး ရှိရာ မျိုးဆက်လေးတွေကို"မိုး" ထည့်သူထည့်၊ "ဟိန်း" ထည့်သူထည့်နှင့် အမှတ်တရဂုဏ်ဆောင်ဖခင်ကြီးကလောင်ကို ထည့်မှတ်ကြသည်။ စုစုကို စုစန္ဒာဟိန်းအမည်သညာ မှည့်လာခြင်း ဖြစ်သည်။ သူလည်း ဘွဲ့ရ၍ ပညာရေး သုတေသနဌာနတွင် တာဝန်ထမ်းဆောင်နေသည်။

တလောက ကျွန်တော် ရန်ကုန်သို့ ရောက်သွားသည်။ သူတို့အိမ် ဝေဠုဝန်တိုက်ခန်းမှာ တည်းသည်။ ရောက်ရောက်ချင်း သူ့အမေ (ကျွန်တော့်အစ်မ) က "မင်းရောက်လာတာနဲ့ အတော်ပဲ။ စုစု ထီပေါက်ပြီး လက်မှတ်

"ထီထိုးသူ တိုင်းသည် စည်းကမ်းချက်များ ကို သိရှိနားလည်သဘောတူ လက်ခံ၍ ထီလက်မှတ်ကို ဝယ်သည်ဟုဆိုရမည်ဖြစ်ကြောင်း.....

www.burmeseclassic.com

www.burmeseclassic.com



**ထီလက်မှတ်၏ စည်း ကမ်းချက်များတွင် ဆုရသည့် ထီလက်မှတ်မတင်ပြနိုင်ပါက အစိုးရသည်ဆုငွေကို ထုတ်ပေး လိမ့်မည် မဟုတ်ဟု အတိအလင်း ထည့်သွင်းဖော်ပြထား**

ပျောက်တာဖြစ်နေတယ်"

မမက ရယ်စရာပြောနေခြင်းလား၊ ထီပေါက်၍ ထီလက်မှတ်ပျောက်တာ စကားအဖြစ်သာ ပြောကြသည်။ တကယ်ကြုံဖူး၊ ဖြစ်ဖူးသူ ရှာမှရှား။

"ဘာလဲမမ စုစုသူ့ဌာနက နိုင်ငံခြားလွှတ်တာ လေယာဉ်ပေါ်ရောက်မှ ဆင်းလာရလို့လား၊ ဒါမှမဟုတ် ရာထူးတိုး ခါနီးမှာ ဝန်ကြီးအပြောင်းအရွှေ့ ရှိသွားလို့ ခဏဆိုင်းခံရလို့လား"

ကျွန်တော်က ဥပဒေ စာရေးဆရာပီပီ မမစကားကို လူတတ်ကြီးလုပ် မေးခွန်းထုတ်လိုက်သည်။

"မဟုတ်ပါဘူးကွာ၊ တကယ် ထီလက်မှတ်ပျောက် တာပါ။ ဆုကလည်း တစ်သိန်းဆု"

"ပျောက်ပုံက"

စုစုက သူ့ပိုက်ဆံအိတ်ထဲမှာ စတိုးဆိုင်တွေက ဝယ်တဲ့ ဘောက်ချာတွေ ထည့်တတ်တဲ့ အကျင့်က ရှိတယ်။ အလှူငွေဖြတ်ပိုင်းတွေထည့်၊ အဲဒီမှာ အဖေကြီးက သူ့အတွက် အိပ်မက်ကောင်းလို့ ထိုးထားတဲ့ ထီလက်မှတ်လည်း သူ့ကိုသိမ်းဖို့ ပေးထားရာက သူ့အမှတ်တမဲ့ စက္ကူအပိုင်းအစတွေ ရှောနှော သွားပြီး ဖွင့်ပြီးသား ထီလက်မှတ်ထင်လို့ ထည့်ရှင်းလိုက်ရာ မှာ ပါသွားတော့ ထီဆုငွေထုတ် လို့ မရတော့ဘူးပေါ့"

စုစုကအနီးတွင် ထိုင်ရင်း ပြုံးမဲ့မဲ့လေးငိုင်နေသည်။ သူ့ခမြာ နှမြောရှာပေမှာလေ။

"အဲဒီ ထီဆုငွေထုတ် လို့ရအောင် ပိုင်ရှင်ဖြစ်ကြောင်း တရားရုံးမှာ ကျမ်းကျိန်ပြီး ဖြစ်စေ၊ ဒါမှမဟုတ် မြွက်ဟကြေညာ ပေးစေလို့မှ ဖြစ်စေ လျှောက်ထား လို့မရဘူးလား ငါ့မောင်ရယ်။ ရန်ကုန် ရောက်တုန်း ခရီးသွား ဟန်လွှဲ လုပ်ပေးသွားပါဦး"

"မရဘူးမမ၊ နိုင်ငံတော်ကို ငွေတစ်သိန်း လှူလိုက်တယ်လို့ သဘောထားပေရော့၊ စိတ်ထားတတ်ရင် မြတ်တယ်မဟုတ်လား။ ထီလက်မှတ် မပြနိုင်သေးသ၍ မရဘူး။ ထီလက်မှတ်ကျောဘက်ပါ စည်းကမ်းချက်အတိုင်း ထီလက်မှတ် မတင်ပြနိုင်လျှင် ဆုငွေရမှာ မဟုတ်ဘူး အရင်ပြည်သူ့တရားသူကြီးအဖွဲ့ လက်ထက်က ဒီအမှုမျိုး အဆုံးအဖြတ် ပေးခဲ့ဖူးတယ်"

ကျွန်တော်က တရားသူကြီး အဖွဲ့ဥက္ကဋ္ဌ သူရဦးအောင်ဖေ ဗဟိုတရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင် (၈) ဦးတို့ဖြင့် စီရင်ဆုံးဖြတ်ခဲ့သော တရားမစောဒကမှုအမှတ် ၁/၈၁ ပြည်ထောင်စုနှင့် ဒေါ်မြမြအမှုကို ရှင်းပြလိုက်ရသည်။

အမှုမှာ ရန်ကုန်တိုင်း တရား ရုံး၊ တရားမကြီးမှုအမှတ် ၁၁/၇၄ တွင် စောဒကတရားပြိုင် ဒေါ်မြမြက ရန်ကုန်မြို့၊ အောင်ဘာလေသိန်းဆု ဌာနခွဲ အုပ်ချုပ်ရေးမှူးအပေါ် (၁၆၂) ကြိမ်မြောက် အောင်ဘာလေ သိန်းဆု ဖွင့်ပွဲ၌ 'စိမ်းမြမြစိမ်း' ဟူသော အတိတ်ဖြင့် ဆုငွေကျပ်

www.burmeseclassic.com

www.burmeseclassic.com



(၂၀၀၀၀) ပေါက်သော ထီလက်မှတ်အမှတ် (ဂ/၅၉၃၈၁၅) နှင့် ၄င်းလက်မှတ် ဖြင့် ရရှိခဲ့သော ဆုငွေကျပ် (၂၀၀၀၀) တို့ကို မိမိပိုင်ဆိုင် ရယူ ခွင့်ရှိကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် အဆိုပါဆုငွေကို မိမိအား လက်ရောက်ပေးစေလိုကြောင်းဖြင့် တရားစွဲဆို အနိုင်ရရှိခဲ့သည်။ အောင်ဘာလေ သိန်းဆုဌာနခွဲအုပ်ချုပ်ရေးမှူးက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတရားမ ပထမ အယူခံမှု အမှတ် ဂ/ ၇၇ တွင် အယူခံဝင်ရာ မအောင်မြင်ချေ။ ဗဟိုတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အရေးကြီးသည့်ဥပဒေ ပြဿနာပေါ်ပေါက်စေသည်ဟု ဆိုကာ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ဥပဒေပုဒ်မ ၇ (စ) အရ ဤစောဒကမှုကို တင်သွင်းခြင်းဖြစ်သည်။

စောဒကတရားပြိုင် ဒေါ်မြမြ က (၁၆၂) ကြိမ်မြောက် အောင်ဘာလေ သိန်းဆု ထီလက်မှတ် (ဂ/၅၉၃၈၁၅) ကို ရွှေတိဂုံဘုရား အနောက်မုခ်ရှိ ရွှေတိုင် ကုဋ္ဌသာသယထီဆိုင်မှ ဝယ်ယူခဲ့ကြောင်း၊ အတိတ်မှာ ခင်မြမြစိမ်း ဟူ၍ ဖြစ်ကြောင်း၊ ထီစတင်ဖွင့်လှစ် သည့် ၁.၁၂.၈၁ နေ့တွင် ထီဆိုင်ပိုင်ရှင် ဦးမောင်မောင်သန်းနှင့် ဒေါ်သန်းညွန့်တို့သည် မိမိထံ လာရောက်၍ ဝယ်ထားသော ထီလက်မှတ်မှာ ကျပ် (၂၀၀၀၀) ဆုပေါက်သည်ဟု ပြောကြားကြောင်း၊ ဆုငွေထုတ်ယူရန် ရက်လိုသေးသဖြင့် ထီလက်မှတ်ကို မိမိဖခင်ဖြစ်သူက သိမ်းဆည်းထားရာ ဆုငွေ ထုတ်ယူရန်နေ့ရက်သို့ ရောက်သောအခါ လက်မှတ်ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် အောင်ဘာလေ သိန်းဆုဌာနခွဲနှင့် မြေနီကုန်း ပြည်သူ့ရဲစခန်းများသို့ အသီးသီး တိုင်ကြားခဲ့ကြောင်း၊ ထို့နောက် မိမိသည် အောင်ဘာလေသိန်းဆုဌာနသို့ ၂၂.၇.၇၂ ရက်စွဲပါစာဖြင့် ထီပေါက်သောလက်မှတ် အမှတ် (ဂ/၅၉၃၈၁၅) ၏ ဆုငွေကျပ် (၂၀၀၀၀) ကို ထုတ်ယူခွင့်ပြုရန် အသနားခံစာတင်သွင်းခဲ့ရာ အောင်ဘာလေသိန်းဆုဌာနခွဲက ထီလက်မှတ်၏ စည်းကမ်းချက်များတွင် ဆုရသည့် ထီလက်မှတ် မတင်ပြနိုင်ပါက အစိုးရသည် ဆုငွေကို ထုတ်ပေးလိမ့်မည် မဟုတ်ဟု အတိအလင်း ထည့်သွင်းဖော်ပြထားသဖြင့် မိမိ၏ တောင်းဆိုချက်ကို မလိုက်လျောနိုင်ကြောင်းဖြင့် ပြန်ကြားခဲ့ကြောင်း၊ မိမိသည် အောင်ဘာလေ သိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူးထံ တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၈၀ အရ အကြောင်းကြားစာ ပေးပို့၍ ဆုငွေကို တောင်းခံသော်လည်းအုပ် ချုပ်ရေးမှူးက ဆုငွေ ထုတ်ပေးခြင်းမပြုကြောင်း စသည်ဖြင့် အဆိုပြုကာ အဆိုပါထီလက်မှတ်အမှတ် (ဂ/၅၉၃၈၁၅) နှင့် ၄င်းလက်မှတ်ဖြင့် ရရှိခဲ့သော ဆုငွေကျပ် (၂၀၀၀၀) တို့ကို မိမိပိုင်ဆိုင်ရယူခွင့်ရှိကြောင်း မြွက်ဟကြေညာပေးရန်နှင့် အဆိုပါဆုငွေကို လက်ရောက်ပေးစေလိုကြောင်း ရန်ကုန်တိုင်း တရားရုံး၌ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ဒေါ်မြမြသည် အချင်းဖြစ်ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် ဒီဂရီကို ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ဤစောဒကအမှုတွင်



www.burmeseclassic.com

www.burmeseclassic.com



အငြင်းပွားခြင်း မပြုပေ။ သို့သော်အောင်ဘာလေ သိန်းဆုဌာနခွဲ အုပ်ချုပ်ရေးမှူးက ဒေါ်မြမြအား ဆုငွေကျပ် (၂၀၀၀၀) ကို လက်ရောက်ပေးစေရန် အဆိုပါ မြွက်ဟကြေညာသည့် ဒီဂရီ၏ အကျိုးဆက်သက်သာခွင့် အနေဖြင့် ခွင့်ပြုနိုင် ခွင့်မပြုနိုင် ဆိုသည့် ပြဿနာပေါ်ပေါက်လျက်ရှိပေသည်။

အမှုကို လျှောက်လဲ



ကြရာ၌ တရားလိုပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ (ယခုရှေ့နေချုပ်ရုံး) မှ ဥပဒေအရာရှိက 'ထီထိုးသူတိုင်းသည် စည်းကမ်းချက်များကို သိရှိနားလည် သဘောတူလက်ခံ၍ ထီလက်မှတ်ကို ဝယ်သည်ဟု ဆိုရမည် ဖြစ်ကြောင်း၊ ဤစည်းကမ်းချက်များက လက်မှတ်ဝယ်သူအား နှောင်ဖွဲ့ထားသဖြင့် ဆုပေါက်သော လက်မှတ်ကို တင်ပြနိုင်ခြင်း မရှိလျှင် အောင်ဘာလေ သိန်းဆုဌာနခွဲက ဆုငွေကို ထုတ်ပေးနိုင်မည် မဟုတ်သဖြင့် တရားရုံးအနေဖြင့်လည်း ယင်းဆုငွေကိုရသော လက်မှတ်တင်ပြခြင်း မပြုနိုင်သော သူအား ထုတ်ပေးရန် ဒီဂရီချမှတ်ခွင့် မရှိကြောင်း' ဖြင့် တင်ပြလျှောက်ထားသည်။

စာဒကတရားပြိုင်၏ အကျိုးဆောင်မှ၊ 'ထီလက်မှတ်၏ ကျောဘက်ရှိစည်းကမ်းချက်များမှာ၊ ကောက်နုတ်ဖော်ပြခြင်းသာဖြစ်ကြောင်း၊ စည်းကမ်းချက်အားလုံးကိုထီလက်မှတ်ဝယ်သူကသိရှိ ခွင့်မရသောကြောင့် ကောက်နုတ်ချက် စည်းကမ်းများအပါအဝင် စည်းကမ်းချက်များကို ထီလက်မှတ်ဝယ်သူက တရားဝင်လက်ခံရာ မရောက်သဖြင့် ပဋိညာဉ်ဥပဒေအရ ထီလက်မှတ်ဝယ်သူအပေါ် ထီလက်မှတ်၏ ကျောဘက်ရှိ စည်းကမ်းချက်များအတိုင်း အတည်ပြုဆောင်ရွက်ခြင်းမပြုနိုင်'ကြောင်းဖြင့် တင်ပြလျှောက်ထားသည်။

ပြန်လှန်စစ်မေးချက်တွင် ဒေါ်မြမြက "ကျွန်မသည် ၁၆၂ ကြိမ်မြောက် အောင်ဘာလေ သိန်းဆု ထီလက်မှတ်ကို ဝယ်ယူခြင်း ဖြစ်ပါသည်။ ၄င်းထီလက်မှတ် တင်ပြသူကိုသာလျှင် ဆုငွေ ရထိုက်သည်ဟု အစိုးရက အသိ အမှတ်ပြုကြောင်း စည်းကမ်းချက်များကို သိရှိခဲ့ရပါသည်" ဟု ထွက်ဆိုထားသည်ကို ထောက်ရှု၍ ဒေါ်မြမြသည် အထက်ဖော်ပြပါ စည်းကမ်းချက် နှစ်ရပ်အပါအဝင်ထီလက်မှတ် ကျောဘက်ရှိ စည်းကမ်းချက်များကို သိရှိနားလည်လက်ခံကာ အချင်းဖြစ် ထီလက်မှတ်ကို ဝယ်ယူခြင်းဖြစ်သည်ဟု ကောက်ယူရန် အကြောင်း ပေါ်ပေါက်နေပေသည်။ ဤစည်းကမ်းချက်များသည် အောင်ဘာလေ သိန်းဆုဌာနခွဲနှင့် ထီလက်မှတ် ဝယ်ယူသူ ဒေါ်မြမြတို့အကြား အတည်ဖြစ်လျက်ရှိသော စည်းကမ်းချက်များ ဖြစ်သည့် အလျောက် ဒေါ်မြမြသည် ဆုငွေကျပ် (၂၀၀၀၀) ပေါက်သည်ဆိုသော အချင်းဖြစ် ထီလက်မှတ်ကို တင်ပြနိုင်ခြင်းမရှိဘဲလျက် ပြဋ္ဌာန်းထားသည့် အထက်ဖော်ပြပါ စည်း


www.burmeseclassic.com

www.burmeseclassic.com



ကမ်းချက် နှစ်ရပ်နှင့် ဆန့်ကျင်၍ အချင်းဖြစ်ဆုငွေကို သူ့အား ထုတ်ပေးရန် တရားစွဲဆိုခွင့် မပြုပေ။ ထို့ကြောင့် တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေး အဖွဲ့သည် ယင်းစည်းကမ်းချက်များကို ကျော်လွန်၍ အဆိုပါဆုငွေကို ဒေါ်မြမြအား လက်ရောက်ပေးစေရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ပေ။

ဒေါ်မြမြသည် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာရုံ၊ ကြေညာသော ဒီဂရီကိုချမှတ်ပေးနိုင်၊ မပေးနိုင် စီစစ်ကြည့်ရာ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဒေါ်မြမြသည် အချင်းဖြစ်ဆုငွေကို ရလိုကြောင်း၊ အကျိုးဆက်သက်သာခွင့်ကို တရားရုံးတွင် တောင်းဆိုခွင့်မရှိသည့်အလျောက်၊ ယင်းသို့မြွက်ဟကြေညာသည့် ဒီဂရီကိုသာ ချမှတ်ပေးခြင်းဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂၏ ခြင်းချက်နှင့် ဆန့်ကျင်ဖွယ်ရာ



အကြောင်း မမြင်ပေ။ ဤကဲ့သို့ တရားရုံးက ဒေါ်မြမြသည် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် ဒီဂရီချမှတ်ပေးလိုက်သည်ကို အကြောင်းပြု၍ သက်ဆိုင်ရာက သူ့အား ဆုငွေထုတ်ပေးသင့်မသင့်၊ အလေးအနက် စဉ်းစားဆောင်ရွက်မည်ဖြစ်၍ ယင်းဒီဂရီမှာ အချည်းနှီးဖြစ်လိမ့်မည်ဟု မဆိုနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တင်ပြသကဲ့သို့ ဥပဒေပြဿနာများ ပေါ်ပေါက်ခြင်းမရှိကြောင်း ဆုံးဖြတ်သည်။ သို့သော် အချင်းဖြစ် ထီလက်မှတ်ကို ဒေါ်မြမြ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဗဟိုတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်နှင့် ဒီဂရီကို အတည်ပြု၍ အကျိုးဆက် သက်သာခွင့်ဖြစ်သော ဆုငွေကျပ် (၂၀၀၀၀) ကို ဒေါ်မြမြအာ လက်ရောက်ပေးရန် ချမှတ်သည့် တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေးအဖွဲ့တို့ ၏ စီရင်ချက်နှင့် ဒီဂရီတို့ကိုမူ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

အမှုကတော့ အဲဒါပဲ။

လေးချစ်တူမကြီးလည်း တန်ဖိုးကြီးတဲ့ ဆုံးရှုံးမှု အမှတ်တရမျိုး၊ မိမိစိတ်မှာ အမာရွတ် မဖြစ်စေဖို့ ဒီကနေ့ကစပြီး လေးချစ်ကတော့ နာမည်ပြောင်းခေါ်လိုက်မယ် စိမ်းမြမြစိမ်းလို့ ဒါမှ ကိုယ့်အမူအကျင့်ဆိုးကို ပျောက်အောင် ကုသနိုင်မယ်။ နို့မို့ဆိုရင် ထီဆုငွေတွေကလည်း မက်မောစရာကြီး၊ သိန်းရာထောင်ဆုကြီး ပေါက်ရင် ငါ့တူမကြီးရော၊ မမတို့ပါ တစ်မိသားစုလုံး ဒီလို အဖြစ်မျိုးကြုံရရင် နလုံးသွေးရပ်သွားနိုင်တယ်ဟုပြော၍ ထိုနေ့ ထိုရက်မှစပြီး စန္ဒာဟိန်းကို 'စိမ်းမြမြစိမ်း' ဟု ကျွန်တော်က နာမည်ပြောင်း (ပြောင်မဟုတ်) ပေးလိုက်ရပါကြောင်း၊ သူကလေး နမော်နမဲ့ အကျင့်တစ်သက်လုံးပါသွားရင် ဘဝမှာ ကချော်ကချွတ်တွေ ဖြစ်မှာ စိုးလို့ပါ။

**ကိုးကား**။ ။ ဦးမြ (မြွက်ဟကြေညာပေးစေလိုမှုများ)

**နတ်တလင်းချစ်လွင်**

www.burmeseclassic.com

www.burmeseclassic.com

ငှ မြန်မာ

# ကျွဲသားလေး
# ကျွဲသမီးလေး



လှဦး

ဒွါရာဝတီ

www.burmeseclassic.com

www.burmeseclassic.com



(၁)

မီယာဇာကီ၏ အိမ်နီးနားချင်းတွေက၊ ၁၉၈၉ မှာ သူ အဖမ်းမခံရမီ အချိန်ထိ၊ အထီး ကျန်နေသူ တစ်ယောက်အနေဖြင့်သာ သူ့ကို မြင်ခဲ့ကြသည်။

နောက်ပိုင်းတွင်မှ သူ့ကို တကယ့်ကြောက်စရာ လူတစ်ဦး ဖြစ်ကြောင်း သိလာခဲ့ကြ၏။

နေ့ဘက်မှာ သူက ဖခင်ဖြစ်သူ ပိုင်ဆိုင်သော တိုကျိုမြို့ရှိ ပုံနှိပ်လုပ်ငန်းဆိုင်တွင် အလုပ်လုပ် သည်။

မီယာဇာကီက အသက်နှစ် ဆယ်စွန်းစွန်း လူငယ်လေးတစ်ဦးသာဖြစ်၏။ ညဘက်အိမ်တွင် ခေတ်ပေါ်ရုပ်မြင်သံကြား အစီအစဉ်များ ဗီဒီယို၊ ဇာတ်လမ်းများ ကို တရှိုက်မက်မက်၊ စွဲလမ်းခုံမင်စွာ ကြည့်ရှုလေ့ရှိ၏။

တစ်ကိုယ်ထီးထီး၊ အဖော် မနီးနေထိုင်စဉ် မီယာဇာကီက စိတ်ကူးယဉ်ကြောက်မက်ဖွယ် မရဏ ဇာတ်လမ်းမျိုးကို ကိုယ်တိုင် ဆင်နွှဲလိုစိတ် များ တဖွားဖွား ပေါ်လာခဲ့၏။

နေ့စဉ် သူ၏စိတ်ကို အလွှမ်းမိုးဆုံးမှာ အပြာ ဇာတ်လမ်းနှင့် ကြောက်မက်ဖွယ် ဗီဒီယို၊ ဇာတ်လမ်း များဖြစ်၏။ သူ စုဆောင်းထားသမျှ ဗီဒီယိုဇာတ်လမ်း၊ ခြောက်ထောင်ကျော်တွင် ရက်စက်ဆိုးသွမ်းမှု ကမ်းကုန်ခါ မတော်တရော်ပြုကျင့်မှုများ၊ လူ မဆန်စွာ ခန္ဓာကိုယ် အစိတ်အပိုင်းများကို အပိုင်းပိုင်း ဖြတ်တောက်ပုံ ဇာတ်လမ်းများဖြစ်၏။

၁၉၈၈ ခုနှစ် ပူလောင်လှသည့် နွေရာသီနေ့ တစ်နေ့တွင် သူ၏စိတ်ကူးယဉ် အိပ်မက်ဆိုးပုံရိပ် များကို သူကိုယ်တိုင် ပါဝင်သရုပ် ဆောင်ရန် စိတ်ပိုင်းဖြတ်လိုက်၏

မာရီကွန်နီဆိုသူ အသက်လေးနှစ်အရွယ် မိန်းကလေးငယ်ကို သူမ၏ အိမ်အနီး၊ အဖော်မပါ တစ်ဦးတည်း လမ်းလျှောက်နေသည်ကို သူ တွေ့လိုက်ရ၏။

သူမကို ဖြားယောင်းသွေးဆောင်၍ သူ၏ ကားနှင့်ခေါ် လာပြီး စကားအပြန် အလှန် ပြောဖြစ်သည်အထိ ရင်းနှီးလာ၏။

ထိုမှတစ်ဖန် သစ်တောအုပ် ရှိရာ ချောင်ကျကျ တစ်နေရာသို့ ခေါ်လာခဲ့ပြီး လည်ပင်းညှစ်သတ် လိုက်၏။ မိန်းကလေးငယ်၏ အသက်မဲ့ အလောင်း ကောင်ကို မီယာဇာကီက ယုတ်မာစွာ မတော် မတရား ပြုကျင့်လိုက်သေးသည်။ ထို့နောက် အလောင်းကောင်ကို မီးရှို့ခဲ့ပြီး ပြာအချို့ကို စားသည်။ ကျန်အကြွင်းအကျန် ပြာများကို သေတ္တာတစ်လုံးထဲ တွင်ထည့်ပြီး မိန်းကလေး၏ မိဘ အိမ်ရှေ့တွင် ပစ်ထားခဲ့၏။

မကြာမီ အခြားမိန်းကလေး ငယ်များကိုလည်း ယခုကဲ့သို့ ခေါ်ဆောင်သတ်ဖြတ်ခဲ့ပြန်၏။ ထိုသို့ သတ်ပြီးနောက် အလောင်းကောင်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းအချို့ကို ဖြတ်တောက်၍ မရွံ့မရှာစား သည်။ သွေးကိုလည်း အငမ်းမရ သောက်သည်။

ဂျပန်ရဲက သူ့ကို ဖမ်းမိချိန် တွင် အသက် ၄

အလောင်းကောင်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းအချို့ကို ဖြတ်တောက်၍ မရွံ့ မရှာ စားသည်။ သွေးကိုလည်း အငမ်းမရ သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်မှ ၇ နှစ်ရှိ၊ မိန်းကလေးငယ်လေးယောက်ကို သတ်ပြီးဖြစ်သည်။

(၂)


ထိုပြစ်မှုများအတွက် တိုကျို ခရိုင်ရုံးမှ တရားသူကြီးတစ်ဦးက မီယာဇာကီကို သေဒဏ် ချမှတ်ခဲ့၏။ စီရင်ချက်ချမှတ်ရာတွင် တရားသူကြီး ကင်ဂျီဂို-တာအိုက ရူးသွပ်သူ၏ ပြုမူခြင်းအနေဖြင့် ခုခံထုချေချက်ကို ပယ်ချခဲ့၏။

သူ့ အဆိုအရ ...

"တရားခံသည် သူ၏ လိင်မှုဆိုင်ရာ ထူးထွေ ဆန်းပြား သော အာသာငမ်းငမ်း တပ်မက်မှုဖြင့် ရက်စက်ယုတ်မာစွာ သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်"

ဟု မှတ်ချက်ပြုခဲ့သည်ကို တွေ့ရပါသည်။

မီယာဇာကီ၏ ရှေ့နေများကလည်း ခရိုင်၊ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်ကို အထက် တရား



ရုံးသို့ ချက်ချင်းအယူခံ ဝင်ခဲ့၏။

ဂျပန်ပြည်တွင်း ဝေဖန်သုံးသပ်သူများက ယခု အမှုအခင်းကို အမျိုးသားရေးရာ အကျိုးစီးပွားနှင့် ပတ်သက်၍ အငြင်းအခုန် ဆွေးနွေးမှုတစ်ရပ်အသွင် ဖန်တီးလိုက်ကြ၏။

အချို့က ဂျပန်၏ တစ်စ တစ်စ ကြီးထွားလာသော လိင်လုပ်ငန်းနှင့် အရွယ်မရောက်သေးသူ မိန်းကလေးငယ်များအပေါ် ပစ်မှတ်ထား၍ စီးပွား ရှာနေခြင်းကို အပြစ်ဖို့၍ ပြစ်မှု၏ ပင်မရေစီးကြောင်း အဖြစ် ပြောလိုက်ကြ၏။

အချို့က ၈၀ ခုနှစ်လွန် နှစ်များအတွင်း ဂျပန်၏ ရုတ်တရက် စီးပွားရေး တစ်ဟုန်ထိုး တိုးတက် အောင်မြင်လာမှုကြောင့် ကိုယ်ကျင့်တရားဆိုင်ရာ စိတ်ဓာတ်ရေးရာ ချွတ်ခြုံ ကျမှုကို အပြစ်ဖို့လိုကြ၏။

အချို့က ခေတ်သစ်၏ ကွန်ပျူတာ၊ ဗီဒီယို၊ စက်မှု နည်းပညာ ပြန့်ပွားမှုက လူသားမဆန်သော လူမှု အဖွဲ့အစည်းကို ဖြစ်ပေါ်စေသည်ဟု ကောက်ချက် ဆွဲ၏။

အားလုံးတို့၏ သဘောတူညီချက်မှာ နိုင်ငံ၏ စိတ်ဓာတ်ကြံ့ ခိုင်ရေး၊ တဖြည်းဖြည်း ယိုယွင်း ပျက်စီးလာသည်ဟုဆို၏။

ဤအမှု၏ အခြေခံအကြောင်းအရာများအရ မီယာဇာကီအနေဖြင့် ဤလူသတ်မှုများကို ကျူး လွန်သည်ဆိုသော မေးခွန်းမှာ အမှုအခြင်းအရာ ဆိုင်ရာ ပြဿနာမဟုတ်တော့ပေ။

၁၉၉၀ ခုတွင် သူကိုယ်တိုင်က တရားခွင်တွင် ကျူးလွန်ခဲ့သော မှုခင်း၏ အသေးစိတ် ဖြစ်စဉ်ကို ဖြောင့်ချက်ပေးခဲ့ပြီး ဖြစ်၏။

မူလအငြင်းထွက်သည့် အကြောင်းအရာများ

www.burmeseclassic.com

www.burmeseclassic.com



မှာ မီယာ ဖာကီ၏ စိတ်ကျန်းမာရေး အခြေအနေ မူမှန်ဟုတ်မဟုတ်ဆိုသည့် အချက်ဖြစ်၏။

တရားခံ ရှေ့နေများ၏ အဆိုအရ မီယာဖာကီ သည် စိတ်ဂယောက် ဂယက် ဖြစ်နေသူ၊ စိတ် မတည်ငြိမ်သူအဖြစ် သိရှိ ရသလို ကိုယ်ကာယ အစိတ်အပိုင်းများ ချို့ ယွင်းနေ၍ သဘာဝအတိုင်း မဟုတ်ဘဲ၊ ပုံပျက်ပန်းပျက် ကြုံလှီနေသော လက်များ က သူ့ကို အများနှင့် မရော နှောဘဲ တသီးတခြားနေ တတ်သည့် အထီးကျန် ဘဝဖြင့် ကြီးပြင်းခဲ့သူ ဖြစ်လာစေခဲ့၏။ သူ၏ မိဘများ အိမ်ထောင်ရေး ပြိုကွဲမှုကြောင့် ငယ်စဉ်ဘဝ နာကြည်းချက်များကို ထောက်ပြကြ၏။

ဂျပန်ပြစ်မှုဥပဒေအရ စိတ်မမှန်သူ၊ စိတ် ချို့ယွင်းနေသူတစ်ဦးကို ပြစ်ဒဏ်ချမှတ်၍ မရချေ။ ထိုသို့ စိတ်မပြည့်ဝသူအား ပြစ်ဒဏ်မှ လျော့ပေါ့ ပေးရသည်။ ဥပဒေ ဆုံးဖြတ်ချက်များရှိပါသည်။ လျော့ပေါ့ပြစ်ဒဏ်ကိုသာ ခံစားစေ၏။

(၂)

တရားရုံးတွင် ကျမ်းကျိန် အစစ်ခံချိန်၌ သူ၏ အပြုအမူ အပြောအဆိုအရ မီယာဖာကီကို ရူးသွပ် ကြောင်း ထင်မှတ်စရာ ဖြစ်နေသည်။

တစ်ခါတစ်ရံသူက ...

"ကြွက်လူတွေပေါ်လာပြီးနောက် ကျွန်တော့် အတွက် အားလုံးဆုံးရှုံးခဲ့ရတယ်" ဟု ပြောဖူး သည်။

သူက ယခုလို တစ်မျိုးတစ်ဖုံ ပြောလာပြန်၏။

"လူတစ်ယောက်က ကျွန်တော် မလုပ်လိုတဲ့ ကိစ္စမျိုးချည်းပဲ လုပ်ခိုင်းတယ်ဗျ။ ဒါမျိုး အဓမ္မ စေခိုင်းရတာမျိုးကို ဒီလူက အားရပါးရ နှစ်ခြိုက် လေ့ရှိသူပဲဗျ"

"သူက မိန်းကလေးငယ်တွေကို အပိုင်းပိုင်း ဖြတ်တောက်ဖို့ စေခိုင်းတတ်တယ်"

"နောက်တော့ ကျွန်တော်နဲ့ ရုပ်ချင်းချွတ်စွပ် တူသူတစ်ယောက် ပေါ်လာပြီး သူခိုင်းသမျှ လုပ် တော့တာပါပဲ"

လူသတ်မှုဆိုင်ရာ အချက်အလက်များကို တရားရုံးမှ ခန့်ထားသည့် စိတ်ပါရဂူ အဖွဲ့သုံးဖွဲ့က ၂ နှစ်တာကာလအတွင်း သူ၏ စိတ်အပြုအမူ အခြေအနေကို စူးစမ်းရှာဖွေခဲ့သည်။

ထိုအဖွဲ့များ၏ ထင်မြင်ယူဆချက်များက တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူကွဲပြားကြသည်။

မီယာဖာကီအား စိတ်ကစဉ့်ကလျားဖြစ်သူဟု ဆိုနိုင်သော်လည်း စိတ်ဓာတ်ရေးရာအရ အရာရာ ကို သိနိုင်စွမ်းရှိသည်ဟု လည်းဆို၏။

နောက်ဆုံးအဖွဲ့က မီယာ ဖာကီသည် စိတ် ဂယောက်ဂယက် ဖြစ်တတ်သူဖြစ်၍ ထိုသို့ စိတ် အထင်ရောက်နေစဉ်၊ မနောစိတ် အမျိုးမျိုးဖြင့် စိတ်ရှုး စိတ်ရိုင်း ဝင်တတ်သည်ဟု ထင်မြင်ချက်ပေးသည်။ ယခု ကဲ့သို့ စိတ်အခြေအနေကို ကုသရန်သာ ထောက်ခံတင်ပြထား၏။ အပြီးသတ်တွင် တရားသူ ကြီး တာအိုက ကနဦး စုံစမ်းတွေ့ရှိချက်ကိုသာ

အရွယ်မရောက်သေးသော ကလေးငယ်များနှင့် မတော်တရော် လိင်ကိစ္စပြုမှုများအား ညစ်ညမ်း စွာ ဖော်ပြနေသော တဏှာရာဂဦးစားပေး ဗီဒီယို ရုပ်ရှင်နှင့် မဂ္ဂဇင်းစာစောင်များက ဈေးကွက်တွင် လွှမ်းမိုးတွင်ကျယ်နေ...

www.burmeseclassic.com

www.burmeseclassic.com





သဘောတူလက်ခံထား၏။

မီယာဇာကီက အမှုစဖြစ်လျှင်ဖြစ်ခြင်း ရဲနှင့် ပူးပေါင်းဆောင်ရွက်၍ ကျူးလွန်ခဲ့သော မှုခင်းများ၏ အသေးစိတ်ဖြစ်စဉ်ကို ထွက်ဆိုခဲ့ပြီးဖြစ်၏။ သူ၏ ဆန်းပြားသော ပြစ်မှုကျူးလွန်ပုံကို တရားရုံးတင်သည်အထိ ပုံစံတကျ အစစ်ဆေးခံနိုင်၏။။

"တရားခံအနေဖြင့် စိတ် ဝေဒနာ၊ တစ်စုံတစ်ရာ ခံစားနေရသည်ဟု ပြောဆိုရန် အကြောင်း မရှိပေ"

ဟု မှတ်ချက်ပြု ပြောဆိုခဲ့၏။

နောက်ဆုံးတွင် ...

"ဤတရားခံသည် စိတ် ဖောက်ပြန်မှုမရှိဘဲ ရက်စက် ကြမ်းကြုတ်ကြုတ်စွာ ပုံစံတကျ ကျူးလွန် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း"

တရားခံမီယာဇာကီဘက်မှ ခုခံချေပသည့် ရှေ့နေများနှင့် ထပ်တူထပ်မျှတူညီသော၊ ဥပဒေဆိုင်ရာ၊ အခြင်းအရာတစ်ရပ်ကို တရားသူကြီးက ထုတ်ဖော်ပြော ဆိုခဲ့၏။

"တရားခံမှာ ညစ်ညမ်းသော လိင်ပိုင်းဆိုင်ရာ၊ အကြောင်း အရာများကို သရုပ်ဖော်ပြသသော ရုပ်ဝတ္ထုများကို စွဲလမ်းခုံမင်မှုကြောင့် နောက်ဆုံး တွင် ပြစ် မှုကျူးလွန်သည့်အခြေသို့ ဆိုက်ရသည်' ဟူသော သူ၏ မှတ်ချက်စကားပင်ဖြစ်၏။

ဂျပန်ထိပ်တန်း သတင်းစာ တစ်စောင်ဖြစ် သော မိနိချိနေ့စဉ် သတင်းစာကလည်း ခေါင်းကြီး ပိုင်းတွင် ဤကိစ္စကို ဆန်းစစ်ဝေဖန် ရေးသားခဲ့၏။

"လိင်ကိစ္စအသားပေးသော အထူးသဖြင့် အရွယ်မရောက်သေးသော ကလေးငယ်များနှင့် မတော်တရော် လိင်ကိစ္စပြုမှုများအား ညစ်ညမ်းစွာ ဖော်ပြနေသော တဏှာ ရာဂဦးစားပေး၊ ဗီဒီယို ရုပ်ရှင်နှင့် မဂ္ဂဇင်းစာစောင်များက ဈေးကွက်တွင် လွှမ်းမိုးတွင်ကျယ်နေ၏။

သို့ဖြစ်၍ ယခုကဲ့သို့ အမျိုးသားရေး လူမှု ဆိုင်ရာ ဝေဒနာ တစ်ရပ်ကို အားကုန်မဆုတ်မနစ် လုံးဝဥဿုံ ဖယ်ရှားသင့်ပေပြီ"

သတင်းစာ၏ လမ်းညွှန် သတိပေးသည့် အတိုင်း ကြိုတင်မကာကွယ်နိုင်ပါက ပြစ်မှုဖြစ်ပွားခြင်း၊ အနိမ့်ဆုံးဟု စံထားရသော ဂျပန်ကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် ၁၀ နှစ်တာ ကာလအတွင်း ကလေးငယ်များအပေါ် လိင်မှုဆိုင်ရာ မတော် တရော် ကျူးလွန်မှု ၅၀ ရာခိုင်နှုန်း တိုးပွားလာခြင်း ကို မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိပေ။

ထို့ကြောင့် ဂျပန်ပြည်သူ အများစု စိုးရိမ်သလို မီယာဇာကီ ကျူးလွန်သော အမှုမျိုးသည် ဂျပန် နိုင်ငံတွင် နောက်ဆုံးအကြိမ် ဖြစ်ပေါ်ခြင်းမဟုတ်ပဲ အချိန်မီ မတားဆီးနိုင်ပါက နောင်တွင် ပိုမိုဆိုးရွားလာမည့် အခြေအနေကို ရောက်ရှိလာမည် ဖြစ်ပါသတည်း။

**Ref: Will there be more? (By Hideko Takayama) ကို ပြန်ဆိုပါသည်။**

လှဦး(ဒွာရာဝတီ)

www.burmeseclassic.com

www.burmeseclassic.com



**လှုပြီးမင်း လုပ်ငန်း ၏ ကောင်းသတင်းများ ပုံမှိကျယ်ပြန့်စွာ ဖြစ်ရပ်မှန်မဂ္ဂဇင်း တွင်ကြော်ငြာပါ**

၂၀၁၂ ဇန်နဝါရီလ မှ စ၍ အထူးသက်သာသော ဈေးနှုန်းဖြင့် ကြော်ငြာများလက်ခံနေပါပြီ ၊ နှစ်ပေါင်း ၃၀ ကျော် တစ်ပြည်လုံးသို့ ဖြန့်ချိ၍ ၊ အာဆီယံ နိုင်ငံများအထိပါ လစဉ်တင်ပို့သောမဂ္ဂဇင်းဖြစ်ပါသည် ၊ ပါဝင်ကြော်ငြာရန် ဖိတ်ခေါ်ပါသည် ။

ကြော်ငြာကိုယ်စားလှယ်တော်များလည်း ဆက်သွယ်နိုင်ပါပြီ ၊

| | | |
|---|---|---|
| နောက်ကျောဖုံး | ၄ ရောင် | ၁၀၀,၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၁ ရောင် | ၃၅၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၄ ရောင် | ၈၀၀၀၀/- |
| အတွင်းတစ်မျက်နှာ | ၁ ရောင် | ၂၀၀၀၀/- |
| အတွင်းမျက်နှာဝက် | ၁ ရောင် | ၁၀၀၀၀/- |

အမှတ် ၁၈၇ ၊ ဒုတိယထပ် ( ၃၄ လမ်းအထက် )
ကျောက်တံတားမြို့နယ် ၊
ဖုံး ၀၉၅၁ ၉၆၃၃၁ ၊ ၀၉၅၉ ၂၈၂၆၂၀
True.megazine@gmail.com

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





**အခန်း (၁)**

လမသာပေမဲ့ ဝါးငုတ်များတွင် တင်ထားသည့် ရေနံအိုးများအား မီးထွန်းညှိထားသည့်အတွက် အလင်းရောင်ကား မှိုင်းမှိုင်းပြပြ၊ ပူအိုက်သောရာသီဝယ် ရေနံညှော်များ၊ မီးခိုးမှိုင်းများကြားဝယ် "ပယ်၊ ခုတ်၊ မ၊ ခွဲ" "ပယ်၊ ခုတ်၊ မ၊ ခွဲ" "ပယ်၊ ခုတ်၊ မ၊ ခွဲ" ဆယ်ကျော်သက် လူငယ်များ အားမာန်အပြည့်အဝဖြင့် အမှောင်ထုအား အန်တုကာ သိုင်းပြောင်းပြန် လေ့ကျင့်နေသော အသံများပင်ဖြစ်သည်။

အချိန်ကား (၁၉၃၈) ခုနှစ်။ မတ္တရာမြို့နယ်၊ စကျင်ရွာ၏ အရှေ့ဘက်ကွင်းပြင်ကျယ်ကြီးတွင် ဖြစ်သည်။ စကျင်ရွာကား ငယ်ပင် ငယ်ငြားသော်လည်း မြန်မာနိုင်ငံတွင်မက၊ ကမ္ဘာနိုင်ငံတချို့ကပင် သိသော ဒေသတစ်ခုပင် ဖြစ်သည်။ အကြောင်းမူကား စကျင်တောင်မှ ထွက်ရှိသော စကျင်ကျောက်ကြောင့်ပင်ဖြစ်သည်။ စကျင်ကျောက်အား မြန်မာနိုင်ငံတွင် ဘုရားဆင်းတုများ ထုခြင်း၊ ကျောက်စာများပြုလုပ်ခြင်း၊ သိမ်ငုတ်များ ပြုလုပ်ခြင်း၊ အခြားအသုံးအဆောင်များ ပြုလုပ်ခြင်းများတွင် အသုံးပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းသိုင်းပြောင်းပြန် လေ့ကျင့်ရာသို့ ည ညတွင် ရွာမှသက်ကြီးရွယ်အိုများ၊ ဆံရစ်ဝိုင်းနှင့် အပျိုစင်လေးများ၊ ကလေးသူငယ်များ အဆုံးလာရောက်ကြည့်ရှု အားပေးတတ်၏။ ငှင်းနောက် "မည်သူကတော်သည်" "မည်သူကညံ့သည်" ဟုအချင်းချင်း လက်တို့ပြီး ချီးမွမ်း၍သော်လှည်းကောင်း၊ ကဲ့ရဲ့၍သော်လည်းကောင်း ပြုတတ်ကြ၏။ သင်တန်းအား ခေတ္တနားပြီးနောက် သိုင်းဆရာကြီးမှ ငှင်း၏သင်တန်းသား တပည့်များအား

"အေး ... ငါ့တပည့်တို့ သေသေ ချာချာမှတ်ထားကွ။ မင်းတို့ကိုသင်ပေးတဲ့ သိုင်းပညာတွေကိုကျေလည်အောင် လေ့ကျင့်ကြ။ အခု ပထမပိုင်းမှာတော့ မှားကြလိမ့်မယ်။ ပုံသဏ္ဌာန်လည်းကျချင်မှကျမယ်။ အဲဒါကြောင့် မြန်ဖို့မလိုဘူး။ မှန်ဖို့လိုတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တဖြည်းဖြည်းမှန်ရာကနေ မြန်လာလိမ့်မယ်။ အခုမင်းတိုကို သင်ကြားပေးတဲ့ သိုင်းပြောင်းပြန်ပညာဟာ ဟိုးရှေးဘုရင်တွေ လက်ထက်က ဘုရင့်သားတော်၊ သမီးတော်တွေ၊ မှူးကြီးမတ်ရာ သေနာပတိတို့ရဲ့ သား၊ သမီးတွေမှ သင်ရတာကွ။ ဒါကြောင့် နန်းတွင်းသိုင်းလို့လည်း ခေါ်သကွဲ့။ ရန်သူကို အချိန်တိုအတွင်းမှာတိုက်ခိုက်နိုင်တဲ့အထိ ရောက်ဆုံးသော ပညာရပ်ပဲ။

ဒါပေမဲ့ သိုင်းပညာကတော့ သိပ်ပြင်းထန် ပင်ပန်းလွန်းတယ်ကွယ့်။ ဒါကြောင့် ခွဲ၊ လုံ့လ၊ ဝီရိယကောင်းကောင်းတွေနဲ့ ကြိုးစားဖို့တော့ လိုတယ်ဟေ့။ အခုအချိန်မှာ တို့နိုင်ငံဟာ "ထီးကျိုး စည်ပေါက် ကျွန်သပေါက် ဖြစ်နေရပြီ။ တို့ရဲ့ သိုင်းပြောင်းပြန်ပညာတွေလည်း တဖြည်းဖြည်းနဲ့ တိမ်မြုပ်ပျောက်ကွယ်ရတော့မယ်။ ဒါကြောင့်မို့ တစ်ယောက်ပြီး တစ်ယောက်လက်ဆင့်ကမ်းပြီး ထိန်းသိမ်းဖို့လိုတယ် အမျိုးဘာသာ၊ သာသနာအတွက် လက်ဆင့်ကမ်း ထိန်းသိမ်းပြီး ဆင့်ကဲဆင့်ကဲ ပညာပြန့်ပွားအောင်ကြိုးစားကြပါလို့ ဆရာကြီးမှာချင်တယ်ကွယ်"

စသည်ဖြင့်မိန့်ကြား၏။ ထို့နောက် သင်တန်းသားများသည် မိမိတို့ ယခင်သင်ကြားထားသော ပညာဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ နိုင်ထက်စီးနင်း မပြုကြောင်း၊ မိမိ၏ဘဝ မပျက်စီးသမျှ ခွင့်လွှတ်သည်းခံမည် ဖြစ်ကြောင်း ယခုသင်ယူထားသော ပညာဖြင့် အမျိုးဘာသာ၊ သာသနာအား စောင့်ထိန်းပါမည်ဟူ၍ ညီညွတ်စွာ အဓိဋ္ဌာန်ပြု ရွတ်ဆိုကြရသည်။ သို့သော် သင်တန်းသားများအနက် တစ်ဦးသောသူကား ရွတ်ဆိုခြင်း မပြုပေ။ လိုက်၍ မရွတ်ဆိုသည်မှာလည်း သူ့အကြံနှင့်သူ၊ သူ့ရည်ရွယ်ချက်နှင့်သူ ဖြစ်ပေသည်။ ဤကဲ့သို့ မရွတ်ဆိုသူကား အခြားမဟုတ် သင်တန်းတွင် အကြိုးစားဆုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဓော်ဆုံးဖြစ်သူ ကျော်စိန်ပင်ဖြစ်သည်။

ကျော်စိန်မှာ အရပ်ရှည်ရှည် သွယ်သွယ်၊ အသားမှာ ဖြူဝင်းပြီး မျက်ခုံး မျက်လုံးကောင်းကောင်း၊ နှာတံစင်းစင်း၊ သွျှောင်တစ်စောင်းနှင့် ဥပတိရုပ်ခန့်ညားသူဖြစ်သည်။ ကျော်စိန် သိုင်းပြောင်းပြန် လေ့ကျင့်လျှင်အလွန်တရာမှ ကြည့်၍ကောင်း၏ နန်းတော်တွင်းမှ ဘုရင့်သားတော်တစ်ဦး သိုင်းလေ့ကျင့်နေသည်ဟုပင် ထင်ရ၏။ ဤကဲ့သို့ထင်ရလောက်အောင်ပင် ကျော်စိန်က လှပသူ၊ ခန့်ငြားသူဖြစ်၏။ ရွာထဲမှ ဆံတောက်လေးများ အသဲစွဲ၊ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ပေတည်း။ သို့သော်ကျော်စိန် ငယ်စဉ်က ရွာဦးကျောင်း ဆရာတော်ထံတွင် နေစဉ်ကတည်းက အတ္တလည်းကြီး၊ လောဘလည်းကြီး၊ တစ်ပါးသူ ပစ္စည်းအားလိုချင်တပ်မက်မှုလည်းကြီး၏၊ လက်အလွန်ယဉ်ပြီး၊ ကျောင်းသားအချင်းချင်း မကြာခဏ ရန်ဖြစ်တတ်၏။ မိမိကျောင်းသားများနှင့် ရန်မဖြစ်ရလျှင် ရွာနီးချုပ်စပ် ကျောင်းသားများနှင့် ရန်ဖြစ်တတ်၏။ ရန်ဖြစ်တိုင်းလည်း ကျော်စိန်ခံရသည်ဟူ၍ မရှိ၊ အနိုင်ရတိုင်းလည်း ဆရာတော်ကကျောပြင်ကိုဗျောတင်၍ ကြိမ်လုံးစာကြွေး

ကျော်စိန် သိုင်းပြောင်းပြန် လေ့ကျင့်လျှင် အလွန်တရာမှ ကြည့်၍ကောင်း၏။နန်းတော်တွင်းမှ ဘုရင့်သားတော်တစ်ဦး သိုင်းလေ့ကျင့်နေသည်ဟုပင် ထင်ရ၏။

ခံရပေါင်း မနည်းတော့ချေ။ ကျော်စိန်ကား ရိုက်နှက်ဆုံးမတုန်း တခဏ၊ ပြီးလျှင်မမှုရေးချမမှု။ ယခုကဲ့သို့ သိုင်းပြောင်းပြန်သင်ယူ နေသည့် ကျော်စိန်၏ ရည်ရွယ်ချက်ကား (၃) နှစ်တင်းတင်းပြည့်ပြီဖြစ်သော်လည်း မသေချာ၊ မရေရာပေ။

++++++++++++++

ဥရောပတွင်ဒုတိယကမ္ဘာစစ်ကြီးကမီးဟုန်းဟုန်းထ၊ တိုင်းပြည်ကားလှုပ်လှုပ်ရွရွ။ ၎င်း အချိန်မျိုးတွင် စကျင်ရွာ၏ ပတ်ဝန်း ကျင်ရွာများဖြစ်သော တံငါသည်၊ ရှမ်းမြောင်ရိုး၊ ရေနံ့သာ၊ ကတက်ချဉ်၊ ပိသနိုး၊ ကွေ့တော၊ ပင်းယစသောရွာများတွင်...

"ဓားပြတိုက်သွားလို့တဲ့ဟေ့"

ဤကား ပထမဆုံးထွက်ပေါ်လာသောအသံ ...

"ဘယ်ရွာကို ကျော်စိန်ဓားပြတိုက်သွားပြန်ပြီတဲ့"

ဤကား ဒုတိယအသံ၊ မကြာခဏအသံများ ကြားနေရလေပြီ။ ဒုတိယကမ္ဘာစစ်ကြောင့် ခေတ်ကာလပျက်စ။ ဓားပြကျော်စိန်အဖွဲ့ကလည်း ဟိုးလေးတကြော်ကြော်ဖြစ်လာရသည်။ ကျော်စိန်သည် ဓားပြတိုက်လျှင် သွျှောင်တစ်စောင်းအား သေချာလှပစွာ ဖြီးပြီး တောင်ရှည်ပုဆိုး၊ ခြေနင်း (ဖိနပ်)၊ ခါးတောင်အင်္ကျီအဖြူလက်ရှည်အား ဝတ်ဆင်ပြီး ငှက်ကြီးတောင်ဓားအား ကိုင်ဆောင်၍ ရှေးခေတ်မင်းညီမင်းသားများ ပုံသဏ္ဍာန်ဖော် ပြီးမှသာ ဓားပြတိုက်သည်ဟုဆို၏။

တပည့်တပန်းများသာလျှင် ခြောက်လုံးပြူး၊ တူးမီး၊ ရိုင်ဖယ်စသော သေနတ်များ ကိုင်ဆောင်လေ့ရှိသည်ဟုလည်းဆို၏။ အဆူး

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျော်စိန်အဖွဲ့သည် ခေတ်ကာလပျက်၍ ထွက်ပြေးတိမ်းရှောင်လာသော ကုန်သည်များ၊ သူဌေး၊ သူကြွယ်များ၊ အရာထမ်းများသည် ကျော်စိန်၏ရုံပုံငွေ ဖြည့်တင်းသူများဖြစ်လာရသည်။

ကျော်စိန်သည် တစ်နေ့တခြား နာမည်ကြီးလာသည်နှင့် အမျှ အင်အားလည်း ကြီးထွားလာသည်။ ဓားပြကြီးလျှင် သူပုန်ဆိုသကဲ့သို့ တောရိပ်ခိုရ၍ အင်္ဂလိပ်အပြေး ဂျပန်ဝင်သည့်တိုင် ကျော်စိန်မှာ ဓားပြတိုက်ကောင်းနေဆဲ …

အခန်း (၂)

"ထွန်းအိုင်" ကား မတ္တရာမြို့မြောက်ဘက် ရေနံ့သာရွာတွင် မွေးဖွားသည်။ ငယ်စဉ်တောင်ကျေးကလေးဘဝကပင် မိုက်ရဲသည်။ ရိုက်ရဲသည်။ ငှင်းဘွဲ့ထူးအား အကြိမ်ပေါင်းများစွာ ရရှိပြီးကြီးပြင်းလာသူ …

(၁၉၄၂) ခုနှစ် အင်္ဂလိပ်တို့ပြေးသောအခါ ကျော်စိန်သည် အင်္ဂလိပ်တပ်မှ အကြွဲအဖန်လုပ်၍ ရိုင်ဖယ်သေနတ် အချို့ရလိုက်သလို (၁၉၄၅) ဂျပန်ဆုတ်ခွာပြေးသောအခါ တပ်နှင့်ကွဲလာသော ဂျပန်စစ်ဗိုလ်တစ်ဦးက ရေနံ့သာရွာထဲဝင်ပြီး ရေတောင်းသောက်ရာ ရေသောက်နေစဉ် ထွန်းအိုင်က အလစ်တွင် ဓားရှည်ဖြင့် ခုတ်ပိုင်းလိုက်သဖြင့် ဂျပန်စစ်ဗိုလ်တွင်ပါလာသော ဓား၊ သေနတ်၊ ရိုင်ဖယ်၊ ပစ္စတို သေနတ်တို့ကို ထွန်းအိုင်ရ ရှိလိုက်လေသည်။ ထွန်းအိုင်သည် ဂျပန်စစ်ဗိုလ်၏ အလောင်းအား မြေမြှုပ်၍ ၎င်း၏ စစ်ဝတ်တန်ဆာများအား မိမိ၏အိမ်အနီး မန်ကျည်းပင်ထိပ်ဖျားတွင် ချည်နှောင်၍ ဝှက်ထားခဲ့လေသည်။

ဓားပြကျော်စိန်သည် မြွေမြွေခြင်း ခြေမြင်ဆိုသကဲ့သို့ ထွန်းအိုင်တစ်ယောက် ဂျပန်စစ်ဗိုလ်အား သတ်၍ လက်နက်များရရှိထားကြောင်း သိရှိသောအခါ လုပ်ရည်ကိုင်ရည်ရှိပြီး ဖွဲ၊ လုံ့လ၊ သတ္တိရှိသော ထွန်းအိုင်အား ဖိတ်ခေါ်ပြီး မိမိဓားပြအဖွဲ့၌ လက်ထောက်ခန့်ကာ အဖွဲ့သစ်ကိုတည်ထောင်လိုက်သည်။

ဓားပြအဖွဲ့သစ်တွင် ထုံးစံအတိုင်း ကျော်စိန်သည် စည်းမရှိ၊ ဓားပြတိုက်လျှင် ပစ္စည်းတွင်မကလူပါယူသည် ၊ စိတ်မထင်လျှင် သတ်ပစ်သည်။ လက်ထောက်ဓားပြထွန်းအိုင်က စည်းထားသည်။ ပစ္စည်းယူ၍ လူမသတ်။ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်တို့၏ နားမှဆင်မြန်းထားသည့် နားကပ်အားမည်သည့်အခါမှ မဖြုတ်၊ အပေါက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကြီးရင့်သူများအား မည်သည့်အခါမှ မရိုက်နှက် ကျော်စိန်နှင့်ပြဒါးတစ်လမ်း သံတစ်လမ်း။

တိုက်ရာပါ ပစ္စည်းခွဲဝေလျှင်လည်း ကျော်စိန်သည် အောက်လက်ငယ်သားများပေါ် မညှာတာ။ ထို့ကြောင့် ထွန်းအိုင်နှင့် မကြာခဏစကားများရ၏၊ ကျော်စိန်သည် ဓားပြ တိုက်၍ ရသောပစ္စည်းများစုဆောင်း မိသောအခါ မိန်းမများမှီလိုပေါက်အောင်ယူ၏။လက်နက်အားကိုးဖြင့် အဓမ္မအနိုင်ကျင့်ယူတာမျိုးလည်းရှိ၏။ ထို့ကြောင့် ကျော်စိန်အား ခေတ်သစ်ရနောင်မောင်မောင်တုတ်ဟု ခေါ်ရမလိုဖြစ်လာသည်။ ၎င်း၏ အပြုအမူများအား ထွန်းအိုင်က လုံးဝ မနှစ်မြို့ချေ။

တစ်နေ့ တက်ချဉ်ရွာသို့ ကျော်စိန်တို့ အဖွဲ့ဝင်၍ ဓားပြတိုက်ရာ ကျော်စိန်သည် အိမ်ရှင်အဘွားအိုအား ညှဉ်းပန်းနှိပ်စက်၍ ပစ္စည်းများတောင်းရာ အဘွားအိုမှာ တင်း၍ခံသော်လည်း ကျော်စိန်၏ ရိုက်နှက်မှုအား မခံနိုင်သည့် အဆုံးတွင် ပစ္စည်းများ ထုတ်ပေးလိုက်ရ၏၊ ပစ္စည်းများရပြီဖြစ်သော်လည်း ကျော်စိန်သည် နားကြောမာလှတဲ့ အဘွားကြီး သေတာ ကောင်းတယ်ဟုဆိုကာ အဘွားအိုအား ဓားဖြင့်ခုတ်၍ သတ်ခဲ့လေသည်။ ထိုအချိန်မှစ၍ ထွန်းအိုင်နှင့် ကျော်စိန်တို့ စိတ်ဝမ်းကွဲစပြုလာလေပြီ။ တစ်ဦးနှင့်တစ်ဦးလည်း မှားကွက်ထောက်ခါ ရန်စောင်နေကြပြီ။ ထို့နောက် ထွန်းအိုင်အုပ်စုနှင့် ကျော်စိန်အုပ်စုနှစ်စုကွဲကာစပြုလာ၏။

တစ်နေ့ ရေနံ့သာရွာသို့ ထွန်းအိုင် အပြန်တွင် ကျော်စိန်တို့ အုပ်စုလမ်းမှကြိုတင်စောင့်ပြီး သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ရာထွန်းအိုင်သေနတ်ကျည်သင့်၍ လူမိုက်တစ်ဖာတ်သိမ်းသွားရလေသည်။

## အခန်း (၃)

လုပ်ရည် ကိုင်ရည်ရှိသော ထွန်းအိုင် သေဆုံးသွားသောအခါ ကျော်စိန်သည် ပြည်တွင်းသောင်းကျန်းသူများနှင့်ဆက်သွယ်ပြီး လူသူလက်နက် စုဆောင်း၍ ကတက်ချဉ်ရွာ၏ အနီးအနားတောင်တန်းများတွင် တောရိပ်ခို၍မင်းမှုသောင်းကျန်းနေ၏။

ပတ်ဝန်းကျင် ရွာများမှလည်း ကျော်စိန်တွင်လက်ဖွဲ့ရှိသည်။ တုတ်ပြီး၊ဓားပြီး၊ သေနတ်ပြီးသည်။ ၎င်း၏ဆံပင်အား ခြေမျက်စိထိ ဖြန့်ချလိုက်လျှင်ကိုယ်ပျောက်သည်၊ စသည်ဖြင့် နာမည်ကျော်စေလာလေသည်။

သတင်းကြီးထွားလာသည်နှင့်အမျှ အနီးပတ်ဝန်းကျင်မှ ရွာများမှာလည်း ကျီးလန့်စာစား၍ တော

**ကျော်စိန်သည် စည်းမရှိ၊ ဓားပြတိုက်လျှင် ပစ္စည်းတွင်မက လူပါယူသည်၊ စိတ်မထင်လျှင် သတ်ပစ်သည်**

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ထင်းခုတ်၊ ဝါးခုတ်၊ မျှစ်ချိုး၊ မှိုရှာပင် မထွက်ရဲကြ။

သစ်ခုတ်၊ ဝါးခုတ်၊လာသူများ ကျော်စိန် အဖွဲ့နှင့်တွေ့လျှင် လှည်း၊ နွားများသိမ်း၍ ရိုက်နှက်ပြီးမှ ပြန်လွှတ်လေ့ရှိသည်။ စိတ်မထင်လျှင်သတ်ဖြတ်ခြင်းခံရလေသည်။

ခေတ်ကာလ မကောင်းသော အချိန်တွင် ကျော်စိန်မှာ "လသာတုန်း ဗိုင်းငင်" ဆိုသကဲ့သို့ စိတ်ထင်တိုင် သောင်းကျန်းနေလေတော့သည်။

စက်ဝန်းရာသီ အလီလီပြောင်းလာသည်နှင့်အမျှ ခေတ်ကာလကလည်း ပြောင်းလဲလာပါသည်။ နိုင်ငံတော်သည် ပြည်တွင်းသောင်းကျန်းသူများအား ပြည်သူလူထုနှင့်လက်တွဲ၍ အမြစ်မှချေမှုန်းချိန်။

ခြေလျင်တပ်မတော်မှ ကတက်ချဉ်ရွာသို့ ချီတက်၍ လာသောအခါ။ ၄င်းသတင်းအား ကျော်စိန် ကြားသိသောအခါ၊ အခါနှောင်းလေပြီ။ ထွက်ပေါက်မရှိတော့ပြီ။ ၄င်း၏အောက်လက်ငယ်သား တချို့က ၄င်းတို့၏ ဆရာကျော်စိန်ကို ယုံကြည်သည်။ အားလည်းအားကိုးသည်။ ယခုတက်လာသော တပ်မတော် သည် မိမိတို့လောက် နယ်မြေမကျွမ်းကျင်ဟု ယူဆကြသည်။ ကျော်စိန်ကိုယ်တိုင်ပင် မိမိဆံပင်ဖားလျားချပါက တစ်ဖက်မှ ကျည်မထွက်ဟု ယုံကြည်နေသူ။ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးသည်ဟု ကိုယ့်ကိုယ်ကို အထင်ကြီးနေသူ။ ထို့ကြောင့် မတိမ်းရှောင်ဘဲ တိုက်ပွဲဝင်ရန် တပည့်များအား အမိန့်ပေးလိုက်သည်။



မကြာမီ တပ်မတော်နှင့် ဓားပြကျော်စိန်အဖွဲ့ တိုက်ပွဲဖြစ်လေပြီ။ ဓားပြအချို့ကို အသေရလိုက်၏။ အချို့ကို လက်ရဖမ်းမိ၏။ ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးသည်၊ ဆံပင်ဖားလျားချလျှင် ကျည်မထွက်ဟု နာမည်ကြီးလှသော ဓားပြကျော်စိန်မှာ ရင်ဘတ်တွင် သေနတ်ကျည်ထိမှန်၍ ပွဲချင်းပြီး သေဆုံးရလေ၏။

ကျော်စိန်၏ အလောင်းအား ၄င်း၏ဆံပင်ဖြင့် ချည်နှောင်ပြီး ဝါးလုံးဖြင့် ရှေ့တစ်ယောက်၊ နောက်တစ်ယောက် လျှိုထမ်း၍ သယ်ဆောင်လာရာ ရေနံသာရွာ တောင်ပိုင်းတွင်ချ၍ လူအများအား ပြသခဲ့၏။

လာကြည့်သူများမှာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့်. . .

"ဓားပြကျော်စိန်ကို အသေမိတာတဲ့။ ဒါဟာ ဓားပြကျော်စိန့်အစစ်မဟုတ်နိုင်ပါဘူး။ ကျော်စိန်က တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီး ဆိုတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"လူပုံက ချောသလောက် မိုက်ဇာတ်ကတော့ ကမ်းကုန်ပဲ"

စသည်ဖြင့် အသံပေါင်းစုံ ထွက်ပေါ်လာကြလေသည်။

မည်သို့ပင် ဖြစ်စေကာမူ လူမိုက်ဇာတ်သိမ်းသွားလေပြီ။ တောထဲ၊ တောင်ထဲ သစ်ဝါးပင်ထွက်မခုတ်ရဲလောက်အောင် ကြောက်ခဲ့ရသော ဓားပြကျော်စိန်၊ အလှူပွဲ၊ မင်္ဂလာပွဲတို့တွင် ချွေးနည်းစာဖြင့် ပြုလုပ်ထားသော လက်ဝတ်လက်စား၊ ရွှေတိုရွှေစကိုပင် ထုတ်မဝတ်ရဲလောက်အောင် ကြောက်ခဲ့ရသော ဓားပြကျော်စိန်၊ အပျို အအို မရွေး အဓမ္မကျင့်ကြံခဲ့သော ခေတ်သစ် ရနောင်မောင်မောင်တုတ်ကဲ့သို့သော ဓားပြကျော်စိန်၊ လူတစ်ယောက်အသက်အား ပုရွက်ဆိတ် တစ်ကောင်မျှ တန်ဖိုးမထားခဲ့သော ဓားပြကျော်စိန်၊ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီး၊ ကိုယ်ပျောက်သည်ဟု နာမည်ကြီးခဲ့သော ဓားပြကျော်စိန်။ ယခုအခါမှာတော့ လက်မောင်းတွင် လက်ဖွဲ့ကြီး တန်းလန်းဖြင့် လူမိုက်တို့သွားရာလမ်းအတိုင်း အသေဆိုးဖြင့် သွားရလေပြီ။ လူဆိုး၊ လူမိုက်တစ်ယောက်၏ ဘဝနိဂုံးကား အဆုံးသတ်မှာဆိုးဝါး ရွံရှာဖွယ်ကောင်းလှပါတကား။



ဝန်ခံချက်...

ရေနံ့သာရွာ ဓားပြထွန်းအိုင်၏အမေ ဒေါ်ဖွားချစ်က စာရေးသူ၏မိခင် (ယခုအသက် (၈၃) နှစ်အရွယ်ရှိ) ဒေါ်တင်လှိုင်အား ပြောပြခဲ့ခြင်းကို ပြန်လည်ရေးသားပါသည်။

ကောင်းသုတ (မင်းဘူး)

ကျော်စိန်တွင်လက်ဖွဲ့ရှိသည်။ တုတ်ပြီး၊ဓားပြီး၊ သေနတ်ပြီးသည်။ ၎င်း၏ဆံပင်အား ခြေမျက်စိထိ ဖြန့်ချလိုက်လျှင် ကိုယ်ပျောက်သည်၊



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# ဆိုဝကား မောင်မိုးဦး

ဆေးဆရာဝန်သည် ခန္ဓာကိုယ်ကို ပျက်စီးစေမည့် ရောဂါပိုးများအား ဖယ်ရှားသုတ်သင်ရသကဲ့သို့ ရဲတပ်ဖွဲ့သည်လည်း လူ့အဆောက်အအုံကို အန္တရာယ်ပြုနေ သည့် ဒုစရိုက်ကောင်များအား ဖယ်ရှားသုတ်သင်ရသည့် အဖွဲ့အစည်းပင် ဖြစ်သည်။

လောကနီတိတွင် "ဦးဂျိုရှိသော သတ္တဝါကို အတောင်ငါးဆယ်ဝေးသော အရပ်က ရှောင်ကြဉ်ရာ၏။ မြင်းကို အတောင်တစ်ရာဝေးသော အရပ်က ရှောင်ကြဉ်ရာ၏။ ဆင်ကို အတောင်တစ်ထောင် ဝေးသော အရပ်က ရှောင်ကြဉ်ရာ၏။ လူမိုက်ကိုမူကား အရပ်ဒေသပါစွန့်၍ရှောင်ကြဉ်ရာ၏" ဟု ဆုံးမထားသော်လည်း ရဲတပ်ဖွဲ့ဝင်တို့သည်ကား ပြည်သူတို့၏ အသက်အိုးအိမ်ကို ကာကွယ် စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ရာ၌ မည်မျှဆိုးသွမ်းခက်ထန်သော၊ မည်မျှ ကြမ်းကြုတ်ရက်စက်သော အရာကို မဆို ရှောင်ကြဉ်ခြင်းမပြုဘဲ ရင်ဆိုင်ကာ နှိမ်နင်းကြရသည်။ မိမိ၏ အသက်ကို မငဲ့မကွက် တိုက်ခိုက်ကြရသည်။

ဤကဲ့သို့ စွန့်လွှတ်စွန့်စားစိတ်နှင့် မွန်မြတ်သည့် ရည်ရွယ်ချက်ရှိသော ရဲတပ်ဖွဲ့၏ သမိုင်းကြောင်းကို အမှန်အတိုင်း သိမြင်အောင် လေ့လာသင့်ပေသည်။



**"POLICE" အစနိဒါန်း**

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မသိမ်းပိုက်မီ ၁၈ ရာစုလောက်ကပင် 'ဘုရင်မကြီးအင်း(န်)' (Queen Anne) က အုပ်ချုပ်သူ လူတန်းစားတစ်ရပ်ဖြစ်သည့် 'ပုလိ(စ်)မင်းကြီး' များကိုခန့်ထား အသုံးပြုရာကစ၍ 'ပုလိ(စ်)' POLICE ဟူသော ဝေါဟာရ ပေါ်ပေါက်လာသည်။ အဆိုပါ ပုလိ(စ်)ဟူသော စကားရပ်မှာလည်း ဂရိဘာသာ မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံ၊ အစိုးရတစ်ဖွဲ့ဟု အဓိပ္ပာယ်ရသော (Politia) ဟူသော စကားစုများမှ ဆင်းသက်လာခြင်းဖြစ်သည်။

ပြင်သစ်ဘာသာဖြင့်လည်း (Police) ဟူသော အဓိပ္ပာယ်မှာ "တရားဥပဒေနှင့် စည်းမျဉ်းများကို ပြည်သူများက လေးစားလိုက်နာစေရန် ဆောင်ရွက်သည့် အဖွဲ့အစည်း" ဟူ၍ ဖြစ်သည်။

ပုလိ(စ်)အဖွဲ့တစ်ရပ်လုံး အနေဖြင့် ပြည့်စုံရမည့် အရည်အချင်းများကိုလည်း စာလုံးတစ်လုံးစီမှ အဓိပ္ပာယ်များနှင့် ဖော်ထုတ်ထားခဲ့သည်။

P Politeness - ယဉ်ကျေးသိမ်မွေ့ခြင်း

O Obedience - အမိန့်နာခံတတ်ခြင်း

L Loyalty - သစ္စာရှိခြင်း

I Intelligence - ထိုးထွင်းသိမြင်တတ်ခြင်း

C Courage - သူရသတ္တိနှင့် ပြည့်စုံခြင်း

E Efficiency-အရည်အသွေး တောက်ပြောင်ခြင်းတို့ဖြစ်သည်။

**မြန်မာမင်းလက်ထက် တရားဥပဒေစိုးမိုးရေးအဖွဲ့**

မြို့စားမြို့ဝန် စစ်ကဲနာခံ ရာဇဝတ်အုပ်၊ ကွမ်းဖိုးထိန်းဝန်၊ မြို့သူကြီး၊ ရွာသူကြီး စသည့် ပုဂ္ဂိုလ်တို့သည် နိုင်ငံတော်အတွင်း တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရသူများဖြစ်သည်။

မြန်မာမင်းများ ထုတ်ဆင့်သော ရာဇသတ်၊ ဓမ္မသတ်၊ အမိန့်တော်များကို လိုက်နာဆောင်ရွက်စေရန် မင်းမှုထမ်း အရာထမ်း၊ ဝန်ထမ်းအဆင့်ဆင့်ဖြင့် စနစ်တကျ ဖွဲ့စည်းထား၍ နိုင်ငံတော် အဓုန်းအေးချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာယာခဲ့ပြီး အိမ်နီးချင်း နိုင်ငံများကပင် ခန့်ညားလေးစားခဲ့ရသည်။ ထိုအဖွဲ့သည် 'ပုလိ(စ်)' (သို့မဟုတ်) 'ရဲ'ဟု ခေါ်တွင်မည့် အဖွဲ့အစည်းနှင့် အနှစ်သာရအားဖြင့် အတူတူပင်ဖြစ်သည်။

ကိုလိုနီခေတ် ပုလိ(စ်) အဖွဲ့ (၁၈၈၅–၁၉၄၂)

(၂၉·၁၁·၁၈၈၅) နေ့တွင် နယ်ချဲ့ အင်္ဂလိပ်သည် မြန်မာဘုရင် 'သီပေါမင်း'ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး(၁·၁·၁၈၈၆) နေ့တွင် အိန္ဒိယဘုရင်ခံ လော့ဒ်ဒပ်ဖရင်က အထက်မြန်မာနိုင်ငံနှင့် တကွသီပေါမင်းပိုင်နယ်မြေအားလုံးကို အင်္ဂလိပ်ပိုင်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထိုသို့ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ရသော်လည်းသူ့ကျွန်မခံ မျိုးမာန်မချလိုသည့် မျိုးချစ်မြန်မာတိုင်းရင်းသားများက ရရာလက်နက်စွဲကိုင်ကာ အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ထို မျိုးချစ်တော်လှန်ရေးသမားများကို နယ်ချဲ့အစိုးရက အင်္ဂလိပ်စစ်တပ်ဖြင့် နှိမ်နင်းစေခဲ့သော်လည်း အောင်မြင်မှုမရ၍ အိန္ဒိယမှ စစ်ဗိုလ်များ ခေါ်ယူ

> ရဲတပ်ဖွဲ့ဝင်တို့သည်ကား ပြည်သူတို့၏ အသက်အိုးအိမ်ကိုကာကွယ်စောင့်ရှောက်ရာ၌ ပြည်သူ့ဆိုးသွမ်းဂုဏ်ထင်ယာသည့်ပြည်သူ့ကြမ်းကြုတ်ရက်စက်သောအရာကိုမဆိုရှောင်ကြဉ်ခြင်းမပြုဘဲ ရင်ဆိုင်ကာ နှိမ်နင်းကြရသည်

အသုံးပြုရပြန်သည်။ သို့သော် ငွေကြေးစရိတ်စက မြောက်များစွာကုန်ကျခြင်းနှင့် မြန်မာတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံ၊ ဘာသာ၊ အယူဝါဒများကို နားမလည်သည့် အိန္ဒိယစစ်သားများ အနေဖြင့်လည်း ထိထိရောက်ရောက် နှိမ်နင်းနိုင်မည် မဟုတ်ကြောင်း သုံးသပ်မိ၍ မြန်မာလူမျိုးများကို ပုလိ(စ်) အဖွဲ့သို့ ဝင်ခွင့်ပြုခဲ့သည်။ လစာမှာ (၉ ကျပ် ၁၀ ပဲ) ဖြစ်ပြီး၊ အရည်အချင်းမှာ ပညာတတ်ရန်မလို၊ ကျန်းမာသန်စွမ်းပြီး မိုက်ရူးရဲဖြစ်ရန်သာလိုသည်။ ထို့ပြင် တော်လှန်ပုန်ကန်သူများကိုလည်း ငွေကြေး၊ ရာထူးပေး၍ ပုလိ(စ်)အဖွဲ့သို့ ဝင်ရောက် တာဝန်ထမ်းဆောင်စေကာ အိမ်ကြက်ချင်း အိုးမဲသုတ်၍ အခွပ်ခိုင်းခဲ့သည်။ မြန်မာတိုင်းရင်းသား အချင်းချင်း နှိပ်စက်ကာ လူပြုစေပြီး၊ အချင်းချင်း စိတ်ဝမ်းကွဲစေမည့် စနစ်ကို ကျင့် သုံးခဲ့သည်။

ကိုလိုနီခေတ် ပုလိ(စ်) အဖွဲ့၏ ဦးထုပ်တံဆိပ်က မြန်မာပုလိ(စ်)အဖွဲ့၏ ပြောင်းလဲမှုမှတ်တမ်းကို ဖော်ပြလျက်ရှိသည်။

ဦးထုပ်တံဆိပ် အလယ်တွင် သရဖူတံဆိပ်ပါပြီး ပတ်ပတ်လည်တွင် BURMA POLICE ဟူသော စာတမ်းဖြင့် ဝိုင်းရံထားသည်။

တံဆိပ်၏ ထိပ်တွင် ၁၈၈၇ (စစ်ဗိုလ်ခေါ် စစ်ပုလိပ်များ စတင်ဖွဲ့စည်းသော ခုနှစ်) ယာဘက်ဘေးတွင် 1885 (အင်္ဂလိပ်က အထက်မြန်မာနိုင်ငံကို သိမ်းယူသော ခုနှစ်) ဝဲဘက်ဘေးတွင် 1889(အထက်နှင့် အောက်မြန်မာပြည်ရှိ စစ်ပုလိပ်နှစ်ဖွဲ့ကို ပူးပေါင်း

www.burmeseclassic.com

www.burmeseclassic.com





သောခုနှစ်) အောက်တည့်တည့်တွင် 1891 (စစ်ပုလိပ်နှင့် မြို့ပြပုလိပ် သီးခြားစီ ဖွဲ့စည်းသော ခုနှစ်) တို့ပါရှိသည်။

ထိုစဉ်ကပင် 'Police' ဟူသော စကားလုံးကို 'ပုလိပ်' ဟူ၍ အလွယ်တကူ ခေါ်တွင် သုံးစွဲခဲ့ရာမှ အစပြု၍ ပုလိပ် ဟူသော အခေါ်အဝေါ်လည်း ပေါ်ပေါက်ခဲ့ရသည်။

အင်္ဂလိပ် နယ်ချဲ့အနေဖြင့် မြန်မာပြည် ပုလိ(စ်)အဖွဲ့နှင့် ပတ်သက်၍ ဆန်းစစ်မှုအမျိုးမျိုး၊ လေ့လာ သုံးသပ်မှုအဖုံဖုံ ပြုလုပ်ခဲ့သည်။

ပုလိ(စ်) အဖွဲ့ဝင်များကို စနစ်ကျနသော သင်တန်းကျောင်းဖြင့် မသင်ဘဲ ခရိုင်အလိုက်ခန့်၊ ခရိုင်အတွင်း သင်ပေးစနစ်မွေးထုတ်နေရာက ပထမဆုံး ဆပ်ကျောင်း (Sub-Inspector Of Police) ကို(၇.၄.၁၉၀၆) ၌ တောင်ငူတွင်ဖွင့်လှစ်ခဲ့သည်။ (၁၇.၁၁.၁၉၀၉) မှ မန္တလေးသို့ ပြောင်းရွှေ့ခြင်းဖြစ်သည်။

အလားတူပင် စုံထောက်သင်တန်းကျောင်းကိုလည်း ၁၉၂၆ တွင် အင်းစိန်၌ ဖွင့်လှစ်ကာ ခေတ်မီသိပ္ပံရဲပညာရပ်များဖြင့် မှုခင်းစုံစမ်းဖော်ထုတ်ရေး ပညာရပ်များကို လေ့ကျင့်သင်ကြားပို့ချခဲ့သည်။

နယ်ချဲ့ အင်္ဂလိပ်သည် မြန်မာပုလိ(စ်) အဖွဲ့ကို ခေတ်မီတိုးတက်အောင် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ခဲ့သော်လည်း ရည်ရွယ်ချက်ကမူ မြန်မာတိုင်းရင်းသားများ၏ အကျိုးအတွက် မဟုတ်ချေ။

မြန်မာမျိုးချစ် တိုင်းရင်းသားများအား နှိပ်ကွပ်ရန် နိုင်ငံရေး လှုပ်ရှားမှုများကို တားဆီးနိုင်ရန် နယ်ချဲ့အစိုးရ စိတ်တိုင်းကျ ရေးဆွဲထားသည့် ဥပဒေနှင့်အညီ နယ်ချဲ့အစိုးရ၏ အကျိုးစီးပွားကို စောင့်ရှောက်ပေးရန် သာဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာပုလိ(စ်) အဖွဲ့အစည်းသည် မြန်မာပြည်သူတို့၏ ကိုးစားယုံကြည်မှုနှင့် ပို၍ပို၍ ကင်းကွာလာခဲ့ခြင်း ဖြစ်သည်။

ဂျပန်ခေတ် ရဲတပ်ဖွဲ့(၁၉၄၂-၁၉၄၅)

ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်များ မြန်မာပြည်သို့ ရောက်ရှိလာသည်။ ၁၉၄၂ တွင် မြန်မာပုလိ(စ်) အဖွဲ့ကို မြန်မာပြည်ရဲအဖွဲ့ဟု အမည်ပြောင်းခဲ့သည်။ သို့သော် အနှစ်သာရကမူ မပြောင်းလဲခဲ့။ အင်္ဂလိပ်၏စနစ် ဥပဒေနှင့် လက်စွဲစာစောင်များ အတိုင်းပင် ဆောင်ရွက်ရသည်။

၁၉၄၃ တွင် ရဲတပ်သားတစ်ဦး၏ လစာကို (၇၅ ကျပ်) ထိ တိုးမြှင့်ပေးခဲ့သော်လည်း ငွေတန်ဖိုးမရှိ၍ ရဲတပ်ဖွဲ့ဝင်တို့ ဘဝမှာ အင်္ဂလိပ်ခေတ်ထက်ပင် ဆိုးရွားခဲ့သည်။

ဂျပန်ခေတ်တွင် ရဲတပ်ဖွဲ့ကို အမြစ်သဘောမျှ ဖွဲ့စည်းပြီး ဂျပန်အစိုးရအတွက် ရိက္ခာရှာပေးခြင်း၊ ချေးတပ်ဆွဲပေးရခြင်းနှင့် ဂျပန်ဆန့်ကျင်သူများကို ရှာဖွေဖမ်းဆီးခြင်းသာ ဆောင်ရွက်ကြရသည်။

ထို့ကြောင့် ဂျပန်ခေတ်ရဲတပ်ဖွဲ့မှာလည်း ဂျပန်အစိုးရ၏အကျိုးစီးပွား အတွက်သာ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

**ကက်(စ်)ဘီခေတ် ပုလိ(စ်) အဖွဲ့ (၁၉၄၅-၁၉၄၈)**

၁၉၄၅ တွင် ဂျပန်များ မြန်မာပြည်မှ ထွက်ပြေးရပြီး အင်္ဂလိပ်များ ပြန်လည်ဝင်ရောက်လာသည်။

စစ်အုပ်ချုပ်ရေး (Civil Administration Settlement) (Burma) CAS (B)ဖြင့် အုပ်ချုပ်သည်။ ဂျပန်ခေတ်က ပြောင်းလဲခဲ့သည့် 'ရဲ' အခေါ်အဝေါ်ကို 'ပုလိ(စ်)' ဟုပင် ပြန်ပြောင်းခဲ့သည်။

သို့သော် ထိုအချိန်မှာ မြန်မာတို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်အဟုန် အထွဋ်အထိပ် ရောက်နေချိန်လည်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး ပန်းတိုင်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသည့် ပုလိ(စ်) အဖွဲ့ကြီးနှင့်လည်း သက်ဆိုင်ကြောင်း ပညာတတ် မျိုးချစ်မြန်မာ ပုလိ(စ်) လူငယ်များ သိရှိနားလည်ခဲ့ကြသည်။

ကက်(စ်)ဘီခေတ် အတွင်းမှာပင် မြန်မာပုလိ(စ်) အဖွဲ့၏ မျိုးဂုဏ်ရောင် ပြောင်မြောက်စေသော ဆောင်ရွက်ချက်များ ဖြစ်ပေါ်ခဲ့သည်။ ထင်ရှားသော ဆောင်ရွက်ချက်နှစ်ချက်မှာ 'ပုလိပ် သပိတ်ကြီး' နှင့် 'နိုင်ငံတော် လုပ်ကြံမှုကြီး' ကို ချက်ချင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

**"ပုလိပ်သပိတ်ကြီး"**

ခေတ်အဆက်ဆက် အစိုးရ၏ လက်ပါးစေဟု ခေါ်ဝေါ်သမုတ်ခံရကာ 'စေသည့် ကျွန်၊ ထွန်သည့်နွား' ဖြစ်ခဲ့ရသော မြန်မာပုလိ(စ်)တို့၏ သမိုင်းမော်ကွန်းပုလိပ် သပိတ်ကြီးကို (၅-၉-၁၉၄၆) တွင် စတင်ခဲ့သည်။ ဦးဝင်းမောင်၊ ဦးအေး၊ ဦးစိုးရှိန်စသည့် မျိုးချစ်ပုလိပ် အင်စပက်တော် (ယခု-ရဲအုပ်) အရာရှိများက ဦးဆောင်ခဲ့သည်။ ပုလိပ်သပိတ် တိုက်ပွဲတွင် အင်္ဂလိပ် ကောရာဇ်ဘုရင် အဆက်ဆက် အထွဋ်အမြတ်ထားသည့် သရဖူ (Crowms) တံဆိပ်ကို ဦးထုပ်မှ ဖြုတ်ချကာ၊ မြန်မာတို့၏ ဒေါင်းတံဆိပ်ကို ဦးထုပ်တွင် တပ်ဆင်လိုက်ကြသည်။

"ကရောင်းပျောက်၍ ဒေါင်းရောက်စေရမည်" ဟူသည့် မျိုးချစ်စိတ်ဓာတ် နိုးကြွစေမည့် ကြွေးကြော်သံများ ဟစ်ကြွေးကာ နယ်ချဲ့ကို အန်တုသည့် အဓိဋ္ဌာန်များ ပြုကြသည်။

နယ်ချဲ့ အစိုးရအနေဖြင့် မိမိ၏ လက်ကိုင်တုတ်များကပင် မိမိကို ဆန့်ကျင်သပိတ်တိုက်ပွဲ ဆင်နွှဲနေ၍ ဘားကြပ်နံကြပ် ဖြစ်နေစဉ် ပုလိပ်သပိတ်ကို အမိပြု၍ (၂၃-၉-၁၉၄၆) တွင် လူထုလူတန်းစားအလွှာ အသီးသီး၏ အထွေထွေ သပိတ်ကြီးပေါ်လာသောအခါ မျက်ဖြူဆိုက် ဒုက္ခရောက်ခဲ့ရသည်။

ဤသို့ဖြင့် အမျိုးဘာသာ နိုင်ငံအရေးကို နောက်ကွယ်မှသာ ဆောင်ရွက်ခဲ့ရသော မျိုးချစ်

> ခေတ်အဆက်ဆက် အစိုးရ၏ လက်ပါးစေ ဟုခေါ်ဝေါ်သမုတ်ခံရကာ "စေသည့်ကျွန်၊ ထွန်သည့်နွား" ဖြစ်ခဲ့ရသော မြန်မာပုလိပ်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



သခင် လူငယ်များအား လျှို့ဝှက်စွာ ကူညီနေရသော ပုလိ(စ်) တပ်ဖွဲ့ဝင်တို့သည် ပြည်သူနှင့် အတူ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတွင် ရဲရဲဝံ့ဝံ့ ပါဝင်ခဲ့ကြသည်။

**နိုင်ငံတော် လုပ်ကြံမှု နှင့် ပုလိ(စ်) အဖွဲ့**

မြန်မာပြည် 'ဘုရင်ခံဆာဒေါ်မန်စမစ်' ရောဂါဝေဒနာကြောင့် (၁၉၄၆ ဇွန်) ၌ အင်္ဂလန်ပြန်သည်။ 'ဆာဟူးဘတ်ရန့်(စ်)' ရောက်လာသည်။

ဆာဟူးဘတ်ရန့်(စ်)က ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့၍ ဘုရင်ခံအမှုဆောင် ကောင်စီ (ဝန်ကြီးအဖွဲ့) ကို (၂၆·၁၁·၁၉၄၆) တွင် ပြန်လည် ဖွဲ့စည်းရာ ဗိုလ်ချုပ်အောင်ဆန်းမှာ ဝန်ကြီးချုပ် ဖြစ်လာပြီး ဦးစောမှာ သာမန်ဝန်ကြီးသာ ဖြစ်ခဲ့သည်။ ဤတွင် မင်းသားကြီး မလုပ်ရသူ ဦးစောသည် ပတ်မကြီးကို ထိုးဖောက်ရန် ပြင်ဆင်စိုင်းပြင်းတော့သည်။

အင်္ဂလိပ် စစ်တပ်မှ မေဂျာယန်း၊ ကပ္ပတိန်ဗီဗီယန်းတို့နှင့် ပူးပေါင်း၍ ဗိုလ်တစ်ထောင် လက်နက်တိုက်မှ ဘရင်းဂန်း (၂၀၀)၊ ပြောင်းပို (၂၀၀)၊ လက်ပစ်ဗုံး (၂၀၀)၊ ၃၀၃ ကျည်တစ်သိန်း၊ ၉ မမ ကျည် (၂၅၆၀၀) တို့ကို ဦးစောနှင့် အဖွဲ့ကခိုးထုတ်ခဲ့သည်။ ယင်းခိုးထုတ်မှုကိုဗိုလ်တစ်ထောင် ပုလိစ်ဌာနက (ပ) ၅၈၂/၁၉၄၇ ဖြင့် အမှုဖွင့် စုံစမ်းခဲ့သည်။

(လက်နက်များ ခိုးထုတ်မှုနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံတော့မည့် သတင်းများ ရ၍ ဆင့်ကဲဆင့်ကဲ စဉ်ဆက်မပြတ် တင်ပြခြင်း ပြုလုပ်ခဲ့သော်လည်း ဗိုလ်ချုပ်က လုံးဝ မယုံကြည်ကြောင်း လုပ်ကြံမှုကြီးတွင် လွတ်မြောက်ခဲ့သူ ဦးဘဂျမ်း (ပုဂံ) က ၁၉၆၇ ဇူလိုင် လထုတ် လမ်းစဉ်သတင်း ဂျာနယ်တွင် ရေးသားခဲ့သည်။)



၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် (၁၀း၃၀) နာရီတွင် ဗိုလ်ချုပ်နှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည်။ ပစ်ခတ်သံများကြားပြီး ချက်ချင်းဆိုသလို ပုလိပ်အဖွဲ့ ဒုတိယ အကြီးအကဲ ဦးထွန်းလှအောင်နှင့် ရန်ကုန်ပုလိပ်မင်းကြီး ဦးအောင်ချိန်တို့ အခင်းဖြစ်ပွား၍ အတွင်းဝန်ရုံးရှိ အစည်းအဝေး ခန်းမသို့ သွားရောက်စစ်ဆေးသည်။ အခင်းဖြစ်ပွားရာမှ တွေ့ရှိသော အချက်အလက်များအား ပုလိပ်အဖွဲ့ အကြီးအကဲ ဦးဘမောင်နှင့် အတွင်းဝန်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်နယ်ချဲ့၏ ယုတ်မာကောက်ကျစ်သော အစီအမံများနှင့်အမျိုးသားသစ္စာဖောက်တို့၏ဆောင်ရွက်လုပ်ကိုင်ပုံများကို မြန်မာပြည်တွင်မက ကမ္ဘာကပင်သိအောင်မြန်မာပုလိပ်အဖွဲ့က အထင်အရှားဖော်ထုတ်ပြနိုင်ခဲ့သည်

ဦးကာစီတို့ထံသွားရောက် တင်ပြခြင်း၊ သတင်းအချက်အလက်များ စုစည်းကောက်ချက်ချခြင်းတို့ပြုလုပ်ကာ အခင်းဖြစ်ပြီး (၁) နာရီခွဲခန့်အကြာ နေ့လယ် (၁၂)နာရီခန့်တွင် ဦးစော နေအိမ်ကို ဝိုင်းဝန်းပိတ်ဆို့ ရှာဖွေရန် အမိန့်ထုတ်ပြီး ညနေ(၅)နာရီခန့်တွင်ဦးစောနှင့်အပေါင်းပါများအား ဖမ်းဆီးနိုင်ခဲ့သည်။

လုပ်ကြံမှုကြီးကို စစ်ဆေးစုံစမ်းရန် ရန်ကုန်ပုလိပ်မင်းကြီးကိုယ်တိုင် ကြီးကြပ်အုပ်ချုပ်၍ အမှုကြီးကို ပြည့်စုံခိုင်မာအောင် ဆောင်ရွက်ပြီးမှသက်သေ(၁၃၁) ဦးဖြင့် တရားရုံးသို့ တရားစွဲတင်ခဲ့သည်။

အမျိုးသား သစ္စာဖောက် ဦးစောကဲ့သို့ အသားထဲက ထွက်သည့် လောက်ကောင်များကို မက်လုံးပေး၊ လက်သပ်မွေးကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ခေါင်းဆောင်ကြီးများကို လုပ်ကြံစေသော အင်္ဂလိပ်နယ်ချဲ့၏ ယုတ်မာကောက်ကျစ်သော အစီအမံများနှင့် အမျိုးသားသစ္စာဖောက်တို့၏ ဆောင်ရွက်လုပ်ကိုင်ပုံများကို မြန်မာပြည်တွင်မက ကမ္ဘာကပင်သိအောင် မြန်မာပုလိပ်အဖွဲ့က အထင်အရှား ဖော်ထုတ်ပြနိုင်ခဲ့ခြင်းသည် ပုလိပ်အဖွဲ့၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်မှုများပင် ဖြစ်သည်။

လွတ်လပ်ရေးရပြီး ကာလ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်က ထုတ်ဝေသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သမိုင်းစာအုပ်တွင် ဤကာလကို-

ဖဆပလ အစိုးရခေတ် (၁၉၄၈-၁၉၅၈)၊

အိမ်စောင့်အစိုးရခေတ် (၁၉၅၈-၁၉၆၀)၊

ပြည်ထောင်စု အစိုးရခေတ် (၁၉၆၀-၁၉၆၂)၊

ဆိုရှယ်လစ် စနစ် ကျင့်သုံးသည့် ကာလ (၁၉၆၂-၁၉၈၈)၊

တပ်မတော် အစိုးရခေတ် (၁၉၈၈) နောက်ပိုင်းကာလဟု အခန်းများ ခွဲခြားဖော်ပြထားသည်။

လွတ်လပ်ရေး ခေတ်ဦးမှာပင် ပုလိပ်ဟူသော ဝေါဟာရကိုဖျောက်၍ 'ရဲ'ဟု အမည်ပြောင်းခဲ့သည်။

(၂.၁.၁၉၄၈) တွင် 'ပြည်ထောင်စု စစ်ရဲအက်ဥပဒေ' ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံလက်နက်ကိုင် ရဲအဖွဲ့၊ မြန်မာပြည်နယ်ခြား စောင့်တပ်နှင့် သောင်းကျန်းမှု လက်နက်ကိုင်နှိမ်နင်းရေးတပ်တို့ကို ပေါင်း၍ တစ်ခုတည်းသော 'ပြည် ထောင်စုစစ်ရဲတပ်ရင်း' (UMP) (Union

www.burmeseclassic.com

www.burmeseclassic.com



Military Police) အဖြစ် ဖွဲ့စည်းကာရဲချုပ်မှ ဦးစီးအုပ်ချုပ်ခဲ့သည်။

စစ်ရဲတပ်ဖွဲ့သည် ရောင်စုံသူပုန်သောင်းကျန်းမှုများကို စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြသည်။

(၉-၈-၁၉၄၈) တွင် ဖြစ်ပွားသည့် ပေါင်းတည်နှင့်နတ္တလင်းကြားရှိ 'ဖိုးသာအောင်ကုန်းတံတားသိမ်းတိုက်ပွဲ' တွင်အမှတ် (၂၁)စစ်ရဲတပ်ရင်းမှစစ်ရဲ ဗိုလ်မှူးအေးချို ကျဆုံးခဲ့သည်။

၁၉၄၉ ခုနှစ် လွတ်လပ်ရေးနေ့တွင် ဗိုလ်မှူးအေးချိုအား နိုင်ငံတော် သမ္မတက 'အောင်ဆန်းသူရိယဘွဲ့' ချီးမြှင့်ခဲ့သည်။

လွတ်လပ်ရေး ရပြီးကာလမှသည် တပ်မတော်အစိုးရခေတ်ထိ၊ ခေတ်ကာလ လိုအပ်ချက်များပေါ်မူတည်ကာရဲတပ်ဖွဲ့၏ဖွဲ့စည်းပုံများကိုပြုပြင်ခဲ့ရသည်။ခေတ်မီတိုးတက်အောင် ကြံဆောင်ခဲ့ကြသည်။ ပြည်သူနှင့် တစ်သားတည်းဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတကာ ရဲတပ်ဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းခဲ့သည်။

ဤသို့ဖြင့် (၁၉၆၄) ခုနှစ် အောက်တိုဘာ (၁) ရက်နေ့တွင်





တစ်မျိုးတည်းသော 'ပြည်သူ့ရဲတပ်ဖွဲ့' ပေါ်ပေါက်လာခဲ့သည်။

ထို့နောက် တဖန် (၁၉၉၅) ခုနှစ်၊ အောက်တိုဘာ (၁) ရက် နေ့တွင် 'မြန်မာနိုင်ငံ ရဲတပ်ဖွဲ့' ဟူသော အမည်သစ်ဖြင့် ရဲတပ် ဖွဲ့၏ အနှစ်သာရရှိမှုကို ဖွံ့ဖြိုး အောင် ဆောင်ရွက်ခဲ့သည်။

'ဒီမိုကရေစီ အစိုးရခေတ် ရဲတပ်ဖွဲ့ (၂၀၁၁ မှသည်..)'

၂၀၁၀ တွင် ပြည်သူ့တို့ရွေးချယ်တင်မြှောက်သောရွေးကောက်ပွဲ စနစ်ပေါ်လာပြီး (၂၀၁၁) မတ် (၃၀) တွင် 'ဒီမိုကရေစီ အစိုးရသစ်' ပေါ်ထွန်းလာခဲ့သည်။

အစိုးရသစ် အနေဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော 'ဒီမိုကရေစီနိုင်ငံသစ်' ဆီသို့ ချီတက်လျက်ရှိသည်။

'ဒီမိုကရေစီ' ဆိုသည်မှာ လူကို အခြေခံသည့် စနစ်ဖြစ်သည်။ လူတစ်ဦးချင်းစီ၏ မွေးရာပါ အခွင့်အရေး၊ တစ်နည်းဆိုရသော် လူ့အခွင့်အရေး၊ ရပိုင်ခွင့်များကို ဦးထိပ်ထားသော စနစ်ဖြစ်သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ဒီမိုကရေစီ ခေတ်ဦးမှာပင် စိန် ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့မှာ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များအတွင်း ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့မှ အကြမ်းဖက်မှု ဖြစ်စဉ်များပင် ဖြစ်သည်။

ထိုစိန်ခေါ်မှုများက ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်ကို တစ်စိတ်တစ်ပိုင်းအကဲဖြတ်နိုင်သည်။ အားသာချက်များ တွေ့ရသကဲ့သို့ အားနည်းချက် အချို့ကိုလည်း တွေ့ရှိနိုင်သည်။

မည်သို့ပင်ဆိုစေ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် လိုက်လျောညီထွေရှိရန်၊ စွမ်းရည်ပြည့်ဝရန်ဆိုလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်လည်း ခေတ်မီရမည်၊ ဖွံ့ဖြိုးရမည်၊ တိုးတက်ရမည်။ ဒီမိုကရေစီ အနှစ်သာရကို နားလည် သဘောပေါက်သည့် ရဲတပ်ဖွဲ့ကြီး ဖြစ်ရန်လိုပေသည်။

ထို့ကြောင့် အနာဂတ်နိုင်ငံတော် ရဲတပ်ဖွဲ့အတွက် ထက်မြက်၍ စွမ်းရည်ပြည့်ဝသော ရဲတပ်ဖွဲ့ဝင်များ မွေးထုတ်ပေးရန်များစွာလိုအပ်ပြီး၊ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် ရဲတပ်ဖွဲ့သည်သာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ဝန်ခံချက်**

**ရဲတပ်ဖွဲ့သမိုင်းဆိုင်ရာ အချက်အလက်များအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ဝေသည့် 'မြန်မာနိုင်ငံရဲတပ်ဖွဲ့သမိုင်း' စာအုပ်မှရယူခြင်း ဖြစ်ပါသည်။**

မောင်မှိုင်းညို(ချောင်းဦး)

> မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ဒီမိုကရေစီခေတ်ဦးမှာပင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်ရှမ်းပြည်နယ်တို့မှ အကြမ်းဖက်မှုဖြစ်စဉ်များပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ရှင်ရုံထဲက အချစ်

ဝင်းဘောင်
ရုမည်းသင်း



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဒီကအတွက် လက်မှတ်တစ်စောင် ဝယ်ပေးနော်"

အနားကပ်ပြောလာတဲ့ မိန်းကလေးအသံကြားမိသော်လည်း ဘာပြောလိုက်မှန်း မသိ၊ တစ်ဆက်တည်း မိန်းကလေးက အထူးတန်း လက်မှတ်ခငွေ လှမ်းပေးလိုက်မှ လက်မှတ်ဝယ်ခိုင်းမှန်း ထွန်းလင်း သဘောပေါက်သွားသည်။

"ဒီကားကရုံတင်တာ အတော်ကြာပြီဆိုတော့ တစ်ယောက်တစ်စောင်ရောင်းတယ်ဆိုတာမျိုး မရှိတော့ဘူး။ အစ်ကိုဝယ်ချင်သလောက် ရောင်းတယ်။ ဒါကြောင့် အစ်ကို့ကို ဝယ်ခိုင်းတာ စိတ်မဆိုးပါနဲ့နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ရပါတယ်"

အခက်အခဲ ဘာမရှိမရှိတဲ့အတွက် ထွန်းလင်းသည် မိန်းမချောလေးကို ပြန်လည်ပြုံးပြ ကာ လက်မှတ်ဝယ်ပေးလိုက်သည်။

"လက်မှတ်က နှစ်စောင် တစ်ဆက်တည်းလားအစ်ကို"

"ဟုတ်မယ်ထင်တယ်။ အစ်ကို လက်မှတ်ဝယ်တော့ အထူးတန်းနှစ်စောင် ပေးပါလို့ ပြောပြီး ဝယ်လိုက်တာဆိုတော့ အစ်ကို့ခုံနဲ့ တစ်ဆက်တည်း ဖြစ်မယ်ထင်တယ်"

"တော်ပါသေးရဲ့"

"ဘာလို့လဲညီမ"

"ရုံတင်တာ ကြာပြီဆိုတော့ ကြည့်တဲ့သူက ကျိုးတိုး ကျဲတဲ မဟုတ်လား။ အစ်ကိုနဲ့ တစ်ဆက်တည်းကပ်လျက်ဆိုတော့ ရုပ်ရှင်ကြည့်ရင်း စကား ပြောဖော်ရတာပေါ့ အစ်ကိုရယ်။

"အစ်ကိုနဲ့ ရေစက်ဆုံလို့လား မသိဘူး။ ညီမလေတကယ်တော့ ဒီကားကြည့်ဖို့ မဟုတ်ဘူး။ မြန်မာကားကြည့်မယ် ဆိုပြီးလာတာ ဒီကြတော့ ရုံတွေက ရုံပြည့်ပြီဆိုတဲ့ စာတမ်းတွေ ချိတ်ထားလို့ စိတ်ခုတ်ကျပြီး ဒီဘက်လျှောက် ရင်းကင်း (ဘုရင့်ရုံ)မှာ ဝင်ကြည့်ဖြစ်တာ"

ထွန်းလင်းတစ်ယောက် ဘာမှ မပြောနိုင်၊ ရုပ်ကလေးလှ၊ သလောက် စကားပြောကောင်းတဲ့ ကောင်မလေးကို စိုက်ကြည့်နေမိသည်။

"ရော့ ... ညီမလက်မှတ်"

"ကျေးဇူးပဲအစ်ကို၊ ညီမ ဝယ်စရာတွေဝယ်ပြီး နောက်မှ ဝင်ခဲ့မယ်။ အစ်ကိုဝင်ထိုင်နှင့်နော်"

မိန်းမချောလေးသည် ပြောရင်းဆိုရင်း ထွန်းလင်းရှေ့က ပျောက်ကွယ်သွားသည်။

ထွန်းလင်းသည် ရန်ကုန်သား မဟုတ် မန္တလေးသားဖြစ်သည်။ မန္တလေး၊ ပြင်ဦးလွင် ခရီးသည်တင်လိုင်းအတွက် အငှားယာဉ် အနေနှင့် အသုံးပြုရန် ယာဉ်ငယ်တစ်စီးဝယ်ဖို့ ရန်ကုန်ဆင်းလာခြင်း ဖြစ်သည်။ ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်သော်လည်း

ရုပ်ရှင်ပြီးတော့မှာမို့ မိန်းမချောလေးသည် ဖရိုဖရဲဖြစ်နေသော သူ့အင်္ကျီကို ချပ်ချပ်ယပ်ယပ်ဖြစ်အောင် ပြင်ဝတ်ပြီး ကြယ်သီးများ ပြန်တပ်ကာ ထမီကိုလည်း ပြင်ဝတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းမလုပ်ဘဲ အငှားယာဉ်လုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်သည်။ အစ်မနဲ့ ယောက်ဖသည် မင်္ဂလာတောင်ညွန့် အမှတ် (…) (….)လမ်းတွင်ရှိရာ အစ်မအိမ်တွင် တည်းခိုရင်း အသုံးတည့်မယ့်ကား ရှာနေခြင်း ဖြစ်ပါသည်။ (ဟိုစဉ်က ကားသစ်ဝယ်ရန် မလွယ်ကူ။ တစ်လက် နှစ်လက်ကိုင်ကား များသာ ရွေးဝယ်ရသည်)

××××××

"ဟော့တော့… ကန်တော့နော်။ ကန့်တော့… အစ်ကို၊ ရုံထဲမှာ မည်းမည်းမှောင်နေလို့ ဘာမှမမြင်ရဘူး နာများသွားသလားဟင်"

"ရပါတယ်ညီမ"

ဇာတ်ကားစတင်ပြလို့ ခဏကြာမှ ရုံးတွင်းဝင်လာသော မိန်းမချောလေးသည် မမြင်မစမ်းကမန်းကတန်းဝင်လာပြီး ထိုင်လိုက်ရာ ထွန်းလင်း၏ပေါင်ပေါ် ထိုင်မိလျက်သား ဖြစ်သွားသဖြင့် ထွန်းလင်းကို တောင်းပန်လိုက်ခြင်း ဖြစ်သည်။

"ညီမ ဘယ်သွားနေတာလဲ ဇာတ်ကားအစ မကြည့် လိုက်ရတော့ တစ်မျိုးကြီး ဖြစ်မနေဘူးလားကွယ်"

"ညီမလွတ်သွားတဲ့ နေရာ အစ်ကို ပြောပြပေါ့"

"အများကြီးတော့ လွတ်မသွားပါဘူး။ ကြည့်ရင်း အဆက်အစပ် မိသွားမှာပါ"

"ညီမက ရုပ်ရှင်ကြည့်တဲ့ အခါသွားရည်စာ စားတတ်တယ်။ ဒါကြောင့် ကွာစေ့၊ ဇီးထုပ်နဲ့ ချောကလက်၊ အာလူးကြော်သွား ဝယ်တာ။ ညီမ ကြိုက်တဲ့ ချောကလက်က ရုံအောက်က ဆိုင်မှာ မရှိလို့ အပြင်မှာ သွားဝယ်နေရတာအစ်ကိုရဲ့။ ရော့…အစ်ကို ချောကလက်"

"ညီမစားပါ၊ အစ်ကို မစားပါဘူး"

"ကြည့် … စားစေချင်လို့ ဝယ်လာတာ အစ်ကိုကလည်း… ဟွန်း… ညီမတို့အဖြစ်က ရယ်စရာ၊ ကလေးက လူကြီးကိုမုန့်ပေးချော့နေရသလို ဖြစ်နေပြီ ဟင်းဟင်း"

မိန်းမချောလေးသည် ရေ လာမြောင်းပေးစကားလုံးလေးတွေ ပစ်သွင်းကာ ထွန်းလင်း လက်မောင်းကို ဆုပ်ကိုင်ရင်း ခပ်နော့နော့လေး ပြောလိုက်ရာ ထွန်းလင်း ဘဝင်ခိုက်သွားသည်။

ထွန်းလင်းသည် အငှားယာဉ်အား ကိုယ်ပိုင်ထောင်၍ ကိုယ်တိုင်မောင်းစားသူဖြစ်ရာ အမျိုးသမီးအများစုနှင့် ဆက်ဆံဖူးသည်။ သမာအာဇီဝလုပ်ကိုင်စားသောက်သူဖြစ်ပြီး ရှုပ်ပွေတတ်သူမဟုတ်၊ ရိုးသားသူ ဖြစ်သည်။ သို့သော် 'နုံအ'သူ




www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တော့ မဟုတ်ပါ။ သူ့ကိုချဉ်းကပ်လာသော အမျိုးသမီးသည် အမှန်အကန်လား အကြံအဖန်လားဆိုတာ ကနဦး ဆန်းစစ်ကြည့်တော့ မိန်းမချောလေးသည် မြို့ကြီးသူမို့ ပွင့်လင်းရဲတင်းစွာ ပြောဆိုဆက်ဆံတတ်တာကလွဲလို့ ဟိုလို အမျိုးအစားမိန်းမတွေနဲ့တော့ ကွာတာတွေ့ရသည်။ အကြံအဖန်တော့ မဖြစ်နိုင်ဆိုတာ ထွန်းလင်း ယုံကြည်သည်။

ချိုဆိမ့်နေသော ချောကလက်ကိုစားရင်း ရုပ်ရှင်ကြည့်နေရတဲ့ ထွန်းလင်း၊ ကိုယ်သင်းနံ့မွှေးမွှေးလေးနဲ့ မိန်းမချောကိုယ်လုံးလေးတစ်ဝက်က သူ့ရင်ခွင်ဝယ်ခိုဝင်မှီတွယ်ကာ ရှိနေသဖြင့် ရုပ်ရှင်မပြီးပါစေနဲ့ဟု ဆုတောင်းနေမိသည်။ ထိုစဉ်ခဏ အားလပ်ချိန်ပေးသဖြင့် မိန်းမချောနဲ့ ထွန်းလင်း ကိုယ်ချင်းခဏ ခွာလိုက်သည်။




မခွဲနိုင်မခွာရက်လောက်အောင် အဖြစ်သည်းနေကြတဲ့ အတွဲလေးများကတော့ နေမြဲ သည်းမြဲ ကဲမြဲပေါ့။ တချို့၊ တချို့သော စုံတွဲများကဤကဲ့သို့ ရုံတင်ရက်ကြာသောကား၊ လူစင်နည်းနေပြီဆိုတဲ့ ရုံကိုမှရွေး၍ ကြည့်တတ်ကြသည်။ ဒါမှ အိုကေ စိုပြေကြမယ် မဟုတ်လား။ သီချင်းတောင် ရှိသေးတာပဲ။ သမီးရည်းစား တစ်ရက်ကို လင်မယားတစ်သက် လိုက်မမီနိုင်ဘူးတဲ့။

"အစ်ကို့မှာ မိန်းမရှိလား"

"ဟင့်အင်း"

"ဒီအရွယ်ရောက်နေပြီ မိန်းမမရှိဘူးဆိုတာ ယုံနိုင်ပေါင်"

"တကယ်ပြောတာ"

"ရည်းစားကော"

"ရှိတယ်"

"မန္တလေးမှာလား"

"မဟုတ်ဘူး ဟောဒီမှာ"

ရုပ်ရှင်ပြန်ပြရန် မီးမှိတ်ချိန်နဲ့ အံကိုက်ဖြစ်သွားသဖြင့် မိန်းမချောလေးပါးကိုနမ်းကာပြောလိုက်သည်။

"ဟယ် . . . တော့ အစ်ကို လူဆိုး၊ သူ့ရည်းစားလည်း မဟုတ်ဘဲနဲ့ သူများကိုနမ်း တယ်"

"ချစ်လို့နမ်းတာ စိတ်မဆိုးနဲ့နော် ညီမ၊ မကျေနပ်ရင် အစ်ကို့ပြန်နမ်း"

"လူလည်ကြီး ဒါနဲ့ အစ်ကို မန္တလေးကို ဘယ်နေ့ပြန်မှာလဲ ဟင်"

"ကားရှာတုန်းမို့ တစ်ပတ်လောက်ကြာဦးမယ်"

"အစ်ကို မန္တလေးပြန် သွားရင် ညီမတော့ ဆွေးပြီ။ ရှေးလူကြီးတွေပြောတဲ့ စကား သိပ်မှန်တာပဲ။ တစ်ရွာသားကို ရည်းစားလုပ်ရင် လွမ်းရတတ်တယ် တဲ့ အစ်ကို"

ထွန်းလင်းနှင့် မိန်းမချောလေးတို့သည် ရုပ်ရှင်တစ်ကားစာ နှစ်နာရီခွဲ လောက်ကြာတဲ့ အချိန်အတွင်း ချစ်လမ်းခရီးကို သွက်သွက်လျှောက်လိုက်ကြရာ အတော်ပင် ခရီးပေါက်သွားကြသည်။ မကြာမီ ရုပ်ရှင်ပြီးတော့မှာမို့ မိန်းမချောလေးသည် ဖရိုဖရဲဖြစ်နေသော သူ့အင်္ကျီကို ချပ်ချပ်ယပ်ယပ် ဖြစ်အောင်ပြင် ဝတ်ပြီး ကြယ်သီးများ

www.burmeseclassic.com

www.burmeseclassic.com



ပြန်တပ်ကာ ထမီကိုလည်း ပြင်ဝတ်လိုက်သည်။

"ညီမရေ"

"ရှင်အစ်ကို"

"ရုပ်ရှင်ပြီးရင် အစ်ကိုတို့ ၁၉ လမ်းမှာ တစ်ခုခု သွားစားကြမလား"

"မစားချင်ဘူးအစ်ကို။ ညီမ ငြီးစီစီကြီး ဖြစ်နေတယ်။ အေးအေးဆေးဆေး အရိပ်ကောင်းကောင်းမှာ ခဏထိုင်လိုက်ချင်တယ်။ နောက်ပြီးမေမေနဲ့ ညီမလေးက မော်လမြိုင်ရထားနဲ့ ပါလာမှာမို့ ညနေ (၆) နာရီဆိုဘူတာ သွားကြိုရမယ်အစ်ကို"

"အခုမှ (၃) နာရီပဲ ရှိသေးတာ မော်လမြိုင်ရထားဆိုက်ဖို့ အဝေးကြီးလိုသေးတယ်။ ကန်တော်ကြီးဘက်သွား ပြီး နားကြမယ်"

"ကောင်းသားပဲအစ်ကို"

××××

"ကားအားလား"

"ဘယ်သွားမလဲအစ်မ"

"ကန်တော်ကြီး"

မိန်းမချောသည် ရုပ်ရှင်အလွှတ် ရုံရှေ့တွင်အငှားလိုက်ရန် အသင့် စောင့်နေသော လေးဘီးကားကို အားသလားဟု မေး

"ဟောဒီမှာ မိန်းကလေးတွေက အများအားဖြင့် လိမ္မော်ရည် ကြိုက်တတ်လို့ အစ်မအတွက် လိမ္မော်ရည်၊ အစ်ကို့အတွက်တော့ ကျွန်တော်တို့ယောက်ျားချင်း ဘာကြိုက်တယ်ဆိုတာ သိတယ်။ ပြင်းရှရှ ဗင်တိုဝယ်ခဲ့တယ်"

ကြည့်ရာ အဆင်ပြေသဖြင့် ကန်တော်ကြီးသို့ သွားရန် ငှားဖြစ်သွားသည်။

"ကားဆရာ အားတော့နာတယ် ကျွန်မကို တစ်ခုကူညီပါနော်"

"အစ်ကို အအေး ဘာကြိုက်လဲဟင်"

"ရပါတယ်။ အဆင်ပြေတာပေါ့"

"ကားဆရာရယ် အအေး (၂)ပုလင်း အာလူးကြော် (၁) ထုတ်၊ ငါးမုန့်ကြော် (၁) ထုပ်၊ ရုံအောက်ကဆိုင်မှာ ဝယ်ပေးပါနော်။ အအေးပုလင်း ဖောက်ထည့်မယ့် ပလတ်စတစ်အိတ်ကို နှစ်ထပ်လုပ်ပြီး ထည့်ပေးပါဦး။ သွားရင်းလာရင်း ပေါက်ကျမှာစိုးလို့"

"ကားဆရာ ပိုက်ဆံ ယူသွားဦးလေ"

"နေပါစေ အစ်ကို၊ ကန်တော်ကြီးရောက်မှ ညီမကားခနဲ့ တစ်ပေါင်းတည်း ပေးလိုက်မယ်"

ထွန်းလင်းသည် လမ်းတစ်လျှောက်လုံး မိန်းမချောကသာ ပိုက်ဆံ ထုတ်နေရာ အားနာသဖြင့် သူ့ အိတ်တွင်းက ပိုက်ဆံထုတ်၍ ယာဉ်မောင်းအား ပေးရန် ဟန်ပြင်လိုက်ရာ မိန်းမချောက ထွန်းလင်းလက်ကို ဆွဲဖယ်ပြီး တားလိုက်သည် (တစ်ချိန်က ရေသန့်မပေါ်သေး အချိုရေသံဘူးများလည်း တွင်ကျယ်စွာမသုံးသေး အများအားဖြင့် ဘိလပ်ရည်လို့ခေါ်သည့် ကရင်ဆိုဒါ အောရှင်

www.burmeseclassic.com

www.burmeseclassic.com





လိမ္မော်ရည် စပါကလင်နှင့် ဗင်တိုအချိုပုလင်းများကို ရေခဲစိမ်ရောင်းကြသည်။

"ဟောဒီမှာ မိန်းကလေးတွေက အများအားဖြင့် လိမ္မော်ရည် ကြိုက်တတ်လို့ အစ်မအတွက် လိမ္မော်ရည်၊ အစ်ကို့အတွက်တော့ ကျွန်တော်တို့ယောက်ျားချင်း ဘာကြိုက်တယ်ဆိုတာ သိတယ်။ ပြင်းရှရှ ဗင်တိုဝယ်ခဲ့တယ်။ အာလူးကြော်နဲ့ ငါးမုန့်စားလိုက် အအေးသောက်လိုက်နဲ့ အရမ်းကောင်းတယ်"

အငှားယာဉ်မောင်းဆရာ သည် သူဝယ်လာသည့် အချိုရည်နှင့် စားစရာထုတ်များကို မြှောက်ပြကာ ထွန်းလင်းနှင့် မိန်းမချောအား ပြောပြလိုက်ပြီးနောက် ရှေ့ခန်းရှိ ချိတ်တွင် ချိတ်ထားလိုက်သည်။ ပြီးမှ လေးဘီးကားကို တလိမ့်လိမ့်မောင်းကာ ကန်တော်ကြီး ရေလယ်ကျွန်းအဝင်ဝသို့ ပို့ပေးလိုက်သည်။

ကျွန်းပေါ်အရောက် ကျည်ကွယ်မျက်ကွယ်ဖြစ်မယ့် နေရာတစ်နည်းအားဖြင့် ကဲချင်တိုင်း ကဲလို့ရမယ်နေရာကို မျက်စိဝေ့ရမ်းရှာဖွေကြည့်လိုက်ရာ ရေစပ်နဲ့ မလှမ်းမကမ်းတွင်ရှိသော သရက်ပင်ကြီးကို တွေ့သည်။

ပင်စည်ကြီးကို နှစ်ယောက်ကျောကပ် ထိုင်လိုက်လျှင် ကျောဘက်အတွက် လုံခြုံသည်။ ဘေးဘယ်ညာ ကြည့်ပြန်တော့လည်း ဘောင်ဘောင်ပင်အုပ် ကလေးတွေ အစီအရီ ပေါက်နေသဖြင့် အနီးကလာမကြည့်ဘဲ ဘယ်လိုမှ မတွေ့မြင်နိုင်၊ ရှေ့တည့်တည့်မှာမူ ဘာအဆီးအတား ဘာအကာအကွယ်မှ မရှိ၊ ပြောင်သလင်းဖြစ်သည်။ အဝေးမှမြင်နိုင်သည်။ အဘယ်ကြောင့်ဆို ရေပြင်ကြီးခြားနေသောကြောင့် ဖြစ်သည်။ ဤခြားနားချက် အတိုင်းအဆမှာ ကိုက်သုံးရာခန့်ရှိရာ မြင်ပင်မြင်နေရသော်လည်း ဘယ်သူဘယ်ဝါ ဘာလုပ်နေသည် ကွဲကွဲပြားပြား မသိနိုင်ပေ။

"အစ်ကိုရေ ဟိုမှာ ညီမတို့နဲ့ အကြံတူတွေ"

ထွန်းလင်းသည် ဟိုဟိုဒီဒီ ဝေ့ဝိုက်ကြည့်လိုက်ရာ သူတို့နဲ့ မလှမ်းမကမ်းတွင် အတွဲ နှစ်တွဲ ကဲနေကြတာ မြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဝေ့ဝိုက်ကြည့်လိုက်ရာ သူတို့နဲ့ မလှမ်းမကမ်းတွင် အတွဲ နှစ်တွဲ ကဲနေကြတာ မြင်လိုက်သည်။ ဘဝတူချင်းမို့ မည်သူမျှ မနှောက်ယှက်ကြပါ။

"အာလူးကြော်လေးက လတ်လို့လားမသိဘူး ကျွတ်ရွနေတာပဲ။ အအေးလည်း ပိုက်နဲ့ စုပ်သောက်၊ အာလူးကြော်လည်းစား၊ အစ်ကို ညီမတော့ ဗိုက်လေးလို့ အိပ်တောင် အိပ်ချင်လာပြီ အစ်ကို့ပေါင်ပေါ် ခဏ အိပ်လိုက်ဦးမယ်"

မိန်းမချောသည် ပြောပြောဆိုဆို ထွန်းလင်းပေါင်ပေါ် လှဲရင်း နှုတ်က စကားတတွတ်တွတ်ပြောနေသည်။ ခဏအကြာ ထွန်းလင်းဆီမှ ဘာစကားသံမှ မကြားသဖြင့် မိန်းမချောသည် ခေါက်ခနဲ ထထိုင် ပြီး ထွန်းလင်းကို လှုပ်နိုးကြည့်သည်။ လုံးဝ မလှုပ်၊ တစ်ဆက်တည်း ပတ်ဝန်းကျင်ကို ကြည့်တော့လည်း ဘာမှ ထူးခြား။ ထို့ကြောင့် ထွန်းလင်းကို အသာအယာ ဆွဲ၍ သူ့ပေါင်ပေါ် သိပ်လိုက်သည်။ ထိုအချိန်အထိ ထွန်းလင်းကတော့ တုတ်တုတ်မှ မလှုပ်၊ နတ်သမီးလေးသို့ တစ်ဖက်လေးငါးရာနဲ့ မိုးပေါ် ထောင်၍ တိမ်ညွှန့်စားနေဟန် ရှိပါသည်။

သိပ်ပြီး သွက်လက်ချက်ချာတဲ့ မိန်းမချော၊ ထွန်းလင်းရဲ့ လည်ပင်းတွင် ဆွဲထားသော (၃) ကျပ်သား ခန့် ရွှေဆွဲကြိုး (ထိုင်းဘတ်ကြိုး) (၁ကုံး)၊ တီအလ်စာတမ်းပါ (၃)မတ်သား ရွှေလက်စွပ် (၁) ကွင်း၊ ငွေရောရာ တစ်သောင်းငါးထောင်၊ စီကို ကျားပတ်နာရီ (၁) လုံး၊ ယူအက်စ်အေ စာတမ်းပါ အညိုရောင်လက်ကိုင်အိတ် (၁) လုံးကို မချသွားတာ ဘယ်သူ မှ မသိလိုက်ဘူး။ ထွန်းလင်း တစ်ယောက်ကတော့ သရက်ပင်ကြီးကို မှီထိုင်ရင်း အိပ်ပျော်လျက်ပဲ။

×××××

"ကဲကဲ အပေါင်းအသင်းတို့ရေ ညနေ (၆)နာရီထိုးပြီ။ ကျွန်းပေါ်က ထွက်ပါတော့ခင်ဗျာ။ သည်ထက်မှောင်ရင် အန္တရာယ်ရှိပါတယ်"

ကဲ့ကော်ကျွန်းရဲကင်းအဖွဲ့သည် ဖြစ်မှုကြိုတင်ကာကွယ်သည့်အနေဖြင့် မှောင်မိုက်မိုက်ချောင်ကြိုက်နေကြတဲ့ ကိုဖိုးကဲနဲ့ မရွှေသဲလေးများကို တာဝန်အရ နေ့စဉ် ဒီအချိန်ရောက်တိုင်း ကျွန်းအပြင်ထွက်ကြရန် နှိုးဆော်ရသည်။ ချောင်ချိုချောင်ကြားမကျန် အောင်လည်း လိုက်ကြည့်ရသည်။

"ဟာ....ဒီမှာတစ်ယောက် ငုတ်တုတ်ကြီး အိပ်နေပါလား။ ဟေ့လူ ထ....ထ"

"ဒီနေ့ ရုပ်ရှင်ကြည့်မယ်ပြောပြီး အိမ်က မနက်ကတည်းက ထွက်သွားတာ ခုထိ ပြန်မရောက်လို့ စခန်းလာ အကြောင်းကြားရင်း ဒီမှာ တွေ့ရတာပါ။ ဘာပြဿနာဖြစ်လို့ပါလဲ စခန်းမှူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လှူပ်နှိုးတာတောင် မရပါလား ဆေးမိထားပုံပဲ"

"ဟောဒီမှာ ပလတ်စတစ်အိတ်တွေ ပိုက်တွေတန်းလန်းနဲ့"

"ကဲ…ကဲ နောက်မှရှင်း မြအောင်ရေ၊ နောက်မှ ရှင်းဟ။ ခုတော့ အစီရင်ခံစာရေးပြီး စခန်းပို့ထားလိုက်"

ရဲတပ်ကြပ် မြအောင်သည် ဖြစ်စဉ်အကျိုးအကြောင်း သေချာစွာ မသိသော်လည်း ကင်းမှူး အမိန့်အရ စခန်း ပို့ထားလိုက်သည်။

ညဦး (၁၁)နာရီခန့်တွင် ထွန်းလင်း၏ယောက်ဖနှင့် အစ်မတို့သည် ထွန်းလင်းအိမ်ပြန် မလာသဖြင့် ရဲစခန်းသို့ လူပျောက် လာရောက်စုံစမ်းကြရာ ထွန်းလင်းသည် စခန်းရှိ တန်းလျားခုံပေါ်တွင် မှောက်လျက်သား အိပ်ပျော်နေကြောင်း တွေ့မြင်ရ၍ မတွေးတတ်အောင် ဖြစ်သွားကြသည်။

"ဒီလူနဲ့ ဘာတော်ကြလဲဟင်"

"ကျွန်မ မောင်အရင်းပါ။ မန္တလေးက လာပြီး ကားဝယ်တာပါ။ ဒီနေ့ ရုပ်ရှင်ကြည့်မယ် ပြောပြီး အိမ်က မနက်ကတည်းက ထွက်သွားတာ ခုထိ ပြန်မရောက်လို့ စခန်းလာ အကြောင်းကြားရင်း ဒီမှာ တွေ့ရတာပါ။ ဘာပြဿနာဖြစ်လို့ပါလဲ စစန်းမှူး"

"ဒီလိုပါအစ်မကြီး ကန်တော်ကြီးရေလယ်ကျွန်းမှာ သရက်ပင်ကို မှီရင်းထိုင်လျက် အိပ်ပျော်နေတာ တွေ့လို့ တာဝန်ရှိသူတွေက လာပို့ထား တာပါ"

"ကြည့်စမ်း ဆွဲကြိုး၊ လက်စွပ်၊ လက်ပတ်နာရီ တွေလည်း မတွေ့တော့ဘူး"

"ဒါဆို ဆေးမိတာ သေချာပြီအစ်မကြီး"

"ဟုတ်ကဲ့ ကျွန်မတို့ ဘာလုပ်ရမလဲရှင့်"

"ဆေးပြယ်တော့ သူ့ကို မေးမြန်းပြီး ဆက်လုပ်ကြတာပေါ့"

"လောလောဆယ် ညီမတို့ အိမ်ပြန်နားကြပါ။ ထူးခြားရင် အကြောင်းကြားပါမယ်"

"ညီမ…. ညီမ… အင်… အား…ကျွတ်…ကျွတ် …ကျွတ် ကျွန်တော် … ကျွန်တော် ဘယ်ရောက်နေတာလဲဟင်"

"စခန်းရောက်နေတာ ဟောဟိုမှာ ခင်ဗျားအစ်ကိုနဲ့ အစ်မလည်းရှိတယ်"

"ဒါနဲ့ ဟို ဟို"

"ခင်ဗျားနဲ့ ရေလယ်ကျွန်းမှာ အတူရှိသူကိုမေးတာလား"

"ဟုတ် …ဟုတ်ပါတယ်။ သူ…သူကောဟင်"

"အတူရှိနေတဲ့ ခင်ဗျားတောင်မသိတာ ကျွန်တော်တို့ ဘယ်လိုသိမှာလဲဗျာ။ ဒါပေမယ့် ခင်ဗျားရဲ့ဖြစ်ကြောင်း ကုန် စင်ကိုသာ မကွယ်မဝှက်ပြောပြ"

တစ်ညလုံး မူးကြောင် မူးကြောင်တွေ တတွတ်တွတ် ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော် တောင်းဆိုတဲ့အတိုင်း သူ့ဖြစ်စဉ်ကို မကွယ်မဝှက် အထက်ပါအတိုင်း ပြောပြပါတယ်။ ဒါကြောင့် ငါ့ညီ တစ်ပတ်ပဲစောင့်၊ တွေ့အောင်ရှာပြီး မိအောင်ဖမ်းပေးမယ်လို့ ကတိပေးလိုက်တယ်။ ကျွန်တော်ရဲရဲဝံ့ဝံ့ ကတိပေးရဲတာက အဲဒီအမှုမျိုး ကျူးလွန်တတ်သူရဲ့ မှတ်တမ်း ကျွန်တော်တို့ စခန်းမှာ ရှိတယ်။ သူက ထောင် (၂)ခါ ကျဖူးတယ်။

အမည်က ခင်စိန်ရီ။ နေတာကအမှတ်မရှိ၊ ကမ်းနားလမ်း၊ ပုဇွန်တောင်၊ ညောင်တန်း။ သူ့အကျင့်က တစ်ကိုယ်လုံး ပုံအပ်အပြတ်ဖြတ်တတ်တယ်။ ရွှေတွဲလွဲ ငွေတွဲလွဲ ဝတ်စားထားသောအမျိုးသားများကို ကပ်လုံးပြီး အစားအသောက်ထဲ ဆေးခပ်၊ လူမှန်းသူမှန်းမသိအောင် မူးကြောင်ရူးကြောင်ဖြစ်နေမှ ပစ္စည်းဖြုတ်ယူကာ လူကိုပစ်ထားခဲ့တတ်သည်။ ရုပ်ရည်က သနားကမားမို့ ရုပ်ပြကျော့တကွင်း ထောင်တတ်သည်။ သူ့ ကပ်မိရင် ကျားဆိုတဲ့ကျား၊ သူ့လက်က လွတ်ခဲသည်။ လက်မှတ်ဝယ်ထားပြီး နောက်မှ ရုံတွင်းဝင်တာလည်း သူ့အဖွဲ့နဲ့ ဇာတ်တိုက်၊ အသွင်ယူနေပြီးမှ ဟန်မပျက်လိုက်လာခြင်း ဖြစ်သည်။



လေးဘီးအငှားယာဉ် မောင်းသူသည် တကယ့်ယာဉ် မောင်းမဟုတ် မိန်းမချော ခင်စိန်ရီ၏ ယောကျ်ားဖြစ်သည်။ လေးဘီးအငှားယာဉ်မောင်းသူသည် သားကောင်ကို ညွှတ်ကွင်းထောင်ရာတွင် သူက ဒါရိုက်တာဖြစ်သည်။ ကိစ္စပြီးပြတ်လျှင် မိန်းမချောနဲ့ အတူပြန်ရန် ကျော့ကွင်းနဲ့ မနီးဝေးမှ ကားလေး ရပ်ကာစောင့်နေတတ်သည်။

ထွန်းလင်းနှင့် အချင်းဖြစ်နေ့ကလည်း လေးဘီးကားလေးနဲ့ ခင်စိန်ရီ ယောကျ်ားအယောင်ဆောင် လေးဘီးသမား ကန်တော်ကြီး မြောက်ဘက် ထွက်ပေါက်ကစောင့်နေတာကို ဘယ်သူမှ သိနိုင်မည် မဟုတ်ပါ။

**(လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းနိုင်ကြပါစေ။)**

ဝင်းသောင် (ရမည်းသင်း)

■

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စာမရေးဖြစ်တာ ၅ လကျော်လောက် ရှိခဲ့ပါပြီ။ ကျန်းမာရေးကြောင့် ဆိုရင်လည်း မမှားပါဘူး။ ကျွန်တော်စာမရေး ဖြစ်တဲ့ ကာလမှာပဲ အရက်သောက်တဲ့လူရွယ်၊ လူလတ်ပိုင်းအချို့ ကျဆုံးကုန်တာ တွေ့ရပြန်တယ်။

ယခုနှစ်သင်္ကြန် ရက်ကာလမှာပဲ။ ကျွန်တော်တို့ နေထိုင်တဲ့ မြို့နယ်ရဲ့ ရပ်ကွက်တစ်ခုအတွင်းမှာ အသက် ၄၀ နှစ်ကျော်တစ်ယောက် ရေနစ်သေဆုံးသွားခဲ့ရပြန်ပြီ။ နာမည်က မောင်စိုး လို့ခေါ်ပါတယ်။ သူက အရက်သောက်တတ်တယ်။ အမူး (အလွန် အကျွံ) သောက်လေ့ မရှိပါဘူး။ သူ့အချိန်အဆနဲ့ သူသောက်လေ့ရှိတာပါ။ အကြိုနေ့ရက်မှာ သူ့အပေါင်းအသင်းတွေနဲ့ အိမ်မှာ ဝိုင်းဖွဲ့သောက်ပါတယ်။ အရင်ရက်တွေက ဆိုရင် ဆိုင်မှာ ဝီစကီ ၂ ပက်လောက် သောက်နေကြပါ။ အပေါင်းအသင်းစုံလာတော့ ပိုသောက်ဖြစ်မှာပေါ့။

အဲဒီနေ့က အရက်သောက်စားပြီးတာနဲ့ အပေါင်းအသင်းတွေနဲ့ နေအိမ်ရှေ့က ရေကန် မှာ ရေဆင်းချိုးကြပါတယ်။ အချိန်

ဘယ်လိုကြောင့်
ရေနစ်သေသွားရ
တယ်ဆိုတာ
တိတိကျကျ
မပြောနိုင်ကြပါဘူး။
သေချာတာကတော့
"အရက်ကြောင့်"
အရက်မူးနေလို့
သေရတာပါပဲ။

BURMESE CLASSIC .com

သိပ်မကြာပါဘူး။ သူငယ်ချင်းတွေ အားလုံးရေကန်ပေါ်ကို ပြန်တက်သွားကြတော့ မောင်စိုးပါမလာဘူး။ အရက်သောက်စားထားကြတဲ့ သူငယ်ချင်းတွေကလည်း မောင်စိုးကန်ပေါ် ပြန်တက်သွားပြီးပဲ ထင်နေကြတယ်။ သူ့ကို အမှုမဲ့ အမှတ်မဲ့ပဲ ထားခဲ့မိကြတယ်။

မောင်စိုးက အရင်တုန်းကလည်း ရေကန်ထဲဆင်းလေ့ ရှိတာပဲ။ သူ ရေလည်းကူးတတ်တယ် ဆိုတော့ ရေနစ်လိမ့်မယ်လို့ မထင်ကြဘူး။ တစ်ယောက်နဲ့ တစ်ယောက် စကားပြောဆိုကြရင်း မောင်စိုးမရှိတာကို သတိပြုမိကြတယ်။ အိမ်ထဲမှာရှာ၊ ပတ်ဝန်းကျင်မှာရှာနဲ့ ဟိုမေး ဒီမေးလုပ်တာနဲ့ပဲ ၁၅ မိနစ်လောက်ကြာသွားတယ်။

နောက်ဆုံးတော့ ရေထဲမှာ ပြန်ဆင်းရှာကြတာပေါ့။ ရေက သိပ်မနက်ပါဘူး။ လူတစ်ယောက် ခါးတစ်ဝက် ကျော်ကျော်ပဲရှိတယ်။ သူ့သူငယ်ချင်းတွေ ဝိုင်းဝန်းရှာလိုက်တော့မှ မောင်စိုးရေနစ်ပြီး သေဆုံးနေတာကို သိကြရတယ်။ ခန္ဓာကိုယ်က အပူငွေ့ရှိနေဆဲပါပဲ။ ဒါပေမဲ့ အသက်မရှိတော့ဘူး။ မောင်စိုးရေနစ် သေသွားတာကို တစ်ယောက်တစ်ခွန်း ထင်ကြေးပေးပြောဆို ကြတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သေတာတော့ သေသွားပါပြီ။ ဘယ်လိုကြောင့် ရေနစ်သေသွားရတယ်ဆိုတာ တိတိကျကျ မပြောနိုင်ကြပါဘူး။ သေချာတာကတော့ "အရက်ကြောင့်" အရက်မူးနေလို့ သေရတာပါပဲ။

နောက်တစ်ယောက် ကလည်း သင်္ကြန်ရက်ထဲမှာပဲ သေဆုံးသွားရတာပါပဲ။ အသက် ၃၀ ကျော် အရွယ်ပါပဲ။ သူတို့ ညီအစ်ကို ၃ ယောက်ရှိတဲ့ အထဲမှာ သူက အငယ်ဆုံးပါ။ သူ့ အစ်ကို (အလတ်ကောင်) က အရက်ကြောင့်ပဲ သေသွားခဲ့ပြီးပြီ။သူလည်း အိမ်ယာမရှိ မိသားစု တစ်ကွဲတပြားစီ နေကြရတာပါ။ ကြုံရာကျပန်းလုပ်ကိုင်စားရင်း ခြေသလုံး အိမ်တိုင်ဘဝနဲ့ နေရတာပါ။ အရက်တော့ စွဲစွဲလမ်းလမ်း သောက်တယ်။

အဲဒီလိုနဲ့ပဲ ရရစားစား ကြုံရာ အိပ်ဘဝကနေ အစားအစာ ပြတ်ပြီး လမ်းဘေးတစ်နေရာမှာ သေသွားရရှာတယ်။ အဲဒါလည်း အရက်သမားဘဝအဆုံးမလှလို့ ပြောရမှာပါပဲ။ အရက်သမားဆိုတာ သာမန်လူတွေထက် ကျန်းမာရေးထိခိုက်မှု ပိုလွယ်တယ်။ ကျန်းမာရေးချို့ယွင်းလာရင် ဆေးဝါးကုသမှု မတတ်နိုင်တော့ ပိုပြီးရောဂါဝေဒနာ ခံစားရတယ်။ ကျန်မားရေးချို့ယွင်းလာရင် ရောဂါက တစ်မျိုးပြီး တစ်မျိုး ဝင်လာတာ အမှန်ပဲ။ ဒီခေတ်မှာ အမျိုးအမည်မသိရတဲ့ ရောဂါတွေကြောင့် သေဆုံးရသူတွေလည်း အများအပြားရှိတာပဲ။

**အလုပ်လည်း မလုပ်နိုင်တော့ဘဲ အရက်ကို နေ့၊ ညမပြတ် သောက်ရင်း အိပ်ရာထဲမှာ ဘုန်းဘုန်းလဲ သွားရှာတယ်။**



၂၀၁၃ ခုနှစ် မတ်လလောက်က ကျွန်တော်တို့ ရပ်ကွက်ထဲကပဲ ခင်မင်ရင်းနှီး သိကျွမ်းနေတဲ့ လူရွယ်တစ်ယောက်လည်း အရက်ရောဂါ (အဓိက အသည်းရောဂါ) ကြောင့် ယခင်က တောင့်တောင့်တင်းတင်း ခန္ဓာကိုယ်ရှိသူဟာ ဒီကနေ့ အရိုးပေါ် အရေတင်ပြီး ပိန်လှီမွဲခြောက်တဲ့ ဘဝကိုရောက်ခဲ့ရပြန်ပြီ။ သူကလည်း နေ့၊ ည မရွေး အရက်သောက်ခဲ့တာပါ။ အရင်က စီးပွားရေး တောင့်တင်းပြေလည်ခဲ့သူပါ။ အကြောင်းကြောင့် ပြဿနာတွေကြောင့် စီးပွားရေးချုတ်ခြုံကျ သွားရပြီး အိမ်မရှိ ကားမရှိဘဝကို ရောက်ခဲ့ရတယ်။

အဲဒီနောက် စိတ်ကျပြီး အရက်ကို ပိုသောက်လာရင်း ယခုလို ကျန်းမာရေးဆိုးဝါးခဲ့တာပါ။ အသားအရည်က မဲပြာသွားတယ်။ ဗိုက်ပူနံကားဆိုတဲ့ အဖြစ်ကိုရောက်ခဲ့ရတယ်။ ကျန်းမာရေး ချို့ယွင်းသွားလို့ ဆေးရုံတက်ပြီး မိသားစု အသိုင်းအဝန်းက ကူညီမှုနဲ့ အနည်းငယ် ကျန်းမာလာတယ်ဆိုရှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ ယခင်ပုံစံနဲ့ ယခုပုံစံက တစ်ခြားစီ ဖြစ်သွားပြီ။ ဆေးရုံက ဆင်းပြီး အိမ်မှာပဲ ဆေးဝါးကုသမှုခံယူနေရဆဲပါပဲ။

ကျွန်တော်တို့ ရပ်ကွက်ထဲကပဲ။ နောက်တစ်ယောက် အကြောင်းပြောရရင် မယုံချင်စရာပါပဲ။ သူက အသက် ၅၀ နှစ်ကျော်ပြီ။ ခန္ဓာကိုယ်က တောင့်တောင့်တုတ်တုတ်ကြီး သူလည်းအရက်ကို နေ့၊ ည မရွေးသောက်ရင်း အရက်နာကျပြီး အိပ်ရာထဲမှာ ဘုန်းဘုန်းလဲသွားခဲ့ရပြီး သူ့ကို လူနာသတင်းသွားမေးကြသူတွေ အားလုံးအံ့အားသင့်စရာပါပဲ။ သူလည်း မျက်တွင်းဟောက်ပက်နဲ့ ဖြစ်သွားရတယ်။ အဲဒါကလည်း "အရက်ကြောင့်" ပါပဲ။



ကျွန်တော် ယခုဆောင်းပါးရေးနေချိန်မှာပဲ ကျွန်တော်တို့ လမ်းရဲ့ တစ်ဖက်လမ်းက အသက် ၄၀ ကျော်အရွယ် တစ်ယောက်လည်း ကျဆုံးသွားရှာပြီ။ သူကအရင်က ဆိုက်ကားနင်းတယ်။ သူ့မိသားစုနဲ့သူ အေးအေးချမ်းချမ်း ရှိခဲ့ပါတယ်။ နောက်ပိုင်းတော့ အရက်သောက်ပြီး မိသားစုပြဿနာတတ်ရင်း သူ့မိန်းမနဲ့ သူကွဲသွားတယ်။ အဲဒီနောက် အလုပ်လည်း မလုပ်နိုင်တော့ဘဲ အရက်ကို နေ့၊ ညမပြတ်သောက်ရင်း အိပ်ရာထဲမှာ ဘုန်းဘုန်းလဲသွားရှာတယ်။

သူ့ကို မိသားစုတွေက ဆေးရုံပို့ပေးတယ်။ ဆရာဝန်တွေက စမ်းသပ်ကုသပေးပေမယ့် အခြေအနေက မကောင်းမှန်းသိလို့ အိမ်ကို ပြန်ခွင့်ပြုလိုက်တယ်။ ဆေးရုံက ဆင်းပြီးနောက်ရက်မှာပဲ ဆုံးသွားရှာတယ်။ အသည်းကြီးတဲ့ရောဂါတဲ့။ အဲဒါလည်း "အရက်ကြောင့်" ဖြစ်ရတာပါပဲ။

နောက်ထပ် ဖြစ်ရပ်တစ်ခုကတော့ ရယ်စရာကောင်းသလို သတိသံဝေဂရစရာ လည်းဖြစ်နေပါတယ်။

ကျွန်တော်တို့ ရပ်ကွက်ထဲက ဆိုက်ကားသမား အငယ်လေးဆိုတဲ့သူ ရှိပါတယ်။ အငယ်လေးက အရက်ကို ဇွဲဇွဲမြဲမြဲသောက်တတ်ပါတယ်။ အငယ်လေးအရက်မူးလွန်သွားရင် ဆိုက်ကားကို ဂိတ်ထိုးထားပေးမယ့် ဆိုက်ကားမနင်းနိုင်တော့ဘူး။ ဆိုက်ကားက အစ်ကိုဖြစ်သူက စပေါ်တင်ပေးထားတာပါ။ သူအဲဒီလို မူးပြီး ဆိုက်ကားမနင်းနိုင် အုံနာခ မပေးနိုင်ဖြစ်လို့ သူ့အစ်ကိုက မကြာခဏဆူတာကို ခံရတယ်။

မိခင်ကြီးက သူ့သားကို မျက်ခြေမပြတ် လိုက်ကြည့်နေရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အရက်ဆိုင်မှာတွေ့ရင် ဖျောင်းဖျ ခေါ်ရတယ်။ အရက်မူး လွန်သွားရင် အိမ်ကိုမရရအောင် ခေါ်သွားပြီး အိပ်ခိုင်းရတယ်။ ဆိုက်ကားကို ပတ်ဝန်းကျင်က လူတွေအကူအညီနဲ့ အိမ်ကိုပြန်ယူသွားရတဲ့ အထိပါပဲ။

တစ်ခါတုန်းကလည်း အရက်မူပြီး ဆိုက်ကားပေါ်မှာ အိပ်ပျော်နေတုန်း သူ့အိပ်ကပ်ထဲက ငွေသုံးသောင်းကျော်နဲ့ ဆိုက်ကားလိုင်စင်ကတ်တွေပါ ပျောက်ခဲ့ဖူးတယ်။ အဲဒီအဖြစ်မျိုးကလည်း မကြာခဏပါ။ တချို့က စိတ်ကောင်းစေတနာကောင်းနဲ့ သိမ်းထားပေးထားတာရှိသလို တချို့က ပိုက်ဆံကို ယူပြီး လိုင်စင်ကတ်တွေကို လွှင့်ပစ်ကြတာ တွေ့ရှိပါတယ်။ အဲဒါက အငယ်လေးရဲ့ အကြောင်းအချို့ပါ။

နောက်တစ်ယောက်က လိုင်စင်မဲ့ ဆိုက်ကားကိုနင်းရသူ အေးထွန်းပါ။ သူကလည်း အရက်သောက်၊ လောင်းကစား မိန်းမရှုပ်တဲ့အထိ စွယ်စုံသမားပါ။ အေးထွန်း ဆိုက်ကားတစ်စီးကို ကြာကြာ မနင်းရပါဘူး။ အံ့နာက ပြန်သိမ်းသွားတာ မကြာခဏပါပဲ။ သူကအံ့နာခကို မှန်မှန်မပေးလို့ ဆိုက်ကားအံ့နာတွေက သူ့ကို လက်ရှောင်ကြပါတယ်။

ပြီးခဲ့တဲ့ရက် ဇူလိုင်လ ၃၁ ရက်နေ့က အေးထွန်းကို အငယ်လေးက ပေးနင်းတယ်။ ရတဲ့ငွေ တစ်ယောက်တစ်ဝက်ယူ စနစ်ပေါ့။ နောက်ရက်မှာ အေးထွန်းနဲ့ အရက်သောက်ဖော်သောက်ဖက် သန်းအေးတို့ အရက်အတူသောက်ကြတယ်။ သန်းအေးနဲ့ အေးထွန်း၊ အငယ်လေးတို့က သောက်ဖော်သောက်ဖက်တွေဖြစ်သလို တစ်ရပ်ကွက်သားတွေပါပဲ။

ဆိုက်ကားကိုကျွမ်း
ကျွမ်းကျင်ကျင်
မနင်းတတ်တဲ့
သန်းအေးတစ်ယောက်
လမ်းထဲက
ဝါတွင်းဆွမ်းလောင်း
ယာယီမဏ္ဍပ်ကို
ဝင်တိုက်မိပါလေ
ရော။



အေးထွန်းက ဆိုက်ကားနဲ့ လမ်းထဲကို ပြန်လာတော့ သန်းအေးက သူ့ဆိုက်ကားနင်းချင်တယ် ဆိုပြီး ဆိုက်ကားကို နင်းတယ်။ အေးထွန်းကထိုင်စီးတယ်။ အငယ်လေးကမသိဘူး။ ကံဆိုးချင်တော့ ဆိုက်ကားကို ကျွမ်းကျွမ်းကျင်ကျင် မနင်းတတ်တဲ့ သန်းအေးတစ်ယောက် လမ်းထဲက ဝါတွင်းဆွမ်းလောင်း ယာယီမဏ္ဍပ်ကို ဝင်တိုက်မိပါလေရော။

အဲဒီမှာ ပြဿနာစတာပါပဲ။ ဆိုက်ကားက ဘာမျှမဖြစ်ဘူး။ မဏ္ဍပ်က သံဘောင်တန်းကွေးသွားလို့ဆိုပြီး အလှူခံမဏ္ဍပ်တာဝန်ခံ က ငွေ ၂၀၀၀၀ လျော်ပေးဖို့ပြောလာပြီး သန်းအေးက လက်လုပ်လက်စားဘဝ။ စားဖို့တောင် အနိုင်နိုင်ဘယ်လိုမှ လျော်ပေးစရာမရှိဖြစ်နေပြီ။ မဏ္ဍပ်တာဝန်ခံက ဆိုက်ကားကို

www.burmeseclassic.com

www.burmeseclassic.com





သိမ်းထားပြီး အလျော်ပေးမှ ဆိုက်ကားကို ပြန်ပေးမယ်လို့ ပြောတယ်။

အဲဒီသတင်း ကြားတော့ အငယ်လေးမဏ္ဍာပ်ကို ရောက်လာတယ်။ ဖြေရှင်းကြတာပေါ့။ ဆိုက်ကားက သူ့ဆိုက်ကားမို့ သူ့ကိုပြန်ပေးဖို့ ပြောတယ်။ ဆိုက်ကားတိုက်မှုဖြစ်တာ နင်းတဲ့သန်းအေးနဲ့ ရှင်းဖို့ပြောတယ်။ အေးထွန်းက ဆိုက်ကားယူသွားပြီး သန်းအေးကို ပေးနင်းလို့ ဖြစ်ရတာကြောင့် အေးထွန်းကို အဲဒီကိစ္စရှင်းခိုင်းတယ်။ မဏ္ဍာပ်တာဝန်ခံကကလည်း ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ပျက်စီးမှုအတွက် အလျော်ပေးဖို့နဲ့ မပေးရင်ဆိုက်ကား ပြန်မပေးဘူး ဖြစ်ကုန်ပြီ။

အငယ်လေး ခေါင်းရှုပ်စရာ ဖြစ်နေပြီ။ ဆိုက်ကားပြန်မရရင် သူ အိမ်နဲ့ ပြဿနာဖြစ်ရမယ်။ အံ့နာကြေးလည်း မရှာနိုင်ဖြစ်ရမယ်။ အေးထွန်းကလည်း သူနင်းတာ မဟုတ်လို့ သူဝင်မလျော်နိုင်ဘူး။ သန်းအေးနင်းလို့ ဖြစ်ရတာ သန်းအေးပဲတာဝန်ရှိတယ် ပြောပြန်တယ်။ အေးထွန်းကလည်း နဂိုထဲက ဆိုက်ကားစပေါ် မတင်နိုင်လို့ အငယ်လေးရဲ့ ဆိုက်ကားကို ကပ်နင်းရတာမို့ ဘယ်လိုလျော်နိုင်မလဲ။ တစ်ညနေလုံး ပြဿနာရှင်းရင်း မိုးချုပ်သွားတယ်။ ရှင်းမရဘဲ ဖြစ်နေတယ်။

နောက်ပိုင်းတော့ အငယ်လေး အာမခံချက်ပေးပြီး ဆိုက်ကားကို မဏ္ဍာပ်တာဝန်ခံ ဆီကနေ ပြန်ထုတ်သွားတယ်။ သူတို့မလျော်ရင် သူ စိုက်လျော်ပါ့မယ်ပေါ့။ သန်းအေး ကတစ်သောင်း၊ အေးထွန်းက ငါးထောင်၊ သူက ငါးထောင်စိုက်ပြီး လျော်ကြဖို့ဆိုပါတော့။ တစ်ကယ် လက်တွေ့မှာ သန်းအေးဆီက ငွေငါးထောင်အလွယ်တကူ မထွက်နိုင်သလို အေးထွန်းဘက်ကလည်း ငွေမထွက်နိုင် ဖြစ်နေတယ်။

မဏ္ဍာပ် တာဝန်ခံလည်း အငယ်လေး အာမခံထားတော့ ငွေလာလျော်ပေးဖို့ အငယ်လေးကိုပဲ ပြောတော့တာပဲ။ အငယ်လေးခမျာ သန်းအေးကို ပြောရ အေးထွန်းကိုရှာပြီး ပြောရနဲ့ ဖြစ်နေတယ်။ အေးထွန်းကို ဘယ်မှာရှာရမှန်း မသိဖြစ်နေပြန်ရော။ "အရက်ကြောင့်" ဖြစ်ရတဲ့ ပြဿနာ သေမလိုလိုနဲ့ မသေဘဲအမျှင်တန်း နေတယ်ဆိုရမှာပဲ။

ယခုဆောင်းပါးရေးပြီးချိန် ထိ မဏ္ဍာပ်ပျက်စီးတာ လျော်ဖို့ကိစ္စမပြီး မပြတ်သေးကြောင်း သိရပါတယ်။

ချစ်ဦးညို

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com


www.burmeseclassic.com



လေယာဉ်မှူး လီအူအားဘိတ်သည် အာဖရိက နေမင်းကြီး၏ အောက်တွင် လင်းလက်တောက်ပနေသော ရွှေခြည်သွေ့ပုံချယ်သထားသည့် အီသီယိုးပီးယား လေကြောင်းပိုင်၊ ဘိုအင်း ၇၆၇ လေယာဉ်ကြီးအား မပျံသန်းမီ ကြိုတင်စစ်ဆေးနေသည်။ များမကြာမီတွင် အီသီယိုးပီးယားနိုင်ငံ၏ မြို့တော်အား ဒစ်(စ်)ဘာဘာမှ အိုင်ဗီရိကို(စ်) နိုင်ငံသို့ (၁၂) နာရီကြာလေကြောင်း ခရီးစဉ် (၉၆၁) သတ်မှတ်ပြီး၊ စတင် ထွက်ခွာတော့မည် ဖြစ်၏။

သူ၏ကောက်သော နှာခေါင်းနှင့် နှုတ်ခမ်းမွေးတို့ကြောင့် လေယာဉ်မှူးလီအူ (၄၂) သည် ဖော်ရွေသော လင်းယုန်ငှက်ကဲ့သို့ပင်။ လေယာဉ်၏ စက်ကရိယာများကို စစ်ဆေးနေ၏။ ကုမ္ပဏီပိုင် လေယာဉ်များထဲတွင် ဤလေယာဉ်ကို သူ အနှစ်သက်ဆုံး ဖြစ်သည်။

နံဘေးတွင် တွဲဖက်လေယာဉ်မှူး လေအနပ်(စ်) မာကူးရီးယား (၃၄) ထိုင်နေပြီး အစစရာရာတွင် ဦးနှောက် အေးအေးထားပြီး လုပ်ကိုင်တတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်မှူး လီအူနှင့်တွဲဖက် ပျံသန်းရန် မျှော်လင့်စိတ်ထက်သန်နေသည်။

နိုင်ငံပေါင်း (၃၅) နိုင်ငံမှခရီးသည် (၁၆၆) ဦးသည် လေယာဉ်ပျံထဲတွင် ထိုင်နေကြသည်။ နောက်ဆုံး တက်ရောက်လာသူ (၃) ဦးမှာ အီသီယိုးပီးယား လူငယ် (၃) ဦးဖြစ်၏။ ဦးဆောင်သူသည် လေယာဉ်မယ်အား မားသီးယပ်(စ်) ဆော်လမွန်ဟု ပြောလိုက်ပြီး သူ၏ သူငယ်ချင်းများမှာ အာလီမာယီဟူ ဘီကီလီနှင့် ဆူလတန်နောဟူစိန်တို့ဖြစ်ကြသည်။

၁၉၉၆၊ နိုဝင်ဘာလ (၂၃) ရက်၊ နံနက် ၁၁း၀၉ တွင်၊ ခရီးစဉ် (၉၆၁) သည် လေယာဉ် ပြေးလမ်းပေါ်မှ တစ်ရှိန်ထိုးပြေးလွှားပြီး ကောင်းကင်ပြာကြီးပေါ်သို့တက်သွားသည်။ လေယာဉ်ကြီးပေ ၃၁,၀၀၀ ကျော်သို့ရောက်သောအခါလေယာဉ်မှူး လီအူသည် ထိုင်ခုံခါးပတ်များ ဖြုတ်နိုင်ရန် ခလုတ်ကို စိတ်လိုက်သည်။

ရုတ်တရက် အော်သံကြားများ ထွက်ပေါ်လာခဲ့၏။

"ပါးစပ်ပိတ်ထား"

"ငါတို့ပြောတဲ့အတိုင်း လုပ်စမ်း"



မားသီးလပ် (စ်) ဦးဆောင်သည့်လူငယ် (၃) ဦးသည် လေယာဉ်ရှိ လျှောက်လမ်းမှ လေယာဉ်ဦးပိုင်းသို့ ပြေးလာခဲ့သည်။ လေယာဉ်မှူးတံခါး ဝုန်းခနဲပွင့်သွားပြီး အာလီမာယီဟူ၏ လက်အိတ်နက် ဝတ်ထားသော ညာလက်ထဲတွင် တင်းနစ်(စ်) ဘောလုံးအရွယ် ပစ္စည်းတစ်ခုကို ကိုင်ထားသည်။ ဆူလတန်က …

"မင်းတို့ကို အသေရိုက် သတ်ပစ်မယ်"

ဟု အော်ဟစ်ရင်း နံရံတွင် ကပ်ထားသော ရဲဒင်းကို ဖြုတ်ယူလိုက်၏။

ဆူလတန်နှင့် မာသီလပ်(စ်) သည်တွဲဖက် လေယာဉ်မှူး ယောနပ်(စ်) ၏ ဦးခေါင်းကို လက်သီးများနှင့် ထိုးချိန်နေချိန်တွင် လေယာဉ်မှူး လီအူမှ ငြိမ်းချမ်းရေး သင်္ကေတဖြစ်သည့် လက်များကို မြှောက်ရင်း …

"မင်းတို့ပြောတာတွေကို တို့ လုပ်ပေးမှာပေါ့။ သူ့ကိုထပ်မထိုးပါနဲ့တော့"

ဟု ပြောလိုက်သည်။ ဆူလတန်က…

"မင်းအပြင် ထွက်သွားစမ်း"

ဟု ယောနပ်(စ်) ကို အပြင်သို့ တွန်းထုတ်ပြီး လေယာဉ်မှူး အခန်းတံခါးကို ပိတ်လိုက်၏။ အကြမ်းဖက်သမားများ၏ စိတ်အာရုံထွေပြားနေခိုက်တွင် လေယာဉ်မှူး လီအူသည်လေယာဉ်အပိုင်စီးခံရကြောင်း သင်္ကေတစကားဝှက် ၇၅၀၀ သို့ပြောင်းလိုက်ပြီး ရေဒီယိုစကား ပြောစက်ကို ဖိနှိပ်ကာ…

"၉၆၁ လေယာဉ်အပိုင်စီးခံရတယ်"

ဟု တိုးတိုးပြောရာ။ အခြားလေယာဉ်တစ်စီးမှ လက်ခံရရှိကြောင်း ပြန်လည်သတင်းရခဲ့၏။ ယခုတော့ သူ၏လေယာဉ်အပိုင်စီးခံရကြောင်း တစ်ကမ္ဘာလုံး သိရှိပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူ မာသီးယပ်(စ်)၏အေးစက်မာကြော သော လေသံနှင့်…

"ငါတို့ လေယာဉ်ပျံကို အပိုင်စီးလိုက်ပြီ။ ခရီးစဉ်လည်း ပြောင်းလိုက်တယ်။ ငါတို့လက်ထဲမှာဗုံးတစ်လုံးရှိပြီး အသုံးပြုဖို့လည်း အဆင်သင့်ပဲ။ ငါတို့ကသေဖို့ မကြောက်ဘူး"

ဟု ပြောသောအခါ ခရီးသည်အားလုံး သိသွားတော့သည်။

"မင်းတို့က ဘာလိုချင်သလဲ"

လီအူ တည်ငြိမ်စွာနှင့် မေးလိုက်၏။

"ငါတို့ ဩစတြေးလျမှာ နိုင်ငံရေးခိုလှုံခွင့်တောင်းဖို့ သွားမယ်။ မင်းရဲ့လမ်းကြောင်း ပြောင်းတော့"

ဟု မာသီးယပ်(စ်) က ပြောသည်။

"ဩစတြေးလျ"

လီအူသည် အံ့ဩစွာဖြင့် လေချွန်ရင်း…

"အဲဒီခရီးစဉ်က (၉) နာရီ (၁၀) နာရီ ပိုကြာမယ်။ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

မာသီးယပ်(စ်) သည် ဒေါသတကြီးနဲ့…

"ဩစတြေးလျကို သွားရင် သွား၊ မသွားရင် လေယာဉ်ကို ဖောက်ခွဲပစ်မယ်"

လေယာဉ်မှူး လီအူသည် ဆီမှတ်ကို လက်ညှိုးထိုးပြရင်း…

"ဒီမှာကြည့်၊ ဆီ (၁၄) တန် ဘဲရှိတယ်။ လေယာဉ်က တစ်နာရီ (၅)တန်စားတယ်။ ဘယ်လိုနည်းနဲ့မှ ဩစတြေးလျကို မရောက်နိုင်ဘူး"

မာသီးယပ်(စ်)သည် အခန်းထဲမှ ဒေါသတကြီး ထွက်သွားပြီး လက်ထဲတွင် ခရီးစဉ်အတွင်း ဖတ်သည့် မဂ္ဂဇင်းတစ်ခုကို ယူလာကာ ကုမ္ပဏီပိုင် လေယာဉ်များကို လက်ညှိုးထိုးရင်း …

"ငါတို့ လေယာဉ်ပျံကို အပိုင်စီးလိုက်ပြီ။ ခရီးစဉ်လည်း ပြောင်းလိုက်တယ်။ ငါတို့လက်ထဲမှာ ဗုံးတစ်လုံးရှိပြီး အသုံးပြုဖို့လည်း အဆင်သင့်ပဲ။ ငါတို့ကသေဖို့ မကြောက်ဘူး"

"မင်းညာနေတာ"

အသံကျယ်ကျယ်ဖြင့် ဖတ်ပြ၏။

"ဘိုအင်း ၇၆၇၊ သွားနိုင်တဲ့ အကွာအဝေး မိုင် (၅၀၀၀)၊ ပျံသန်း နိုင်ချိန် (၁၁) နာရီ"

"အဲဒီလေယာဉ်ကို ဆီဖြည့် ထားရင် ရ တယ်"

လီအူရှင်းပြရင်း …

"ဒါပေမဲ့ တို့ ဆီအပြည့် မဖြည့်ခဲ့ဘူး။ ဆီထည့်မှတ်ကို ကြည့်"

"ငါတို့ပြောတာကိုသာ လုပ်ပါ။ တို့က သေဖို့ အသင့်ပဲ"

ဟု မာသီးယပ်(စ်) က ပြော၏။

"ကောင်းပြီလေ"

လီအူကပြောရင်း လေယာဉ်ကို ကင်ညာနိုင်ငံ ကမ်းရိုးတန်းဘက်သို့ လမ်းကြောင်းပြောင်းလိုက် ၏။ သူ၏နောက်တွင် ရပ်နေသော အခြားအကြမ်း ဖက်သမား၏ လက်ထဲတွင် ရှိသောပစ္စည်းသည် လက် ပစ်ဗုံးအရွယ်အစားမရှိသော်လည်း လီအူသည် မလိုလားအပ်ဘဲ စွန့်စားမှုမလုပ်ရဲပေ။

နောက်ပြီးကုမ္ပဏီညွှန်ကြားချက်များက တိကျစွာဆိုထားသည်။ ဤအထဲတွင် 'လေယာဉ် အပိုင်စီးသူများကို အနိုင်ရချေရှိ နိုင်သည်ဟု သိရှိ

www.burmeseclassic.com

www.burmeseclassic.com



"ဆီပြတ်သွားလို့ လေယာဉ်ပျံစက်တစ်လုံး ရပ်သွားပြီ၊ နောက်တစ်လုံးလည်း မကြာခင်ရပ်တော့မယ်။ လေယာဉ် အရေးပေါ်ဆင်းဖို့ ကျွန်တော် ပြင်ဆင်နေပါတယ်"

သော်လည်း ပြန်လည်တိုက်ခိုက်ခြင်း သို့မဟုတ် သူတို့ကို မနှိမ်နင်းရ ဟု ရေးသားထား၏။ တည်တည်ငြိမ်ငြိမ်နဲ့ သူတို့ပြောတာတွေကို လုပ်ပြီးအရင်ကလည်း အစဉ်ပြေဖူးသောကြောင့် ဒီတစ်ခါလည်း ချောချောမောမော ပြီးစီးသွားနိုင်သည်ဟု လီအူက ဆုံးဖြတ်လိုက်သည်။ ဆီလုံလောက်မှု မရှိဘဲ အိန္ဒိယသမုဒ္ဒရာကို ဖြတ်၏။ ဩစတြေးလျနိုင်ငံသို့ ဘယ်သူမှ ရှုးသွပ်ပြီးပျံသန်းမည် မဟုတ်ပါ။

လေယာဉ်ကြီးသည် ကင်ညာနိုင်ငံသို့ ဖြတ်ကျော်သောအခါ သူ သည်လှမ်း၍ ဩစတြေးလျနိုင်ငံသို့ လမ်းကြောင်းပြောင်းမည်ဟု သတင်းပို့လိုက်သည်။ ချက်ချင်း တစ်ဖက်မှ …

"ဆီ လုံလုံလောက်လောက် ရှိကြောင်း အတည်ပြုပါ"

ဟု မေးခဲ့သည်။

"မရှိဘူး။ ပျံသန်းချိန် နှစ်နာရီခွဲစာပဲ ဆီရှိတယ်"

"အရန်သင့်နေပါ"

လေကြောင်း ထိန်းသိမ်းရေး အရာရှိက ထိုသို့ ပြောဆိုပြီး တာဝန် ရှိသူများနှင့် အရေးပေါ် ဆွေးနွေးပြီး …

"မွန်ဘာဆာ လေယာဉ်ကွင်း မှာ ဆီဖြည့်ခွင့်ရတယ်။ ဒါပြီးရင် ဆက်ပျံသန်းပါ။ ခင်ဗျားရဲ့ အကြမ်းဖက်သမားတွေ ဘာမှစိုးရိမ်စရာမရှိဘူး"

လေယာဉ်မှူး၏ အပြန် အလှန်ပြောဆိုနေ သံများကို စပီကာနှင့် ဆက်ထားသောကြောင့် အပိုင်စီးသူများက အားလုံးကြားသည်။ နားထောင်ပြီးသောအခါ မာသီးလပ်(စ်) သည် လီအူ၏ ခေါင်းထက်မှ စကားပြောကိရိယာကိုဒေါသတကြီး ဖြုတ်လိုက်ပြီး စပီကာကို ပိတ်လိုက်သည်။

နေ့လယ်(၁) နာရီတွင် လီအူသည် လေယာဉ်ကို တောင်ဘက်သို့ ကွေ့လိုက်ပြီး ပင်လယ်ပြာကြီးနှင့် ထိစပ်နေသော အာဖရိကမ်းခြေတစ်လျှောက် ပျံသန်း၏။ အပိုင်စီးသူများအနေနှင့် အမှန်တရားကို လက်တွေ့ကျကျ နားလည်သိရှိတဲ့အခါမှ သူအဖို့ လေယာဉ်ကွင်း တစ်ခုခုကို ရှာရပေတော့မည်။ လေယာဉ်ဦးတည်ရာတွင် မိုဇမ်ဘစ်နိုင်ငံနှင့် အရှေ့ဘက် ဆက်သွားလျှင် မာဒါဂါစကာ နိုင်ငံရှိသည်။ နှစ်နိုင်ငံ ကြားတွင် ကျွန်းစုနိုင်ငံဖြစ်သည့် ကိုမိုရိုး(စ်) ရှိသည်။

"မင်းတို့ဘာကြောင့် အပြစ်မရှိတဲ့ လူတွေကို သတ်ချင်တာလဲ"

လီအူကမေး၏။

"ငါတို့ကို ကမ္ဘာကသိစေချင်တယ်။ ရာဇဝင်တွင်မဲ့ အလုပ်တစ်ခုပဲ"

မာသီးယပ်(စ်)က ပြောသည်။ လီအူ ချာချာ လည်သွားတယ်။ သူတို့က ရှုးသွပ်နေပြီး တကယ် လုပ်မဲ့လူတွေပဲ။ ရုတ်တရက် မားသီးယပ်(စ်)သည် အောက်ဘက်မှာ ကမ်းခြေကိုတွေ့လိုက်ရာ ဒေါသနှင့်အော်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာလို့ ကမ်းခြေတစ်လျှောက်မောင်းနေတာလဲ။ ပြန်ကွေ့လိုက်"

လီအူသည် အရှေ့ဘက်သို့ လမ်းကြောင်းပြောင်းလိုက်၏။ လေယာဉ်တွင်နောက်ထပ် မိုင် (၂၈၀) လောက်သာ ပြန်သန်းနိုင်မည့်ဆီသာ ကျန် တော့သည်။ မာဒါဂါစကာ ခရီးစဉ်တစ်ဝက်တောင် မရောက်နိုင်တော့ပေ။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းတွင် နက်ပြာရောင်အမှတ်လေး တစ်ခုပေါ်လာသည်။ ဤသည်မှာ ဂရင်ဒီကိုမိုရိုကျွန်းကြီး ဖြစ်သည်။ အကြမ်းဖက်သမားများအနေနဲ့ အမှန်တရားကို လက်ခံလိုလက်ခံငြား ဆီအမှတ်ကို ထောက်ပြရင်း...

"အသက်ရှင်နေဖို့ မိနစ် (၃၀)"

ဟုပြောလိုက်၏။

မားသီးယပ်(စ်)သည် စူးစိုက် ကြည့်ကာ သူ၏လက်ထဲမှ ဝီစကီပုလင်းနှင့် လီအူ၏ခေါင်းကို ရိုက်ချလိုက်ပြီး ...

"ငါ့ကို ဒါမပြောနဲ့"

ဟု အော်ပြောသည်။



နာကျင်မှုများကို ထိန်းချုပ်ရင်း လီအူ ကမ်းခြေသို့ လှမ်းကြည့်လိုက်သည်။

"ဟိုမှာ ဘုရားသခင်မတာပဲ"

လေယာဉ်ကွင်းတစ်ခု ဖြစ်သည်။ ယခု လီအူ အကျပ်ရိုက်တော့သည်။ အကြမ်းဖက်သမားများရဲ့ စကားကိုပဲ နားထောင်မလား။ မလုပ်တော့ဘူး။ သူတို့ကို အာခံမယ်။ သူတို့ဘယ်လိုပဲ ခြိမ်းခြောက် ခြိမ်းခြောက် ဆက်ပြီးမပျံတော့ပါ။ လီအူသည် တစ်ဖက်သို့ ကွေ့လိုက်သည်။ သူတို့ခွင့်ပြုမယ်ဆိုရင် လေဆိပ်မှာ ဆင်းသက်ပြီး ခွင့်မပြုရင်တော့ ကယ်ဆယ်ရေးသမားများ လွယ်ကူစွာ ရောက်လာနိုင်ရန် ကမ်းခြေနဲ့အနီးဆုံး ရေပြင်ပေါ် ဆင်းသက်မည်ဟု ဆုံးဖြတ်လိုက်သည်။

"မင်းဘာလို့ ကွေ့တာလဲ"

မားသီးယပ်(စ်)က အော်သည်။

"တို့ ဆီပြတ်တော့မယ်"

"ကိစ္စမရှိဘူး ဆက်မောင်းပါ"

လီအူက ဆီဒိုင်ခွက်ကို ကြည့်လိုက်၏။ သွေးများ အေးခဲသွားသည်။ ညာတိုင်ကီ "ဗီးရိုး" လေယာဉ်သည် ညာဘက်ဘေးသို့ ခါရမ်းသွားသည်။ ညာအင်ဂျင်သည် ဆီပြတ်မှုကြောင့်ရပ်သွားပြီ။ ဘယ်ဘက်မှ အင်ဂျင်သည် ရှိသမျှ ဆီများကို ထုတ်သုံးတော့မည်။

လီအူ စကားပြောခွက်ကို ယူပြီး ခရီးသည်များကို အကြောင်းကြားလိုက်သည်။

"ဆီပြတ်သွားလို့ လေယာဉ်ပျံစက်တစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားပြီ၊ နောက်တစ်လုံးလည်း မကြာခင်ရပ်တော့မယ်။ လေယာဉ်အရေးပေါ်ဆင်းဖို့ ကျွန်တော် ပြင်ဆင်နေပါတယ်"

အော်ဟစ်သံများ၊ ငိုယိုသံများ ထွက်ပေါ်လာပြီး အသက်ကယ် အိတ်များကို လုယက်ယူနေကြ၏။ တွဲဖက်လေယာဉ်မှူး လောနပ်(စ်) နှင့် ဝန်ထမ်းများက ခရီးသည်များကို အရေးပေါ်ဆင်းသက်ရန် ကူညီပေးနေ၏။ ရုတ်တရက် လေယာဉ်ကြီး ယိမ်းယိုင်သွားပြီးနောက် ဒုတိယ အင်ဂျင်မှာလည်း စက်ရပ်သွားတော့၏။ ကိုယ်ထည်ကို တိုးနေသော လေ တိုက်ခိုက်သံမှ လွဲ၍ လေယာဉ်ကြီးသည် ဆိတ်ငြိမ်လျက်

လီအူသည် ယခုအခါ လေးလံသောစက်မဲ့ လေယာဉ်ကြီးကို မောင်းနေ၏။ စွမ်းအင်မရှိ ထိန်းသိမ်းရေးမကောင်း၊ အရှိန်လျှော့တင်းပေးသော ဒလက်(ပ်)များလည်း သုံးမရတော့။ လီအူသည် လေယာဉ်ပြေးလမ်းကို ဦးတည်လိုက်၏။

ဝီစကီ သောက်ထားသော မာသီးယပ်(စ်) သည် လေယာဉ်ထိန်းတံကို လုလူကာ တစ်ဖက်သို့ ဆွဲလှည့်ရင်း ...

"ဒီဘက်ကို မသွားနဲ့"

ဟု အော်ဟစ်သည်။ လီအူ သည်စောက်ထိုးဆင်းနေသော လေယာဉ်ကို ထိန်းသိမ်းရန် ထိန်းတံကို ပြန်လုယူလိုက်သည်။

ခရီးသည်များ၏ အသက်ကို ကယ်တင်ရန် လီအူသည် လေယာဉ်ကြီးကိုမရမက ထိန်းနေစဉ် လေယာဉ်ကြီးသည် ပင်လယ်ပြင်ဘက်သို့ တိုး၍ တိုး၍ ဝင်တော့ သည်။ ရုတ်တရက် ဘာအကြောင်းမှ မပြတော့ဘဲ မာသီးယပ်(စ်) သည် သူ၏အရူးလုပ်ရပ်ကို ဆက်မလုပ်တော့ပေ။

ခရီးစဉ် (၉၆၁) သည် ယခုအခါ၌ ပင်လယ်ပြင်အတွင်း မိုင် (၂၀) ခန့်သို့ရောက်နေ၏။ လေယာဉ်ကွင်းကိုပင် မမြင်ရတော့ပါ။ လီအူသည် ကျွန်းဖက်သို့ ကြိုး စားကွေ့ခိုက် လေယာဉ်ကြီးသည် တဖြည်းဖြည်းနိမ့်ဆင်းလာသည်။ ပင်လယ်ပြင်ပေါ်မှာ ဆင်းသက်ရန်မှတစ်ပါး အခြားနည်းမရှိတော့ ပါ။



လီအူသည် ပင်လယ်ကမ်းခြေပေါ်မှ ဟိုတယ်တစ်ခုကို လှမ်းမြင်တွေ့ရသောကြောင့် ထိုနေရာသို့ ဦးတည်လိုက်၏။

လေယာဉ်မှူးအခန်းတံခါး ပွင့်လာပြီး လောနပ်(စ်) သည် တံခါးဝတွင် ရပ်ကာ ...

"ကျွန်တော် လေယာဉ်မှူးကို ကူညီရမယ်"

ခိုင်ခိုင်မာမာပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မာသီးယပ်(စ်) သည် ရဲဒင်းကို မြှောက်ကာ-

"မင်းအကူအညီမလိုဘူး ထွက်သွား"

ဟု အော်ပြောသော်လည်း လောနပ်(စ်) သည် သူ့ကိုတွန်းဖယ် ဖြတ်ကျော်ကာ၊ သူ၏ ထိုင်ခုံပေါ်တွင် ဝင်ထိုင်ရင်း လေကာမှန်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။

"ဘုရားသခင်"

တစ်နာရီမိုင် (၂၃၀) နှုန်းနှင့် ဘိုအင်း ၇၆၇ သည် ရေပြင် အထက်ပေ (၁၅၀) သာသာတွင် ပျံသန်းနေ၏။ မာသီးယပ်(စ်) သည် လေယာဉ်ထိန်းတံကို လှမ်းဆွဲလိုက်ပြန်သည်။

"ဘုရားသခင် ... ငါတို့အလုပ်ကို ငါတို့အေးအေးဆေးဆေး လုပ်ပါရစေ"

ဟု လောနပ်(စ်) သည် အော် ရင်း လေယာဉ်ကို တည့်အောင် ထိန်းနေသည်။ လေယာဉ်မှူး (၂) ဦးသည် သူတို့၏ မျှော်လင့်ချက် ကင်းနေသော ထိန်းသိမ်းမောင်းနှင်မှုကို ပြုလုပ်စဉ် မာသီးယပ်(စ်) သည် နောက်သို့ ဆုတ်လိုက်၏။ ခေတ်မီဂျက်လေယာဉ်ကြီး တစ်စင်းကို ရေပြင်ပေါ်တွင် မောင်းနှင်ဆင်းသက်ခြင်းပင်။

လီအူသည် ရေပြင်လျှောစီး သူတစ်ဦးက လက်ထဲမှ ကြိုးကို လွှတ်ပြီး၊ ရေပြင်အပေါ်ယံ လျှပ်၍ စီးကာ အရှိန်သပ်ရန် လုပ်သကဲ့သို့ သူ၏ လေယာဉ်ကြီးကို ပြုလုပ်ကြိုး စားရန် ရည်ရွယ်ထားသည်။ သို့သော် အရှိန်ထိန်း ဖလက်(ပ်)များ မရှိသောကြောင့် အရှိန်သည် သာမန်ထက် မိုင် (၉၀) ကျော်နေသည်။

အတူတကွ ပူးပေါင်းဆောင် ရွက်နှင်ရင်း လေယာဉ်ကြီးကို ထိန်းနေ၏။ လက်ရှိ (၁၉၅) မိုင်နှုန်းမှ လျှော့စေရန် လေယာဉ်ဦးကို မော့လိုက်သည်။

ယခုအခါ လေးလံသောစက်မဲ့ လေယာဉ်ကြီးကို မောင်းနေ၏။ စွမ်းအင်မရှိ၍ထိန်းသိမ်း ရေးမကောင်း၊ အရှိန်လျှော့ပေးသော ဖလက်(ပ်)များလည်း သုံးမရတော့ . . .

"ရေပြင်နဲ့ ထိနေပြီ"

ဟု လောနပ်(စ်)က အော်လိုက်သည်။ ဘယ်တောင်ပံသည် ရေပြင်နဲ့ ရှပ်ထိလိုက်သည်။

"လုပ်ထားစမ်း။ လုပ်ထားစမ်း။ မင်း လုပ်နိုင်ပါတယ်"

ဟု လီအူသည် လေယာဉ်ကြီးကို ချော့ချော့ မော့မော့နှင့် မောင်းနှင်နေသည်။ လေယာဉ် အမြီးပိုင်းတွင် ရေပန်းများဖွာထွက်နေပြီ။ ရေပြင်ပေါ်တွင် လေယာဉ် ကြီးသည် အရှိန်မပျက် ပျံသန်းနေဆဲ ဖြစ်သည်။

ကမ်းခြေပေါ်မှ တိုးရစ်(စ်) တစ်ဦးသည် တုန်လှုပ်အံ့သြစွာဖြင့် ခရီးစဉ် (၉၆၁)၏ နောက်ဆုံးစက္ကန့်များကို ဗွီဒီယိုရိုက်နေ၏။ ဘယ်တောင်ပံသည် လှိုင်းလုံးတစ်ခုနှင့် တိုက်ခတ်မိပြီး ဘယ်အင်ဂျင်ပြုတ်ထွက်သွားသည်။ ၎င်းနောက် လေယာဉ်ကိုယ်ထည် တစ်ပတ်လည်သွား၍ ညာတောင်ပံသည် မျဉ်းမတ်သဖွယ်ဖြစ်သွားပြီး ဖြူး ဖွေးသောရေများ ပေါက်ကွဲမှုအောက်တွင် လေယာဉ်ပျံကြီး ပျောက်ကွယ်သွား၏။

အသက်ကယ် လှေပေါ်သို့ မိမိကိုယ်ကို ဆွဲတင်ရင်း လောနပ် (စ်) သည် သူ၏ လေယာဉ်မှူးကြီးကို လှည့်ပတ်ရှာနေ၏။ မိနစ်ဝက်ခန့် ကြာသော်၊

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဒါဏ်ရာမှ သွေးများ စီးဆင်းကာ လေယာဉ်မှူး လီအူသည် ပက်လက်နှင့် ရေထဲတွင်မျောနေသည်ကို တွေ့လိုက်၏။

"မသေပါနဲ့၊ ငါ့အပေါ်မှာ မသေပါနဲ့ဦး"

လောနပ်(စ်) သည် ဟစ်အော်တော့သည်။

မိနစ်အနည်းငယ်ကြာ ကမ်းခြေမှသင်္ဘောတစ်စီးသည် အရှိန်နှင့် သူတို့ထံလာခိုက် လောနပ်(စ်) သည် လီအူရင်ဘတ်ကို ရေများ အန်ထွက်ရန် နှိပ်ပေးနေ၏။

"သူ အသက်ရှင်မှာပါပဲ"

ဟု ကမ်းခြေအရောက်တွင် လောနပ်(စ်) သိလိုက်သည်။

ကမ်းပေါ်မှ အပန်းဖြေခရီး သည်များထဲတွင် ရှိနေသော ဆရာဝန်များသည် ထိခိုက်ဒဏ်ရာရသူများကို ကမ်းခြေပေါ်သို့ ခေါ်ဆောင်ကာ စောင့်ရှောက်ပေးခဲ့သည်။ သေဆုံးသူ (၁၂၅) ယောက်ထဲတွင် အကြမ်းဖက်သမား (၃) ဦးစလုံး ပါဝင်ခဲ့သည်။ မယုံကြည်နိုင်စရာ ခရီးသည် (၄၅) ဦးနှင့် လေယာဉ်ဝန်ထမ်း (၄) ဦး အသက်ရှင်လျက် ကျန်ရစ်ခဲ့သည်။



လေယာဉ်မှူး (၂) ဦးသည် မကြာခင်မှာပင် ပြန်လည်၍ တာဝန်များကို ထမ်းဆောင်ကြသည်။ ၁၉၉၇၊ အောက်တိုဘာ (၂၃) ရက်နေ့တွင် လေယာဉ်မှူးများ အသင်းကြီး၏ ...

"လူအသက်များကို ကယ်တင်ရန် ထူးချွန်ပြောင်မြောက်စွာ ပါဝင်ဆောင်ရွက်ခဲ့သော လုပ် ရပ်"

ဆုကို ရခဲ့၏။ အသင်းကြီး၏ ဥက္ကဋ္ဌ လေယာဉ်မှူးကြီး ကလစ်(ဖ်) အဲ(လ်)တန်မှ ...

"အံ့ဖွယ်ရာ သတ္တိဗျတ္တိရှိတဲ့လုပ်ရပ်ဖြစ်ပြီး လက်ဖျားခါလောက်အောင် ထူးခြားပြောင်မြောက် တဲ့ လေယာဉ်မောင်းနှင်မှုက အသက်အများကြီးကို ကယ်ခဲ့တာပါ"

ဟု ချီးကျူးပြောခဲ့သည်။

Readers Digest

April-1998

Johr Dyson ၏ Last Hope Flight 961 ကို ဆီလျော်အောင်ပြန်ဆိုသည်။

နေဇော်ဦး

www.burmeseclassic.com

www.burmeseclassic.com



# အမေရိကန် စီကာယ်မြို့စွန်တွင် သေနတ်ပစ်ခတ်မှုဖြစ်



အမေရိကန်-ဝါရှင်တန်-စီကာယ်မြို့မှ တောင်ဘက်မိုင် ၂၀ ဝေးသော မြို့စွန်စုပေါင်းအိမ်ရာ အနီးတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး လူ ၅ ဦးသေဆုံးခဲ့ရာ တစ်ဦးမှာ ရဲနှင့်ရင်ဆိုင်တွေ့ပြီး ပစ်ခတ်ခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

ထိုနေ့ည ၉း၃၀ ခန့်တွင် စီကာယ်၃ စုပေါင်း အဆောက်အဦးတွင်း သေနတ်ပစ်ခတ်သံများ ကြားရကြောင်း မြို့တော်ရဲတပ်ဖွဲ့သို့ အရေးပေါ်ဖုန်းသတင်းရောက်လာသည်။ ရဲတပ်ဖွဲ့ဝင်များအချိန်နှင့် တပြေးညီသွားရောက်ခဲ့ရာ ထိုအဆောက်အဦး၏ ကားရပ်ပါကင် မြေပြင်ပေါ်တွင် အမျိုးသား ၂ ဦး သေနတ်ဒဏ်ရာဖြင့် လဲကျသေဆုံးနေသည်။ ရဲတပ်ဖွဲ့ရောက်ရောက်ခြင်း သေနတ်ကိုင်ထားသော လူတစ်ဦးကို ရဲတို့က တွေ့ရှိရာတွင် ၄င်းလူသည် လက်နက်ချခြင်း မရှိဘဲ ရင်ဆိုင်ပစ်ခတ်ကြရာမှ သေနတ်သမား ကျည်ထိသေဆုံးခဲ့သည်။ ဆက်လက် စစ်ဆေးတွေ့ရှိချက်အရ အဆောက်အဦးအပေါ် ယူနစ် ၂၅ တွင် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ သေနတ်မှန် သေဆုံးနေကြကြောင်း ထပ်မံ တွေ့ရှိခဲ့သည်။ အခင်းဖြစ်ပွားစဉ်တွင် ပါဝင်သူအားလုံး သေဆုံးနေပြီဖြစ်၍ အခင်းဖြစ်ပွားပုံမှ ရှုတ်ထွေးနေသည်။ သို့ရာတွင် နောက်ဆုံးလက်နက်ကိုင် ရင်ဆိုင်တွေ့၍ သေဆုံးသူသည် မူလတရားခံ ဟု ယူဆသည်။ အမှုကို စုံစမ်းစစ်ဆေးလျက်ရှိ၏။

**ညိုမြင်းလွင် (မော်ကျွန်း)**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ညိုမြေမှုတ်ဆေးနိုင်း

**မောင်ရှုသစ်**



ဆန်စက်ပိုင်ရှင် ဖြစ်သော ဦးမျိုးထွန်းသည် အသက်သုံးဆယ်အရွယ်တွင် မုဆိုးဖိုဖြစ်ခဲ့ရာ သူ့ထက်အသက် ဆယ်နှစ်တိတိငယ်သော ဒေါ်တင်မလတ်နှင့် လက်ထပ်ခဲ့ရာမှ တစ်ဦးတည်းသော သမီးဖြစ်သူ နှင်းဝေထွန်းကို မွေးဖွားခဲ့သည်။

နှင်းဝေထွန်းဆယ်တန်း ကျောင်းသူအဖြစ် (၁၇)နှစ် အရွယ်သို့ ရောက်သောအချိန်၌ ဦးမျိုးထွန်းမှာ အသက် (၄၈) နှစ်အရွယ်၊ ဒေါ်တင်မလတ်မှာ အသက် (၃၈)နှစ်အရွယ်ရှိပြီ ဖြစ်၏။ ဦးမျိုးထွန်းသည် သူ့ထက်အသက်ငယ်ရွယ်ပြီး နုပျိုချောမောလှပသော ဇနီးဖြစ်သူ ဒေါ်တင်မလတ်ကို အလွန်တရာချစ်မြတ်နိုးတန်ဖိုးထား၏။ ထို့ကြောင့်လည်း ချက်နှာတစ်ချက် အပျက်မခံ ဇနီးချောသဘောအတိုင်း အရာရာဖြစ်နေခဲ့သည်။

လယ်ကွေများစွာ ဆန်စက်များစွာ ပိုင်ဆိုင်သော ဦးမျိုးထွန်းသည် ဇနီးချောနှင့်ဆယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူသမီးချောလေးတို့ကို ဒီခေတ်အချိန်အခါမျိုးမှာ အစစ အရာရာ လိုအပ်မှု မရှိလေရအောင် ဖြည့်ဆည်းပေးနိုင်သည့် လုပ်ငန်းရှင် သူဌေးတစ်ယောက် ဖြစ်သည်။ သို့သော်တစ်ဦးတည်းသော ဆယ်တန်းကျောင်းသူ သမီးလေးအတွက် ပြောပလောက်အောင် အလိုလိုက် အကြိုက်ဆောင်ရခြင်း မရှိ။ ဇနီးချောအတွက်တော့ တချို့ကိစ္စရပ်များတွင် အဆင်မပြေသော်လည်း စိတ်ချမ်းသာရင် ပြီးရောသဘောနှင့် မပြောဘဲနေခဲ့သည်များလည်း ရှိသည်။

ဒေါ်တင်မလတ်သည် ရိုးရာနတ်များကို အလွန်အမင်း ယုံကြည်ကိုးကွယ်သောသူ တစ်ယောက်ဖြစ်၏။ အယုံလွယ်ပြီး အမြှောက်ကြိုက်သော လူတစ်ယောက်လည်း ဖြစ်သည်။ အိမ်တွင် မကြာခဏ နတ်ကန္တားပေးတတ်ပြီး နတ်ကတော်များနှင့် အလွန်ရင်းနှီး၏။ အရွယ်နုနယ်သော ဆယ်တန်းကျောင်းသူ နှင်းဝေထွန်း ကတော့ ရိုးရိုးကုတ်ကုတ်နှင့် ကျောင်းပညာကိုသာ ကြိုးစားသင်ယူသည်။ စာပေဝါသနာပါသည့် အလျောက် ကျောင်းစာများအပြင် ဗဟုသုတရမည့် စာအုပ်များကိုပါ ဖတ်၏။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူသော အနန္တော အနန္တ ငါးပါးမှ လွဲ၍ သူမအတွက် ယုံကြည် ကိုးကွယ်ရာမရှိချေ။ မိခင်ဖြစ်သူ ဒေါ်တင်မလတ်၏ စိတ်နှင့် သမီးဖြစ်သူ နှင်းဝေထွန်းတို့၏စိတ်မှာ အရှေ့နှင့်အနောက် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတော့သည်။

“လူရယ်လို့ ဖြစ်လာကတည်းက ကိုယ်တော်လေးက အမြဲစောင့်ရှောက်နေတာပေါ့။ ကိုယ်တော်လေး အမိန့်ရှိလို့ အခုလို မမဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာပဲ မမရေ”

×××××

ညနေ ကျောင်းလွှတ်ပြီ ဖြစ်သဖြင့် နှင်းဝေထွန်းသည် အိမ်မှလာကြိုသော ကားဖြင့် ပြန်လာခဲ့၏။ ကားပေါ်မှ ဆင်းကာ အိမ်ထဲသို့ ဝင်လိုက်သောအခါ မိခင်နှင့်အတူ ဧည့်ခန်းတွင် ထိုင်၍ စကားလက်ဆုံကျနေသော အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ခန့်ရှိ ဖြူဖြူနွဲ့နွဲ့ယောကျ်ားလေး တစ်ယောက်ကို တွေ့လိုက်ရ၏။ အပျိုဖော်ဝင်ခါစ အလှသွေးကြွယ်နေသော မျက်နှာ၊ ဝါဝင်းသောအသားအရည် ဖွံ့ထွားသော ကိုယ်ခန္ဓာကို ပိုင်ဆိုင်ထားသော နှင်းဝေထွန်းအား တစ်မိန်းယောကျ်ားလေးမှ စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏။

“မမရဲ့ တစ်ဦးတည်းသော သမီးလေး နှင်းဝေထွန်းလေ စိုး-

www.burmeseclassic.com

www.burmeseclassic.com



စိုးရဲ့''

''သြော်…မမရဲ့သမီးကိုး။ ကျောင်းဆင်းလာပြီလား ညီမလေး''

အသံ ညောင်နာနာနှင့် နှုတ်ဆက်လိုက်၏။ နှင်းဝေထွန်း ပြန်မဖြေဘဲ အံ့သြစိတ်နှင့်စေ့စေ့ ကြည့် လိုက်၏။

ရှပ်ပွ ထိုးထောင်နေသော ကိုရီးယားပုံစံ အဝါရောင်ဆံပင်နှင့် မိန်းမချောချောသော မျက်နှာမှာ ပင်ကိုယ်ထက် ပိုမိုသိသာစွာ ဖြူဖွေးနေသည်။ ပန်းရောင်အင်္ကျီ လက်ရှည်နှင့် စတိုင်ဘောင်းဘီ အဖြူ ဝတ်ထားပြီး ကန့်ကလျ ဟန်အမူအရာ၊ ဝတ်စားဆင်ယင်ပုံ စကားအပြောအဆို လေသံတို့မှာ နှင်းဝေထွန်းမျက်စိထဲတွင် အယ်လိုမှ အဆင်မပြေနိုင်အောင် ဖြစ်နေသည်။

''စိုးစိုးနှုတ်ဆက်နေတာ ပြန်ပြောဦးလေ သမီးရဲ့၊ သမီးက ဒီလိုပဲ စကားနည်းတယ် စိုးစိုးရဲ့''

''ဟင်းဟင်း…ဟင်းဟင်း… ကိစ္စမရှိပါဘူး မမရယ်။ ညီမလေးက စိမ်းနေသေးလို့ပါ။ နောက်တော့လည်း စိုးကို ခင်လာမှာပါနော်''

စိုးစိုးဟုခေါ်သော တစိမ်းယောကျာ်းလေးက မပွင့်တပွင့် ရယ်ပြီး ခေါင်းကိုင့်ကာ ပြောမှ သြော်…. အချော်တကောက် (အခြောက်) ဟု နှင်းဝေထွန်း သဘောပေါက်လာတော့၏။

နောက်ပိုင်းရက်များတွင် နှင်းဝေထွန်းသည် ကန့်ကလျနှင့် စိုးစိုးဆိုသူကို နေ့တိုင်းလိုလို အိမ်တွင်မိခင်နှင့်အတူ တွေ့မြင်နေရတော့၏။ ချော့မော့မြှောက်စားသူဆိုလျှင် အချိန်မရွေး နေရာမရွေး လက်ခံစကားပြောတတ်သော မိခင်အား စိုးစိုးဆိုသူနှင့် ပတ်သက်၍ နှင်းဝေထွန်း သတိထား စောင့်ကြည့်နေရတော့သည်။ ကျောင်းပိတ်ရက် တစ်ရက်တွင် နှင်းဝေထွန်းသည် မိခင်ဖြစ်သူနှင့် စိုးစိုးတို့ ပြောစကားများကို တိတ်တဆိတ် ချောင်းနားထောင် ကြည့်သောအခါ -

''လူရယ်လို့ ဖြစ်လာကတည်းက ကိုယ်တော်လေးက အမြဲစောင့်ရှောက်နေတာပေါ့။ ကိုယ်တော်လေး အမိန့်ရှိလို့ အခုလို မမဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာပဲ မမရေ''

''တကယ်အံ့သြစရာ ကောင်းတယ်နော်၊ အစက ကိုယ်တော်လေးတို့ ညီနောင်နှစ်ပါးအကြောင်းကို စိုး ပြောသလောက်အထိ မသိခဲ့ရဘူး။ အခုစိုးပြောပြမှပဲ မမ ယုံကြည်စိတ်တွေ ပိုတိုးလာပြီး ချစ်စိတ်တွေပွားလာတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ…ဘယ်တော့လောက် စီစဉ်မလဲစိုး”

“မြန်လေကောင်းလေပဲ မမရေ။ ဒါပေမယ့် စိုးရင်လေးတာတစ်ခုက….”

စိုးစိုးပြောနေရင်းက ရုတ်တရက် စကားရပ်သွားသော အခါ ဒေါ်တင်မလတ်က ပြာပြာသလဲဖြင့်-

“ပြောစရာရှိတာ ရဲရဲပြောပါ စိုးရယ်။ အခုဆို စိုးနဲ့မမက ကိုယ်တော်လေးအလိုကျ ညီအစ်မတွေ ဖြစ်သွားကြပြီပဲ။ ဒီအိမ်ကြီးမှာ ဘာမှအားနာနေဖို့ မလိုဘူး”

“ဟင်း ဟင်း မမမေးလို့သာ ပြောရမှာ စိုးရှက်တယ်”

“ဩော် ပြောမှာသာ ပြောပါစိုးရယ်”

“ဒီအိမ်ကြီးမှာ စိုးလာနေတော့ မမအစ်ကိုကြီးက ကြည်ဖြူပါ့မလား။ ပြီးတော့ ခဲအိုကြီးက မဟုတ်မဟတ်တွေ ကြံစည်လာရင် အိုး….စိုးတော့ ကိုယ်တော်လေးကိုပဲ အားကိုးရတော့မှာပေါ့လေ”

စိုးစိုးရဲ့ဟန်အမူအရာ ပြောပုံဆိုပုံမှာ တကယ့်မိန်းမသားလို ဖြစ်နေသောကြောင့် ချောင်းပြီးနားထောင်နေသော နှင်းဝေထွန်းမှာ

ဒေါ်တင်မလတ် ရင်အစုံ

သိမ့်သိမ့်တုန်ခါသွားပြီး စူးရှ

ရဲဝံ့သော အကြည့်ရဲရဲများ

အောက်တွင် မလူးသာမလွန့်

သာ စိတ်မောနေပါတော့

သည်

စိုးစိုးကို ကိုင်ပေါက်ချင်သလိုလို၊ ရိုက်ချင်သလိုလို၊ ရယ်ချင်သလိုလို ဖြစ်လာ၏။

ထိုအချိန်တွင်-

“တင်လေးရေ… တင်လေး”

ဟုအိမ်ရှေ့ဘက်မှ ကြိုနေကျ ချစ်ဇနီးချောကို မတွေ့ရသဖြင့် အသံကုန်ဟစ်လိုက်သော ဦးမျိုးထွန်း၏ အသံထွက်ပေါ်လာသည်။

×××××

ညည့်ခန်းထဲ၌ အမေက အဖေ့ကို အနားကပ်၍ ပြောဆိုနေပုံကို နှင်းဝေထွန်းမြင်ပြီး သိချင် စိတ်ဖြစ်လာသောကြောင့် အိမ်ရှေ့ခန်းသို့ ထွက်လာသည်။ ဒေါ်တင်မလတ်က-

“သမီးကိုတစ်ခါတည်း ပြောထားရဦးမယ်။ သမီးဖေကြီးကိုတော့ အခုပဲပြောပြီးသွားပြီ၊ စိုးစိုးက မနက်ဖြန် ကစပြီး ဒီအိမ်မှာ ပြောင်းနေတော့မှာ သမီးရဲ့”

မိခင်ဖြစ်သူစကားကို နှင်းဝေထွန်း ခိုးနားထောင်ကတည်းက သိပြီးနေ၍ မတုန်လှုပ်တော့ပေမယ့်-

“ဘယ်ဖြစ်မှာလဲ အမေရယ်၊ သူကမိန်းမအစစ်မှ မဟုတ်တာ ဒီအိမ်မှာ လာနေလို့ ဘယ်ဖို့လုပ်

www.burmeseclassic.com

www.burmeseclassic.com



သင့်တော်ပါ့မလဲနော် ဖေဖေ”

နှင်းဝေထွန်း သဘောမတူနိုင်ကြောင်းကို အကျိုးသင့်အကြောင်းသင့် ပြောပြပြီး ဖခင် ဖြစ်သူကို စစ်ကူတောင်းလိုက်၏။ ဦးမျိုးထွန်းကိုယ်တိုင်လည်း ဒေါ်တင်မလတ်လုပ်ရပ်ကို ခွင့်မပြုချင်ပေမယ့် အိမ်ထောင်ကျကတည်းက စိတ်တိုင်းကျ အလိုလိုက် အကြိုက်ဆောင်ခဲ့ရသော ဇနီးဖြစ်သူကို လွန်ဆန်ဖို့ အင်အား မရှိပေ။

“သမီးရယ် သူက တစ်သက်လုံးနေမှာမှ မဟုတ်တာ။ ခဏတော့ နေပါစေ” ဟု လေပြည်လေးနှင့် နှစ်သိမ့်လိုက်၏။

ဒေါ်တင်မလတ်ကတော့ သမီးဖြစ်သူကို ခပ်တင်းတင်းကြည့်ကာ -

“ဒီကိစ္စနဲ့ ပတ်သက်ပြီး သမီးဘာမှ ထပ်မပြောပါနဲ့”

×××××

ဦးမျိုးထွန်း၊ ဒေါ်တင်မလတ်တို့အိမ်သည်ပန်းမျိုးစုံတို့ စိုက်ပျိုးထားသည့်ပန်းခြံအလယ်မှသပ်ရပ်လှပသော နှစ်ထပ်လုံးချင်းတိုက်တစ်လုံးဖြစ်သည်။

အေးချမ်းတိတ်ဆိတ်သော အိမ်လေးသည် စိုးစိုးပြောင်းလာသည့်နေ့မှစ၍ အေးချမ်းတိတ်ဆိတ်မှုနှင့် ဝေးကွာခဲ့ရတော့၏။ အလှူ



အတန်းပြုလုပ်သည့်အခါ၊ ရဟန်းသံဃာတော်များ ဆွမ်းကျွေးသည့်အခါ၊ အသုံးပြုသည့် ဘုရားဆောင်နှင့် တွဲနေသော အခန်းကျယ်ကြီးမှာ နတ်ကွန်းကြီး ဖြစ်နေလေပြီ။ ထိုအခန်းကျယ်ကြီးတွင် စိုးစိုးအပါအဝင် နတ်ကတော်တွေ တရုံးရုံးနှင့် ယောလိုက် ပြောလိုက် ရယ်လိုက် မောလိုက်ဖြင့် ဒေါ်တင်မလတ် အပျော်ကြီး ပျော်နေတော့သည်။

ထိုလုပ်ရပ်များကို နှင်းဝေထွန်း လုံးဝသည်းမခံနိုင်တော့သည့်အဆုံးတွင် ဖခင်ဖြစ်သူနှင့် နှစ်ယောက်တည်းတွေ့၍-

“အဖေ. . .အမေ့ကို ဒီအတိုင်းလွှတ်ထားတော့မှာ လား။ အခြောက်မကြီးကို အိမ်ပေါ် ခေါ်တင်ထားရုံတင်မကဘူး။ နောက်ထပ် အခြောက်တွေပါ အိမ်ပေါ်တက်လာပြီး အိမ်ဦးခန်းမှာ သောင်းကျန်းနေကြတာ အဖေ ဒေါသမဖြစ်ဘူးလား။ သမီးအပျိုလေးအတွက် အဖေ မငဲ့ကွက်တော့ဘူးလား။ အဖေက ဒီအိမ်ကြီးရဲ့ အိမ်ဦးနတ်ပါ အဖေရယ်”

ဦးမျိုးထွန်း သမီးဖြစ်သူကို ကြေကွဲဝမ်းနည်းစွာကြည့်၏။

“ဒီအတိုင်း ကြည့်မနေလို့ ဘယ်လိုလုပ်ရမလဲ သမီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကတည်းက သူ့အကြိုက် လိုက်လုပ်ပေးခဲ့ရတာ။ သမီးအမေ အကြောင်းလည်း သိရဲ့သားနဲ့။ ဒီအိမ်မှာမလုပ်ရဘူးလို့ ဖေဖေ ပြောလိုက်ရင် တခြား နေရာမှာ သွားလုပ်မှာတဲ့။ သမီး အမေက ငယ်ရွယ်နုပျိုနေသေးတော့ မျက်စိ ကွယ်ရာမှာဆို အဖေ စိတ်မချလို့ ပါ။ ဒီအတိုင်း အိုးမကွာ အိမ် မကွာနေတာ တော်သေးတာပေါ့"

အဖေက သူ့မျက်စိရှေ့မှာ အမေဘာလုပ်လုပ် ကျေကျေနပ် နပ်ကြီး ကြည့်နေနိုင်မှတော့…

"လုပ်ကြပေါ့လေ၊ ဖေဖေ မေမေတို့ရဲ့ လုပ်ရပ် အရမ်း ကောင်းပါတယ် လုပ်ကြပါ"

နှင်းဝေထွန်း စိတ်ပျက်အား လျော့စွာ ပြော၍ ဖခင်အနားမှ ထွက်သွားတော့သည်။

×××××

"နမကြီးပျော်ရဲ့လား"

ကိုယ်တော်လေး ပူးကပ် နေသော စိုးစိုးရဲ့ အသံမှာ ပြောနေကျ အသံကြောင်လေးနှင့် မဟုတ်တော့ဘဲ အောင်မြင်ကြည် လင်၍ ယောကျ်ားပီသသော အသံထွက် လာသည်ကို အခန်းအပြင်ဘက်မှ ချောင်းကြည့်နေသော နှင်းဝေထွန်း အံ့အားသင့်သွား၏။ နဂိုကတည်းက မိန်းမ ချောချောသော စိုးစိုးမှာ ယခုကဲ့သို့ မင်းညီမင်းသား ဝတ်စုံ ဝတ်ထားသောအခါ အလွန်ပင် လှပ တင့်တယ်ပေရာ ဒေါ်တင်မ လတ် မျက်စိထဲတွင် ကြည့်မဝ ရှုမဝ ဖြစ်ပြီး စိုးစိုးဟုပင်မထင်။ ကိုယ်တော်လေး၏ ပင်ကို အဆင်း သဏ္ဌာန်ဟု ထင်မှတ်၍ ရင်ထဲ တွင် အမျိုးအမည်မသိသော စိတ် ခံစားမှုမျိုး ဖြစ်ပေါ်နေတော့သည်။

"နမကြီး နမကြီး" ဟု ပခုံး ကို ကိုင်လှုပ်၍ ခေါ်ဆိုခံ လိုက်ရ တိုင်း ဒေါ်တင်မလတ် ရင်အစုံ သိမ့်သိမ့်တုန်ခါသွားပြီး စူးရှရဲဝံ့ သော အကြည့်ရဲရဲများအောက် တွင် မလူးသာမလွန့်သာ စိတ်မော နေပါတော့သည်။

××××

ညနေခင်း နေရောင်ပျောက် ကွယ်လုချိန်တွင် ခြံထဲ၌ လမ်း ဆင်းလျှောက်နေသော နှင်းဝေ ထွန်းသည် မိုးစက်မိုးပေါက် များ ကျလာသဖြင့် အိမ်ထဲသို့ ခပ် သုတ်သုတ် ပြန်အဝင် တံခါးဝ တွင် အမှတ်မထင် တစ်စုံတစ်ခု နှင့် ဝင်တိုက်မိသောအခါ-

"အမလေးဗျ"

နှင်းဝေထွန်း ကြောင်ပြီး ရပ် ကြည့်နေမိသည်။ သူဝင်တိုက် မိတာက အခြားမဟုတ်။ စိုးစိုး ဟူသော ကန္တာ့ကလျအခြောက်ပင် ဖြစ်သည်။ သို့သော် စိုးစိုး ပါးစပ် မှ ရုတ်တရက်ထွက်လာသော အသံမှာ လူအများရှေ့၌ ပြောဆို နေကျ ညောင်နာနာ အသံဖြင့် မဟုတ်တော့ဘဲ ကိုယ် တော်လေး နတ်ဝင်စဉ် အခါတုန်း က ယောကျ်ားသံပီပီသသကြီး နှင့် ဖြစ်သည်။

"ဘာအခြောက်လဲ ဟန် ဆောင်နေတာ။ ဘာအကြံနဲ့လဲ မှန်မှန်ပြော၊ ဘာ လိုချင်လို့လဲ"

နှင်းဝေထွန်း ဒေါသသံနှင့် လက်ညှိုးထိုး၍ ပြောနေစဉ် စိုး စိုးအိမ်ထဲသို့ ချာခနဲ ပြန်လှည့်၍ ဝင်သွားပြီး နှုတ်မှလည်း-

"အမယ်လေး ကယ်ကြပါ ဦး" ဟု အသံတစာစာဖြင့် အော် ဟစ်သွားသည်။

ဧည့်ခန်းတွင်ထိုင်နေကြသော ဦးမျိုးထွန်းနှင့် ဒေါ်တင် မလတ်တို့မှာ စိုးစိုးအော်ဟစ်၍ အမောတကော ပြေးလာသော ကြောင့် စိုးရိမ်စွာဖြင့် မေးရာ-

"ဟယ် စိုးဘာဖြစ်လို့လဲ"

"အောင်မလေး…မမ၊ အစ်ကိုကြီး သရဲအခြောက်ခံရလို့ ဟီး… ဟီး"

ဒေါ်တင်မလတ် စိုးစိုး[illegible] ကြင်နာစွာဖြင့် ဖက်ထားပြီး ဦး

www.burmeseclassic.com

www.burmeseclassic.com



မျိုးထွန်းက ရေတစ်ခွက်သွား ခပ်၍ စိုးစိုးအားတိုက်နေစဉ် နှင်းဝေထွန်း ဧည့်ခန်းထဲကို ရောက်လာကာ-

"ဘာ…သရဲခြောက်တာ လဲ၊ ကလိမ်ကကျစ်လူလိမ် အဖေ၊ သူ့စကားကို မယုံနဲ့ ဟန်ဆောင်နေတာ"

"ဟဲ့…သမီး ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်သားပဲ သမီးရယ်၊ စိုးစိုးက အစကတည်းက အသည်းငယ်တတ်တာနေမှာပါ။ ကိုယ့်အိမ်မှာနေတဲ့ ဧည့်သည်ကို ဒီလို မပြောရဘူးလေ"

မိဘနှစ်ပါးလုံး၏ အယုံလွယ်တတ်မှုကြောင့် နှင်းဝေထွန်း ပို၍ ဒေါသခံပြင်းရ၏။ ဒီကြားထဲ စိုးစိုး၏ဟန်ပါသော အမူအရာများက အခုပင် မူးမေ့ပြီး သတိလစ်မတတ် ဖြစ်နေခဲ့ရာ-

"အမလေး ကြောက်တယ် ကြောက်တယ်။ မမ‥ သူ့ရဲ့မကြီး စိုးစိုးနောက်လိုက်လာ တယ်"

စိုးစိုးငိုရင်း ကတုန်ကယင်ဖြင့် ဒေါ်တင်မလတ်ကို တအား ဖက်ထားလိုက်၏။ စိုးစိုးက မိန်းမရှာတစ်ယောက်ဟု ဆိုသော်လည်း ကိုယ်ခန္ဓာဖွံ့စည်းပုံ အားလုံးက ယောကျ်ားတစ် ယောက်ဖြစ်သောကြောင့် ဒေါ်တင်မလတ ကိုယ်တိုင်ပင် စိုးစိုးနှင့် အပြိုင် ရင်ခုန်သံများ မြန်ဆန်နေ၏။ စိုးစိုးကို ရင်ခွင်ထဲမှ ပြန်မလွှတ်ချင်တော့ဘဲ ဖက်ထားရသော ခံစားမှုကို အလွန်ပင် သာယာနေ၏။

မိန်းမရှာတစ်ယောက်ဟု ဆိုသော်လည်း ကိုယ်ခန္ဓာဖွံ့စည်းပုံ အားလုံးက ယောကျ်ားတစ်ယောက်ဖြစ်သောကြောင့် ဒေါ်တင်မလတ် ကိုယ်တိုင်ပင် စိုးစိုးနှင့် အပြိုင် ရင်ခုန်သံများ မြန်ဆန်နေ၏

အသားတဆတ်ဆတ် တုန်နေပြီး အကြောက်လွန်နေသော စိုးစိုးပုံစံကို ကြည့်၍ ဦးမျိုးထွန်း သနားကရုဏာဖြစ်မိနေ၏။ တစ်ချက် တစ်ချက် အားကိုးတကြီး ဖြင့်သူ့အား လှမ်းကြည့်နေသော စိုးစိုးကို သမီးဖြစ်သူရဲ့ စကားများကြောင့် ပို၍ပြီး အားငယ်နေမည်စိုး၍-

"ကဲ…ကဲ တင်ရယ်၊ စိုးစိုးကိုတွဲပြီး အခန်းထဲပြန်ပို့လိုက်ပါ။ လိုအပ်ရင် ဆရာဝန်ခေါ်သင့် ခေါ်လိုက်ပေါ့။ အစ်ကိုကြီး အလုပ်ကိစ္စရှိလို့ အပြင်သွား လိုက်ဦးမယ်" ဟုပြော၍ ဦးမျိုးထွန်း ထွက်သွားလေသည်။

မိဘနှစ်ပါးစလုံးက သမီးအရင်းဖြစ်သူ၏စကားကို အသိအမှတ်မပြုဘဲ သူတို့အပေါ် အကွက်ကျကျ လိမ်လည်လှည့်ဖြားနေသော သူရဲ့စကားကို ယုံကြည်နေသောကြောင့် ရင်ထဲ ဆို့နစ်စွာဖြင့် မျက်ဝန်းမှ မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာတော့၏။ ဆက်၍ရှင်းပြနေလည်း မထူးတော့ပြီမို့ မျက်နှာကို လက်ဝါးဖြင့်အုပ်၍ သူမအခန်းထဲသို့ ပြေးဝင်သွားသည်။

ဒေါ်တင်မလတ် စိုးစိုးကို ကြင်နာစွာတွဲ၍ အခန်းထဲရှိ ခုတင်ပေါ်သို့ ခေါ်လာသည်။ စိုးစိုးက ရင်ထဲတွင် အခုအထိ အကြောက်စိတ် မပြေသေးဟု ဆိုသောကြောင့် ဒေါ်တင်မလတ်သည် ခုတင်ပေါ်တွင်ထိုင်ပြီး စိုးစိုးကို ပေါင်ပေါ်တင်ကာ ကလေး တစ်ယောက်လို ချော့ပြီး ယုယနေ၏။ စိုးစိုး ဒေါ်တင်မလတ်ပေါင်ပေါ်တွင် အိပ်နေရင်းနှင့်ပင် လက်ကခါးကို သိမ်းကျုံးဖက်ထားလိုက်သောအခါ ဒေါ်တင်မလတ် တကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားလေသည်။

"မမ"

အသံခပ်တိုးတိုးနှင့် စိုးစိုး ဒေါ်တင်မလတ်ကို မော့ကြည့် ပြီး ခေါ်လိုက်၏။ ဒေါ်တင်မလတ်၏ ဟန်အမူအရာကို ကြည့်ရုံဖြင့် ဝါရင့်ကျွမ်းကျင် မုဆိုးတဖြစ်လည်း စိုးစိုးက ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ထလာကာ ဒေါ်တင်မလတ် ခန္ဓာကိုယ်ကို မွေ့ယာပေါ်သို့ ဖြည်းညင်းစွာ လှဲချလိုက်၏။ ဒေါ်တင်မလတ်ဘာမှ တုံ့ပြန်နိုင်စွမ်း မရှိတော့ဘဲ စိုးစိုး ပြုသမျှ ရင်ခုန်လိုက်ဖိုခြင်းသာ ခံစားသိရှိတော့၏။ ထို့နောက် စိုးစိုး ဒေါ်တင်မလတ် ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိသွားသောအခါ-

"တောက်"

"စွက်...စွက်...စွက်"

"အား....."

မြင်ရသော မြင်ကွင်းက မလှပတော့ချေ။

သရဲဘီလူးစီးနေသော အနေအထားဖြင့် အသားများ တစ်ဆတ်ဆတ်တုန်ခါနေ၍ သွေးစွန်းနေသော ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး မွေ့ယာထက်တွင် တစ်ချက်နှစ်ချက်မျှ တွန့်၍ ငြိမ်သက်သွားသော စိုးစိုး၏ သက်မဲ့ခန္ဓာကိုယ်ကြီးကို တွေတွေကြီး စိုက်ကြည့်နေသူ တစ်ဦးကတော့-

×××××

"ဟုတ်ကဲ့ အမှန်အတိုင်း ပြောပါ့မယ်...

သိပ်ရှက်ဖို့ကောင်းတယ်၊ ဒီအခြေအနေအထိ ဖြစ်မယ်လို့ လုံးဝမထင်မထားဘူး။ သိပ်ရက်စက်ကြတယ်။ ဒီကောင် အိမ်ထဲမှာ နေတာကို မကြိုက်ပါဘူး။ ဒါပေမယ့် ဇနီးသည် စိတ်ချမ်းသာရင် ပြီးရောသဘောနဲ့ မပြောဘဲ နေခဲ့တာပါ။

အလုပ်ကိစ္စနဲ့ အပြင်သွားတယ်ဆိုတာ တကယ်ပါ။ လမ်းရောက်မှ ဖုန်းကျန်ခဲ့လို့ ပြန် လှည့်လာခဲ့တာ သူတို့ကံဆိုး လွန်းလို့ပါ။ ကျွန်တော် ခြံထဲ ပြန်ဝင်လာတဲ့ ကားသံကိုတောင် မကြားနိုင်လောက်အောင် တော်ပြီဗျာ။ ကျွန်တော် ဆက်ပြောနိုင်စွမ်း မရှိတော့လို့ပါ။ ကျွန်တော် လူသတ်ခဲ့ပါတယ်။ စိုးစိုးဆိုတဲ့နတ်ကတော် ကြာကူလီကောင်ကို ဓားနဲ့ သုံးချက်ထိုးသတ်ခဲ့တာပါ။ တရားဥပဒေအတိုင်း အရေးယူပါတော့ဗျာ။

ကျွန်တော် လူမှုရေး ဖောက်ပြန်တဲ့မိန်းမအတွက် ခင်ပွန်းကောင်း ဖြစ်ခဲ့ပေမယ့် အရမ်းလိမ္မာရေးခြားရှိတဲ့ သမီးအတွက်တော့ ဖခင်ကောင်းတစ်ယောက်ရဲ့တာဝန် မကျေပြွန်ခဲ့ပါဘူး"

***(ဖြစ်ရပ်မှန် တစ်ခုကို ဇာတ်လမ်းဖွဲ့ခြယ်မှုန်း တင်ပြထားပါသည်)***

**"သမ္မာဒိဋ္ဌိ၊ ဉာဏ်မျက်စိနှင့်**
**အသိသန့်ရှင်း၊ မိတ္တကင်း၍"**

**မောင်လူသစ်**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



“မြန်မာ့ပင်လယ်ပြင်တွင် မှတ်သုန်လေအား ကောင်းရာမှ အလွန် ကောင်းလျက်ရှိသည်။ အရှေ့လေပွေလှိုင်းများ ဝင်ရောက်လာခြင်းကြောင့် ယနေ့မှ လေးဆယ့်ရှစ်နာရီ အတွင်း ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာစိပ်စိပ်မှ နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာမည်”

MRTV-4 မှ ကြေညာသွားသည့် မိုးလေဝသသတင်း ကြောင့် ကျွန်တော်စိတ်ပျက် လက်ပျက် ဖြစ်သွားမိသည်။

ရာသီဥတုက ကျွန်တော့်ဘက်မှာမရှိ၊ ပန်းဆိုးတန်းလမ်းရှိ စာအုပ်အဟောင်းဆိုင်တွေက လိုချင်သည့် စာအုပ်အချို့သွားရှာသည့် အစီအစဉ်ဖျက်ရတော့မည်။

မဖျက်လို့လည်း မဖြစ်၊ သည်းကြီးမည်းကြီး ရွာသွန်းနေသော မိုးက နောက်ထပ် နှစ်ရက်သုံးရက်နှင့်ရပ်ဖို့ လမ်းမမြင် တော့။

“ဟူး”ခနဲ သက်ပြင်း တစ်ချက်ချရင်း အိမ်အပြင်ဘက် မထွက်ဘဲ စာဖတ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

စာအုပ်စင်ပေါ်က စာအုပ်တစ်အုပ်ဆွဲယူလိုက်သည်။

ပါလာသည့်အချက်က ၁၉၈၃၊ ပထမသုံးလပတ် တရားစီရင်ထုံးများ-

ဗဟိုတရားစီရင်ရေးအဖွဲ့က စီရင်ဆုံးဖြတ်ခဲ့သော ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများကို ဖတ်၍ တရားသူကြီးများ၏ သုံးသပ်ဆင်ခြင်ပုံနှင့် တရားဥပဒေ၏ အနှစ်သာရကို စူးစမ်းလေ့လာရသည်မှာ စိတ်ကျေနပ်ဖွယ်ရာ ကောင်းလှသည်။

သို့သော် တစ်ခုသော စီရင်ထုံးကို ဖတ်မိစဉ်မှာတော့ ကျွန်တော့်မှာ စဉ်းစားစရာများ ဖြစ်ပေါ်လာခဲ့ပါသည်။

နှစ်လောင်းပြိုင် လူသတ်မှုကို အခြေခံ၍ဖြစ်ပေါ်လာသော မောင်ဦး၊ မောင်သန်း ကျောက်ဒိုး (ခ) လှမြင့်၊ သန်းရွှေ၊ ကျော်သောင်း၊ ညွန့်ရွှေ ပေါက်စ (ခ) မြင့်ရွှေနှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ပြစ်မှုဆိုင်ရာ အယူခံမှုပင်ဖြစ်ပါသည်။

**ဒိုးကုန်းရိုးကွေ့က နှစ်လောင်းပြိုင်**

(၁၀.၄.၇၈) နေ့ ညသန်းကောင်ကျော် အချိန်။

ဦးမောင်စိန်နှင့် ဇနီးဖြစ်သူ ဒေါ်ငွေတို့ ကုန်ပစ္စည်းများကို လှည်းဖြင့်တင်လျက် ပြန်လာခဲ့ကြသည်။

ဦးမောင်စိန်တို့ လင်မယားသည် တည်းခိုရာ ငှက်ပျောကုန်းရွာ ကိုကုလားနေအိမ်မှ တင်းကုပ်ကြီးရွာရှိ နေအိမ်သို့ ပြန်လာကြခြင်း ဖြစ်သည်။

သို့သော် လင်မယား နှစ်ယောက်စလုံး နေအိမ်သို့ ပြန်မရောက်ခဲ့ကြ။

ဒိုးကုန်းရိုးရွာ အကွေ့တွင် လူသတ်သမားတို့နှင့် ကြုံတွေ့ခဲ့သည်။ ဓားဖြင့်ရက်ရက်စက်စက် ခုတ်သတ်ခံရပြီး သေဆုံးခဲ့ကြရသည်။

မိဘနှစ်ပါးရောက်မလာ၍ သားဖြစ်သူ မောင်အောင်ဝင်းနှင့် ရွာသားများ တောနင်း၍ လိုက်လံရှာဖွေကြသည်။

ဒိုးကုန်းရိုး အကွေ့တွင် လည်ပင်း၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေသော ဦးမောင်စိန်နှင့် ဒေါ်ငွေတို့ကို ရှာဖွေတွေ့ရခြင်း ဖြစ်သည်။

မောင်အောင်ဝင်းက အိုးသည်ကုန်းရဲစခန်းတွင် အမှုဖွင့် တိုင်တန်းသည်။ ရဲတပ်ဖွဲ့က စုံစမ်းထောက်လှမ်း၍ မောင်ဦးပါ (၇)ဦးတို့ကို ဖမ်းဆီးကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၃၉၂၊ ၃၀၂/၃၄ တို့အရ တရားစွဲ တင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲက တရားခံများအား တရားစွဲ မတင်မီ ပေါက်စ (ခ) မြင့်ရွှေထံမှ သားရေလက်ဆွဲ အိတ် (၁)လုံးနှင့် အင်္ကျီ (၂) ထည်။ သက်သေခံ ထဘီ (၂) ထည် တဘက်(၁) ထည်၊ မဝတ် အင်္ကျီ (၁)ထည် တို့ကို လည်းကောင်း။ ကျောက်ဒိုး (ခ)လှမြင့် ထံမှ အင်္ကျီ (၂)ထည် နှင့် ပုဆိုး (၁)ထည်။

မောင်ဦးထံမှ ဂျာကင်အင်္ကျီ (၁)ထည်၊ သန်းရွှေထံမှ နားကပ် (၁) ရံ၊ ကျော်သောင်းထံ မှလှည်း (၁) စီး၊ ထမ်းပိုးချိန် (၄)ချောင်း တို့ကိုလည်းကောင်း သိမ်းဆည်းခဲ့ သည်။

သိမ်းဆည်းရမိသည့် သက် သေခံပစ္စည်းများကို ပစ္စည်းတန်း စီပြရာတွင်လည်း သားမောင် အောင်ဝင်း၊ သမီး မခင်စန်း၊ ဒေါ်ရွှေး၏ညီမ ဒေါ်မြကြည်နှင့် ဦးမောင်စိန် ယောက်ဖ ဦးအေး တို့က ဦးမောင်စိန်နှင့် ဒေါ်ရွှေး တို့ ပိုင်ဆိုင်သော ပစ္စည်းများ ဖြစ်ကြောင်း ဖွဲဆိုပြသနိုင်ခဲ့ကြ သည်။

**သေဒဏ်အပြစ်ပေး**

အမှုကို အုတ်ဖိုမြို့နယ် တရား ရုံးက ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၆၈/ ၇၈ ဖြင့် လက်ခံ စစ်ဆေး သည်။ ထို့နောက် စစ်ဆေးပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ချက်များအရ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၃၉၆ အရ တရားခံများကို သေဒဏ် အသီးသီးကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။

ပဲခူးတိုင်းတရားရုံးက သေဒဏ် အတည်ပြုအမှတ် ၁ (အုတ်ဖို)/၈၀ တွင် မောင်ဦးပါ (၇) ဦးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အစား၊ ပုဒ်မ ၃၀၂ (၁) (ခ)/ ၃၄ အရ ပြောင်းလဲ၍ ပြစ်မှုထင်ရှားစီရင်လျက် သေဒဏ်ချမှတ်ခြင်းကို အတည်ပြုခဲ့သည်။

**သေဒဏ်ကို အယူခံတက်ခြင်း**

သေဒဏ်ကျတရားခံ (၇) ဦးစလုံးက အုတ်ဖိုမြို့နယ်တရားရုံးနှင့် ပဲခူးတိုင်း တရားရုံးတို့၏ အမိန့်များကို မကျေနပ်။ ထို့ကြောင့် ဗဟိုတရားရုံးသို့ အယူခံမှုများ တင်သွင်းသည်။ မောင်ဦးပါ (၇)ဦးတို့တင်သွင်းသည့် အယူခံမှု အမှတ်များမှာ ၂၇၈/၈၀။ ၂၇၉/ ၈၀။ ၂၈၀/ ၈၀။ ၂၈၁/၈၀။ ၂၈၂/ ၈၀။ ၂၈၃/ ၈၀နှင့် ၂၈၄/၈၀ တို့ဖြစ် သည်။

**သေဒဏ်မှထောင်ဒဏ် တစ်နှစ်ခြောက်လသို့**

မောင်ဦးပါ (၇)ဦး၏ ပြစ်မှုဆိုင်ရာ အယူခံမှုကို ဥက္ကဋ္ဌ ဦးလှဘုန်း၊ အဖွဲ့ဝင် ဦးအေးမောင်နှင့် ဦးထွန်းရှိန်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့ တွင် ကြားနာခဲ့သည်။



အယူခံတရားလိုအတွက် ဦးထွန်းညို၊ ဗဟိုတရားရုံးရှေ့နေက ဆောင်ရွက်ပြီး၊ အယူခံ တရားခံအတွက် ဦးအွန့်စာနန်၊ ဥပဒေဝန်ထမ်း၊ အဆင့် (၁) က ဆောင်ရွက်ခဲ့သည်။

နှစ်ဖက်တင်ပြလျှောက်လဲချက်များကို ကြားနာ၍ ဗဟိုတရားစီရင်ရေးအဖွဲ့၏ စိစစ်သုံးသပ်ချက်များက စိတ်ဝင်စားစရာ ကောင်းသည်။

အချင်းဖြစ်ပြီး ၁၁ ရက်ခန့်အကြာတွင် သေသူများ ပိုင်ဆိုင်သော ပစ္စည်းများကို တရားခံများထံမှ သိမ်းဆည်းရမိခဲ့သည်။

တရားခံများအား လူသတ်မှုဖြင့် အပြစ်ပေးရန် သင့်/မသင့် ဟူသောအချက်ကို အဓိကထားစဉ်းစားသုံးသပ်ခဲ့ရသည်။

"ဤအမှုတွင် အယူခံတရားလိုတို့သည် သေသူဦးမောင်စိန် နှင့် ဒေါ်ငွေးတို့အား သတ်ခဲ့ကြကြောင်း မည်သည့်သက်သေကမျှထွက်ဆိုထားခြင်း မရှိပေ။

အမှုဖြစ်ရပ်အချင်းအရာများအရ အချင်းဖြစ်ပြီး (၁၁) ရက်ခန့်အကြာတွင် သေသူဦးမောင်စိန်နှင့် ဒေါ်ငွေးတို့ပိုင်ဆိုင်သော ပစ္စည်းများကို မောင်ဦး၊ မေ ပေါက်စ (ခ) မြင့်ရွှေ၊ မောင်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဒိုး(ခ)လှမြင့်၊ မောင်သန်းရွှေနှင့် ကျော်သောင်းတို့ထံမှ သိမ်းဆည်းရမိကြောင်း ပေါ်ပေါက်သည်။

ထို့ကြောင့် ၎င်းတို့ (၅) ဦးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၄၁၁ အရ ခိုးရာပါပစ္စည်း များလက်ဝယ်ထားရှိမှုကို အသီးသီး ကျူးလွန်ကြကြောင်း ပေါ်ပေါက်သည်။

ထို့ကြောင့် အယူခံတရားလိုများ၏ အယူခံလွှာများကို ခွင့်ပြု၍ အုတ်ဖိုမြို့နယ် တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို ပြင်ဆင်အတည်ပြုသည့် ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်သည်။

ခိုးရာပါပစ္စည်းလက်ဝယ်ထားရှိကြောင်း ပေါ်ပေါက်သည့် မောင်ပေါက်စ၊ မောင်ကျောက်ဒိုး၊ မောင်ဦး၊ မောင်သန်းရွှေနှင့် ကျော်သောင်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ အရ ပြစ်မှုထင်ရှားစီရင်၍ (၂၈.၅.၈၀) ရက်နေ့စွဲပါ နိုင်ငံတော်ကောင်စီအမိန့်အမှတ် ၂/ ၈၀ (လွတ်ငြိမ်းချမ်းသာခွင့် အမိန့်) အပိုဒ် (ဂ)ပါ အကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်း စားပြီးနောက် ထောင်ဒဏ်(၁)နှစ် နှင့် (၆)လစီကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

အယူခံတရားလို မောင်သန်းနှင့် မောင်ညွှန့်ရွှေတို့ အပေါ် သက်သေခံအထောက်အထား တစ်စုံတစ်ရာ မရှိသဖြင့် အပြီးအပြတ်လွှတ်လိုက်သည်။

ဒိုးကုန်းရိုးကွေ့ နှစ်လောင်းပြိုင်လူသတ်မှုက ဗဟိုတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အတူ အဆုံးသတ်ခဲ့ပြီဖြစ်သည်။

တရားသူကြီးများ၏ ဥပဒေနှင့် ညီညွတ်သောဆင်ခြင်သုံးသပ်ပုံက ကျေနပ်စရာကောင်းသည်။ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံချက် (လူသက်သေ၊ ပစ္စည်းသက်သေ)တစ်စုံတစ်ခု မရှိဘဲ ပြစ်မှုကျူးလွန်သူ ဟု သတ်မှတ်၍မရကြောင်း မီးမောင်းထိုးပြခဲ့သည်။

သို့သော် စီရင်ထုံးကို ဖတ်ရှုမိသည့် ကျွန်တော်အဖို့ကား စဉ်းစားစရာ အတွေးအချို့ မေးခွန်းများအဖြစ် ပေါ်ပေါက်လာခဲ့ပါတော့သည်။

(ကျွန်တော်မေးမိသော မေးခွန်းများ)

သေဒဏ်ကျတရားခံ များ လူသတ်မှုမှ လွတ်မြောက်သွားကြပေပြီ။

ဤသို့ဆိုလျှင် လူသတ်တရားခံအစစ်အမှန် မည်သူ ဖြစ်သနည်း။

"ရာဇဝတ်ဘေး ပြေးမလွတ်"

"မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ"

"တရားကို နတ်စောင့်သည်" ဟူသော စကားများရှိသည်။

(၁၀.၄.၇၈) တွင်ဖြစ်ပွားခဲ့သည့် ဒိုးကုန်းရိုးကွေ့ နှစ်လောင်းပြိုင် လူသတ်မှုကား ယနေ့အချိန်ဆိုလျှင် (၃၅)နှစ်ပင် ကျော်လွန်ခဲ့ချေပြီ။ ဤအချိန် ကာလအတွင်းမှာပင် လူသတ် တရားခံအစစ်အမှန်ကို ရဲတပ်ဖွဲ့က ဖော်ထုတ်နိုင်ခဲ့ပြီလား။ တရားဥပဒေအရ ထိုက်သင့်သည့် အပြစ်ဒဏ်များ ကျခံပြီးပြီလား။ သို့တည်းမဟုတ်....

လောကပါလတရားကပင် လူသတ်တရားခံများအား အပြစ်ပေးစီရင်လိုက်ပြီလား။ စသည့် မေးခွန်းတို့၏ အဖြေကို သိချင်စိတ်က ကျွန်တော့်ရင်၌ ပြင်းပြင်းပျပျ ဖြစ်ပေါ်လျက်ရှိပါ သတည်း။

**စောဟိန်း(CID)**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# သံယောဇဉ်

ကိုရဲ (ဥပဒေ)

(၁)

ကိုမြင့်မောင်နှင့် မခင်မြသွေးတို့သည် မီးသွေးလုပ်ငန်းဖြင့် စီးပွားဖြစ်ခဲ့သော ဇနီးမောင်နှံဖြစ်သည်။

"ကိုမြင့်မောင်ရေ. . . .ဒီမီးသွေးက ရောင်းဖို့လား၊ ဝယ်သူ ရောက်နေတယ်" ခင်မြသွေးက ဤသို့ မေးလာခဲ့ပါက

"မရောင်းနဲ့ မြသွေးရေ. . မှာထားတာ" ဟု ကိုမြင့်မောင်ဖြေသည်။ မီးသွေးဝယ်ရန် တကူးတကနဲ့ ရောက်နေသူက အခြားတစ်နေရာ မသွားလိုတော့သဖြင့် ပြောသည့် ဈေး

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပင် ဝယ်သွားသည်။ ကိုမြင့်မောင် ရောင်းသည့်အခါတွင်လည်း ထိုနည်းနှင်နှင်ပင် "မှာထားသော မီးသွေး"ဟု ခင်မြသွေး က ပြောသည်။ ဤသို့ အတိုင်အဖောက်ညီကြသောအခါ စီးပွားဖြစ်ထွန်းလာသည်။

အိမ်ငှားဘဝမှသည် မီးသွေးကိုဒေါင်နှင့် တွဲလျက်အိမ်ကြီး တစ်ဆောင် ဆောက်လုပ်နိုင်ခဲ့သည်။ တစ်ထပ်အိမ်ကြီးဖြစ်သော်လည်း သားသမီးမရှိသူ သူတို့အတွက် ထိုအိမ်ကြီးက ပျင်းရိဖွယ်ပင်....။သို့ရာတွင်...

လေးဆယ်ကျော်မှ ကံပေါ်လာသည်။ ခင်မြသွေးတွင် ကိုယ်ဝန်ရှိလာပြီး သမီးကလေး မွေးဖွားခဲ့သည်။ သမီးကလေး ကို နှစ်ဦးစလုံးက ချစ် ကြသည်မှာ မျိုးထားမတတ် အောင်ပင်။ ဖေဖေမေမေတို့၏ အသည်းဖြစ်၍ သမီးကလေးကို "မေသဲ"ဟု အမည်ပေးခဲ့သည်။ ဟိုက 'မေသဲ' သည်က 'မေသဲ'သဲခဲ့ကြသည်။

ဘဝဟူသည်မှာ အချို့က "ကရွက် ကင်းလျှောက် သလို"၊ အချို့က "ဘဝ ဝဋ်ပါလို"...၊ စသည်...စသည် ဖြင့်...။ မည်သို့ပင်ဆိုစေ...ယခင်က ချောမွေ့ခဲ့သော သူတို့၏ဘဝခရီး လမ်းက ကြမ်းတမ်းစပြုခဲ့ခြေပြီ။

ခင်မြသွေးတွင် သားအိမ်ကင်ဆာ ဖြစ်ခဲ့သည်။ အထူးကုဆရာဝန်ကြီးများဖြင့် ပြသပြီး ကုသခဲ့သည်။ မပျောက်ကင်းဘဲ အိပ်ယာထဲ လဲတော့သည်။ ကိုမြင့်မောင် လက်မလျှော့ပါ။ ဆရာဝန်ကြီးများ ညွှန်ကြားသည့် ဆေးများကို ဂရုတစိုက်တိုက်သည်။ မြန်မာသမားတော်ကြီးများနှင့်လည်း ကုသပါသည်။ အကြောင်းမထူးလှ။ မေသဲက ငယ်ငယ်မို့ ခင်မြသွေးအား အချိန်ပြည့် မပြုစုနိုင်ကြ...။

အိမ်ပြန်ချိန်ပင် နည်းနည်းလေး
နောက်ကျမခံခဲ့ နောက်ကျသည်နှင့်
ချက်ချင်း လိုက်ရှာသည်။

"ကိုမြင့်မောင်နဲ့ သမီးလေး စားရသောက်ရတာ ကသီလင်တဖြစ်နေတယ်။ ကျွန်မက မချက်မပြုတ်နိုင်တဲ့ ဘဝ။ အဝတ်အစား လျှော်ဖို့ကလည်း ရှိသေးတယ်။ အကူတစ်ယောက် ငှားလိုက်ပါရှင်"

ခင်မြသွေး တိုက်တွန်းသော်လည်း ကိုမြင့်မောင် လက်မခံခဲ့ ချစ်ဇနီးအား ကိုယ်တိုင်ပြုစုစောင့်ရှောက်သည်။ တစ်ရက်၊ တစ်လ မဟုတ်၍ ကိုမြင့်မောင် မတတ်နိုင်တော့။ ကူဖော်လောင်ဖက်တစ်ယောက် ငှားရမ်းလိုက်ရသည်။

ခင်မြသွေးထံ ရောက်လာသည့် မသီတာမှာ သွက်လက်ချက်ချာသည်။ လိမ်မာပါးနပ်သည်။ ကလေးကျောင်းကြို ကျောင်းပို့ လုပ်ငန်း၊ ချက်ပြုတ်၊ လျှော်ဖွပ်ရေး၊ မီးသွေးရောင်းချရေးလုပ်ငန်းများတွင် သူ့လက်သူ့ခြေဖြစ်လာသည်။ အိမ်သားတစ်ဦးလို ဖြစ်လာသဖြင့် ပျော်သူမှာ မေသဲဖြစ်သော်လည်း မပျော်နိုင်သူမှာ ခင်မြသွေးဖြစ်သည်။ ခင်မြသွေးမှာ ရောဂါမပျောက်နိုင်တော့ကြောင်း သိလာရုံမက ကိုမြင့်မောင်နှင့် မသီတာကို သံသယဖြစ်လာရင်း သမီးငယ်နှင့်ချစ်လင်

www.burmeseclassic.com

www.burmeseclassic.com





အား စိတ်မချနိုင်စွာ သေဆုံးသွားရှာသည်။

မသီတာ အိမ်ပြန်ရတော့မည်။ မေသဲအား သံယောဇဉ် ရှိသော်လည်း မိမိ၏လုပ်ငန်း မရှိတော့…။ ရက်လည်အထိတော့ စောင့်နေလိုက်သည်။

"ညည်းက မပြန်နိုင်ဘဲ ဘာကြောင့် ဆက်နေတာလဲ" ခါးထောက်လျက် မေးသည်ကို အာစေး ထည့်ထားသလို မသီတာ ပြန်မပြောမိ။

"ညည်း တာဝန်ကုန်ပြီ ပြန်တော့။ မပြန်ရင် ငါ့အကြောင်း သိရမယ်"

မသီတာ လန့်နိုးသွားသည်။ ကြောက်ရွံ့စိတ်ဖြင့် ချွေးများ စို့ရွှဲလျက်…။ အိပ်မက်ဆိုးသာ ဖြစ်နိုင်သဖြင့် မည်သူ့ကိုမျှ မပြောတော့ဘဲ ရေသောက်ပြီး ပြန်အိပ်လိုက်သည်။ မသီတာ အိပ်မပျော်ပါတော့။

(၂)

သံသာလေကမ်းတိုင်သို့ တူပြိုင်ကူးကာ…ဆုထူးပန်ရှယ် ချိန်ဝယ် ချစ်ဇနီး လက်တွဲဖြုတ်သွားခဲ့၍ ကိုမြင့်မောင် အရူးတစ်ပိုင်း ဖြစ်ခဲ့သည်။ သမီးကလေး ရှိနေသေး၍သာ၊ သမီးလေးသာ မရှိခဲ့ပါလျှင် ခင်မြ သွား

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ကိုမြင့်မောင် လိုက်မိမည်မှာ သေချာသည်။ ခင်မြသွေးရှိစဉ်ကလည်း ကိုမြင့်မောင်ကို အရိပ်တကြည့်ကြည့် ချစ်ရှာသည်။ အိမ်ပြန်ချိန်ပင် နည်းနည်းလေး နောက်ကျမခံခဲ့ နောက်ကျသည်နှင့် ချက်ချင်း လိုက်ရှာသည်။

သမီးကလေး ရှိလာသော အခါ ညဥ့် (၁၀) နာရီကျော်အောင် မနေရဟူသော စည်းကမ်း ချခဲ့သည်။ ယခုအချိန်တွင် သမီးကလေးနှင့် ယောင်ချာချာ ဖြစ်နေသော ကိုမြင့်မောင်ကို ခင်မင်ရင်းနှီး သူများက ဝိုင်းဝန်းအားပေး နှစ်သိမ့်ကြပါသည်။ တစ်ညနေတွင်…

"သူငယ်ချင်းရေ…ညကျ အိမ်ဘက်လျှောက်ခဲ့ကွာ…. စကားပြောရအောင်" ကိုခင်လတ်မှာ၍သွားသောအခါ ကိုခင်လတ်ကို တွေ့ရသော်လည်း အိမ်သားများက မရှိကြ ဘုရားဖူးသွားနေကြသည်။

"လေတိုက်တယ်ဟေ့… အေးတယ်ကွ"

ကိုခင်လတ်က ပြောရင်း တံခါးများ ပိတ်လိုက်သည်။ နောက်သူငယ်ချင်း နှစ်ဦးရှေးဟောင်းနှောင်းဖြစ်များ ပြောကြသည်။ "ဒင်…ဒင်…ဒင်" သံစုံတိုင်ကပ် နာရီကြီးမှ ဆယ်နာရီထိုးသော်လည်း သူတို့ ဂရုမပြုဘဲ ဆက်စကားပြောနေကြသည်။

"ဒေါက်"

အသံနှင့်အတူ ကျောက်ခဲငယ်တစ်လုံး သူတို့ရှေ့ကျလာသည်။

"ပြတင်းပေါက်တွေလည်း ပိတ်ထားတယ်၊ ဒီခဲက ဘယ်က ရောက်လာတာလဲ"

ဟို ဟိုသည်သည်ကြည့်ရင်း ကိုခင်လတ်က ပြောသည်။

"ကြွက်တွေ နေမှာပါကွာ။ ကဲ … ပြန်ဦးမယ်ဟေ့"

ကိုခင်လတ်ကိုနှုတ်ဆက်၍ ပြန်ထွက်လာသောကိုမြင့်မောင်မှာ သနပ်ခါး အမွှေးနံ့ စူးစူးရှရှ ရလိုက်ပြီး ဖိနပ်သံတဖျတ်ဖျတ် ကြားလိုက်ရသည်။ ယင်း…တဖျတ်ဖျတ် ဖိနပ်စီးသံမှာ သူနှင့်အတူ ယှဉ်တွဲ ထွက်ပေါ်နေခြင်းပင်… သနပ်ခါးကို ခင်မြသွေး အသေအလဲ ကြိုက်သည်။ ဖိနပ်ကိုလည်း ရှပ်တိုက်စီးတတ်သည်။ ဤသို့ဖြစ်လျှင်…

"ထင်တာ ဖြစ်မှာပါ လေ" အယုံအကြည် မရှိသူဖြစ်၍ လမ်းလျှောက်ရင်း တွေးမိသည်။ သို့ရာတွင် သနပ်ခါးရနံ့နှင့် ဖိနပ်သံ တဖျတ်ဖျတ်မှာမူ အသေအချာ ဖြစ်ပါ၏။

× × ×

နွေတစ်ခေါက် ရောက်ပြန်ပြီ…။ ခင်မြသွေးတို့ ယိမ်းအဖွဲ့က သင်္ကြန်တွင် ကကြဦးမည်။ ခင်မြသွေး မရှိတော့သော်လည်း အစည်းအဝေးသို့ ကိုမြင့်မောင် ရောက်နေသည်။ ည (၈) နာရီက စခဲ့သော အစည်းအဝေးက (၁၀) နာရီအထိ မပြီးပြတ်သေး၊ တိုင်ပင်နေကြဆဲတွင် "ဖုတ်" ခနဲအသံတစ်ခုနှင့် အတူ တစ်စုံတစ်ခုက မိမိရှေ့နား ကျလာသည်။ ကောက်ယူကြည့်လိုက်တော့ နီရဲရဲ နှင်းဆီပန်းတစ်ပွင့် ကိုမြင့်မောင် သတိရလိုက်ပြီ။ နှင်းဆီနီနီသည် ခင်မြသွေး ကြိုက်သည့် ပန်း…။ အိမ်ရှိပန်းအိုးများတွင် နှင်းဆီရဲရဲကို ထိုးလေ့ရှိသည် မဟုတ်လား။ ယခု နှင်းဆီပွင့်မှာလည်း….။

ကိုမြင့်မောင် အိမ်အပြန်လမ်းတွင် သနပ်ခါးအမွှေးရနံ့နှင့်အတူ ဘေးနားက ဖိနပ်သံတဖျတ်ဖျတ်က အိမ်အထိပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

''အ၊ ကုသိုလ်တို့ မည်သည့် ဝင်မိလျှင် ဆက်ကာ ဆက်ကာ ဝင်တတ်သည်'' ဟု ပြောစမှတ်ရှိပါ၏။ ခင်မြသွေး သေဆုံးခဲ့ပြီး စီးပွားရေးက ကျသွားသည်။ ဟော…ယခု မေသဲ၏ မျက်စိတစ်ဖက်တွင် အမည်းစက်ကလေး ပေါ်လာသည်။ တဖြည်းဖြည်း တိမ်ဖြစ်သွားသည်။ (၁၃) နှစ်အရွယ် သမီးလေး ရှက်ရှာပေလိမ့်မည်။ ရအောင်ကုမည်ဟူသော ဆုံးဖြတ်ချက်နှင့် မြို့တက်ဆေးကုလျှင် အိမ်စောင့်ရန် ညီဖြစ်သူ ကိုတင့်မောင်ကို မှာလိုက်သည်။ ကိုတင့်မောင်တို့ ဇနီးမောင်နှံ ရောက်လာသည်။ မြို့သွား၍ မျက်စိကုသရေး ဆွေးနွေးကြသည်။ တည်းခိုရေး၊ သွားမည့်နေ့ကောင်း ရက်ကောင်းတို့ကို အသေးစိတ်တိုင်ပင်ကြသည်။ သမီးလေးကမူ အိပ်ပျော်နေချေပြီ။

''အဟင့်…အဟင့်… ဟီး… ဟီး….ဟီး''

ရှိုက်၍ ရှိုက်၍ ငိုသံမှ ဟီးချ ငိုလိုက်သံကို သူတို့သုံးဦး ကြားလိုက်ရသည်။ သုံးဦးစလုံး မျက်လုံးပြူးသွားကာ တံခါးဝကို မတိုင်ပင်ဘဲ ပြိုင်တူကြည့်လိုက်ကြသည်။ မည်သူ့ကိုမျှ မတွေ့ရ တံခါးတွေကလည်း ပိတ်ပြီးဖြစ်သည်။ စိတ်မြန်လက်မြန်ဖြစ်သော ကိုတင့်မောင်က ငါးတောင့်ထိုး လက်နှိပ်ဓါတ်မီးကို ဆက်ခနဲ ဆွဲယူလိုက်ပြီး အလျင်အမြန် တံခါးကို ဖွင့်လိုက်သည်။ ထိုအချိန်မှာပင် လှေကားမှ ဆင်းသံနှင့် အတူ တစ်စုံတစ်ရာကို တိုက်မိသွားသည့် အသံကိုပါ သူတို့ ကြားလိုက်ရပြန်သည်။ တစ်ညလုံး ဖွင့်ထားသည့် မီးရောင်အောက်တွင်မူ….

လှေကားခုံပေါ်၌ ပြန့်ကျဲနေသော မီးသွေးခဲများနှင့် မှောက်နေသော စကောဟောင်း တစ်ချပ်။

''ဒီစကောက ဘယ်သူထားထားတာလဲ''

ဟိုကြည့်သည်ကြည့်နှင့် နားမလည်စွာ ကိုတင့်မောင် မေးသည်။

''ကျွန်မ ထားတာပါ ကိုတင့်ရဲ့…မှောင်ခါနီးမှာ မီးသွေးရောင်းသေးတယ်လေ။ ပိုတဲ့မီးသွေးကို စကောထဲထည့်ပြီး လှေကားခုံပေါ်မှာ တင်ထားခဲ့တာ အစ်ကိုကြီးရောင်းလို့ မီးသွေး ပိုရင်လည်း ဒီလိုပဲ ထားနေကြပါ။ ဟုတ်တယ်နော် အစ်ကိုကြီး''

ကိုတင့်မောင်မိန်းမ၊ ခင်နှောင်း၏ ပြောစကားကို ခေါင်းညိတ်ကာ ကိုမြင့်မောင် ထောက်ခံလိုက်၏။

''ဒီလိုဆိုရင်…..''

ကိုတင့်မောင်၏ စကားမဆုံးမီတွင် ကိုမြင့်မောင်က အိမ်ပေါ်သို့ လက်ညှိုးညွှန်ပြပြီး ရှေ့မှပြန်တက်သွား၍ စကားဝိုင်းပြန် စသည်။

'မင်းတို့ကို မပြောမိတာကွ။

မချုပ်တီးနိုင်ဘဲ ငိုလိုက်တဲ့အသံကို ကျွန်မတို့က ကြားလိုက်ရတော့ အုံ့အားသင့်ပြီး အားလုံးက ထအကြည့်မှာ ဘဝခြားနေတဲ့ ကျွန်မတို့ကို မမကြီးက ရှောင်လိုက်တာ ဖြစ်နိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး မျက်စိကိစ္စက အရေး ကြီးနေတော့ မေ့သွားတယ်ကွာ ဒီလိုကွ…ဒီလို”

ကိုမြင့်မောင်က ခင်မြသွေး ၏ သမီးလေးနှင့် ချစ်လင်အပေါ် ထားရှိခဲ့သည့် အချစ်နှင့် သံယောဇဉ် ကြီးမားလှပုံကို ခရေစေ့တွင်းကျ ပြန်ပြောပြလိုက် သည်။

“ဒီလိုဆိုရင် ငိုတဲ့အသံနဲ့ ခြေသံက”

“ဩော်..ကိုတင့်ရယ်.. ကျားကိုက်ပါတယ် ဆိုတာကို အပေါက်ကလေး နဲ့လားလို့ မေး ဦးမလို့လား။ ဒီလိုကိုတင့်ရဲ့.. မမ ကြီးက မေသဲလေးနဲ့ အစ်ကိုကြီး ကို အရမ်းချစ်တာ… တုန်နေ အောင် ချစ်တာမဟုတ်လား။ ရောဂါခံစားနေရတုန်းကလည်း ဒီစိတ်၊ သေတော့လည်း ဒီစိတ်ပဲ အစ်ကိုကြီးက မေသဲလေးကို အိမ်မှာထားခဲ့ပြီး စိတ်လေတော့ လည်မှာပတ်မှာပေါ့။ ကိုတင့်ရယ် သမီးတစ်ယောက်တည်း ထား ခဲ့ရမလားဆိုပြီး လည်တဲ့သွားတဲ့ နေရာတွေမှာ သတိပေးတာတွေ အစ်ကိုကြီး ပြောပြတဲ့ အထဲမှာ ပါတယ်လေ။ သူ မသေခင်က လည်း ဒီလိုပဲ လိုက်ခေါ်နေကျ မဟုတ်လား။ အခု မေသဲလေးကို ရန်ကုန်မှာ သွားကုဖို့ စီစဉ်တာကို မမကြီးက စိတ်မချတာလေး.. မခွဲနိုင်တာလားတော့ မသိဘူးပေါ့ ကိုတင့်ရယ်။ အဲဒါကြောင့် ငိုတာ ဖြစ်မှာ ကိုတင့်ရဲ့ သိပြီလား။ မချုပ်တီးနိုင်ပဲ ငိုလိုက်တဲ့အသံကို ကျွန်မတို့က ကြားလိုက်ရတော့ အံ့အားသင့်ပြီး အားလုံးက ထ အကြည့်မှာ ဘဝခြားနေတဲ့ ကျွန်မ တို့ကို မမကြီးက ရှောင်လိုက်တာ ဖြစ်နိုင်တယ်။ အဲဒီမှာ မီးသွေးဗန်း ကို တိုက်သွားတာ နေမှာပေါ့ ကိုတင့်ရဲ့”

“ဟုတ်တယ်ကွ… ညီလေး ရ”

ခေါင်းတညိတ်ညိတ် နား ထောင်နေသော ကိုမြင့်မောင်က ပြောသည်။

“မမကြီးက မကျွတ် မလွတ်သေးဘူးလား အစ်ကိုကြီး ရယ်။ အလှူအတန်းလုပ်ပြီး မမ ကြီးအတွက် အမျှဝေရအောင်”

ကိုတင့်မောင်က စိတ် မချမ်းမြေ့စွာ ပြောသည်။ ဇနီး မောင်နှံနှစ်ဦး၏ အဆိုပြုချက်မှာ မှန်ကန်သလောက် ဖြစ်နေသဖြင့် အလှူလုပ်ရန် စီစဉ်လိုက်ကြ သည်။

(၄)

အစီအစဉ်အရ တနင်္ဂနွေနေ့ တွင် သံဃာတော်များအား ဆွမ်း ကပ်မည်။ ဧည့်ပရိသတ်များကို မုန့်ဟင်းခါးဖြင့် ဧည့်ခံမည်။

ဧည့်ပရိသတ်များ ကျွေး မွေးရန် ကြိုတင်ချက်ပြုတ်ရမည်။ မုန့်ဟင်းခါးကို မသီတာက နိုင်နိုင် နင်းနင်း ချက်တတ်သည်။ မေသဲ လေးကလည်း မသီတာကို ဖိတ် ရန် ပြောထားသည်။ အလှူကို လည်း လာဖြစ်အောင် မုန့်ဟင်းခါးကို လည်း ချက်နိုင်ရန် မသီတာကို ကြို တင် ရောက်နေသည်။ မသီတာ

လည်ပင်းကို ညှစ်ထားသည့် လက်အစုံ ကြောင့် အသက်ထွက်လုမတတ်။ မချိမဆန့် ဝေဒနာကြောင့် ခေါင်းကိုခါယမ်းနေမိသည်

www.burmeseclassic.com

www.burmeseclassic.com



ဟသံ္တာတွင်နေစဉ် မိခင်က မုန့်ဟင်းခါးရောင်း၍ ကျွေးထားခဲ့ကြောင်း မသီတာက ပြောပြကာ မုန့်ဟင်းခါး ချက်ကျွေးဖူးသည်။ ယခုလည်း မသီတာပင် ဈေးဝယ်ပြီး လိုအပ်သမျှကို စီမံနေသည်။ နောက်နေ့တွင် နံနက်စောစော အိပ်ယာမှ ထရမည်ဖြစ်၍ မသီတာနှင့် မေသဲလေး အတူ အိပ်ယာဝင်ခဲ့သည်။ မသီတာမှာ လုပ်ရကိုင်ရသည်မှာ မောလှသဖြင့် အိပ်ယာထဲရောက်သည်နှင့် အိပ်ပျော်သွားတော့သည်။

×××



အဝတ်အစားမှာ အနက်ရောင်ထဘီ အနက်ရောင် အင်္ကျီဖြစ်သည်။ ခေါင်းမှဆံပင်များက မျက်နှာကို အုပ်နေသဖြင့် သဲကွဲစွာ မမြင်ရ ရှည်လျားသည့် ဆံပင်ရှိတာ မှတ်မိလိုက်သည်။ လည်ပင်းကို ညှစ်ထားသည့် လက်အစုံကြောင့် အသက်ထွက်လုမတတ်။ မချိမဆန့် ဝေဒနာကြောင့် ခေါင်းကိုခါယမ်းနေမိသည်။ သို့ရာတွင်…လက်ပိုင်ရှင်က သန်မာလွန်းစွာ ပက်လက်လန်နေသော သူ့ခန္ဓာကိုယ်ပေါ်တွင် ခွစီးကာ ညှစ်ထားစဲ

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူ မရတော့ပါ။ လက်တွေ ခြေတွေပင် လှုပ်ယမ်းလာပြီး။ မကြာမီ ငြိမ်သက်တော့မည်။

ထိုအချိန်တွင်…

အရပ်မြင့်မားလွန်းသည့် အဝတ်ဖြူခေါင်းဖြူ မုတ်ဆိတ်ဖြူ ပုဂ္ဂိုလ်ကြီးက တုတ်တစ်ချောင်းဖြင့် ရုတ်တရက် ပေါ်လာ ပြန်ကာ… အနက်ရောင်ဝတ်စုံ အား ရိုက်မည်ပြုလိုက်သည်။ ညှစ်ထားသော လက်များက ဆက်မညှစ်တော့ဘဲ ဆံပင်များကို ဖယ်၍ မျက်နှာကို မော့ကာထလိုက်သည်။ နောက် အနက်ရောင်ဝတ်စုံသည် ကြောက်ရွံ့စွာဖြင့် မုတ်ဆိတ်ဖြူကြီး ခေါ်ရာ နောက်ထလိုက်သွားသည်။ နှစ်ဦးစလုံးခြံထောင့်ရှိ သစ်ပင်ကြီး ပေါ်တက်သွားသည်ကိုသာ မြင်လိုက်ရပြီး သူ သတိလစ်သွားသည်။

"အန်တီ…အန်တီ"

လှုပ်၍ နှိုးနေသဖြင့် သူ သတိရလာပြီး မျက်စိဖွင့်ကြည့်လိုက်သည်။ သူ့လက်ကို ကိုင်ပြီး ငိုနေသည့် မေသဲလေး… နောက် ကိုမြင့်မောင်….၊ ကိုတင့်မောင် နောက်ဆုံးက မခင်နှောင်းတို့က စိုးရိမ်စွာ ကြည့်နေကြသည်။

"အန်တီ ခြေတွေလက်တွေက သမီးကိုယ်ပေါ်ကျလာတော့ သမီး နိုးလာတာပေါ့။ အန်တီကို ခေါ်လို့လည်း မရဘူး"

ပြောရင်း မေသဲလေးက ရှိုက်ကြီးတငင် ငိုသည်။

"ဟုတ်တယ်လေ။ သီတာ သမီး ခေါ်သံကြားလို့ ငါတို့လာကြည့်တာ …ရော့ … ရေသောက်လိုက် အဝတ်အစားပါလဲလိုက် ချွေးတွေ ရွှဲနေတာပဲ။ ဘာဖြစ်တာလဲ။ ပြောပါဦးဟာ…"

မသီတာ ကောင်းစွာသတိရနေပေပြီ။ ဖြစ်ပျက်သမျှကို ပြန်ပြောပြသည်။ မသီတာ၏ လည်ပင်းတွင် အညိုအမည်းစွဲနေသော ဒဏ်ရာများ…

"ဒါနဲ့ပါဆိုရင် သီတာ ကြုံခဲ့တာ နှစ်ခါရှိပြီ။ မမသေပြီး ရက်လည်အထိနေတုန်းကလည်း ကြုံခဲ့ရသေးတယ်"

မသီတာ ပြောသမျှကို နားထောင်နေရင်း ဖြစ်ရပ်အမှန် ကို နားလည်လိုက်သူများမှာ ကိုမြင့်မောင်၊ ကိုတင့်မောင်နှင့် မခင်နှောင်းတို့ သုံးဦးမျှသာ။

(၅)

နံနက်စောစော သံဃာတော်များ ကြွလာသောအခါ ဆွမ်းကပ်လှူကြသည်။ တရားနာယူကြသည်။ ကိုမြင့်မောင်က ခင်မြသွေးရောက်ရာ ဘဝမှ လာ၍ သာဓု အနုမောဒနာခေါ်ဆိုရန် အလှူကို အမျှပေး ဝေသည်။ ထိုအချိန်တွင်… မွှေးကြိုင်သည့် သနပ်ခါးရနံ့ကို ထူးထူးခြားခြားရကြသည်။ ပရိသတ်ကလည်း ဝမ်းသာစွာ သာဓု ခေါ်ကြပါသည်။

ဘဝခြားခဲ့ပြီ ဖြစ်သော အချစ်ကြီးသူ ခင်မြသွေး တစ်ယောက် သာဓုခေါ်နိုင်သည်လားတော့ မသိပါ။ ထိုနေ့ ထိုအချိန်ကစ၍ ခင်မြသွေး၏ အရိပ်အယောင်ကို မမြင်ရ မကြားရတော့ပါချေ။

မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲ ကြပါစေ။

ကိုရဲ(ဥပဒေ)

www.burmeseclassic.com

www.burmeseclassic.com



အခန်း (တစ်)

စာရေးသူ၊ သူငယ်ချင်းရှိရာ ဟသ်ာတအကျဉ်းထောင်သို့မကြာသေး မီကအလည် တစ်ခေါက် ရောက်ခဲ့သည်။

သူငယ်ချင်း ထောင်မှူးကြီး ဦးငွေစန်းက ဟသ်ာတအကျဉ်းထောင်သမိုင်းအကြောင်းကိုပြော ပြရင်း ထောင်အတွင်းရှိ အလုပ်စခန်းများ၊ အိပ်ဆောင် များ၊ ရေစက်၊ စားဖိုဆောင်၊ ဆေးခန်း၊ စိုက်ပျိုးရေး လုပ်ငန်းများ စသည်ဖြင့်လိုက်လံပြသခဲ့သည်။

**အောင်လှိုင်ဝင်း**

**သုရ၊ ၁၀၊**

အချိန်ကို အလဟဿ မဖြုန်းဘဲစနစ်တကျ ထောင်ဝန်ထမ်းများ၊ အကျဉ်းသားများကို တာဝန်ပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သောကြောင့် ထောင်တွင်း၌ ထူးခြားစွာသန့်ရှင်းသပ်ရပ်မှုကိုတွေ့ရလေသည်။

ထောင်ဗူးဝမှ ပြန်ထွက်ခါနီးတွင် အဖြူရောင်အောက်ခံပေါ်၌ အနက်ရောင်စာလုံးကြီးဖြင့် ထင်ရှားစွာ ရေးသားထားသော စာတန်းကြီးကို ကြည့်မိသည်။ 'ပျက်အစဉ် ပြင်ခဏ' စာတန်း ကြီးဖြစ်သည်။


သူငယ်ချင်းထောင်မှူးကြီး ဦးငွေစန်းအားနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာခဲ့သော်လည်းထောင်ဗူးဝ တွင်ဖတ်ခဲ့ရသော စာတန်းကိုတွေးပြီးလျှောက်လာခဲ့ပါသည်။

ဒုစရိုက်သမားများအတွက် အသိတရားရပြီး မကောင်းသော အကျင့်စရိုက်၊ စိတ်ဓာတ်တို့ကို ပြင်လိုက်မည် ဆို လျှင် ခဏလေးနှင့် လူကောင်းတစ်ယောက်ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

သို့သော်စာရေးသူတွေ့ခဲ့ဖူးသောသူ တစ်ယောက်မှုကား …

×××

ဟသ်ာတမြို့နယ်သည် တစ်နိုင်ငံလုံးတွင်လူဦးရေ အထူထပ်ဆုံးဒုတိယမြို့နယ်ဖြစ်ပါသည်။ လူဦးရေ (၃) သိန်းကျော် ရှိပြီး ဟသ်ာတမြို့နယ် ပြည်သူ့ ရဲတပ်ဖွဲ့တွင် ရဲစခန်း (၅) ခုဖြင့် လုံခြုံရေး ရပ်ရွာငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ရဲစခန်း (၅) ခု အနက် ဟသ်ာတ (၁) ရဲစခန်းသည် မြို့မရပ်ကွက် (၁၆) ခုနှင့် ကျေးရွာအုပ်စု (၁၇) အုပ်စုရှိပြီး လူဦးရေ (၁) သိန်းခွဲခန့်ရှိသောကြောင့် မြို့နယ်၏ အခါကကျသော ရဲစခန်းတစ်ခုဖြစ်ပါသည်။ လူဦးရေများပြားသည်နှင့်အမျှ အမှုအခင်းလည်းပေါ်များ



ရှုပ်ထွေးပွေလီလှပါသည်။ လူဦးရေ (၁) သိန်းခွဲခန့်ရှိသော ဟသ်ာတ (၁) ရဲစခန်း၏ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ မှုခင်းဖော်ထုတ်ရေးနှင့် လူဆိုးများထိန်းချုပ်ရေးအတွက် အရာရှိတစ်ယောက်၊ အခြားအဆင့် (၆) ယောက်ရှိသော လူဆိုးထိန်းအဖွဲ့အနေဖြင့် ထမ်းဆောင်ရသော တာဝန်များမှာ ကြီးမားလှပါသည်။

ဆောင်းရာသီ နံနက်ခင်းတစ်ခုတွင် …

ဟသ်ာတ (၁) ရဲစခန်း၏ လူဆိုးထိန်းအခန်းထဲ၌ လူဆိုးထိန်းအဖွဲ့ဝင်များ အလုပ်ရှုပ်နေကြ သည်။ တချို့က မှတ်စရာ ရှိတာ မှတ်ပြီး အချို့က ဖတ်စရာရှိတာ များကိုဖတ်ကာ(၈)နာရီထိုးမည့် အချိန်ကိုစောင့်ဆိုင်းရသည်မှာ လည်းနေ့စဉ်တာဝန်တစ်ခု ဖြစ်ပါ သည်။ (၈) နာရီထိုးသံ ရေဒီယိုမှ ပြီးဆုံးချိန် ခွပ် … ခွပ် … ဟု ရှူးဖိနပ်ခွာသံများကြားရကာ လူဆိုးထိန်းအဖွဲ့ခေါင်းဆောင် ဒု- ရဲအုပ်စခန်းမှူး ဦးဝင်းတင် လူဆိုး ထိန်းအခန်းထဲသို့ ဝင်လာကာ စားပွဲတွင် ဝင်ထိုင်လိုက်ပါသည်။ အဖွဲ့ခေါင်းဆောင် မရောက်ခင်က အလုပ်ရှုပ်ကာ ဆူညံနေသော အဖွဲ့ ဝင်များမှာ အပ်ကျသံပင် ကြား

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ငြိမ်သက်နေကြပြီးမှ မှတ်စုစာအုပ်များကိုဖွင့်ကာ မှတ်သားရန် အသင့်ဖြစ်နေကြပါသည်။ အဖွဲ့ခေါင်းဆောင်မှာ လုပ်ငန်းနှင့် ပတ်သက်လာလျှင် တိကျပြတ်သားသူ၊ မထောက်မညှာ ပြောဆိုတတ်သူဖြစ်ပြီး လူဆိုးထိန်းအဖွဲ့ဝင်များမှာလည်း ဆရာ၏စိတ်ဓာတ်ကိုသိရှိထား ကြသူများဖြစ်သောကြောင့် အလုပ်တာဝန်ကျေပွန်အောင်ကြိုးစားတတ်သူများဖြစ်ပါသည်။

×××

(နှစ်)

အဖွဲ့ခေါင်းဆောင်မှ မနေ့က တာဝန်ပေးထားသော လုပ်ငန်းများကို အဖွဲ့ဝင်တစ်ဦးချင်း ပြန်လည်စိစစ်မေးမြန်းကာ လိုအပ်သည်များကို ညွှန်ကြားခဲ့ပါသည်။ ဒါက နေ့စဉ်တာဝန်တစ်ခု …

လူဆိုးထိန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးနေစဉ် အခန်းထဲသို့ သာစည်ကျေးရွာ ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးစံဝင်း ဝင်လာပါသည်။

"ဦးစံဝင်း လာ … ထိုင်ဗျာ။ အကြောင်းပေါ်လာပြီထင်တယ်။ အလည်သက်သက်တော့ လာမယ် မထင်ဘူး။ ဘာအကူအညီပေးရမလဲ"

"ညက ကျွန်တော်တို့ရွာ အခိုးခံရတယ်။ တစ်အိမ်ထဲဆိုရင် တော်သေးတယ်။ ခုတော့ ဆယ်အိမ်တောင်ဗျာ"

"ခေါင်းမှူးရေ ပြောတောင်မပြောချင်ပါဘူးဗျာ။ ညက ကျွန်တော်တို့ရွာ အခိုးခံရတယ်။ တစ်အိမ်ထဲဆိုရင် တော်သေးတယ်။ ခုတော့ ဆယ်အိမ်တောင်ဗျာ။ ကျွန်တော်တို့အဖွဲ့အစည်းတွေလည်း ညံ့ရာကျတယ်။ ရှက်တောင် ရှက်သေးရဲ့"

"အလှည့်ကျ ကင်းလေးလည်း ထားဦးပေါ့ဗျာ။ ဘာတွေပါသွားလဲ"

"ဒန်အိုး၊ ဒန်ခွက်တွေ၊ အဝတ်အစားတွေနဲ့ စက်ဘီးတစ်စီးပါသွားတယ်"

"အမှုဖွင့်ပြီးပြီလား"

"မဖွင့်ရသေးဘူး။ ဆယ်အိမ်လောက်ဆိုတော့ ဆယ်အိမ်လုံးက တိုင်ရမှာလား"

"မတိုင်ရပါဘူး။ အခင်းဖြစ်ချိန်က တစ်ချိန်တည်းဖြစ်ပြီး တစ်ရွာတည်းမှာဖြစ်လို့ တစ်ယောက်တည်းက တရားလိုလုပ်ပြီး ကိုယ့်အိမ်ကပါသွားတဲ့ ပစ္စည်းရော၊ အခြားအိမ်တွေကပါတဲ့ပစ္စည်းရော ထည့်တိုင်ရင် ရပါတယ်"

"ဒီလိုဆိုရင် ကျွန်တော်တိုင်ဖို့ အစီအစဉ် လုပ်လိုက်ဦးမယ်။ ခင်ဗျားအဖွဲ့ကပဲ ကြိုးစားဖော်ထုတ်ပေးပါဦးဗျာ"

"စိတ်ချ … ဦးစံဝင်း။ ကျွန်တော် အထူးကြိုးစားဖော်ထုတ်ပေးပါမယ်။ ခင်ဗျားတို့လည်း စုံစမ်းကြဗျာ။ ပြည်သူကလည်း သတင်းပေးမယ်။ ရဲကလည်း ကြိုးစားဖော်ထုတ်မယ်ဆိုရင် ဒီတရားခံ မိုးပေါ်တက်ပုန်းစမ်းပါစေ … မိရမယ်ဗျာ"

×××

(သုံး)

ကျုံဖားရွာဓာတ်ိ သိန်းဆောင် တစ်ယောက် နိုင်ငံတော်မှပေးသော အပြစ်ဒဏ်များကိုခံယူပြီး ရဲဘက်စခန်းမှ လွတ်လာကာ ကျေးရွာသို့ ပြန်ရောက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိန်းဆောင်ဒီတစ်ခေါက် ရဲဘက်ကပြန်လာတာ အခြေအနေ ကောင်းပါတယ်။ မျက်လုံးကလည်း မမြင်တော့ ဘယ်မှလည်း မသွားတော့ဘူး"

သိန်းဆောင် လွတ်လာပြီ ဆိုသည့် သတင်းကား ချက်ချင်းပင် ကျုံဖားရွာ တစ်ရွာလုံးနှင့် ပတ်ဝန်းကျင်ရွာများသို့ ပျံ့ခဲ့လေသည်။ သိန်းဆောင်ကို ကျုံဖားရွာနှင့် ပတ်ဝန်းကျင်ရွာတို့မှ လူကောင်းရော၊ လူဆိုးရော ကြောက်ကြလေသည်။ ကြောက်မည်ဆိုက ကြောက်လောက်သည်။ ကျူးလွန်ခဲ့သော ပြစ်မှုတွေက တသီကြီး–

အဖွဲ့ခေါင်းဆောင်မှာ ကျေးရွာတွင်း တာဝန်ရှိပုဂ္ဂိုလ်အချို့နှင့် လျှို့ဝှက်တွေ့ဆုံခဲ့ရာ ...

"သိန်းဆောင် ဒီတစ်ခေါက် ရဲဘက်ကပြန်လာတာ အခြေအနေ ကောင်းပါတယ်။ မျက်လုံးကလည်း မမြင်တော့ ဘယ်မှလည်း မသွားတော့ဘူး။ တစ်ခါတစ်ရံ နတ်မော်ဈေးလေးသွားရင်လည်း တစ်လမ်းလုံး ဟိုတိုက်ဒီတိုက်နဲ့ ကျန်းမာရေးကလည်း မကောင်းဘူး။ ကုန်ကုန်ပြောရရင် စကားတောင် ကျယ်ကျယ် မပြောတော့ဘူး"

"ဒီအထိတောင် ဖြစ်နေသလား။ ဘာတွေ လုပ်ကိုင်စားကြသလဲ"

"သူ့မိသားစု တောင်းယက်၊ ပလုံးယက်နဲ့ စားသောက်နေကြတယ်။ တစ်ခါတစ်ရံတော့ ခရီးသွားတာ တွေ့တယ်"

"ဘယ်တွေသွားလဲ"

"ပုသိမ်နဲ့ ငပုတောဘက်တော့ သွားတတ်တယ်"

"ထူးခြားမှုရှိလည်း ပြောဗျာ။ ကျွန်တော်တို့ သွားဦးမယ်"

ရွာများ၌ရှိသော လျှို့ဝှက်သတင်းပေးများထံမှ သတင်းကလည်း အထက်ပါသတင်းများအတိုင်းပင် ထူးခြားမှုမရှိ။

×××

(လေး)

စခန်းမှူးဦးဝင်းတင် အနေဖြင့် ဘဝင်သိပ်မကျလှပါ။ သိန်းဆောင်မျက်လုံးကောင်းမကောင်း ကိုယ်တိုင် စမ်းသပ်ချင်သော စိတ်လည်း ပေါ်နေခဲ့ပါသည်။

သိန်းဆောင်ကို လေ့လာနေရင်း တစ်နေ့၌ ဟသ်ာတ (၁) ရဲစခန်းရှိ အရာရှိများ၊ အလုပ်သင် ဒု–ရဲအုပ်များနှင့် လူဆိုးထိန်းများခေါ်ကာ မနက် (၁) နာရီလောက် အိပ်မောကျနေမည့် အချိန်မှန်းကာ သိန်းဆောင်အိမ်ကို လျှပ်တစ်ပြက် ဝင်ရောက်ရှာဖွေခဲ့ပါသည်။ အိမ်ပေါ်မှာ ရှာမတွေ့ပါ။ အိမ်ခြေရင်းဘက်ရှိ ချုံတစ်ခုထဲ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရာ သိန်းဆောင်နှင့် ဇနီးဖြစ်သူ မရင်နုတို့ ကောက်ရိုးများခင်းပြီး အိပ်နေကြောင်းတွေ့ရပါသည်။ နှိုး၍ ရှာဖွေခဲ့သော်လည်း ဘာမျှ ထူးထူးခြားခြား မတွေ့ရပဲ ရဲစခန်းခေါ်လာခဲ့ပါသည်။ အိမ်ဘေးတွင် ဆင်းအိပ်ရခြင်း အကြောင်းကို မေးခဲ့ရာ ယခင်က ဒုစရိုက်မှုတွေ ကျူးလွန်ခဲ့လို့ အိပ်ပျော်နေတုန်း ကလဲ့စားချေမှာစိုးပြီး အိပ်ခဲ့ခြင်း ဖြစ်ကြောင်း ပြောခဲ့သော်လည်း ယုတ္တိမရှိ၍ အဖြေရှာရန် လိုအပ်လာသဖြင့် အဖွဲ့ခေါင်းဆောင်မှ အဖွဲ့ဝင်အားလုံးအား ယခင်ကထက် ဂရုထားဖို့လိုပါပြီ ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားသတင်းထူးလည်း မရသေး၍ အမှုပေါ်ပေါက်ရန် လမ်းစလည်းမရ ဖြစ်နေခဲ့ပါသည်။ လူဆိုးထိန်းအဖွဲ့ဝင် အားလုံးကတော့ တစ်မြို့လုံးနေရာအနှံ့ မမောမပန်းနိုင်ဘဲ အမှုပေါ်ရေးအတွက် ကြိုးစားပမ်းစားနှင့် သတင်းထောက်လှမ်းနေခဲ့ပါသည်။

စခန်းမှူးမှ အလုပ်သင် ဒု-ရဲအုပ် ဦးကြည်စိုးအား ...

"ခင်ဗျားလည်း နယ်မြေအတွေ့အကြုံရအောင် လူဆိုးထိန်း မောင်မောင်နဲ့ ကျုံဖားရွာသွားပြီး သိန်းဆောင်ခေါ်လှည့်ဗျာ။ ခုတလော သိန်းဆောင်ရဲကို အတွေ့မခံချင်ဘူး။ အိမ်ရှေ့ကမေးရင် နောက်ဖေးခြံပေါက်က လစ်သွားတယ်။ ရှေ့နောက်ခွဲပြီး ဝင်ဗျာ"

"ဟုတ်ကဲ့ ... ဆရာ။ ကျွန်တော် မောင်မောင်နဲ့ လိုက်သွားမယ်"

"ဆရာဦးကြည်စိုး ... ကျွန်တော်တို့ ဒီလိုအဝတ်အစားတွေနဲ့ သွားလို့မဖြစ်ဘူး။ အဝတ်အစား အစုတ်အဟောင်းတွေ ဝတ်ပြီး ခမောက်တစ်လုံးစီ ဆောင်းကြမယ်။ ထမ်းပိုးနဲ့ တောင်းနှစ်လုံး ထမ်းပြီး သွားမယ်။ ဆရာက အိမ်ရှေ့ကဝင်၊ ကျွန်တော်က အိမ်နောက်က စောင့်မယ်"

နှစ်ဦးသား ပုံဖျက်ပြီး ကျုံဖားရွာသို့ ထွက်ခဲ့ကြလေသည်။ သိန်းဆောင် အိမ်နောက်ဘက်သို့ မောင်မောင် အရင်သွားနှင့်ပြီး ခြံအပေါက်အနီးရှိ လူတစ်ကိုယ်ကွယ်နိုင်လောက်သည့် ကုက္ကိုပင်အောက်တွင် ကပ်လျက် လက်ထဲ၌လည်း စတီးလက်ထိပ် အသင့်ကိုင်ထားကာ စောင့်နေပါသည်။ ဦးကြည်စိုး ခြံထဲဝင်လိုက်သည်ဆိုလျှင် ခွေးကအဆက်မပြတ်ဟောင်ကာ အတင်းကိုက်မည်လုပ်၍ ခွေးကို မောင်းနေရသည်။ သိန်းဆောင်လည်း သတိနှင့်အမြဲနေသူမို့ ခွေးဟောင်သံကြားကတည်းက အိမ်နောက်ဘက်တံခါးမှ ဆင်းကာ နောက်ဖေးခြံက ငုံ့ထွက်ရန် ကုက္ကိုပင်အောက်ရှိ ခြံတိုင်ကို လှမ်းကပ်လိုက်သည်။ ခေါင်းကငုံ့နေရသည့်အတွက် လက်ကောက်ဝတ်သို့ "ကလစ်" ဟု အသံကြားကာ မာသော အရာဝတ္ထုတစ်ခုက စွပ်လိုက်မှ မော့ကြည့်မိပါတော့သည်။ လူဆိုးထိန်း မောင်မောင်ကလည်း ခြံတိုင်ကို သိန်းဆောင် လက်ကိုင်တာနှင့် စတီးလက်ထိတ်ဖြင့် ပေါင်းခတ်ပြီး ဖြစ်နေသည်။

"သိန်းဆောင် မင်းပြေးလို့မရတော့ဘူး။ ရာဇဝတ်ဘေးဆိုတာ ခဏသာပြေးလို့ရမယ်။ တစ်သက်တာ ပြေးလို့မရဘူး။ တစ်နေ့နေ့မှာတော့ မိမှာပဲ"



အိမ်ပေါ်တွင် သက်သေလူကြီးများနှင့်အတူ ရှာသော်လည်း ထူးခြားမှုမရှိပါ။ မောင်မောင်မှာ မပေါ်သေးသော အမှုများထဲမှ ပါဆုံးပစ္စည်းတစ်ခုချင်း စဉ်းစားရင်း သူ့ရှေ့တွင် ထောင်ထားသော ခတ်ဘူးကိုမြင်မှ လက်ကိုက်တီကွင်းအမှုတွင် ခတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ပါသွားကြောင်း သတိရခဲ့လေသည်။ ဓာတ်ဘူးယူကြည့်ရာ သိန်းဆောင်ဇနီး မရင်နုနာမည် ထိုးထားကြောင်း တွေ့ခဲ့ပါသည်။ အရောင်အသွေး ပျောက်ဆုံး ပစ္စည်းနှင့်တူနေပြီး သိန်းဆောင်မိသားစုစီးပွားရေး အခြေအနေနှင့် ဓာတ်ဘူးသုံးနိုင်ဖို့မလွယ်ကြောင်း စဉ်းစားမိကာ ရှာဖွေပုံစံနှင့် သိမ်းလာခဲ့ပါသည်။

×××

(ငါး)

သိန်းဆောင်ကို လူဆိုးထိန်းအခန်းထဲသို့ ခေါ်လာခဲ့သည်။ အခန်းထဲ၌လည်း လူဆိုးထိန်းများအားလုံးစုံညီချိန် ဖြစ်နေပါသည်။

စခန်းမှူးမှသိန်းဆောင်အား သိလိုသည့်အချက်များမေးရာ …



"မင်း … ရဲဘက်က လွတ်လာပြီး ဒီနေ့အထိ ဘာတွေလုပ်ကိုင်စားသောက်လဲ"

"ကျွန်တော် ကျန်းမာရေး မကောင်းလို့ ဘာမှမလုပ်နိုင်ပါဘူး။ သမီးနဲ့ ဇနီးက တောင်းယက်ကျွေးပါတယ်"

"ဘယ်လောက်ရသလဲ"

"ငါးကျပ်ကနေ ရှစ်ကျပ်လောက်ရပါတယ်"

"အိမ်ပြင်ဆောက်တာ ဘယ်ကရသလဲ"

"ကျွန်တော် ယောက္ခတွေဆီကရတာနဲ့ ဆောက်တာပါ"

"ဓာတ်ဘူးဘယ်လောက် ပေးရလဲ"

"၅၀ ကျပ် ပေးရပါတယ်"

လူဆိုးထိန်းအဖွဲ့ ခေါင်းဆောင်မှ အဆက်မပြတ် မေးခွန်းများမေးလာ၍ သိန်းဆောင်လည်း စိုးရိမ်စိတ်ဝင်လာပြီး ချွေးပေါက်များ ကျလာခဲ့ပါသည်။ ဓာတ်ဘူးတန်ဖိုး ပြောကတည်းက ၄င်းပိုင်မဟုတ်ကြောင်း စခန်းမှူးက သိပြီးဖြစ်နေ၏။ ဓာတ်ဘူးတန်ဖိုးမှာ ၉၅ ကျပ်ခန့်တန်သည်ကို ၅၀ ကျပ်ပြောကတည်းက အမှုအခြေအနေကောင်းလာပြီကို သိပြီးသားဖြစ်ခဲ့ပါသည်။

ဓာတ်ဘူးကို သက်သေလူကြီးသုံးဦးရှေ့၌ အလားတူ ဓာတ်ဘူးဆယ်လုံးနှင့် ရောနှောလျက် ဓာတ်ဘူးပိုင်ရှင်အား ပစ္စည်းစီတန်းပြသခဲ့ပါသည်။ ပစ္စည်းကို မမြင်ခင်ကပင် သက်သေလူကြီးများရှေ့၌ ထင်ရှားသော အမှတ်အသားများကို ပိုင်ရှင်က ကြိုပြောပြထားပါသည်။ စီတန်းပြသခြင်း သုံးကြိမ်ပြုလုပ်ရာ ပြောပြထားသည့်အတိုင်း မှန်ကန်စွာ သုံးကြိမ်လုံး ပြသနိုင်ခဲ့လေသည်။

ထိုတစ်ချက်တည်းနှင့်ပင် သိန်းဆောင် လယ်တီကွင်းအမှုကျူးလွန်ကြောင်း ပေါ်ခဲ့လေသည်။ ထိုသို့ အစတစ်ခု ဆွဲမိပြီဆိုလျှင် ဟသ်ာတ (၁) ရဲစခန်းရှိ လူဆိုးထိန်းများအနေနှင့် ကျန်အမှုများကိုပါ ဆက်လက်စစ်ဆေးဖော်ထုတ်လေ့ရှိကြလေသည်။ အကြောင်းသိပြီးဖြစ်သော သိန်းဆောင်ကလည်း သာစည်ကျေးရွာ (၁၀) အိမ်ခိုးမှုပါ ဖော်ထုတ်ခဲ့လေသည်။

×××

(ခြောက်)

စခန်းမှူး – "သိန်းဆောင်မင်းအသက် (၁၉) နှစ်ကနေ ခု (၃၈) နှစ်အထိ လူရယ်လို့ ဘဝတတ်တဲ့ အရွယ်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



"ခုတလော သိန်းဆောင် ရဲကို အတွေ့မခံချင်ဘူး။ အိမ်ရှေ့ကမေးရင် နောက်ဖေးခြံပေါက်က လစ်သွားတယ်"

ထောင်ထဲနေရတယ်။ မိသားစုနဲ့ တစ်ခါမှ အတူမနေရဘူး။ မင်းထောင်ကျလို့ မိသားစုချမ်းသာရင်လည်း မပြောပါဘူးကွာ။ ပိုတောင်ဆင်းရဲသေးတယ်။ ဒီလိုနဲ့ပဲ မင်းဘဝ အဆုံးခံတော့မှာလား။ ထောင်ဗူးဝမှာ စာလုံးအကြီးကြီးနဲ့ ဘာရေးထားလဲ"

သိန်းဆောင် - "ပျက်အစဉ် ပြင်ခဏပါ ဆရာ"

စခန်းမှူး - "အေး ... အဲဒီစကားဟာ အင်မတန် တန်ဖိုးရှိတယ်ကွ။ ဘယ်လောက် ဆိုးသွမ်းခဲ့ပေမယ့် ဒုစရိုက်မှုကို စွန့်လွှတ်ပြီး ပြင်လိုက်မယ်ဆိုရင် ခဏလေးနဲ့ မင်းလူကောင်းဖြစ်လာမှာပါ။ ကိုယ့်ရဲ့ ချွေးနဲ့ အပင်ပန်းခံရှာပြီးရမှ အဲဒီပစ္စည်းကို မင်းတန်ဖိုးနားလည်လိမ့်မယ်။ လွယ်လွယ်ရတော့ တန်ဖိုးကို မင်းမသိဘူးပေါ့ကွာ။ ဒီတော့ လွယ်လွယ်သုံးတာပဲ ဒီပြင်လူတွေလည်း သိရအောင် ပြောစမ်းပါဦး။ မင်းဘာဖြစ်လို့ မျက်စိမကောင်းချင်ယောင်ဆောင်ရတာလဲ"

သိန်းဆောင် - "ရဲဘက်က ပြန်လာကတည်းက ကြံစည်စိတ်ကူးလာတာပါ။ ရွာပြန်ရောက်လို့ ဒီအတိုင်း လူကောင်းလိုနေရင် ဘာပျောက်ပျောက် နရီကလည်း နာမည်ရှိခဲ့တော့ ကျွန်တော်ပဲထင်မှာ၊ ရဲကလည်း စောင့်ကြည့်နေမှာ၊ ဒါကြောင့် ရွာဝင်ကတည်းက တောင်ဝှေးတစ်ချောင်းရှာလာပြီး မျက်စိမကောင်းကြောင်းသိအောင် ဟန်ဆောင်ပြရတာပါ။ လူတွေဝင်တိုက်တာကိုလည်း မြင်လျက်သားနဲ့ တိုက်တာပါ။ ဒါမှ ယုတ္တိရှိမယ် မဟုတ်လား ဆရာရဲ့။ ဒါတောင် ဖမ်းမိသေးတာပဲ၊ ဟန်မဆောင်ခင်ချက်ချင်းမိနေပြီ။

စခန်းမှူး - "အေး ... ဒါတော့ဟုတ်ပြီ။ ဓားပြမှုတွေ၊ လုယက်မှုတွေ ကျူးလွန်ခဲ့တဲ့ နာမည်ကြီးလူဆိုးကြီးက ဘာဖြစ်လို့ ကြက်တွေ လိုက်ခိုးရတာလဲ"

သိန်းဆောင် - "ကြက်ပျောက်တာလောက်ကတော့ ဆုံးရှုံးသူမှာလည်း သိပ်မထိခိုက်ဘူးလေ ဆရာ။ တစ်အိမ် ကြက်နှစ်ကောင်၊ သုံးကောင်လောက် ပျောက်ရုံနဲ့ ဘယ်တိုင်မလဲ။ အိမ်များတော့လည်း ကျွန်တော့်အတွက်တော့ ဝင်ငွေမဆိုးတဲ့ ကြက်သူခိုးဖြစ်ရတာပေါ့ ဆရာရယ်"

×××

ပျက်အစဉ် ပြင်ခဏဟု နာမည်ရခဲ့သော သိန်းဆောင်တစ်ယောက် သာစည်ကျေးရွာနှင့် လယ်တီကွင်းရပ်ကွက်ခိုးမှုအတွက် ဥပဒေမှပေးသော ထောင်ဒဏ်ကို ခံရင်း သည်တစ်ခါထောင်ကျရခြင်းသည် သူ့အတွက် နောက်ဆုံးသာဖြစ်စေရမည်ဟု ဆုံးဖြတ်ချက်ပိုင်ပိုင် ချလိုက်နိုင်ခြင်း ဖြစ်ပါ၏။


**အောင်လှိုင်ဝင်း**

**သူရ-၁၀**

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီဆောင်းပါးကို ရေးချင်တာ ကြာခဲ့ပါပြီ။ အကြောင်းကြောင်းကြောင့် မရေးဖြစ်ခဲ့တာပါ။

မုဒိမ်းဆိုတာ ဘာလဲလို့မေးရင် ဒီခေတ်လူကြီး လူရွယ်လူငယ် အတော်များများ သိကြပါတယ်။ အလွယ်ဆုံး သိထားကြတာကတော့ အမျိုးသမီးတစ်ဦးကို အမျိုးသားတစ်ဦးက အလိုမတူဘဲ အဓမ္မသားမယားအဖြစ် ပြုကျင့်တာလို့ နားလည်ကြတာဖြစ်ပါတယ်။

တကယ်တော့ မုဒိမ်းမှု ဖြစ်ရခြင်းအကြောင်းအရင်းများစွာ ရှိသလို မဟုတ်မမှန်တာကို ရဲစခန်းမှာ လီဆယ်တိုင်တန်းတဲ့ မုဒိမ်းမှု (အတု) တွေလည်း အများကြီး ရှိခဲ့ဖူးပါတယ်။

ဒီနေ့အမှုမှာ ကျွန်တော် မှုခင်းသတင်းများစွာ ရေးခဲ့တဲ့အထဲက သာဓကအချို့ကို တင်ပြချင်ပါတယ်။

လွန်ခဲ့သော (၁၅) နှစ်လောက်က ရန်ကုန်တိုင်း ဒေသကြီးရဲ့ မြို့နယ်တစ်ခုက ရဲစခန်းကို မှုခင်းသတင်း သွားယူပါတယ်။ မုဒိမ်းမှု နှစ်မှု ရခဲ့ပါတယ်။ ဖြစ်တာက တစ်နေ့တည်း တစ်ကြိမ်တည်း တည်းခိုခန်း တစ်ခုတည်းမှာ ဖြစ်တာပါ။

အဲဒီနေ့က ကောင်မလေး ဆယ်ကျော်သက် (၁၄ နှစ်ဝန်းကျင်) နှစ်ယောက်ဟာ သူတို့ချစ်သူဆယ်ကျော်သက် (၁၈ နှစ်ဝန်းကျင်) ကောင်လေးနှစ်ယောက်နဲ့ ချစ်သူတို့ဘဝ အချစ်နယ်ကျွံဖို့ တည်းခိုခန်းကို ရောက်သွားကြတယ်။ အချိန်တန်တော့လည်း အိမ်မပြန်ကြစတော့ဘဲ အဲဒီတည်းခိုခန်းမှ ညအိပ်တည်းခိုကြတယ်။

ကောင်မလေး မိဘတွေက သူတို့ရဲ့သမီးတွေအတွက် ရတက်မအေးဖြစ်ပြီး လိုက်ရှာကြ စုံစမ်းကြပေါ့။ ကောင်မလေးရဲ့ မိဘချင်းတွေကလည်း သိကျွမ်းရင်းနှီးကြသလို သူတို့သမီးတွေကလည်း သွားအတူ လာအတူ သူငယ်ချင်းတွေဆိုတာလည်း သိထားကြတယ်။ ကောင်မလေးတွေနဲ့ ချစ်သူရည်းစား ဘယ်သူတွေ ဖြစ်နိုင်သလဲဆိုတာကို စုံစမ်းရင်းကနေ ကောင်လေးနှစ်ယောက်ရဲ့ အမည်လိပ်စာတွေကို သိသွားကြတယ်။

မိန်းကလေးရင်တွေက ယောကျ်ားလေးရင်တွေရဲ့ အိမ်ကို လိုက်စုံစမ်းကြတော့ ကောင်လေးနှစ်ယောက်စလုံးက အိမ်မှာ မရှိကြဘူးဆိုတာ သိသွားကြတယ်။ သူတို့သမီးတွေ ကောင်လေးတွေနဲ့ ပါသွားတာတော့ သိပေမယ့် ဘယ်မှာ လိုက်ရှာရမှန်း မသိဖြစ်နေကြတယ်။ တစ်ညတာအချိန်ကို စိတ်မော လူမောနဲ့ အချိန်တွေကုန်လွန်ခဲ့ရတယ်။

နောက်တစ်နေ့ နံနက်မှာတော့ ကောင်မလေးနှစ်ဦးကို တည်းခိုခန်းမှာ သူတို့ချစ်သူနှစ်ဦးက အိမ်ကို ပြန်ခိုင်းလိုက်လို့ ကောင်မလေးနှစ်ယောက်လည်း သူတို့အိမ်ကို ပြန်သွားကြတယ်။ ကောင်မလေးတွေက အိမ်ကို ပြန်ရောက်တော့ သူတို့ချင်း ညှိနှိုင်းထားတဲ့အကြံနဲ့ သူတို့မိဘတွေက ကြိုတင်သိထားကြတာမို့ လိမ်မရ ညာမရ ဖြစ်ပြီး အမှန်အတိုင်း ဝန်ခံခဲ့ကြရတယ်။

> အသက် (၁၄) နှစ် မပြည့်သေးတဲ့ မိန်းကလေးကို ကာမဆက်ဆံခြင်းပြုခွင့်မရဘူး။ အလိုတူသည်ဖြစ်စေ အလိုမတူသည်ဖြစ်စေ ဥပဒေက ခွင့်မပြုဘူး

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက ရဲစခန်းကိုသွားပြီး အမှုဖွင့်တိုင်တန်းခဲ့ကြတယ်၊ မိဘတစ်ဦးချင်းစီရဲ့ တိုင်တန်းချက်အရ မုဒိမ်းမှုပုဒ်မ ၃၇၆ နဲ့ အမှုနှစ်မှုဖွင့်လိုက်ပါတယ်။ ကောင်လေးတွေဘက်က ဘယ်လိုမှ ငြင်းမရဘဲ ဥပဒေနဲ့အညီ အရေးယူတာခံလိုက်ရတယ်။

အဲဒီနေရာမှာ ကျွန်တော်ပြော စရာ တစ်ခုရှိပါတယ်။ ကိုယ့် ချစ်သူမို့ ကိုယ်ပိုင်တယ်၊ ကိုယ် လုပ်ချင်သလို လုပ်လို့ရတယ်။ သူတို့လေးတွေက အလိုတူဖြစ်ခဲ့ ကြတာပါလို့ ပြောကြလည်း တရားမဝင်ပါဘူး။ ဘာကြောင့် လဲဆိုတော့ ကောင်မလေးတွေ ကိုယ်တိုင်က အလိုတူလို့ ကြည် ကြည်ဖြူဖြူ တည်းခိုခန်း လိုက် သွားပြီး တူနှစ်ကိုယ်တိုင်းပြည် တည်ဆောက်ကြတယ်။ သို့ပေမယ့်လည်း ဥပဒေအရ ကောင်မလေးတွေက အသက်မပြည့်ကြသေးဘူးဆိုတဲ့ အချက်ပဲ။ ဥပဒေအရ အသက် (၁၄) နှစ် မပြည့်သေးတဲ့ မိန်းကလေးကို ကာမဆက်ဆံခြင်း ပြုခွင့်မရဘူး။ အလိုတူသည်ဖြစ်စေ အလိုမတူသည်ဖြစ်စေ ဥပဒေက ခွင့်မပြုဘူးလို့ ကျွန်တော် အဲဒီလို မှတ်သားဖတ်ရှုဖူးပါတယ်။

စာဖတ်ပရိသတ်များနဲ့ ယနေ့ခေတ်လူငယ် လူရွယ်များ သင်ခန်းစာယူစရာ အချက်ပါပဲ။ မထင်မှတ်ထားတဲ့ အရာလေးကနေ ပြန်လည်ပေးဆပ်ရတာ ကသိပ်ကို ကြီးမားလှပါတယ်။ ဒီထက်ပိုဆိုးတာက မိဘဆွေမျိုးသားချင်းတွေ လူ့ပတ်ဝန်းကျင်အသိုင်းအဝန်းကြားမှာ အရှက်တကွဲ အကျိုးနည်းဖြစ်ကြရတယ်။ ကာယကံရှင်ကိုယ်တိုင် လူတကာရဲ့ ရွံ့ရှာတဲ့အကြည့် ကြဉ်ဖယ်တဲ့အထိ ကြုံတွေ့ခံစားရတယ်ဆိုတာ သတိပြုစေချင်ပါတယ်။

×××××

နောက်ထပ် အဖြစ်အပျက်တစ်ခုကို ထပ်မံတင်ပြချင်ပါတယ်။ လွန်ခဲ့သော ၁၀ နှစ်ကျော်က ဖြစ်ရပ်ပါပဲ။

ရန်ကုန်တိုင်း ဒေသကြီးရဲ့ ..... မြို့နယ်မှာ ဖြစ်တာပါပဲ။ အမျိုးသားက အသက် (၅၀) လောက် ရှိပါတယ်၊ ကိုမဲလို့ပဲ ခေါ်ပါစို့။ ကိုမဲက ငွေကြေးအတန်အသင့်ရှိပါတယ်။ သူ့ရဲ့ စီးပွားရေး အရ သူနဲ့ မိချိုဆိုတဲ့ အမျိုးသမီးတို့ ပတ်သက်မှုရှိခဲ့ပါတယ်။ ကိုမဲက အပေးအကမ်းတွေရှိပြီး ငြိစွန်းခဲ့တာ ပတ်ဝန်းကျင်က ရိပ်မိခဲ့ပေမယ့် ဝင်ရောက်စွတ်ဖက်မှုတော့ မရှိကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မိချိုကလည်း သူ့အတွက် ငွေဝင်လမ်းရှိနေလို့ ကိုမဲကို လက်ခံဆက်ဆံခဲ့တာပါ။ မိချိုကလည်း အပျိုမဟုတ်ဘူး။ တစ်ခုလပ် နှစ်ခုလပ်မကလောက်တဲ့ မိန်းမစားပါ။

ကိုမဲဆီက ရသမျှ အပိုင်သိမ်းချင်တဲ့အကြံနဲ့ တစ်နေ့မှာ ဘုရင့်နောင်လမ်းဆုံက ကားမှတ်တိုင်မှာ ချိန်းဆိုလိုက်ပါတယ်။ မိချိုချိန်းဆိုရာကို ကိုမဲ ရောက်လာပါတယ်။ စကားအနည်းငယ်ပြောပြီး တက္ကစီငှား တည်းခိုခန်းတစ်ခုကို သွားကြတယ်။ကားငှားပြီးသွားကြတော့လည်း ကြည်ကြည်ဖြူဖြူပဲ။ တည်းခိုခန်းရောက်တော့လည်း မန်နေဂျာရဲ့ (ကောင်တာ)မှာ အခန်းငှားခပေးပြီး အခန်းတစ်ခန်း ယူကြတာလည်း အေးဆေး ပါပဲ။

အဲဒီလောက် အဆင်ပြေနေမှတော့ ဘာပြဿနာဖြစ်နိုင်မှာလဲလို့ ဆိုစရာရှိပါတယ်။ ဒါပေမယ့် ပြဿနာဖြစ်ဖို့ ရည်ရွယ်ထားတဲ့ မိချိုက အလိမ္မာသုံးပြီး ကိုမဲကို အချုပ်ခန်းထဲ ရောက်အောင် ပို့လိုက်ပါတယ်။

သူတို့နှစ်ဦးတည်းခိုခန်းက နေလမ်းခွဲအပြီးမှာ မိချိုက ရဲစခန်းကိုသွားတယ်။ သူလိုရာတွေကို ရဲစခန်းမှာတင်ပြပြီး အမှုဖွင့်တိုင်တန်းတယ်။

ကိုမဲတစ်ယောက် မိချိုရဲ့ တိုင်တန်းချက်အရ အရေးယူခံလိုက်ရပါတယ်။ ရဲစခန်းကလည်း လောလောဆယ် ကာယကံရှင်ရဲ့ တိုင်တန်းချက်အရ မသင်္ကာတရားခံ ကိုမဲကို ဖမ်းဆီးအရေးယူ စစ်ဆေးမှု ပြုရပါတော့တယ်။ စာဖတ် ပရိသတ်များ ကိုမဲဘဝ ဘယ်လို ရှိမလဲဆိုတာ တွေးဆလို့ ရပါလိမ့်မယ်။ လောလောလတ်လတ် ပတ်ဝန်းကျင်က လူတွေရဲ့ ရွံရှာမုန်းတီးမှု၊ အထင် အမြင်သေးမှုတွေကိုခံရမှာ အသေအချာပဲ။

ကိုမဲနဲ့ မိချိုတို့ရဲ့ ဖြစ်ရပ်ကို စာဖတ်ပရိသတ် တွေးဆကြည့်လို့ရမှာပါ။ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် မုဒိမ်းမှုဆိုတဲ့ အမှုမှာ မာယာတွေများတယ် ဆိုတာတော့ သိသင့်ပါတယ်။ မာယာများတဲ့ မုဒိမ်းမှုတွေ ကျွန်တော်တို့နိုင်ငံမှာ အတော်များများ ဖြစ်ခဲ့ဖူးပါတယ်။ နှစ်ကိုယ်တူ ဖြစ်ခဲ့ကြတဲ့ ကာမဆက်ဆံမှုမှာ လူသိသွားလို့ရှိရင် မာယာများတဲ့ မုဒိမ်းမှုအဖြစ် အသွင်ပြောင်း ပစ်ပြီး ရဲစခန်းမှာ အမှုဖွင့်တိုင်တန်းခဲ့တာတွေ အတော်များများ ရှိခဲ့ဖူးပါတယ်။



မာယာများတဲ့ မုဒိမ်းမှုတွေမှာ အပျိုဟိုင်းကြီး၊ မုဆိုးမ၊ တစ်ခုလပ်၊ အပျိုမတွေလည်း ပါဝင်တာကို ကျွန်တော်လိုက်ခဲ့တဲ့ မှုခင်းသတင်းများအရ သိခဲ့ရပါတယ်။ အဲဒီကိစ္စတွေ မှန်တယ် မှားတယ် ဆိုတာကိုတော့ ကျွန်တော့် အသိတရားနဲ့ ကျွန်တော် ရင်ထဲမှာပဲ ထားလိုက်ပါတယ်။ ဘကြောင့်လဲ ဆိုတော့ ဖြစ်လာတဲ့ အမှုကိစ္စကို စာမျက်နှာပေါ်မှာ တင်ပြပြီး သုံးသပ်လို့မရပါဘူး။ တရားစီရင်ရေးအပိုင်းကိုဥပဒေ ပညာရှင်တွေနဲ့ တရားရုံးက ဆုံးဖြတ်ရမယ့် ကိစ္စပါ။ နို့မဟုတ်ရင် ဓားခုတ်ရာ လက်ဝင်လျှိုသလိုခံ စားရမှာကို သိထားလို့ပါပဲ။

နောက်ထပ်အဖြစ်အပျက် တစ်ခုကို ထပ်မံတင်ပြပါမယ်။ မာယာများတဲ့မုဒိမ်းမှု ဖြစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုပါပဲ။ စာဖတ်ပရိသတ်များ စဉ်းစားသုံးသပ် ကြည့်ပါဦး။ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မြို့နယ်တစ်မြို့ရဲ့ ကျေးရွာတစ်ရွာမှာ ဖြစ်ပွားခဲ့တာပါ။ ကျွန်တော် အဲဒီမြို့နယ်က '..........' ရဲစခန်းမှာ သတင်းတစ်ပုဒ် ရေးခဲ့ပါတယ်။ အမှုကတော့ လူသတ်မှုပုဒ်မ ၃၀၂ အမှုပါ။ အဲဒီအမှုက လူသတ်တရားခံ နှစ်ဦးကို ရဲစခန်းက ဖော်ထုတ်အရေးယူခဲ့ပါတယ်။ ထိုက်သင့်တဲ့ ပြစ်ဒဏ်လည်း ချမှတ်ခဲ့တာ သိရပါတယ်။

အဲဒီအမှုဖြစ်စဉ်ကလည်း (၁၀) နှစ်ကျော်ကြာခဲ့ပါပြီ။ မှုခင်းရှုထောင့်ဂျာနယ်မှာ သတင်းအပြည့်အစုံကို ရေးသားခဲ့ဖူးသလို ဖြစ်ရပ်မှန်မဂ္ဂဇင်းမှာလည်း ဝတ္ထုအသွင်နဲ့ရေးခဲ့ပြီး (ဖော်ပြခဲ့ပြီး) ဖြစ်ပါတယ် မှုခင်းဖြစ်စဉ်က ရှင်းရှင်းလေးပါ။ သေဆုံးအသတ်ခံရတဲ့ မိန်းကလေးက တစ်ခုလပ်ပါ။ စာရိတ္တကတော့ မကောင်းဘူး။ ငွေရဖို့အတွက် ခန္ဓာကိုယ်နဲ့ရင်းပြီး ငွေရှာသူပါ။ သူ့ကိုကြိုးကိုင်ခြယ်လှယ်တာက သူ့အဒေါ် မလေးစိန်ဆိုတဲ့ အမျိုးသမီးကြီးပါ။ ကောင်မလေးနာမည်က

နှစ်ကိုယ်တူဖြစ်ခဲ့ကြတဲ့ ကာမဆက်ဆံမှုမှာ လူ သ သွားလို့ရှိရင် မာယာများတဲ့ မှုဒိမ်းမှုအဖြစ် အသွင် ပြောင်းပစ်ပြီး ရဲစခန်းမှာ အမှုဖွင့်တိုင်တန်းခဲ့တာတွေ အတော်များများ ရှိခဲ့ဖူးပါ တယ်။

မိန္ဓယ်ပါ။

မလေးစိန်ဆိုတဲ့ မိန်းမကြီးကလည်းရှစ်စပ်က ဂျင်ဂျင်လည် မိန်းမမျိုးပါ။ အသက်က (၅၀) ကျော်ကျော်ပါ။ ဒီနေရာမှာ မပြောချင်လည်း ပြောရမယ့် အကြောင်းကိုတော့ ပြောရပါမယ်။ အဲဒီမိန်းမကြီးက ဥပမိရှပ် အဆင်းအင်္ဂါ လုံးဝမကောင်းတာတော့ အမှန်ပဲ။ သူ့ခင်ပွန်း ကိုတင်စိန်က တောထဲရိုးမထဲ သွားပြီး သစ်ခုတ်ဝါးခုတ် ကျဘမ်းအလုပ်လုပ်ပြီး ရှာဖွေ စားသောက်ရသူပါ။ ကိုတင်စိန်ဟာ အရက်၊ မိန်းမ၊ လောင်းကစား အကုန်ဝါသနာပါတဲ့ စွယ်စုံသမား။ မလေးစိန်နဲ့ လိုက်ဖက်ညီတဲ့ အိမ်ထောင်ဖက်ပါပဲ။

တစ်ခုတော့ ရှိတယ်။ မလေးစိန်ကို ကိုတင်စိန်ကျော်လို့မရဘူး။ မလေးစိန်က အာကြမ်း လျှာကြမ်း ဇတ်ဇတ်ကြဲ မိန်းမကြမ်း။ လူကတော့ ပိန်လှီလှီ၊ အသားအရည်ကလည်း မွဲခြောက်ခြောက်၊ လူနဲ့ပါးစပ်နဲ့ စရိုက်နဲ့ လိုက်ဖက်တယ်လို့ ဆိုရမှာပဲ။ ရွာထဲမှာလည်း မလေးစိန်ကို တုဖက်ပြိုင် ပြောရဲဆိုရဲတဲ့လူ မရှိပါဘူး။ မလေးစိန်က အာကြမ်း လျှာကြမ်း စရိုက်ကြမ်းမို့ပါပဲ။ ကိုတင်စိန်လည်း

www.burmeseclassic.com

www.burmeseclassic.com



မလေးစိန်ကို ကြောက်ရတာပါပဲ။

တစ်နေ့မှာ ကိုတင်စိန်နဲ့ ဘက်တော်သား ဘအောင်တို့ သစ်ခုတ်ဝါးခုတ် မသွားခင် မလေးစိန်ရဲ့ တူမ မိန္နယ်ကို စည်းရုံးလိုက်တယ်။ ပိုက်ဆံပေးမယ် ပျော်ပါးမယ်ဆိုပြီး ရွာအပြင်ဘက် တောထဲသွားရာလမ်း (လူပြတ်တဲ့နေရာ) ကို ချိန်းလိုက်တယ်။ မိန္နယ်နဲ့ ကိုတင်စိန် ဘအောင်တို့ ဆုံတွေ့ပြီး ပျော်ပါးကြတယ်။ မိန္နယ်ကလည်း ငွေလိုနေလို့ ကိုတင်စိန် ပြောစကားကို ယုံကြည်ပြီး သွားခဲ့မိတာပါ။ တကယ်တမ်းကြတော့ ကိုတင်စိန် လက်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး။ မိန္နယ်ကလည်း ကိစ္စပြီးတော့ ပိုက်ဆံ အတင်းတောင်းတယ်။ ကိုတင်စိန်ကလည်း တောင်းပန်တယ်။ သစ်ခုတ်ဝါးခုတ် ပြန်လာရင် ရတဲ့ပိုက်ဆံနဲ့ ပေးပါ့မယ် လို့ ဆိုတယ်။

မိန္နယ်တောင်းတဲ့ ငွေကလည်း မများပါဘူး။ ၄၀၀ ကျပ်တည်းပါ။ ကိုတင်စိန်ကလည်း မပေးနိုင်ဖြစ်နေတယ်။ မိန္နယ် ဒေါသဖြစ်ပြီး ကိုတင်စိန်ကို ဆဲဆိုတာ မိုးမွှန်ရောပဲ။ အဲဒီတော့ ကိုတင်စိန် ဒေါသကလည်း ဖြစ်၊ လူသွားလူလာ ဖြတ်လာခဲ့ရင် ကြားသိသွားပြီး မတင်စိန် နားထဲ သတင်းပေါက်သွား မှာလည်း ကြောက်နဲ့မထူးတော့ပါဘူး ဆိုပြီး အနီးအနားကဝါးတုတ်နဲ့ ရိုက်ပစ်လိုက်တာ မိန္နယ်ပုံရက်သား လဲသွားရှာတယ်။ ကိုတင်စိန်က အဖော်ပါလာတဲ့ဘအောင်ကိုလည်း ငါတော့ ရိုက်ပြီးပြီ။ မင်းလည်း ရိုက်ရမယ်ဆိုလို ဘအောင်လည်း ကိုတင်စိန် စကားကိုမလွန်ဆန်ရဲလို့ မိန္နယ်ကို ထပ်ရိုက်တော့တာပဲ။

မိန္နယ် သေသွားပြီဆိုမှ အလောင်းကို ချုံကွယ်မှာ ပစ်ထားခဲ့ပြီး ရိုးမတောထဲကို သစ်ခုတ်ဝါးခုတ် ထွက်သွားခဲ့တယ်။ အဲဒီနောက်ရဲစခန်းကို သတင်းရောက်လာတာကတော့ လူသွားလမ်းဘေးချုံကွယ်မှာ အမျိုးသမီးအလောင်းတစ်လောင်း တွေ့တယ်ဆိုတဲ့သတင်းပါ။ ရဲက သွားရောက် စုံစမ်းစစ်ဆေးပြီး အမှုကို ဖော်ထုတ်တော့ ကိုတင်စိန်နဲ့ ဘအောင်တို့ ဥပဒေအရအရေးယူခံလိုက်ရတဲ့ ဖြစ်ရပ်ပါ။ ဒီဖြစ်ရပ်ကို စာဖတ်ပရိသတ်များ သိအောင်လို့ ရေးသားဖော်ပြရခြင်းဖြစ်ပါတယ်။

ယခု စာဖတ်ပရိသတ်များ သိအောင် မလေးစိန်အကြောင်းကို ဆက်လက်တင်ပြပါ့မယ်။ မာယာများတဲ့ မုဒိမ်းမှုအကြောင်း ရောက်လာပါပြီ။ ကိုတင်စိန် အမှုကို



ပိုက်ဆံပေးမယ်ပျော်ပါးမယ်ဆိုပြီးရွာအပြင် ဘက်တောထဲသွားရာလမ်း ကိုချိန်း လိုက်တယ်။ မိန္နယ်နဲ့ ကိုတင်စိန် ဘအောင်တို့ဆုံတွေ့ပြီး ပျော်ပါးကြတယ်

www.burmeseclassic.com

www.burmeseclassic.com



ရေးပြီး ကိုတင်စိန် ပြစ်ဒဏ် ကျ သွားတာ သိရပါတယ်။ နောက် (၂) နှစ်လောက် အကြာမှာ အဲဒီ ရဲစခန်းကို ကျွန်တော် မှုခင်း သတင်းရေးဖို့ ထပ်ရောက်ခဲ့ပါ တယ်။ နယ်မြေ သတင်းထောက် ကိုအေးရွှေ (သတင်းထောက်/ ဓာတ်ပုံ)နဲ့ဆုံတော့ အမှုအကြောင်း ပြောဖြစ်ဆိုဖြစ် သေးတယ်။

အမှုစစ်ဒုရဲအုပ် တစ်ဦးနဲ့ဆုံ တော့ ကျွန်တော့်ကို တိုင်ပင်ပါ တယ်။ အဲဒီဒုရဲအုပ်နဲ့ ကျွန် တော် ကလည်း ရင်းနှီးနေသူပါ။ သူက ဆရာချစ်၊ ကျွန်တော့်တို့ဆီကို မုဒိမ်းမှုဖွင့်ပေးပါလို့ တကျိကျိနဲ့ လာပြောနေတဲ့ အမျိုးသမီးကြီး တစ်ဦး အကြောင်းကို ပြောပြပါ တယ်။ "ကျွန်တော်က သူက လာတိုင်တာပဲ ဆရာရယ်၊ အမှုဖွင့် ပေးလိုက်ရင် ပြီးတာပဲ" လို့ လွယ်လွယ်ပဲ ပြောလိုက်တယ်။

အမှုစစ် ဒုရဲအုပ်က "အမှု ဖွင့်တာက ဖွင့်တာပေါ့ ဆရာ ချစ်ရယ်။ အဲဒီအမျိုးသမီးကြီးက ဆရာချစ်အရင်တစ်လောက ရေးခဲ့ တဲ့ ကိုတင်စိန် မှတ်မိလား။ အခု အမှုလာတိုင်နေတာက သူ့မိန်းမ မလေးစိန်ဗျ" တဲ့။ ကျွန်တော်က "သိတယ် သိတယ် အလံနီ ကွန်မြူနစ် လုပ်ခဲ့တဲ့ မိန်းမကြီး

**သားဖြစ်သူက ခြံထဲက နေအိမ်တဲဆီကို ပြန် အရောက် မှာ သူ့မိခင်နဲ့ အမျိုးသားတစ်ဦး မဖွယ်မရာပြုမူ နေထိုင် တာကို တွေ့သွားရာက ပြဿနာစဖြစ်တာပါ...**

လား" ဆိုတော့ "ဟုတ်တယ်၊ အဲဒီမိန်းမကြီးပဲ" တဲ့။

"ဆိုပါဦး ဘယ်လိုအမှုမျိုး လာတိုင်တာလဲ" ဆိုတော့ အမှု စစ် ဒုရဲအုပ်က ရှင်းပြပါတယ်။ (စာဖတ်ပရိသတ်များကို တင်ပြ ရန်မသင့်တဲ့ အကြောင်းအရာ အချို့ကို ချန်လှပ်ခဲ့ပါရစေ)

မလေးစိန်က ကိုတင်စိန်အမှု နဲ့ ထောင်ကျပြီးတဲ့နောက်ပိုင်း သူ့သားနေတဲ့ ခြံကွက်လေးထဲမှာ သွားရောက်နေထိုင်ပါတယ် သူ့ သားက အိမ်ထောင်နဲ့ကလေး တစ်ယောက် ရှိပါတယ်။ သူတို့ခြံ အလုပ်ကိုလုပ်ပြီး စားသောက် နေထိုင်ရတာပါ။ သားက (၂၆) နှစ်အရွယ်ပါ။ သူ့မိခင် စရိုက်ကို လည်း သိထားသူပါ။ ပတ်ဝန်း ကျင်မှာ အေးအေးဆေးဆေး နေထိုင်စားသောက်ပြီး ရှုပ်ရှုပ် ယှက်ယှက်ကိစ္စတွေကို မကြိုက် သူ လူရိုးစိတ်တိုလူစားမျိုးပါ။

တစ်နေ့မှာ သူက ခြံထဲမှာ အလုပ်လုပ်နေတယ်။ မလေးစိန် က နေအိမ်တဲပေါ်မှာ ရှိနေတုန်း မလေးစိန်ဆီကို အမျိုးသားတစ်ဦး ရောက်လာတယ်။ ......

အဲဒီနောက် သားဖြစ်သူက ခြံ ထဲကနေအိမ်တဲဆီကို ပြန်အရောက် မှာ သူ့မိခင်နဲ့ အမျိုးသားတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်မရာ ပြုမူနေထိုင်တာကို တွေ့သွားရာက ပြဿနာစဖြစ်တာပါပဲ။ မလေးစိန်ကလည်း သူ့မှာ အပြစ်မရှိကြောင်း တွင်တွင်ပြောတယ်။ သားဖြစ်သူကလည်း ရှက်စိတ်၊ ဒေါသစိတ်နဲ့ မားဆွဲ တုတ်ဆွဲဖြစ်လာတယ်။ အိမ်လာတဲ့ အမျိုးသားလည်း ပြေးထွက်ခဲ့ရတယ်။

နောက်ဆုံးတော့ မိခင်ကို မျိုးသားတယ် မှန်ကန်တယ်ဆိုရင် ည့်သည်အမျိုးသားကို ရဲစခန်းမှာ အမှုဖွင့်တိုင်တန်းရမယ် လို့ ပြောတယ်။ အဲဒီလိုမလုပ်ရင် အိမ်မှာလည်း မနေနဲ့လို့ အပြတ်ပြောပါလေရော။ မလေးစိန် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး ရဲစခန်းမှာ အမှုဖွင့်ပေးဖို့ တကျိုကျိုလုပ်ပါလေရော။ တစ်ဖက်က သားတော်မောင်ကလည်း အမှုဖွင့်မတိုင်ရင် အမေအပြစ်ရှိတယ်လို့ပဲ ဆိုပြီး လုပ်တာကြောင့် ရဲစခန်းမှာ မုဒိမ်းမှုလုပ်ဓာတ်ကို ဖွင့်ပေးပါလို့ လာလုပ်တာပါပဲ။

ကျွန်တော် မလေးစိန် အကြောင်း အနည်းအကျဉ်းကို သိထားတာကြောင့် နောက်တစ်နေ့မှာ ရဲစခန်းကို အရောက် မလေးစိန်ကို စကား ပြောဖြစ်ပါတယ်။ ကိုတင်စိန် အမှုဖြစ်စဉ်ကို လည်း ပြောပြလိုက်တယ်။ မလေးစိန် အံ့သြသွားတယ်။ အဲဒီအမှုကို ဘယ်လိုသိထားတယ်ဆိုတာ တွေးနေပုံရတယ်။ ကျွန်တော်က အဲဒီအမှုသတင်းကို ကျွန်တော်ရေးခဲ့တဲ့ အကြောင်း၊ မလေးစိန်ယခု ရဲစခန်းမှာ အမှုဖွင့်ဖို့ ရောက်လာရတဲ့အကြောင်း စေ့စေ့စပ်စပ် ပြောပြတော့မှ မလေးစိန်က သူ့ အမှုမဖွင့်ရင် သူ့သားက ပြဿနာလုပ်မှာစိုးရိမ်နေရကြောင်း ပြောပြတော့တာပါပဲ။

ကျွန်တော်လည်း သူ့သား ရဲစခန်းကိုရောက်လာတာနဲ့ နားဝင်အောင် ဖျောင်းဖျဆုံးမခဲ့ရပါတယ်။ ဒေါသကြောင့် ကိုယ်လုပ်ချင်တာကို ဇွတ်မလုပ်ခိုင်းသင့်ကြောင်း၊ ကိုယ့်ဘဝရှေ့ရေးမှာ အမှားတွေ ဖြစ်လာရင် မိကွဲ၊ မယားကွဲ၊ သားကွဲ အကျိုးယုတ်စေနိုင်ကြောင်း နားဝင်အောင် ပြောပြလိုက်တော့မှ . အမှုမဖွင့်တော့ပါဘူး ဆိုပြီး သားအမိနှစ်ဦး ရဲစခန်းထဲကနေ ပြန်သွားခဲ့ပါတယ်။

ယခု ကျွန်တော်တင်ပြခဲ့တဲ့ ဖြစ်စဉ်အပြင် အခြားသော မုဒိမ်းမှု အကြောင်းအရာများစွာ ရှိပါသေးတယ်။ ဆက်လက်ရေးသား တင်ပြပါဦးမယ်။ စာဖတ် ပရိသတ်များအတွက် အကျိုး တစ်စုံတစ်ရာ ရရှိစေဖို့ ရည်ရွယ်တင်ပြတာ ဖြစ်ပါကြောင်း…




**ခရီးသွားသတင်းသမား**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနား စတင်တော့မည်။ ကျောင်း၏ ခန်းမကြီး အတွင်း၌ဝယ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆုရကျောင်းသားမိဘများ အသီးသီး နေရာယူကြပြီး ဖြစ်သည်။

"မကြာမီအချိန် အတွင်း မှာ အခမ်းအနား အစီအစဉ်များ စတင်တော့မည် ဖြစ်ပါ၍ နေရာယူပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်"

ထို့နောက် အခမ်းအနားမှူး ဆရာမ ဒေါ်ဥမ္မာသီမှ ကျင်းပမည့် အစီအစဉ်များအား တစ်ခုပြီးတစ်ခု ဆက်လက်ကြေညာလိုက်၏။

"အခု အစီအစဉ် (၁) အရ မူးယစ်ဆေးဝါး တိုက်ဖျက် ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲ အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာအပ်ပါတယ်ရှင်"

"ဖြောင်း…ဖြောင်း… ဖြောင်း… ဖြောင်း…ဖြောင်း… ဖြောင်း…"

ခန်းမကြီးတစ်ခုလုံး လက်ခုပ်သြဘာသံများဖြင့် ပြည့်နှက်တုန်ခါသွားသည်။ ပြီးနောက် သဘာပတိ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားအား တိုတိုနှင့် လိုရင်းသာ ပြောကြားသွားသည်။

ယခုပွဲတွင် ဟောပြောပေးမည့် အဓိက ပုဂ္ဂိုလ်မှာကား ဆရာဦးမြတ်သူဖြစ်၏။ ထိုသို့ ဟောပြောမှု ပေးရန် အတွက်လည်း ကျောင်းအုပ်ဆရာမကြီးမှ ကြိုတင်၍ တာဝန်ပေးအပ်ထားပြီး ဖြစ်သည်။

ဆရာဦးမြတ်သူမှာလည်း နယ်နယ်ရရတော့ မဟုတ်။ ယခုနှစ်တွင် သွားရောက်တက်ခဲ့ပြီးသော ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းတွင် သင်တန်းသားစံပြဆု ရရှိခဲ့သူတစ်ဦး ဖြစ်သည်။

"မင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားမှာ ကျွန်တော့်အနေနဲ့ အထူးတလည် ဟောပြောခွင့် ရလို့ ဝမ်းသားပီတိ ဖြစ်မိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်"

"ယနေ့လူငယ် နောင်ဝယ် လူကြီးဖြစ်လာကြမယ့် ဟောဒီ မျိုးဆက်သစ် ကျောင်းသားလူငယ်လေးတွေ ကြိုတင် သိရှိထားကြဖို့ နားလည် ထားကြဖို့ ပြီးတော့ ရှောင်ကြဉ် တတ်ကြဖို့ မူးယစ်ဆေးဝါးဆိုတဲ့ အဓိပ္ပာယ်ကို အရင်ရှင်းပြချင်ပါ တယ်။

တချို့က ပြောတယ်။ မူးယစ်ဆေးဝါးဆိုတာ ဘိန်းဖြူတဲ့ တချို့ကတော့ ဆေးခြောက်ကို ပြောတာကွတဲ့ စသည်ဖြင့်ပေါ့လေ။ အဲဒီလိုမျိုးလေးတွေ တွေးထင်ထားကြတာ ရှိပါတယ်။

ရှင်းပါတယ်။ မူးယစ်ဆေးဝါးဆိုမှတော့ မူးယစ်စေတတ်တဲ့အရာ အားလုံးဟာ မူးယစ်ဆေးဝါးတွေပဲပေါ့။ ကွမ်းယာ၊ ဆေးလိပ်၊ အရက်စ တဲ့ လူနေမှုဝန်းကျင်မှာ အသုံး အများဆုံးဖြစ်နေတဲ့ ဒီအရာတွေ ကို သူတို့က မူးယစ်ဆေးဝါးလို့ တွေးမထင်ထားမိဘူး ထင်ပါရဲ့။

ပညာရေး ဥပမာလေး တစ်ခုနဲ့ပြောရရင်တော့ တက္ကသိုလ်က ဘွဲ့တစ်ခုယူတော့မယ့် ကျောင်းသားတစ်ယောက်ရဲ့ အခြေခံဟာ မူလတန်းသို့ ပြောလို့

www.burmeseclassic.com

www.burmeseclassic.com



> ဆေးခြောက်ဘိန်းဖြူဆိုတဲ့ အရာတွေကို သုံးစွဲမိသွားဖို့ရဲ့ အခြေခံဟာ သာမန် ဆေးလိပ်ကလေး တစ်လိပ်ပါပဲ။

ရသလို ဆေးခြောက်ဘိန်း ဖြူဆိုတဲ့ အရာတွေကို သုံးစွဲမိ သွားဖို့ရဲ့ အခြေခံဟာ သာမန် ဆေးလိပ်ကလေး တစ်လိပ်ပါပဲ။

ပြီးတော့ အရက်။

ကိုယ်နေတဲ့ ဝန်းကျင် အသိုင်းအဝိုင်းမှာ အရက်ဟာ အလွယ်ကူဆုံး ရနိုင်သလို၊ လူမှုရေး ကိစ္စဝိစ္စအချို့မှာလည်း အရက်မပါရင် မပြီးသလောက် ဖြစ်လာပြန်တယ်။

သည်တော့ အရာရာကို စူးစမ်းလိုစိတ်ရှိတဲ့ လူငယ်လူရွယ်တွေနဲ့ ထိတွေ့မှု အကောင်းဆုံး ဖြစ်တာကြောင့် ပျက်စီးမှုဟာလည်း အစလို့ ပြောချင်ပါတယ်။

အရက်နဲ့ လူငယ်ဟာ သဟဇာတ ဖြစ်သွားပြီဆိုရင်တော့ နောက်ဆက်တွဲ ပြဿနာတွေ မတွေးဝံ့စရာတွေ ဖြစ်လာတော့မှာ ကောင်းသော အလေ့အကျင့်ကိုဖြစ်စေ၊ မကောင်းသော အလေ့အကျင့်ကို ဖြစ်စေ ကြာရှည်လုပ်ယူခဲ့ရင် စွဲမြဲစေတတ်ပါတယ်။ ဆိုလိုချင်တာကတော့ အနာဂတ်တိုင်းပြည်ရဲ့ ရတနာလေးတွေဖြစ်တဲ့ လူငယ်တွေဟာ ဒီမူးယစ်စေတဲ့ အရာတွေ စာရိတ္တအပိုင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအပိုင်းတွေ မကောင်းတဲ့ အလေ့အကျင့်တွေကြောင့် ထိခိုက်ပျက်စီးသွားမှာ ကိုစိုးရိမ်မိပါတယ်။"

"မောင်ဝင်းဟန်"

"ရှိပါတယ်..ဆရာကြီး"

ဆရာဦးမြတ်သူက ဟောပြောနေရင်းမှ ဆုရကျောင်းသားတစ်ဦး၏ အမည်ကို လှမ်းခေါ်လိုက်လေ၏။

"ဒီကို ခဏလောက်လာပါဦးကွာ"

ကျနွေရသော ခြေလှမ်းတို့ဖြင့် မောင်ဝင်းဟန်တစ်ယောက် စင်မြင့်ပေါ်ကို တဖြည်းဖြည်း တက်လာသည်။ ထို့နောက် ဆရာ၊ ဆရာမအားလုံးကို လက်အုပ်ချီရင်း ဂါရဝပြုသည်။ တိုက်ပုံအင်္ကျီအဖြူ သန့်သန့်နှင့် ကျောင်းစိမ်းပုဆိုးက ရည်မွန်သော မောင်ဝင်းဟန်၏ ရုပ်ရည်ကို အနားသတ်ပေးထားသကဲ့သို့ စင်မြင့်ပေါ်တွင် ခန့်ညားတင့်တယ် နေသည်။

"ဟောဒီ မောင်ဝင်းဟန်ဟာ ကျွန်တော့်ရဲ့ မွေးစားသားလေးပါ။ ကျွန်တော်မူလတန်းပြ ဆရာဘဝနဲ့ နယ်မှာ တာဝန်ကျခဲ့စဉ်က သူနဲ့ဆုံဆည်းဖို့ အကြောင်းဖန်ခဲ့တာပါ။

အဲဒီတုန်းက မောင်ဝင်းဟန်ဟာ (၃) တန်း ကျောင်းသားလေး တစ်ယောက်ပါ။ အခုတော့ (၈) တန်း ကျောင်းသားကြီးပေါ့ခင်ဗျာ။ ဒီနှစ် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲမှာ မောင်ဝင်းဟန်က တိုင်းအဆင့် ပထမဆုကို ဆွတ်ခူးပြီး ကျွန်တော်တို့ ကျောင်းရဲ့ ဂုဏ်ကို ဆောင်ထား သူတစ်ဦးလည်း ဖြစ်ပါတယ်။

တစ်ချိန်က သူ့ဘဝလေးဟာ တကယ့်ကို ကြေကွဲဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှပါတယ်။ ဖခင်ဖြစ်သူရဲ့ အရက်နံ့နစ်နေတဲ့ အနီးမှာ စမ်းတဝါးဝါး လမ်းပျောက် ခဲ့ရရှာသူပါ။ ဒါကြောင့် အခုလို နေ့ထူးနေ့မြတ် တစ်ခုနဲ့ နီးနွယ်မှု ရှိလာတဲ့ သူ့ဘဝအပိုင်းအစလေး တစ်ခုကို ပြန်လည်တင်ပြပါရစေခင်ဗျား''

× × × ×

''ဂျိမ်း.....''

အချိန်က ည (၇) နာရီ ဝန်းကျင်ခန့် ကောင်းကင်ထက်၌ လျှပ်စီးများက တဝင်းဝင်း တဖျပ်ဖျပ်၊ အရှိန်ဖြင့် သွန်းရွာနေသော မိုးကလည်း အမှုင်မပြတ်နိုင်။

''ကဲ..ဒေါ်အေးနွဲ့ရေ ကျွန်တော် မိုးတိတ်တာကို စောင့်နေလို့ မဖြစ်တော့ဘူး။ ပြန် ဦးမယ်နော်''

ဦးမြတ်သူ တစ်ယောက် အနားတွင် ချထားသော ကိုယ်ခြုံမိုးကာကို ဝတ်ဆင်လိုက်ပြီးနောက် ဓာတ်မီးကို လှမ်းယူ လိုက်သည်။

''ဆရာရယ် မိုးထဲရေထဲ ပြန်ရမှာ အားနာလိုက်တာရှင်။ ဆရာ့တပည့်လည်း နေကောင်းခါနီးပါပြီ စိတ်မပူပါနဲ့တော့''

''အေးဗျာ...အခု လို ကျန်းမာသွားပြီ ဆိုတော့လည်း ဝမ်းသာပါတယ်။ ကလေးက ကျောင်းမတက်နိုင်တာ (၃) ရက်တောင် ရှိပြီဆိုတော့ ကျွန်တော်လည်း စိတ်ပူပြီး လိုက်လာတာပါ။ ကဲ...ကဲ...သွားပြီနော်''

မိုးသည်းနေလို့လားပဲ မပြောတတ်။ ရွာထဲမှာ လူသွား လူလာ မရှိသလောက် ရှင်းနေသည်။ ဦးမြတ်သူတစ်ယောက် ရှေ့တူရှုတည့် အမှောင်ထုတွင်း ဓာတ်မီးကို တစ်ချက်တစ်ချက် ထိုးရမ်းရင်း လျှောက်လာသည်။

''ဟင်''

လမ်းကြား အကွေ့တစ်ခုမှ ရိပ်ခနဲထွက်လာသော သဏ္ဌာန်တစ်ခုကြောင့် ဦးမြတ်သူ ဓာတ်မီးကို သေသေချာချာ ထိုးကြည့်လိုက်၏။ ကိုယ်တုံးလုံးနှင့်ကလေးတစ်ယောက် အပြေးအလွှား ထွက်လာမှန်း သိလိုက်ရသည်။

''ဟင်..မင်း..မင်း မောင်ဝင်းဟန်''

''ဗျာ...ဟာ.. ဆရာကြီး''

ကိုယ်ကသူ့ကို ကြည့်မိရင်း အံ့သြသွားရသလို၊ သူကလည်း ကိုယ့်ကိုမြင်ပြီး လန့်ဖျပ်သွားသည်။

''ကြည့်စမ်း ဒီလောက် မှောင်မည်းမည်း မိုးရွာကြီးထဲကို ဖျားနာ..ဟာ...မင်းလက်ထဲမှာလည်း ပုလင်း''ဦးမြတ်သူတစ်ယောက် ဆက်ပြောရမည့် စကားပင် အလိုလို ဆိုင်းငံ့သွား၏။

''ပြောစမ်း..မှန်မှန်ပြောစမ်း။ ဒါ မင်းကို ဘယ်သူဝယ်ခိုင်းတာလဲ''

''အ..ဖေ''

မောင်ဝင်းဟန်အသံက တုန်ယင်နေသည်။ မိမိကို လန့်သွားသည့် အရှိန်နှင့် မိုးအေးသည့် အရှိန်တို့ ပေါင်းစပ်လိုက်သဖြင့် သူ့ကိုယ်သူ ရပ်လို့မရအောင်ပင် တုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်.. မိုက်ရိုင်းလိုက်လေကွာ တော်တော်လူမဆန်တဲ့ မိဘပဲ။ ဒီအချိန်ကြီးထဲ ကလေးကို အရက်ဝယ်ခိုင်းရတယ်လို့ ဟူး..."ဦးမြတ်သူ ဒေါသဖြင့် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"မ..မဟုတ်ပါဘူး ဆရာကြီးရယ်။ အဖေက အိပ်ရာထဲကနေ ခဏခဏ ညည်းနေလို့ သားက ဦးလေး ဖိုးစီဆိုင်က သွားတောင်းလာတာပါ"

"ကဲ..လာ..လာ..မောင်ဝင်းဟန် ဆရာ့မိုးကာထဲကိုဝင် ဆရာ မင်းအိမ်ကို လိုက်ခဲ့မယ်"

မောင်ဝင်းဟန်အဖြစ်ကို ကြည့်ရင်း ဦးမြတ်သူ စိတ်မကောင်း ဖြစ်သွားသည်။ မိမိအတန်းထဲတွင် မောင်ဝင်းဟန်သည် စာအတော်ဆုံးနှင့် အလိမ္မာဆုံး ကလေးတစ်ယောက်လည်း ဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့တွင် သင်္ချာဘာသာ၌ (၉၉) မှတ်ရသဖြင့် သူ့အား ဆုချထားသောနေ့လည်း ဖြစ်လေသည်။

"အဟွတ်...အဟွတ်.."

အလင်းရောင်မဲ့သော တဲအိမ်ကလေးအတွင်းမှ ချောင်းဆိုးသံ မပီမသက ဦးမြတ်သူတို့ကို ဆီးကြိုလိုက်သည်။



"ဒါ....မင်းတို့ အိမ်လားကွ"

"ဟုတ်ကဲ့..ဆရာကြီး"

"အဖေ"

ပြန်ထူးသံ မကြားရ။

"သားလမ်းမှာ ဆရာကြီးနဲ့ တွေ့နေလို့ နည်းနည်းနောက်ကျသွားတာပါ အဖေရယ်၊ အခု ဆရာကြီးလည်း ပါလာတယ်" ဦးမြတ်သူက အိမ်ပေါ်ကို ရုတ်တရက် မတက်သေးဘဲ အခြေအနေကို အောက်မှ နားစွင့်နေသည်။

"အဖေထလေ သားထူပေးပါ့မယ်။ ဆရာကြီး ပါလာလို့ အဖေ အားနာသွားပြီ မဟုတ်လား" ပြောပြော်ဆိုဆို မောင်ဝင်းဟန်က စောင်ခြုံပြီး ကွေးနေသော ဖခင်ဖြစ်သူကို လှုပ်ထူဆွဲမနေသံကြားလိုက်ရ၏။

"ဟာ...ဆ..ဆရာကြီး လုပ်ပါဦး ဆရာကြီးရယ်။ အဖေ လှုပ်လည်း မလှုပ်တော့ဘူး"

"ဟေ..ဘယ်လိုကွ"

"ဟုတ်တယ် ဆရာကြီး အဖေ့ဆီက ဘာသံမှလည်း မကြားရတော့ဘူး။ ကယ်ပါဦး ဆရာကြီးရယ် အီး..ဟီး..ဟီး"

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သူအဖို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ ဘာ တွေဖြစ်ကုန်သနည်း။ ခုနကပင် ချောင်းဆိုးသံ တစ်ချက်အား အသေအချာ ကြားလိုက်ရသေးသည်။

အိမ်ပေါ်ကို ကမန်းကတန်း ခုန်တက်လိုက်ပြီး မောင်ဝင်းဟန် ဖခင်၏ အခြေအနေအား ဓာတ်မီးဖြင့် အသေအချာ စူးစိုက်ထိုးကြည့်လိုက်ရာ မျက်ဖြူလန်ပြီး ပါးစပ်က အဟောင်းသား ဖြစ်နေသည်။

ဦးမြတ်သူ တစ်ယောက် ခေါင်းကို လေးတွဲ့စွာ ခါရမ်းလိုက်သည်။ ပြီးတော့ ဟစ်ငိုနေသော မောင်ဝင်းဟန်အထဲသို့ အသာအယာ မေးသွင်းလိုက်လေ၏။ တပည့်ဖြစ်သူ၏ ရှိုက်ကြီးတငင် ငိုကြွေးမှုက ဆရာတစ်ယောက်၏ နှလုံးအိမ်အတွင်းသို့ တသိမ့်သိမ့် ပဲ့တင်ထပ်ခဲ့လေပြီ။

× × × ×

"ဒီကလေးရဲ့ ဘဝဟာ တကယ့်ကို သနားစရာပါ ဆရာရယ်။ တစ်ချိန်က သူ့အဖေဟာ ကျွန်တော်တို့ ရွာရဲ့ နာမည်ပွဲစားတစ်ဦးပါ။ ကျွန်တော်တို့ ရွာက ထွက်တဲ့ ဆန်၊ စပါး၊ ပဲ အကုန်လုံးကို သူ့အဖေ မောင်စိုးလက်ထဲကိုပဲအရ ရောင်းကြတာ မောင်စိုးရဲ့ရိုးသားမှုကလည်း ဘယ်လောက်ကောင်းသလဲဆိုရင် စပါးကို မနက်ဈေးနဲ့ ငွေအပြီး ချေထားပေမယ့် ညနေ ဈေး တက်လာတယ်ဆိုရင် ရောင်းတဲ့ လူကို ငွေထပ်ပေးသေးတယ်။

နောက်ဆုံး မောင်စိုးက ငွေမနိုင်သေးဘူးဆိုရင်လည်း အကြွေးထိုးအပ်ထားကြဖို့ ဘယ်သူမှ ဝန်မလေးတော့ဘူး။ အဲဒီလောက် အထိပါပဲ ဆရာ"

ကျေးရွာလူကြီးတစ်ယောက်က မောင်ဝင်းဟန်ဘဝနှင့် ပတ်သက်၍ ရှင်းပြနေခြင်း ဖြစ်၏။ ဒီနေ့ ရက်လည် ဆွမ်းသွတ်ကိစ္စ ပြီးသွားပြီဖြစ်၍ မောင်ဝင်းဟန်၏ ရေ့ရေးအကြောင်း ညှိနှိုင်းနေကြခြင်းလည်း ဖြစ်သည်။

"အဲဒီလိုပေါ့ ဆရာ စီးပွားရေးရဲ့ အောင်မြင်မှုဒဏ်ကို မခံနိုင်ကြတဲ့ လူတွေထဲမှာ မောင်စိုးတစ်ယောက်လည်း ပါဝင်တယ်လို့ ပြောရမလားပဲ။ အဲ‥တိုတို ပြောကြပါစို့။ အသောက်အစားနဲ့ စပြီး ပျက်စီးတယ်။ နောက်တော့ အလောင်းကစား ဖက်လာတယ်။ အဲဒီလို ဖြစ်လာတဲ့ အချိန်မှာပဲ မိန်းမက နောက်ထပ် ကလေး တစ်ယောက် ထပ်အမွေးမှာ ကလေးရော အမေပါ မီးတွင်းထဲတင် ဆုံးသွားရှာတယ်။ နောက်ဆုံးတော့ စိတ်ဖိစီးမှုတွေ များလာပြီး ထင်ရာစိုင်းတော့ ရှိတဲ့

> တစ်ချိန်က သူ့ဘဝလေးဟာ တကယ့်ကို ကြေကွဲဖွယ်ရာ ကောင်းလှပါတယ်။ ဖခင် ဖြစ်သူရဲ့ အရက်နှံ့နစ်နေတဲ့ အနီးမှာ စမ်းတဝါးဝါး လမ်းလျှောက်ခဲ့ရရှာသူပါ။

www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . မိုက်ရိုင်းလိုက်လေ
ကွာ တော်တော်လူမဆန်တဲ့ မိဘပဲ။
ဒီအချိန်ကြီးထဲ ကလေးကို အရက်
ဝယ်ခိုင်းရတယ်လို့"

အိမ်နဲ့ခြံလည်း ဆိုး၊ လူလည်း အရက်ပင်လယ်ထဲ မျောနေတော့တာပါပဲ ဆရာ။

ကျွန်တော်လည်း ဖခင်နဲ့ လမ်းပေါ်မှာ တွယ်ရာမဲ့ လျှောက်သွားနေရတဲ့ မောင်ဝင်းဟန်လေးကို သနားမိတာနဲ့ သူတို့ သားအဖကို ကျွန်တော့်ခြံထဲမှာပဲ အိမ်လေး ဆောက်ပေးပြီး တာဝန် ယူခဲ့တာ ဒီနေ့အထိပါပဲ ဆရာ"

"ဟုတ်ကဲ့။ အခုလို ဒီကလေးရဲ့ ဘဝအကြောင်းလေးကိုကြားရတာ ကျွန်တော် တကယ်ပဲ စိတ်မကောင်းဖြစ်မိ ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်ပေါ့လေ။ ဒီကလေးရဲ့ နောင်ရေးအတွက် ဖခင်တစ်ယောက်အဖြစ် ကျွန်တော် တစ်သက်လုံး တာဝန် ယူပါရစေ ခင်ဗျာ"

"ဟား··အကောင်းဆုံး ပေါ့ ဆရာရယ် ဝမ်းသာလိုက်တာ။ ဆရာ့လို ပုဂ္ဂိုလ်တစ်ယောက်ရဲ့ စောင့်ရှောက်မှုဟာ ကလေးအတွက် အကောင်းဆုံး အရိပ်အာဝါသတစ်ခုပါပဲ။ ကျွန်တော်တို့အားလုံးသဘောတူပါတယ်"

× × × ×

"လေးစားအပ်ပါသော မိဘ၊ ဆရာအပေါင်းတို့ ခင်ဗျား"

"ကျွန်တော် ပြောချင်တာက မောင်ဝင်းဟန်ကို အခု (၈) တန်းအထိ ရောက်အောင် ကျွေးမွေး စောင့်ရှောက်ခဲ့ရတဲ့ အကြောင်း ဂုဏ်ယူဖော်ပြချင်တာ မဟုတ်ပါဘူး။ အရက်ဆိုတဲ့ မူးယစ်သေစာကို အလွန်ကျွံ သောက်သုံးမိခဲ့တဲ့ ဖခင်တစ်ယောက်ရဲ့ အနားမှာ လိုက်ပါနေရတဲ့ ကလေးတစ်ယောက်ဘဝကို မြင်စေချင်တာပါ။

ရှေ့နွားတလား ကောက်ကောက်သွားသော်၊ နောက်နွား တစ်သိုက် ကောက်ကောက်လိုက်၏လို့ ကျမ်းဂန်တစ်ခုမှာ ကျွန်တော် မှတ်သားခဲ့ဖူးပါတယ်။ ဒါကြောင့် လက်ဦး ဆရာတွေဖြစ်တဲ့ မိဘတွေရဲ့ လျှောက်လှမ်းမှုဟာ လူငယ်တွေရဲ့ အနာဂတ်အတွက် အရေးပါသလို၊ သူတို့အပေါ် သွန်သင်ဆုံးမမှုဟာလည်း လစ်လျူ ရှုထားလို့ မရပြန်ပါဘူး ခင်ဗျာ"

"အခုက တင်ပြပေးခဲ့တာက အရက်ဆိုတဲ့ မူးယစ်သေစာကိစ္စပေါ့လေ။ တစ်ဆက်တည်းမှာပဲ ဆေးလိပ်ရဲ့ အန္တရာယ် ဆိုးကျိုးကိုလည်း ပြောပြချင်ပါသေးတယ်။

ဆေးလိပ် တစ်လိပ် ဖွာရှိုက်ပြီးတိုင်း လူကို (၆) စက္ကန့် အသက်တိုစေလို့ ကမ္ဘာ့ လူဦးရေ သန်းပေါင်း (၆၀၀၀) ကျော်ထဲက (၈) စက္ကန့်တိုင်းမှာ ဆေးလိပ် သောက်သူ တစ်ယောက် သေဆုံး နေတယ်လို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး WHO ရဲ့ စစ်တမ်းများ အရ သိရပါတယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကို ခြိမ်းခြောက်နေတဲ့ AIDS ရောဂါဆိုးကြီးဟာလည်း ဆေးလိပ်ကနေအစပြုတဲ့ မူးယစ် ဆေးဝါးတွေကြောင့် ဖြစ်ပွားမှု ပိုများတယ်လို့ ဆိုပါတယ်။

ကဲ...ဒီလိုဆိုရင် ကမ္ဘာအနှံ့အပြားမှာ ဒုနဲ့ဒေးရှိနေကြတဲ့ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးတွေ သုံးစွဲကြသူများထဲက ရောဂါဝေဒနာ ကြုံတွေ့ရသူတွေ ဘယ်လောက်များပြား နေကြပြီလဲ။ အချိန်နှင့်အမျှ သေဆုံးနေကြသူတွေ မည်မျှပင်ရှိနေကြပြီလဲ ဆိုတာ တွက်ချက်ကြည့်ရင် အလွန်ရင်လေးဖွယ် ကောင်းလှပါတယ်။ ကြာရင် ကျွန်တော်တို့ရဲ့ ကမ္ဘာရွာကြီးဟာ မလိုလားအပ်တဲ့ ဆိုးကျိုးတွေကြောင့် သုသာန်တစပြင်ကြီးမဟာ ပြောင်းလဲသွားနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ သစ်ပင်တစ်ပင်ရဲ့ အခြေခံဟာ ရေသောက်မြစ်ဖြစ်သလို လူငယ်လူရွယ်တွေရဲ့ အတုမြင် အတတ်သင်မှုကလည်း ပတ်ဝန်းကျင်ဟာ အခြေခံပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ နေ့တာရှုပထိတွေ့ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်ရဲ့ လေထုထဲကို ဖျံ့လွင့်လာမယ့် ဆေးလိပ်အခိုးအငွေ့တွေရဲ့ အန္တရာယ်တွေကို ဘယ်လိုမောင်းထုတ်ကြမှာလဲ ဒီမူးယစ်သေစာကိစ္စတွေကို ဘယ်လိုတားဆီးပိတ်ပင်ကြမှာလဲဆိုတာ စဉ်းစားဖို့ လိုအပ်လာပါပြီ။

အကောင်းဆုံးကတော့ မိမိတို့ ကိုယ်တိုင်လည်း ရှောင်ကြဉ်ပါ။ ပြီးတော့ အနာဂတ်ရဲ့ သားကောင်းရတနာလေးများ ဖြစ်တဲ့ လူငယ်ကျောင်းသားလေးများ



ရဲ့ အဖြူရောင် စိတ်ဓာတ်တွေကို တောက်ပပေါ်လွင်စေတဲ့ အလင်းတွေ ပေးရင်း အနာဂတ် နိုင်ငံတော်ရဲ့ ဂုဏ်ဒြပ်တွေကို ဖော်ဆောင်ကြပြီး ဝိုင်းဝန်း လက်တွဲကြပါစို့လို့ တိုက်တွန်း ပြောကြားရင်း ဒီကနေ့ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေး နေ့ အထိမ်းအမှတ်အား ဂုဏ်ပြုအပ်ပါတယ် ခင်ဗျား"

"ဖြောင်း....ဖြောင်း... ဖြောင်း....ဖြောင်း....ဖြောင်း"

လက်ခုပ်သြဘာသံများ၏ တုန်ခါမြည်ဟည်းမှုက ခန်းမကြီး အတွင်းဝယ် တသောသော ပွဲတင်ထပ်နေပါတော့သည်။

(ဖြစ်ရပ်မှန် တစ်ခုအား အခြေခံ၍ ရေးဖွဲ့တင်ပြထားခြင်း ဖြစ်သည်။)

**ခရမ်းသစ်လှ**

အရက်ဆိုတဲ့ မူးယစ်သေစာကို အလွန်ကျုံသောက်သုံးမိခဲ့တဲ့ ဖခင် တစ်ယောက်ရဲ့အနားမှာ လိုက်ပါနေရတဲ့ ကလေးတစ်ယောက်ဘဝ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# ရာစုနှစ်တစ်ခုကျော်ဝိုင်းသိမ်းခံ
# စိတ်ဓာတ်ဖြင့်ခံခဲ့သောကမ္ဘာ။
# လီနင်ဂရက်။

ဦးမင်းဆွေ (စစ်ကိုင်း)

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကြီး၏ ၁၉၄၀ နိုဝင်ဘာတွင် ဂျာမနီ အာဏာရှင် ဟစ်တလာသည် လေတပ်အင်အားကြီးမားစွာဖြင့် ပင်လယ်ရေလက်ကြားကိုဖြတ်၍ နွေညမပြတ် ရက်တရက် ပြင်းထန်စွာ ဗြိတိန်နိုင်ငံကို တိုက်ခိုက်ခဲ့သည်။ ဝေဟင်မှမြေပြင်သို့ စစ်လေယာဉ်များ ထိုးစစ်ကို ဆင်နွှဲခဲ့သည်။

ဗြိတိန်ကလည်းနေ့တွင် အမြောက်ကြီးများဖြင့်လည်းကောင်း၊ ညတွင် ကောင်းကင်အမြင့်အဝေးထိ အင်အားကြီး မီးမောင်းများဖြင့်လည်းကောင်း၊ လေယာဉ်များကို ထိုးမွှေရှာဖွေ ပစ်ခတ်နေကြရသည်။ ဂျာမန်နာဇီတို့သည် ဗြိတိန်၏ စစ်ရေးအထောက်အကူပြု သင်္ဘောကျင်းများ မဟာဗျူဟာကျသောနေရာ အဆောက်အဦးတို့ကို အဓိကထား ထိုးစစ်ဆင်နေသည်။ ဗြိတိန်မှ မိုင်ပေါင်းများ စွာဝေးသော စကော့ရွာကလေးတွင် ပထမဆုံး အကြိမ် လေယာဉ်ပစ် အမြောက်အုပ်စုတစ်စုကို တပ်ချထားသည်။ ထိုရွာကလေးအနီးတွင် သင်္ဘောလွှန်းကျင်းများလည်း ရှိနေသည်။

ထိုအမြောက်စခန်းသို့ ဗိုလ်ကြီးရှိယာဝုဒ် တာဝန်ကျရောက်ခဲ့သည်။ အမြောက်စခန်းနှင့် စကော့ရွာသားတို့သည် အပြန်အလှန် လေးစားချစ်ခင်နေကြသည်။ မြေပြင်မှ အမြောက်ပစ်ကာကွယ်မှုကြောင့် လောလောဆယ် ထိုးစစ်အရှိန် လျှော့နေသော်လည်းစိတ်ချရသည့် အခြေအနေမဟုတ်ပေ။ သို့ဖြစ်၍ အမြောက်မီးဆလိုက်နှင့် ရန်သူလာကြောင်း သတိပေးဥသြ တာဝန်ကျတို့သည် ပေါ့ပေါ့နေ၍ မရပေ။ ရှိယာဝုဒ် စခန်းရောက်ပြီး ၅ ပတ် အကြာတွင် လန်ဒန်မှ မကြာသေးခင်က ဝုဒ်လက်ထပ်ခဲ့သော မစ္စမာရီက ဝုဒ်ထံ ဖုန်းဆက်လာသည်။

"ဟဲလို…ဒါလင် မာရီ အားလပ်ရက်ရထားတယ်၊ ဒါလင်ဆီလာခဲ့မယ်နော်"

"မဖြစ်ဘူး ထင်တယ် မာရီ။ ဒီမှာက နာဇီလေယာဉ်တွေ အလစ်ဝင်ဝင် ဗုံးကြဲနေတယ်။ မင်းအတွက် လုံခြုံစိတ်မချရဘူး မာရီရေ"

"ဒါလင်ကလည်း ဗုံးကမာလင်တို့ပေါ် ချတာမှမဟုတ်ဘဲ မာရီမကြောက်ပါဘူး။ လာခဲ့မယ်နော် ဒါလင်"

မာရီ၏ ဆန္ဒကို ဝုဒ် လိုက်လျောခဲ့ရသည်။ သို့ရာတွင် စခန်းသည် အရေးပေါ်ယာယီဆောက်ထား၍ မိသားစုအတွက်နေရန် အဆောက်ဦးမရှိပေ။ သို့ဖြစ် ဝုဒ်သည် စခန်းနှင့် အတန်ဝေးသော စကော့ရွာတွင် အိမ်ခန်းငှားရန် ရှာဖွေရတော့သည်။ ရွာကလေး အိမ်ကလေးများကလည်း သေးသေးကျဉ်းကျဉ်းကလေးများသာဖြစ်၍ ငှားရန် အခန်းလွတ်မရှိပေ။ တစ်နေ့သော ညနေခင်းချိန်၌ ဝုဒ်သည် သူ၏ တပ်ရေးဗိုလ်ကြီးနှင့် ရွာဘက်မှ စခန်းဆီ လမ်းလျှောက်ပြန်လာကြရင်း ဝုဒ်က…

"ဗိုလ်ကြီးရာ ကျွန်တော်

တိုက်အိုကြီး၏ မျက်နှာစာမှာ လူဦးခေါင်းတစ်လုံးက ဦးထုပ်အနားစွန်းအောက်မှ ပြင်ပလောကကို စူးစိုက်စွာ ကြည့်နေသည့် ပုံသဏ္ဌာန်မြင်ကွင်း ထူးဆန်းစွာဖြစ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်လုံး ငှားချင်တယ်ဗျာ။ လန်ဒန်က ဇနီးက အားလပ်ရက်မှာ ဒီကို လာလည်ချင်တယ်တဲ့ဗျာ”

“ဖြစ်ပါ့မလား ဗိုလ်ကြီးရဲ့။ ဒီမှာကလည်း တအုန်းအုန်း တဒိုင်းဒိုင်းနဲ့ အန္တရာယ်ရှိတာပေါ့”

“ဟုတ်တော့ . . . ဟုတ်ပါတယ်။ လက်ထပ်ခဲ့တာကလည်း မကြာသေး။ စစ်ကြီးကလည်း ဘယ်တော့ပြီးမယ်ဆိုတာ မခန့်မှန်းနိုင်ဘူး။ အခုခံစစ်ဖြစ်နေလို့ ကျွန်တော်တို့ မြေပေါ်ကနေ ကာကွယ်နေရတာ၊ အစိုးရက ထိုးစစ်ပြန်ဆင်ရင် ကျွန်တော်တို့ နိုင်ငံ ပြင်ဘက်ရောက်ကြဦးမှာ၊ ဒီတော့ လွယ်လွယ်သွားရတုန်း ကျွန်တော့် ဇနီးကလည်း တွေ့ချင်တယ် ထင်တယ်ဗျာ”

“ဒါလည်း ဟုတ်ပါတယ်” နှစ်ဦးသားစကား တိတ်ဆိတ်စွာ လမ်းဆက်လျှောက်ရင်း ရွာအလွန် ပန်းခြံတစ်ခုအလယ်သို့ အရောက်တွင် တပ်ရေးဗိုလ်ကြီးက လက်ကိုင်တုတ်ဖြင့် ထိုးပြပြီး “ဗိုလ်ကြီး ဟော . . . ဟို အိမ်ကြီးကတော့ လူမနေဘူးဗျ။ မီးအရောင်လည်း တစ်ခါမှ မတွေ့ရဘူး။ အားနေတယ် ထင်တယ်” ဟု စခန်းသို့

**ဤမျှ အိုမင်းသော အိမ်ကြီး၏ ပရိဘောဂများသည်လည်း ရှေးဟောင်းပစ္စည်းများသာ ဖြစ်မည်ဟု ထင်မိခဲ့သည်**

ဝုဒ်အရင်စော၍ ရောက်နေသော တပ်ရေးဗိုလ်ကြီးက ပြောသည်။ ဗိုလ်ကြီးဝုဒ်သည် တပ်ရေးဗိုလ်ကြီး ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ မြစ်ကမ်းတောင်ကုန်းပေါ်တွင် ကျောက်တုံးဖြင့်ဆောက်ထားသော (၂) ထပ်တိုက်ကြီး တစ်လုံး။ တိုက်မှာ အနံ့တိုသော်လည်း မြင့်မားပြီး အမိုးမှာလည်း မတ်စောက်လှသည်။ အိမ်၏ အောက်ထပ်တွင် မြင့်မားသော ပြတင်း (၂) ပေါက်က မိန်း ဝင်ပေါက်ကို ခြံရံထားပြီး၊ အထက်ထပ်တွင်လည်း အလားတူ ပြတင်း (၂) ပေါက်နှင့် အပေါ်ဆုံးထပ်ခိုးတွင်တော့ စက်ဝိုင်းပြတ်ပုံ ခေါင်းဆောင်းအုပ်ထားသည့် ပြတင်းပေါက် (၂)ပေါက်က တိုက်ကြီး၏ တံစက်မြိတ်ထိ မြင့်တက်ထားသည်။ တိုက်ပုံစံ ဒီဇိုင်းကြောင့် တိုက်၏ အမြင့်သည် မူလအမြင့်ထက် ပိုမြင့်သလို ထင်ရသည်။ မျက်နှာစာ တစ်ခုလုံးကို ပေါင်းစပ်ကြည့်လိုက်တော့ “လူဦးခေါင်း တစ်လုံးက ဦးထုပ်အနားစွန်းအောက်မှ ပြင်ပလောကကို စူးစိုက်စွာ ကြည့်နေသည့် ပုံသဏ္ဍာန်မြင်ကွင်း ထူးစွာဖြစ်နေကြောင်း ဝုဒ် တွေ့လိုက်ရသည်။ ထိုတိုက်အိုကြီးသည် ထမင်းဆိုင်တစ်ခုနှင့်လည်း မျက်နှာချင်းဆိုင် တည်ရှိနေသည့်အပြင် တိုက်နောက်ကျောတွင် သစ်တောအုပ်ထူထူ၊ နက်နက်က ဝိုင်းရံထား၏။

“ဗိုလ်ကြီးရေ အိမ်ကတော့ လွတ်နေပုံပဲ။ ထမင်းဆိုင်မှာ ဝင်စုံစမ်းရအောင်ဗျာ”

“ကောင်းတာပေါ့” နှစ်ဦးသား ထမင်းဆိုင်ဆီ ဦးတည်သွားရောက်ခဲ့ကြသည်။ ဆိုင်ရောက်တော့ လူက ရှင်းနေသည်။ ဆိုင်မန်နေဂျာထံမှ ဝီစကီမှာသောက်ရင်း မိတ်ဖွဲ့ခဲ့ကြသည်။ ဝုဒ်က ဆိုင်မန်နေဂျာကို . . .

www.burmeseclassic.com

www.burmeseclassic.com

"မန်နေဂျာကြီး ဆိုင်မျက်နှာချင်းဆိုင်က တိုက်ကြီးမှာ လူနေခန်းများ ငှားဖို့ရှိသလားဗျ"

"အိမ်ကြီးကတော့ ဒီထမင်းဆိုင်ရှင်ရဲ့ အိမ်ပါပဲ။ အရင်ကလည်း လူတွေ ငှားနေကြ၊ ပြောင်းသွားကြတာပါပဲ။ ခင်ဗျား တို့ ငှားချင်ရင် မန်ချက်စတာ မြို့စွန်က အိမ်ရှင်ဆီ ဆက်သွယ်ကြည့်ပေါ့" ဟု ပြောကာ လိပ်စာကို ဝုဒ် လက်အပ်ခဲ့သည်။

ဗိုလ်ကြီးဝုဒ်လည်း အိမ်ရနိုင်မည့် လမ်းစတွေ့သဖြင့် ဝမ်းသာပြီး ဘာကြောင့် လူတွေ ဆက်မငှားကြသလဲဟု မေးမည်ကြံသော်လည်း၊ စီးပွားရေးကြောင့်ဖြစ်စေ၊ တိုက်အိုကြီးရှိရာ ဒေသတွင် စစ်ဖြစ်နေ၍ဖြစ်စေ ဆက်မငှားကြခြင်း ဖြစ်မည်ဟု တွေးကာဘာမျှမမေးတော့ပေ။



× × ×

နောက် (၂) ရက်ကြာပြီး နောက် ထမင်းဆိုင်မန်နေဂျာ လမ်းညွှန်သော အမြောက်စခန်းမှ မိုင်အနည်းငယ်ဝေးသော တိုက်အိုပိုင်ရှင်ရှိရာ မန်ချက်စတာ မြို့စွန်သို့ ရောက်သွားခဲ့သည်။ ဥပဓိရုပ်ခန့်ငြားသော အိမ်ရှင်အဘိုးအိုသည် ကနဦးတွင် အိမ်ငှားရန်မလိုလားကြောင်းသိရသည်။ သို့ရာတွင် ဝုဒ်စစ်မှုထမ်းဖြစ်ခြင်း၊ တည်ကြည်ခြင်းကို သဘောကျပြီး တိုက်ကိုငှားရန်သဘောတူခဲ့ သည်။ ဝုဒ်က (၃) လ နေမည်ဖြစ်ကြောင်း ပြောကြားကာ (၄) လစာ အငှားခကိုချက်ရေး ပေးခဲ့သည်။ အဘိုးအိုက "ဗိုလ်ကြီးရှိယာဝုဒ် ခင်ဗျားထံ အိမ်သော့ပို့လိုက်ပါမယ်"

"ကျေးဇူးတင်ပါတယ် ... အန်ကယ် ပြန်ခွင့်ပြုပါဦးခင်ဗျာ"

× × ×

အိမ်ငှားပြီး (၅) ရက် ခန့်တွင် ဝုဒ်ထံ အိမ်သော့ရောက်လာသည်။ သို့ရာတွင် ထိုရက်များအတွင်း နာဇီလေယာဉ်တို့ ဗုံးကြဲနေခြင်းကြောင့် တိုက်အိမ်ဆီသို့ဝုဒ် မရောက်နိုင်ခဲ့ပေ။ အခြေအနေ အေးဆေးသောနေ့တွင် ဝုဒ်သည် အိမ်ကြီးဆီသို့ ကောင်းသောအနေအထားနှင့် ဆုံပါရစေဟု ဆုတောင်းရင်း အမြင်ဆန်းလှသော တိုက်ကြီးဆီ ရောက်ခဲ့သည်။ စိတ်ထဲမှာတော့ ဤမျှ အိုမင်းသော အိမ်ကြီး၏ ပရိဘောဂများလည်း ရှေးဟောင်းပစ္စည်းများသာ ဖြစ်မည်ဟု ထင်မိခဲ့သည်။ သော့ဖွင့်ပြီး တိုက်ကြီးထဲ စဝင်ဝင်ခြင်း အလင်းရောင် မှိန်မှိန်ဖြစ်နေ၍ သဲကွဲစွာ မမြင်ရ။ ကျောက်တုံးများ စီကာထားသော အခန်းကျဉ်းကလေးသာ ဖြစ်၏။ ရှေ့ဆက်လျှောက်သောအခါ ညာဘက်နံရံအလယ်တွင် လှေကား (၂) ထစ်အောက်သို့ ဦးတည်သွားသော ပေါင်းကူးကလေးကို တွေ့လိုက်ရသည်။ ထိုပေါင်းကူးကလေးကို ဖြတ်မိသည်နှင့် ထူးဆန်းသော အခန်းငယ်ကလေးကိုရောက်သည်။ ၄င်းအခန်းငယ်သည် ဖုန်ထူပြီး အောက်သိုးသိုးအနံ့ထွက်နေသော်လည်း အနီရောင်တောက်တောက်၊ ပြောင်လက်နေသော စန္ဒရားတစ်လုံးနှင့်အတူ ခေတ်မီ ဆက်တီထိုင်ခုံများ ထားရှိသည်ကို တွေ့လိုက်ရသည်။ ထိုမှ တစ်ဆင့် အလျားရှည်သော အခန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသို့ ရောက်ရှိပြန်သည်။ ထို အခန်းထဲတွင် နာမည်ကြီးကျော်ကြား များ၏ ပန်းချီကားများကို နံရံ အားလုံး ဖုံးလုနီးပါး ချိတ်ဆွဲထား သည်။ ကာလကြာပြီဖြစ်၍ ဆေး ရောင်များပင် တော်တော်မှိန်နေပြီ ဖြစ်သည်။

ထိုပန်းချီကားများ ရှိသော အခန်းနံရံတွင် တံခါး (၃) ပေါက် ရှိနေပြန်သည်။ တစ်ပေါက်က အိပ်ခန်း၊ တစ်ပေါက်က မီးဖိုချောင် ကလေးဆီရောက်သည်။ ထိုနှစ် ပေါက်သည် ကပ်လျက်ရှိနေ သည်။ အခန်းထောင့်တွင်တော့ မတ်စောက်သော နံရံတွင် ကပ် လျက်ရှိသော ကျောက်လှေကားရှိ နေသည်။ ကျောက်လှေကားသည် မတ်လည်းမတ်စောက် ကျဉ်း လည်း ကျဉ်းသဖြင့် သတိကြီးစွာ တက်ခဲ့သည်။ အောက်ထပ်သည် ဖုန်အမှိုက် အနည်းငယ် ရှင်းလိုက် ရုံဖြင့် နေချင်စဖွယ် နေရာကလေး ဖြစ်လာမည်ဟု ဝုဒ်အတွေးနှင့် ပျော်နေမိသည်။ အပေါ်ထပ်တွင် ပန်းချီဆွဲ အခန်းကျဉ်းကလေးနှင့် အိပ်ခန်းတစ်ခုရှိနေသည်။ ထိုပန်းချီ ဆွဲခန်းမှ အထက် ထပ်ခိုးတက် ကျောက်လှေကားရှိသော်လည်း မှောင်နေသဖြင့် ဝုဒ် ဆက်မတက် တော့ပေ။ ဝုဒ်သည် ထူးဆန်းသော အိမ်အနေအထားရှိသော်လည်း ပြုပြင်မှု အနည်းငယ်ဖြင့် နေချင် စဖွယ်နေရာဖြစ်ပြီး၊ ဇနီးသည် မာရီ နှစ်ခြိုက်မည်ဟု တွေးပြီး၊ အတွေး နှင့်ပျော်ကာ အိမ်အိုကြီးကို သော့ ခတ်ပြီး စခန်းသို့ ပြန်လာခဲ့တော့ သည်။ ထူးဆန်းသော်လည်း အားလုံးအေးဆေးပါပဲ။ (၃) ရက် အတွင်း အမြောက်တပ်မှ ရဲဘော် ကလေးများ ကူညီမှုဖြင့် တိုက်အို ကြီးကို သန့်ရှင်းမှု အစုစုပြီးဆုံးခဲ့ သည်။ အိမ်အဆင်သင့်ရပြီဖြစ်၍ မာရီထံ ကြေးနန်းရိုက်လိုက်သည်။ မာရီက...

"သောကြာ ညရထားနဲ့ လာပြီး တနင်္ဂနွေနေ့တွင် ပြန်မည်" ဟု အကြောင်းပြန်၏။

× × ×

မာရီ မရောက်မီတစ်ရက် ကြို၍ အိမ်အိုကြီးဆီ ဝုဒ်တစ်ခါ ထပ်ရောက်ခဲ့သည်။ ညနေစောင်း ဖြစ်၍ အိမ်ထဲဝင်ပြီး၊ လိုအပ်တာ များ စစ်ဆေးတော့ အိုကေကြောင်း တွေ့ရသည်။ အပေါ်ထပ်တက်ပြီး ဝုဒ် မကြည့်ရသေးသော ထပ်ခိုးရှိ ရာသို့ တက်နိုင်သော လှေကား ထိပ် ရောက်ခဲ့သည်။ ထိုအခါ တွင် တစ်ကိုယ်လုံး စိမ့်ခနဲ ကြက်သီး ထသွားသည်ကို ဝုဒ် ခံစားလိုက် ရသည်။ ဝုဒ် စိတ်ထဲ၌လည်း ဤတိုက်အိုကြီးတွင် တစ်စုံတစ်ဦး ရှိနေပြီဟု ဆဋ္ဌမအာရုံတွင် ခံစားမိ သည်။ တိတ်ဆိတ်သွားမှု အနေ အထားမှာလည်း မြေကျင်းနက် နက်ကြီးအတွင်း အလင်းမပြန် သကဲ့သို့ အသံဆို၍ ဘာမျှမကြား ရဘဲ ထိုနေရာသည် သီးခြားကမ္ဘာ ကဲ့သို့ ခြားနားနေသည်။ ဝုဒ်၏ စိတ်ထဲတွင် တစ်စုံတစ်ယောက်က ချောင်းမြောင်းနားစွင့်နေသည်ဟု ထင်မိသည်။ ထို့အပြင် နေဝင်တော့ မည်ဖြစ်၍ တိုက်အိုကြီး၏ ထိပ် ဆုံးထပ်ခိုးပေါ် မတက်တော့ဘဲ အိပ်ခန်းတံခါးပိတ်ပြီး အောက် ထပ် ပြန်ဆင်းလိုက်စဉ် ထပ်ခိုးရှိ

**အဘိုးကြီးတစ်ဦး၏ မျက်နှာကို တွေ့လိုက်ရသည်။ ထိုသူ၏ မျက်နှာ သည် ကြောက်ရွံ့ပြီး ကြေကွဲဟန် ရှိသော်လည်း မလိုမုန်းတီးအသွင် ဆောင်နေသည်**

www.burmeseclassic.com

www.burmeseclassic.com



အကာလက်တန်းကို လက်နစ်ဖက် အားပြုရပ်နေသည့် အဘိုးကြီးတစ်ဦး၏မျက်နှာကို ဝုဒ်တွေ့လိုက်သည်။ ထိုသူ၏ မျက်နှာသည် ကြောက်ရွံ့ပြီး ကြေကွဲဟန်ရှိသော်လည်း မလိုမုန်းတီးအသွင်ဆောင်နေကြောင်း ဝုဒ် ခန့်မှန်းမိသည်။ များသောအားဖြင့် ဝိညာဉ်တို့သည် ညအမှောင်တွင် ပျော်ပါးကျက်စားကြပြီး အလင်းကို ကြောက်ရွံ့ကြသည်။ ယခင်က နေ့ဘက်၌သာ ထိုအိမ်အိုကြီးသို့ ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန် ညပိုင်းတွင် ဤကဲ့သို့ မြင်ကွင်း တွေ့ရခြင်းဖြစ်သည်။ ဝုဒ်က ထို အဘိုးအိုကို ကြည့်နေစဉ်မှာပင် မြင်ကွင်းသည် မှုန်ဝါး ပျောက်ကွယ်သွားသည်။

အမြောက်စခန်းသို့ ဝုဒ် ပြန်ရောက်၍ ညစာစားအပြီး၌ မိမိ ငှားထားသော အိမ်အိုကြီး အကြောင်းကိုစဉ်းစားရင်း အတွေးနယ်ချဲ့ခဲ့သည်။

မနော (စိတ်) ဖြင့် ဆက်သွယ်မှု (တယ်လီပက်သီ) နည်းသည် ထူးဆန်းပြီး စကားဖြင့် ပြောခြင်းမဟုတ်ဘဲ စိတ်ခြင်းဆက်သွယ်မှုဖြစ်ကြောင်း ဝုဒ် နားလည်ထားသည်။

ဝုဒ်အနေဖြင့် သစ္ဆေသရဲ ဆိုသည်ကို အယုံအကြည် ရှိခဲ့သည် မဟုတ်။ လူတို့က ထူးဆန်းသော ကြောက်မက်ဖွယ် အသံများ၊ ညည်းသံများကို ကြားရပြီး စိတ်က အကောင်အထည်ဖော်ရာမှ စိတ်တွင်ထဲထဲ ဝင်ခံစားပြီး တစ္ဆေသရဲ ဖြစ်ခြင်း ဟု ဝုဒ်က ထင်မြင်ခဲ့သည်။

အိမ်အိုကြီးအတွင်း၌ လူသားဟု အကောင်အထည် မရှိနိုင်သော်လည်း လူသားနှင့် ဆက်နွယ်သော လျှို့ဝှက်ချက်တစ်ခုတော့ ရှိနိုင်မည် ဟုယူဆပြီး ဖြစ်ရပ်အပေါ် အချက် (၂) ချက် ကောက်ချက်ချခဲ့သည်။

ဤအိမ်အိုကြီးဆီသို့ တစ်စုံတစ်ဦးလာနေသည်ကို တစ်ဦးဦးက မလိုလားခြင်း။

လူဟု အရိပ်အယောင်ပြသော ဖြစ်စဉ်များသည် ညအမှောင်ရောက်မှသာ နိုးထလှုပ်ရှားခြင်း။ ဤကဲ့သို့ အခြေအနေသာရှိပြီး ပုဏ္ဏကတိုက်သကဲ့သို့ ခြောက်လန့်ခြင်း အခြေအနေ မရှိခဲ့ပေ။ သို့ရာတွင် ဝုဒ်မြင်ရသော အဘိုးအို သဏ္ဍာန်သည် တစ်စုံတစ်ခုကို ကြောက်ရွံ့ဟန်ရှိပြီး အပေါ်ဆုံး ထပ်ခိုးကို တက်ရောက်ခြင်း အတွက် ဒေါသထား အမုန်းပွားဟန်ရှိနေသည်။ မည်သို့ပင်ဆိုစေ၊ မာရီရောက်လာပြီး မိမိ ဆုံခဲ့သလို ကြုံခဲ့ပါက ကြောက်လန့်သွားမည်မှာ အမှန်ဖြစ်၍ အိမ်အိုကြီး၏ ညဘက်ဖြစ်ပေါ်လာပုံကို ညဘက်တွင် သွားလေ့လာရန် ဆုံးဖြတ်လိုက်သည်။

× × ×

စနေနေ့ မာရီ ရောက်မလာမီ ဝုဒ်သည် မမှောင်ခင် အိမ်အိုကြီးဆီ ရောက်ခဲ့သည်။ အားလုံး ပုံမှန်ရှိနေကြောင်း ဝုဒ် တွေ့ရသည်။ နောက်ဆုံးမပြန်မီ အပေါ်ထပ် ထပ်ခိုးကိုတက်ရန် လှေကား ခြေရင်းအရောက်၌ "တစ်စုံတစ်ခုသော တွန်းအားတစ်ခုက ဝုဒ်၏ စိတ်ခံစားမှုထဲ စီးဝင်ကာ လှေကား

လှေကား ခြေရင်းအရောက်၌ တစ်စုံတစ်ခုသော တွန်းအားတစ်ခုက လှေကားကို မတက်စေရန် ဟန့်တားနေသည်" ဟု ခံစားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကာလက်တန်းကို လက်နှစ်ဖက် အားပြုရပ်နေသည့် အဘိုးကြီးတစ်ဦး၏မျက်နှာကို ဂုဒ်တွေ့လိုက်သည်။ ထိုသူ၏ မျက်နှာသည် ကြောက်ရွံ့ပြီး ကြေကွဲဟန်ရှိသော်လည်း မလိုမုန်းတီးအသွင်ဆောင်နေကြောင်း ဂုဒ် ခန့်မှန်းမိသည်။ များသောအားဖြင့် ဝိညာဉ်တို့သည် ညအမှောင်တွင် ပျော်ပါးကျက်စားကြပြီး အလင်းကို ကြောက်ရွံ့ကြသည်။ ယခင်က နေ့ဘက်၌သာ ထိုအိမ်အိုကြီးသို့ ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန် ညပိုင်းတွင် ဤကဲ့သို့ မြင်ကွင်းတွေ့ရခြင်းဖြစ်သည်။ ဂုဒ်က ထိုအဘိုးအိုကို ကြည့်နေစဉ်မှာပင် မြင်ကွင်းသည် မှုန်ဝါး ပျောက်ကွယ်သွားသည်။

အမြောက်စခန်းသို့ ဂုဒ် ပြန်ရောက်၍ ညစာစားအပြီး၌ မိမိ ငှားထားသော အိမ်အိုကြီး အကြောင်းကိုစဉ်းစားရင်း အတွေးနယ်ချဲ့ခဲ့သည်။

မနော (စိတ်) ဖြင့် ဆက်သွယ်မှု (တယ်လီပက်သီ) နည်းသည် ထူးဆန်းပြီး စကားဖြင့် ပြောခြင်းမဟုတ်ဘဲ စိတ်ခြင်းဆက်သွယ်မှုဖြစ်ကြောင်း ဂုဒ် နားလည်ထားသည်။

ဂုဒ်အနေဖြင့် သရဲ့သရဲ ဆိုသည်ကို အယုံအကြည် ရှိခဲ့သည် မဟုတ်။ လူတို့က ထူးဆန်းသော ကြောက်မက်ဖွယ် အသံများ၊ ညည်းသံများကို ကြားရပြီး စိတ်က အကောင်အထည်ဖော်ရာမှ စိတ်တွင်ထဲထဲ ဝင်ခံစားပြီး တစ္ဆေသရဲ ဖြစ်ခြင်း ဟု ဂုဒ်က ထင်မြင်ခဲ့သည်။

အိမ်အိုကြီးအတွင်း၌ လူသားဟု အကောင်အထည် မရှိနိုင်သော်လည်း လူသားနှင့် ဆက်နွယ်သော လျှို့ဝှက်ချက်တစ်ခုတော့ ရှိနိုင်မည်ဟုယူဆပြီး ဖြစ်ရပ်အပေါ် အချက် (၂) ချက် ကောက်ချက်ချခဲ့သည်။

ဤအိမ်အိုကြီးဆီသို့ တစ်စုံတစ်ဦးလာနေသည်ကို တစ်ဦးဦးက မလိုလားခြင်း။

လူဟု အရိပ်အယောင်ပြသော ဖြစ်စဉ်များသည် ညအမှောင်ရောက်မှသာ နိုးထလှုပ်ရှားခြင်း။ ဤကဲ့သို့ အခြေအနေသာရှိပြီး ပုဏ္ဏကတိုက်သကဲ့သို့ ခြောက်လန့်ခြင်း အခြေအနေ မရှိခဲ့ပေ။ သို့ရာတွင် ဂုဒ်မြင်ရသော အဘိုးအိုသဏ္ဍာန်သည် တစ်စုံတစ်ခုကို ကြောက်ရွံ့ဟန်ရှိပြီး အပေါ်ဆုံးထပ်ခိုးကို တက်ရောက်ခြင်းအတွက် ဒေါသထား အမုန်းပွားဟန်ရှိနေသည်။ မည်သို့ပင်ဆိုစေ၊ မာရီရောက်လာပြီး မိမိ ဆုံခဲ့သလို ကြုံခဲ့ပါက ကြောက်လန့်သွားမည်မှာ အမှန်ဖြစ်၍ အိမ်အိုကြီး၏ ညဘက်ဖြစ်ပေါ်လာပုံကို ညဘက်တွင် သွားလေ့လာရန် ဆုံးဖြတ်လိုက်သည်။

× × ×

စနေနေ့ မာရီ ရောက်မလာမီ ဂုဒ်သည် မမှောင်ခင် အိမ်အိုကြီးဆီ ရောက်ခဲ့သည်။ အားလုံးပုံမှန်ရှိနေကြောင်း ဂုဒ် တွေ့ရသည်။ နောက်ဆုံးမပြန်မီ အပေါ်ထပ်ထပ်ခိုးကိုတက်ရန် လှေကားခြေရင်းအရောက်၌ "တစ်စုံတစ်ခုသော တွန်းအားတစ်ခုက ဂုဒ်၏ စိတ်ခံစားမှုထဲ စီးဝင်ကာ လှေကား

လှေကား ခြေရင်းအရောက်၌ တစ်စုံတစ်ခု သော တွန်းအားတစ်ခုက လှေကားကို မတက်စေရန် ဟန့်တားနေသည်" ဟု ခံစားရတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com

အကာလက်တန်းကို လက်နှစ်ဖက် အားပြုရပ်နေသည့် အဘိုးကြီးတစ်ဦး၏မျက်နှာကို ဝုဒ်တွေ့လိုက်သည်။ ထိုသူ၏ မျက်နှာသည် ကြောက်ရွံ့ပြီး ကြေကွဲဟန်ရှိသော်လည်း မလိုမုန်းတီးအသွင်ဆောင်နေကြောင်း ဝုဒ် ခန့်မှန်းမိသည်။ များသောအားဖြင့် ဝိညာဉ်တို့သည် ညအမှောင်တွင် ပျော်ပါးကျက်စားကြပြီး အလင်းကိုကြောက်ရွံ့ကြသည်။ ယခင်က နေ့ဘက်၌သာ ထိုအိမ်အိုကြီးသို့ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန် ညပိုင်းတွင် ဤကဲ့သို့ မြင်ကွင်းတွေ့ရခြင်းဖြစ်သည်။ ဝုဒ်က ထိုအဘိုးအိုကို ကြည့်နေစဉ်မှာပင် မြင်ကွင်းသည် မှုန်ဝါး ပျောက်ကွယ်သွားသည်။

အမြောက်စခန်းသို့ ဝုဒ် ပြန်ရောက်၍ ညစာစားအပြီး၌ မိမိငှားထားသော အိမ်အိုကြီးအကြောင်းကိုစဉ်းစားရင်း အတွေးနယ်ချဲ့ခဲ့သည်။

မနော (စိတ်) ဖြင့် ဆက်သွယ်မှု (တယ်လီပက်သီ) နည်းသည် ထူးဆန်းပြီး စကားဖြင့် ပြောခြင်းမဟုတ်ဘဲ စိတ်ခြင်းဆက်သွယ်မှုဖြစ်ကြောင်း ဝုဒ် နားလည်ထားသည်။

ဝုဒ်အနေဖြင့် သရွေသရဲ ဆိုသည်ကို အယုံအကြည် ရှိခဲ့သည်မဟုတ်။ လူတို့က ထူးဆန်းသော ကြောက်မက်ဖွယ် အသံများ၊ ညည်းသံများကို ကြားရပြီး စိတ်က အကောင်အထည်ဖော်ရာမှ စိတ်တွင်ထဲထဲ ဝင်ခံစားပြီး တစ္ဆေသရဲ ဖြစ်ခြင်း ဟု ဝုဒ်က ထင်မြင်ခဲ့သည်။

အိမ်အိုကြီးအတွင်း၌ လူသားဟု အကောင်အထည် မရှိနိုင်သော်လည်း လူသားနှင့် ဆက်နွယ်သော လျှို့ဝှက်ချက်တစ်ခုတော့ ရှိနိုင်မည်ဟုယူဆပြီး ဖြစ်ရပ်အပေါ် အချက် (၂) ချက် ကောက်ချက်ချခဲ့သည်။

ဤအိမ်အိုကြီးဆီသို့ တစ်စုံတစ်ဦးလာနေသည်ကို တစ်ဦးဦးက မလိုလားခြင်း။

လူဟု အရိပ်အယောင်ပြသော ဖြစ်စဉ်များသည် ညအမှောင်ရောက်မှသာ နိုးထလှုပ်ရှားခြင်း။ ဤကဲ့သို့ အခြေအနေသာရှိပြီး ပုဏ္ဏကတိုက်သကဲ့သို့ ခြောက်လန့်ခြင်း အခြေအနေ မရှိခဲ့ပေ။ သို့ရာတွင် ဝုဒ်မြင်ရသော အဘိုးအိုသဏ္ဍာန်သည် တစ်စုံတစ်ခုကို ကြောက်ရွံ့ဟန်ရှိပြီး အပေါ်ဆုံးထပ်ခိုးကို တက်ရောက်ခြင်းအတွက် ဒေါသထား အမုန်းပွားဟန်ရှိနေသည်။ မည်သို့ပင်ဆိုစေ၊ မာရီရောက်လာပြီး မိမိ ဆုံခဲ့သလိုကြုံခဲ့ပါက ကြောက်လန့်သွားမည်မှာ အမှန်ဖြစ်၍ အိမ်အိုကြီး၏ညဘက်ဖြစ်ပေါ်လာပုံကို ညဘက်တွင် သွားလေ့လာရန် ဆုံးဖြတ်လိုက်သည်။

× × ×

စနေနေ့ မာရီ ရောက်မလာမီ ဝုဒ်သည် မမှောင်ခင် အိမ်အိုကြီးဆီ ရောက်ခဲ့သည်။ အားလုံးပုံမှန်ရှိနေကြောင်း ဝုဒ် တွေ့ရသည်။ နောက်ဆုံးမပြန်မီ အပေါ်ထပ်ထပ်ခိုးကိုတက်ရန် လှေကားခြေရင်းအရောက်၌ "တစ်စုံတစ်ခုသော တွန်းအားတစ်ခုက ဝုဒ်၏စိတ်ခံစားမှုထဲ စီးဝင်ကာ လှေကား

လှေကား ခြေရင်းအရောက်၌ တစ်စုံတစ်ခု သော တွန်းအားတစ်ခုက လှေကားကို မတက်စေရန် ဟန့်တားနေသည်" ဟု ခံစားရတော့သည်။

www.burmeseclassic.com

ကြောင့် နီးလာသည်။ သံ သတ္တု တစ်ခုခု စကြိန်တစ်လျှောက် တဖြည်းဖြည်း ရွေ့လျားနေတဲ့ အသံ။ အိပ်ခန်းကို ပို၍နီးလာသည်။ ဝုဒ်က အခန်းတံခါးကို ဖွင့်ကြည့်လိုက်တော့ ကျဉ်းမြောင်းတဲ့ ပြတင်းပေါက်မှ ဖြတ်ဝင်လာတဲ့ လရောင်မှိန်မှိန် အောက်မှာ ရဲရဲနီနေတဲ့ မျက်လုံးအစုံ၊ ကြောက်ရွံ့သော်လည်း စက်ဆုပ်မုန်းတီးသောအကြည့်၊ ဖြူဖြူ ဖျော့ဖျော့ ဆံပင်နက်ရှည်၊ ဟောင်းနွမ်းစုတ်ပြတ်ပြီး ဖားလျားဗလပွ ဝတ်စုံ ညစ်ထေးထေးနှင့် အဘိုးအို တစ်ဦးကို ခြေလက်၌ လေးလံသော သံခြေကျင်းနှင့် သံကြိုးကြီးနဲ့ ရစ်ပတ်ထားသည်ကို ဝုဒ်မြင်လိုက်ရသည်။ ဝိညာဉ်လောကကို မယုံကြည်ခဲ့သော ဝုဒ်သည် အံ့သြစွာ မှင်သက်ကြည့်မိနေသည်။ ထို အဘိုးအိုပုံရိပ် မသဲမကွဲသည် တဖြည်းဖြည်း လှေကားထစ်အတိုင်း ဆင်းသွားပြီး ပန်းချီခန်းအတွင်းရှိ ကြီးမားသော ပန်းချီပုံတစ်ခု ရှေ့အရောက်တွင် ပျောက်သွားတော့သည်။

မနက်မိုးလင်းတော့ ထင်ရှားနီးကပ်စွာမြင်ရသော အဘိုးအို အကြောင်းကို မာရီအား ဖွင့်မပြောတော့ပေ။ မာရီကို ဘူတာရုံအမီ ပို့ပြီး နှုတ်ဆက်ခဲ့၏။

"ဒါလင်ရေ… အချိန်တို ကလေး တွေ့ရပေမယ့် ပျော်ရွှင်ချမ်းမြေ့တဲ့ အခြေအနေကလေး ဖြစ်လို့ ဝမ်းသာပါတယ်။ ဒါလင့်ကို လည်း ကျေးဇူးတင်ပါတယ်"

မာရီ၏ နှုတ်ဆက်စကားနှင့် အတူ ထွက်ခွာသွားသော မီးရထားပေါ်မှ လက်ဝှေ့ရမ်းပြနေသော မာရီကို တုံ့ပြန်လက်ပြရင်း မီးရထားကြီးသည် ဝေးသည်ထက် ဝေးကာ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ဝုဒ်သည် တနင်္လာနေ့ဖြစ်၍ တပ်စခန်းသို့ သွားရောက်ရင်း ညက ထင်ရှားစွာ တွေ့ရသော အဘိုးအို၏ ပုံရိပ်နှင့် အိမ်၏ နောက်ကြောင်း ရာဇဝင်ကို စုံစမ်းရန် ဆုံးဖြတ်ခဲ့သည်။ အနီးကပ်ဆုံး သမိုင်းကြောင်းရှည်စွာသိနိုင်သော စကော့ရှာ ဘုရားရှိခိုးကျောင်းမှ တစ်စုံတစ်ဦးကို မေးမြန်းမည်ဟု ဝုဒ် စိတ်ထဲ၌ တေးထားခဲ့သည်။

မာရီပြန်သွားပြီး (၂) ရက် အကြာတွင် ဗိုလ်ကြီးဝုဒ်သည် အရေးကြီးသော ပြန်ကြားစာတစ်စောင်ကို လျှို့ဝှက်စွာ ဆောင်ရွက်ရမည်ဖြစ်၍ လူသူကင်းသော အိမ်အိုကြီးဆီသို့ နာရီပိုင်းတွင်း ရောက်ခဲ့သည်။ အလုပ်တွင် စိတ်ဝင်စားပြီး စာရေးနေစဉ် မိုး အတော်ချုပ်သွားခဲ့သည်။ ထိုစဉ် တစ်ဦးတစ်ယောက် သူ့ကို စိုက်ကြည့်နေသည့်အလား ခံစားရသဖြင့် လုပ်လက်စအလုပ်ကို ရပ်နားပြီး သတိထား နားစွင့်ကြည့်ရာ ပြတင်းပေါက် မှန်တံခါး များလှုပ်သံကို လေမတိုးဘဲ ကြားနေရပြန်သည်။ သို့ဖြစ်၍ အောက်ထပ် မီးကိုပိတ်ပြီး အပြင်ထွက်ကြည့်ရာ ဝုဒ်၏ အမြောက်စခန်းသို့ ဂျာမန်လေယာဉ်များ ဗုံးလာကြဲနေပုံ မြေပြင် မီးမိ၏ အမြောက်တပ်က မီးမောင်းထိုး တုံ့ပြန်ပစ်ခတ်နေပုံကို တွေ့ရသည်။ ထို ဗုံးကြဲလေယာဉ်တို့သည် အိမ်အိုကြီးဘက်ဆီ ဦးတည်ပျံသန်းလာပြီး ဗုံးတစ်လုံးကြဲချခဲ့ရာ အိမ်အိုကြီး၏ မလှမ်း

ဟောင်းနွမ်းစုတ်ပြတ် ဖားလျားဗလပွ ဝတ်စုံ ညစ်ထေးထေးနှင့် အဘိုးအိုတစ်ဦးကို ခြေလက်၌ လေးလံသော သံခြေကျင်း၊ သံကြိုးကြီးနဲ့ ရစ်ပတ်ထားသည်ကိုမြင်လိုက် ရသည်

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကြီးကို ရှေး နှစ်ပေါင်း (၁၀၀) ကျော်က အကျဉ်းထောင် အဖြစ်အသုံးပြုခဲ့တယ်ဆိုပဲ၊ ရာဇဝတ်သားတွေ တစ်ကျွန်းပို့ တရားခံတွေကိုပို့ပြီး အပြစ်ပေးလေ့ရှိတယ်လို့ပြောကြတယ်"

မကမ်းတွင်ပေါက်ကွဲပြီး အိမ်ကိုတော့ မထိခိုက်ခဲ့ပေ။ အိမ်ထဲပြန် ဝင်ပြီး နားစွင့်သောအခါ အထူးတိတ်ဆိတ်ပြီး ထူးခြားချက် မတွေ့ရပေ။

× × ×

တနင်္ဂနွေနေ့ဖြစ်သဖြင့် ဝုဒ် ဘုရားရှိခိုးကျောင်းသွားစဉ် လမ်းတွင် အတွေးတစ်ခုဝင်ခဲ့သည်။ စကော့ရွာကလေး၏ ဘုရားကျောင်းသင်းအုပ်ဆရာကို အိမ်ကြီး၏ ရာဇဝင်ကို မေးမြန်းစုံစမ်းရန် အကြံရခဲ့သည်။

နံနက်ပိုင်း ဘုရားရှိခိုးအပြီး သင်းအုပ်ဆရာတော် ဂျိုးဇက်ကို မိတ်ဖွဲ့ပြီး…

"ဆရာတော်ခင်ဗျား ရွာအစွန်က အိမ်အိုကြီးရဲ့ နောက်ကြောင်းရာဇဝင်များ မှတ်တမ်းရှိပါသလား ခင်ဗျာ"

"ဗိုလ်ကြီးဝုဒ် ဒီအိမ်ကြီး ရာဇဝင်တော့ မှတ်တမ်းမရှိပါဘူး။ ဒါပေမဲ့ ဒီအိမ်ကြီးဟာ ရှေး နှစ်ပေါင်း (၁၀၀) ကျော်က အကျဉ်းထောင်အဖြစ်အသုံးပြုခဲ့တယ်ဆိုပဲ၊ လန်ဒန်တရားရုံးက ရာဇဝတ်သားတွေ တစ်ကျွန်းပို့ တရားခံတွေကို ဒီ ထောင်ကိုပို့ပြီး အပြစ်ပေးလေ့ရှိ တယ်လို့ပြောတယ်။ နှစ်တွေကြာလာတော့ လန်ဒန်ကလည်း ထောက်ပံ့ငွေမပေး၊ ခေတ်တွေလည်း ပြောင်းလာပြီး ထောင်အဖြစ် မသုံးတော့ဘဲ အစိုးရက လေလံတင် ရောင်းချလိုက်တာ အဲဒီ တိုက်အိုကြီးရှေ့ဘက်က ထမင်းဆိုင်ပိုင်ရှင်ရဲ့ မျိုးဆက် ဘိုးဘွားဘီဘင်တွေက ဝယ်လိုက်တာပဲ။ ထူးခြားတာကတော့ ဒီတိုက်အိုကြီးမှာ လူတွေ ငှားငှားနေကြပေမဲ့ ကြာကြာမနေရဲကြဘူးကွယ့်"

သင်းအုပ်ဆရာတော်၏ စကားအရ ဝုဒ်အတွက် စဉ်းစားစရာများတိုးလာသည်။

× × ×

ဝုဒ် ပန်းချီကားများ ချိတ်ဆွဲထားရာ အခန်းထဲဝင်ပြီး ထိုညက ခြေချင်းခတ်ခြင်းခံထားရသော အဘိုးအိုပျောက်သွားသည့် ပန်းချီကားချပ်ကိုအသေအချာ စစ်ဆေးကြည့်သည်။

ပန်းချီကားဘောင်တွင် "သေဆုံးသူတို့နားခိုရာ" စာတမ်းကို တွေ့ရသည်။

ပန်းချီကားထဲတွင်သေဆုံးခြင်း အထိမ်းအမှတ် ရုပ်တုများလက်ဝါးကပ်တိုင်များနှင့်အုတ်ဂူတစ်လုံးကို သစ်ပင်၊ ပန်းပင်များဝေဆာစွာဖြင့် ရေးဆွဲထား၏။

ပန်းချီကားကို စေ့စပ်သေချာစွာ အသေးစိတ် စစ်ဆေးကြည့်လိုက်သည်။

ပန်းချီကားထဲမှအုတ်ဂူပေါ်တွင် 'မစ္စတာဆိုင်မွန် ( ) ဒီဇင်ဘာ (၂၅) ရက်နေ့ ခရစ်တော်၌ အိပ်ပျော်သည်'ဟုစာရေးထား၏။

အုတ်ဂူထိပ်တွင် ဒင်္ဂါးဝိုင်းခန့်ရှိ ဘုသီးတစ်လုံး ထူးဆန်းစွာ တွေ့ရသည်။ ဝုဒ်သည် ချိန်ချိန်ဆဆနှင့် ထိုဘုသီးကို အသာအယာဖိလိုက်သည်။ ထိုအခါ ပန်းချီကားကြီးသည် ပေ့ါပါး သွက်လက်စွာ အခြားတစ်ဖက်သို့တွင်း ထိုးဝင်သွားပြီး လူတစ်ကိုယ်စာ

www.burmeseclassic.com

www.burmeseclassic.com



အပေါက် ဖြစ်သွားသည်။ ထိုအပေါက်မှ တစ်ဆက်တည်း လူတစ်ကိုယ်စာ ဥမင်လမ်းကို မှုန် ဝါးဝါး အလင်းရောင်တွင် ဝုဒ် မြင်လိုက်ရသည်။ ထိုဥမင်သည် မြေအောက်သို့ လှေကား တစ် ထစ်ချင်း နိမ့်ဆင်းသွားသည်။ ဝုဒ်သည် ပါလာသော လက်နှိပ် ဓာတ်မီးငယ်ကို ဖွင့်ထိုးကာ လှေ ကား တစ်ထစ်ချင်းဆင်းခဲ့ရာ လှေကားအဆုံးတွင် (၁၀) ပေ ပတ်လည်ကျယ်၍ လူတစ်ရပ်စာ မြင့်သော အလင်းရောင်ဝင်နေ သည့် အခန်းကလေးကိုရောက်လာ သည်။ အခန်းတွင်း၌ နံရံမှ သံငုတ်ကွင်းနှင့်ဆက်၍ သံကြိုး ခြေချင်းတို့ ထူးခတ်တပ်ဆင်ခြင်း ခံထားရသော၊ ကြမ်းပြင်ပေါ် လဲကျနေသည့် လူအရိုးစုတစ်စုံ၊ အရိုးစုကြီးအနီးတွင် ရေခရား တစ်လုံးနှင့် သံပန်းကန်တစ်ချပ် တွေ့ရသည်။ အရိုးစု၏ ကပ်လျက် ခုံ ကလေးတစ်လုံးပေါ်တွင် အနက် ရောင် မှတ်စုငယ်တစ်အုပ်နှင့် အတွင်းမှ ဝါကျင့်ကျင့် ဆွေးနေ သည့် စာရွက်များနှင့် စာသားများ ကို တွေ့ရသည်။ ဝုဒ်သည် အိမ်အို ကြီးနှင့်ဝိညာဉ်၏ ဆက်သွယ်မှုကို ခန့်မှန်းမိတော့သည်။

ထိုအခန်းလေးမှထွက်ပြီး ကျောက်လှေကား၏အောက်ဘက် တွင် ၃ ပေခန့်မြင့်သည့် သံတံခါး တစ်ချပ်ကိုတွေ့ရသည်။ တံခါးကို ဖွင့်ကြည့်လိုက်သောအခါ လူခါး ကုန်းလျှောက် သွားရသည့် စကြင်္နံ လမ်းကျဉ်းလေး တစ်ခုကို တွေ့ လိုက်ရသည်။ မှောင်မည်းနေ သော စင်္ကြန်လမ်းကျဉ်းလေးထဲ ဓာတ်မီးထိုး၍ ဝင်ကြည့်ခဲ့သည်။ ထို့နောက် ပေ (၁၀၀) ခန့်ဝေးသော မြေပြင်ခရေပင်အိုကြီးနားတွင် လျှို့ဝှက်တံခါးဖြင့် မြေပေါ်ရောက် လာသည်။

×××



**မှတ်စုစာအုပ်ပါဖော်ပြချက်များ**

ကျွန်ုပ်သည် (၁၇၄၅) ခုနှစ် ဗြိတိန်ဧကရာဇ် လက်အောက်ခံ ဝေလနယ်တွင် မွေးဖွားခဲ့သူဖြစ်ပါ သည်။ ကျွန်ုပ်တို့ ဘိုးစဉ်ဘောင် ဆက်မှာ ဆတ္တာသည်များ ဖြစ် သလို အနှိပ်အကြောကိုင် ကျွမ်း ကျင်သူများ ဖြစ်ပါသည်။ အဘိုး လက်ထက်ကစပြီး ဝေလနယ်စား ကြီး အဆက်ဆက် အနှိပ်တော် ဆက်ခဲ့ရပါသည်။ ကျွန်ုပ် လက် ထက်တွင်လည်း အလားတူ မြို့စားကြီးအနှိပ်တော်အဖြစ် ဆောင် ရွက်ရပါသည်။ အနှိပ်တော်ဆက် ရာတွင် အနှိပ်ဆရာသည် မူလ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်လာသော ဖိနပ်၊ ခြေအိတ်တို့ကိုချွတ်ပြီး အနိုပ်တော်ဆက်ရပါသည်။ ကျွန်ုပ်တွင် အလွန်တော်ပြီး ကျွန်ုပ်ပညာကို လက်ဆင့်ကမ်းမည့် တပည့်တစ်ဦး ရှိပါသည်။ သို့ရာတွင် ထိုသူငယ်သည် မွေးရာပါလောဘ ရမ္မက်ကြီးသဖြင့် ကျွန်ုပ်က အမြဲ သတိပေး ဆုံးမရသည်ကို ထိုလူငယ်က မနှစ်ခြိုက်ပေ။ ၎င်း၏ဇာတာကို ကျွန်ုပ် စစ်ဆေးကြည့်သောအခါ သူခိုးနက္ခတ်တွင် မွေးလာသူဖြစ်ကြောင်း အချိန်နှောင်းမှ သိလိုက်ရသည်။ တစ်ခုသောဆောင်းလ ညနေတွင် ဝေလနယ်စားကြီး အကြောအခြင် ထုံကျင်ကိုက်ခဲသဖြင့် မင်းစေများက နယ်စားကြီးကို အနှိပ်တော်ဆက်ရန် ဆင့်ခေါ်အမိန့်ရလာပါသည်။ ကျွန်ုပ်နှင့် တပည့်တို့သည် နယ်စားကြီး၏ အိပ်ဆောင်သို့ရောက်ပြီး ဝတ်ဆင်လာသော အင်္ကျီ၊ ဖိနပ်များကို သတ်မှတ်ပေးထားသော နေရာတွင် ထားပြီး သီးသန့်ဝတ်စုံဖြင့် အဆောင်တော်ထဲဝင်ကြပြီး အနှိပ်တော်ဆက်ကြပါသည်။ နယ်စားကြီးသည် ၎င်း၏ ခုတင်ပေါ်တွင် ပိတ်ပါးတစ်ခုဖုံး ထားပြီး မှောက်လျက်အနေအထား ရှိပါသည်။ ကျွန်ုပ်လည်း အာရေဗျမှလာသော သံလွင်သီး အဆီ၊ ပရုတ်စသည့် အထူးဖော်စပ်ထားသော အညောင်းအကိုက် အခဲဆေးရည်ကို စနစ်တကျ လိမ်းကျံပြီး အနှိပ်တော်ဆက်ခဲ့ပါသည်။ နောက်ဆုံးအဆင့် ခြေဖဝါးတွင်ရှိသော ခန္ဓာကိုယ်တွင်း ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်၊ အသည်း စသည်တို့နှင့် ဆက်စပ်သော ဖဝါးပွိုင့် အနှိပ်တော်ဆက်ရန်အတွက် ပါလာသော မုန့်ညင်းဆီနှင့် စီမံထားသော ဆေးပုလင်းငယ်သည် ကျွန်ုပ်ချွတ်ထားသော အိပ်ဆောင်ပြင်ပတွင် ထားခဲ့သည့် အင်္ကျီအိတ်တွင် ကျန်ခဲ့ပါသည်။ သို့ဖြစ်၍ လက်သင်တပည့်ကို သွားယူစေပြီး ဆက်လက်အနှိပ်တော်ဆက်ရာ နယ်စားကြီးမှာ အပူအအေးမျှတပြီး အညောင်းပြေကာ နှစ်ခြိုက်စွာ အိပ်ပျော်သွားပါသည်။ ကျွန်ုပ်တို့ဆရာတပည့်လည်း အိပ်ဖန်စောင့်ကို သတင်းပို့ပြီး နေအိမ်သို့ မင်းစေများစီစဉ်ပေးသော မြင်းရထားစီးပြီး ပြန်ခဲ့ကြသည်။



နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ဝေလနယ်စားကြီး၏ ရဲမက်များ ကျွန်ုပ် အိမ်ကိုရောက်လာ ပြီး နယ်စားကြီး၏ စိန်ကြယ်သီး (လက်ကြယ်သီး) များ ပျောက်ဆုံးနေကြောင်း၊ နယ်စားကြီးအိပ်ဆောင်ခန်းမှ နောက်ဆုံး ထွက်လာကြသူမှာ ကျွန်ုပ်နှင့် ကျွန်ုပ်တပည့်သာဖြစ်၍ ခိုးယူခြင်း ဟုတ် မဟုတ် လာရှာခြင်းဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အနှိပ်တော်ဆက်စဉ် ၎င်းအဖိုးတန် စိန်ကြယ်သီးများကို နယ်စားကြီး၏ မှန်တင်ခုံပေါ်တွင် တင်ထားကြောင်း သတိပြုမိခဲ့သည်။ ကျွန်ုပ်အိမ်တွင် ကြွက်တွင်းပါမကျန် မြေလှန်ရှာသော်လည်း မတွေ့ရှိပေ။ ကျွန်ုပ်ကိုယ်တိုင်လည်း မယူ မခိုးခဲ့ပေ။ သို့ရာတွင် ကျွန်ုပ်တွင် တာဝန်အရှိဆုံး ဖြစ်နေသည်။ သံသယဖြစ်သည်မှာလည်း သဘာဝကျ ယုတ္တိရှိလှပေ၏။ သို့ဖြစ်၍ ကျွန်ုပ်ကို အပြစ်ပေးသည့်အနေဖြင့် လန်ဒန်မှ မိုင်ပေါင်းများစွာဝေးသော ဤအထူးစခန်းဆောင်တွင် သံခြေချင်းခတ်

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းချထားရန် မြို့စားကြီးက အမိန့်ချခဲ့သည်။ အထူးထောင်ထဲတွင် နေရသော်လည်း ငှင်းစိန်ကြယ်သီးများ ဖြစ်ရပ်မှန် ရှာဖွေတွေ့က အပြစ်မှ ကင်းလွတ်စေဟု အမိန့်ထားခဲ့သည်။ ကျွန်ုပ်ထောင်ထဲတွင် နေစဉ် (၂) နှစ်မြောက်ခန့်၌ လန်ဒန်တွင် မင်းပြောင်းမင်းလွဲဖြစ်ပြီး ကျွန်ုပ် အနိုပ်တော်ဆက်ရသည့် နယ်စားကြီး ရာထူးပြုတ်သွားကာ အသစ်နယ်စား တက်လာသည်။ နယ်စားသစ်သည် ဤမျှ ဝေးလံသောဒေသရှိ ထောင်ကို ငွေကြေးထောက်ပံ့မှု မပေးသဖြင့် ထောင်အမှုထမ်းများလည်း တဖြည်းဖြည်း စွန့်ခွာသွားကြသည်။ နောက်ဆုံးတွင် ထောင်တွင်း၌ ကျွန်ုပ် တစ်ဦးတည်းသာ ကျန်ခဲ့တော့၏။ ကျွန်ုပ်သည် ထောင်နံရံ ကျောက်ကြို၊ ကျောက်ကြားက စိမ့်ထွက်လာသောရေကို သိုးမွေးခြေစွပ်နှင့် စွတ်ယူစုတ်ပြီး စုဆောင်းသောက်ခြင်း၊ အစာအတွက် ပထမဆုံး သားရေ လက်အိတ်၊ သားရေခါးပတ်များကို ရေစိမ်ဝါးစားခြင်းဖြင့် အသက် ဆက်ခဲ့သည်။ အားလုံးကုန်သောအခါ ခွာမြင့်လည်ရှည် သားရေ ဘွတ်ဖိနပ် (၂) ဖက်သာ ကျန်တော့သည်။ ဘယ်ဘက်ဖိနပ်စားလို့ကုန်တော့ ညာဘက်ဖိနပ်ကို ရေစိမ်ရန် ဖျက်ဆီးလိုက်စဉ် ဖိနပ်၏ ခုံမြင့်ခွာအတွင်းမှ ပျောက်ဆုံးနေသော နယ်စားကြီး၏ စိန်ကြယ်သီးများကို ထူးဆန်းစွာပြုလုပ်ထားသော ဖိနပ်အံ့ဂုက်အတွင်းမှ ထွက်လာသည်။ ကျွန်ုပ် စီးထားသော ထိုလည်ရှည် ခုံမြင့်ဖိနပ်သည် ကျွန်ုပ်၏ တပည့်ကျော်က ခရစ်စမတ်လက်ဆောင် အဖြစ်ပေးခဲ့သော ဖိနပ်များဖြစ်သည်၊ တပည့်ကျော်၏ မသမာသော အစီစဉ်ဖြင့် ကြိုတင်စီစဉ်ထားပြီး နယ်စားကြီးကို အနိုပ်တော်ဆက်စဉ် အိပ်ဆောင်အပြင်၌ ကျန်ခဲ့သော အကျီအိတ်ထဲမှ ဆေးပုလင်းယူခိုးစဉ် တပည့်က ခိုးယူပြီး သူစီစဉ်ထားသော ကျွန်ုပ်စီးသည့် ဖိနပ်အံ့ဂုက်ထဲ ထည့်ထားခြင်းဖြစ်ကြောင်း ဆက်စပ်မိသည်။ ကျွန်ုပ်သည် အစာရေစာပြတ်ပြီဖြစ်၍ မကြာခင် သေရတော့မည်ဖြစ်သည်။ သို့ရာတွင် ခရစ်တော်၏ သမ္မာကျမ်းစာကို နာကြားရွတ်ဖတ် သရဇ္ဈာယ်မတင်ရသဖြင့် ကျွန်ုပ်၏ ဝိညာဉ်သည် ကျွတ်လွတ်မည်မဟုတ်ပါ။ သို့ ဖြစ်၍ ကျွန်ုပ်သည် အောက်ပါအတိုင်း ဆုတောင်းသစ္စာဆိုခဲ့သည်။

"ကျွန်ုပ်သည် နယ်စားကြီး၏ စိန်ကြယ်သီးများကို မခိုးယူခဲ့။ သို့ဖြစ်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ ဝိညာဉ်ကို လွတ်မြောက်စေသူပေါ်ပါစေ။ ဤအကျဉ်းထောင်တွင် လာသမျှလူများကို ကောင်းမွန်စိတ်ထားဖြင့် ကျွန်ုပ်၏ ဝိညာဉ်က ကူညီနိုင်ပါစေ"

**ဂျွန်သောမတ်**

ဗိုလ်ကြီးရှိယာဝုဒ် မှတ်တမ်းစာအုပ်အရ ကောက်ချက်ချကြည့်သည်။ သူ့ကို ခြောက်လှန့်သလို ထင်ရသော ဂျွန်သောမတ်၏ မကျွတ်လွတ်သော ဝိညာဉ်သည် ဝုဒ်ကို တစ်နည်းနည်းဖြင့် ဆက်သွယ်ပြီး အန္တရာယ်မရှိအောင် သတိပေးခြင်း၊ ဝိညာဉ်က မသွားစေလိုသော ထပ်ခိုးကို မသွားရန် ဟန့်တားနေခြင်းဖြစ်ကြောင်း

စောစောအိပ်ရာဝင် ရန် ဟန်ပြင်စဉ် ခုတင်မှာ သိမ့်သိမ့်ခါပြီး တစ်ဦးဦးက ဆွဲလှုပ်လိုက်သလို ဖြစ်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်မိသည်။ ထိုနောက်ပိုင်း ရက်များတွင် နာဇီ၏ လေကြောင်းထိုးစစ်က ဆက်တိုက်ဝင်နေသဖြင့် အမြောက်စခန်းတွင် ဗိုလ်ကြီးရှိ ယာဝုဒ် (၂၄) နာရီ ဆက်တိုက် အလုပ်များပြီး တိုက်အိုကြီးကိစ္စ ဘာမျှဆက်မလုပ်နိုင်တော့ပေ။

ဥရောပတွင် ဟစ်တလာက ပိုလန်-ဟန်ဂေရီစသည်တို့ကို သိမ်းပိုက်ပြီးနောက်ဗြိတိန်ကို လေကြောင်းထိုးစစ်ပိုပြင်းလာသည်။ (၂) လဆက်တိုက် ဗိုလ်ကြီး ရှိယာဝုဒ်တို့ အမြောက်တပ်ဖွဲ့၏ ပြင်းပြင်းထန်ထန် ခံစစ်ကြောင့် တပ်သားတို့ သက်သာနေသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သည်။ စနေနေ့ညတွင် လန်ဒန်မှ ဝုဒ်ထံ ဖုန်းဝင်လာသည်။ တနင်္ဂနွေနေ့ ညရထားနှင့် စကော့ရှာဘူတာရုံကို မာရီရောက်မည့် ဖုန်းသတင်းဖြစ်သည်။ ဆက်တိုက်ပြင်းထန်သော ထိုးစစ်ကာလအတွင်း အမြောက်တပ်စုမှ ရဲဘော် (၄) ဦးသေဆုံးပြီး အမြောက်တစ်လက် ဗုံးဆန်ထိ ပျက်စီးခဲ့သဖြင့် စိတ်ဓာတ်ကျနေသော ဝုဒ်သည် ချစ်ဇနီးလာမည်ဆိုသဖြင့် စိတ်ခွန်အားတက် ပျော်နေမိသည်။ တိုက်ပွဲပြင်းထန်ခဲ့သော ကာလဖြစ်၍ တက္ကစီများ မထွက်တော့သဖြင့် ထမင်းဆိုင်မှ မြင်းလှည်း ငှားကာ ဘူတာရုံသို့ ဝုဒ်ကိုယ်တိုင် မောင်းလာခဲ့သည်။

× × ×

စစ်ကာလထုံးစံအတိုင်း ခရီးသည် ပိတ်ကျပ်နေသော မီးရထားသည် ည ၁၁ နာရီမှ ဘူတာသို့ ဆိုက်ရောက်လာသည်။

ဗြိတိန် တစ်နိုင်ငံလုံး နေရာအလိုက် ခုခံစစ်ပွဲ ဆင်နွှဲနေရသဖြင့် မြို့နေလူထုသည် စစ်ဘေးလွတ်ရာ တောရွာများသို့ ပြောင်းရွှေ့ခိုလှုံနေကြသည်။ အဆင်းအတက် ရှုပ်ထွေးနေသော လူအုပ်ကြားမှ မာရီကိုရှာတွေ့တော့

"ဟေ့…မာရီရေ။ ဒီကို လာ"

"ဒါလင် ရယ်…မာရီကံကောင်းလို့ပေါ့။ လမ်းမှာ နာဇီလေယာဉ်က စက်သေနတ်ပစ်ပြီး ဗုံးကြဲလို့ ရထားတွဲတစ်တွဲပျက်ပြီး ခရီးသည်တော်တော်များ သေကုန်တယ်။ အဲဒီတွဲမှာ အရင်မာရီနေရာ ရပြီးသား။ စိတ်ထဲမှာလေ ဒါလင်ရယ်။ မာရီကိုအတင်း လက်ဆွဲပြီး ခုံက ထခိုင်းသလိုပဲ။ တွဲတွေကလည်း မှောင်နေတော့ ဘာမှလည်း မမြင်ရဘူး။ ဘယ်လို…ဘယ်လို ရှေ့တွဲကိုရောက်ပြီး နေရာရသလဲတောင် မမှတ်မိတော့ဘူး။ မာရီလည်း သန်းခေါင်လောက်ကတည်းက ဘူတာရုံရောက်နေတော့ တွဲပြောင်းလို့ ခုံရရခြင်း အိပ်ပျော်သွားလိုက်တာ ဗုံးသံ စက်သေနတ်သံတွေကြားမှ နိုးတော့တယ်။ မာရီပြောင်းလာတဲ့ တွဲက လူတော်တော်များ သေကုန်တယ်။ မာရီထိုင်ခုံက လူလည်း သေနတ်ကျည်ထိပြီး သေ သွားတယ်။ အဲဒီမှာ ဆက်ထိုင်နေရင် ဒါလင်ဆီ ရောက်မှာ မဟုတ်ဘူး ဒါလင်ရယ်"

"မာရီ ကံတော်တော်ကောင်းတာပဲ"

"မဟုတ်ဘူး…ဒါလင်။ တွဲပြောင်းစီးဖို့ အတင်းခိုင်းတဲ့ စိတ်ခွန်အားတစ်ခုခုရဲ့ စေခိုင်းမှုပဲ

အခန်းတွင်း၌ နံရံမှ သံငုတ်ကွင်းနှင့်ဆက်၍ သံကြိုး ခြေချင်းတို့ ထူးခတ်တပ်ဆင်ခြင်း ခံထားရသော၊ ကြမ်းပြင်ပေါ် လဲကျနေသည့် လူ့အရိုးစုတစ်စုံ....

www.burmeseclassic.com

www.burmeseclassic.com



ဒါလင်''

ဝုဒ်လည်း မာရီစကားနား ထောင်ရင်း ဖျတ်ခနဲ စိတ်ထဲက တိုက်အိုကြီးမှာရှိတဲ့ အဘိုးအိုကို မဆီမဆိုင် သတိရလိုက်မိသည်။ မာရီ၏ လက်ဆွဲအိတ်ကိုသယ်ပြီး လက်ဆွဲကာ မြင်းလှည်းဆီ ထွက်ခွာခဲ့သည်။ တိုက်အိုကြီး ရောက်တော့ ည တစ်နာရီရှိပြီဖြစ်သည်။ ထမင်းဆိုင်ရှိ မြင်းဇောင်းတွင် မြင်းကိုထားခဲ့ပြီး တိုက်အိုကြီး အပေါ်ထပ် အိပ်ခန်းကို နှစ်ဦးသား ရောက်ခဲ့သည်။

''ဒါလင်ရေ…ဒီနေ့ ကံကောင်းတဲ့နေ့ပဲ။ တနင်္ဂနွေလည်း ဖြစ်တယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ဆုတောင်း မေတ္တာပို့ကြရအောင်နော်''

''ကောင်းပါတယ် မာရီ'' နှစ်ဦးသား ခရစ်တော်ကို ဂါဝရပြုရွတ်ဆိုကြသည်။

''ဘုရားသခင်၏ စောင့်ရှောက်သော မေတ္တာတော် ကြောင့် ကျွန်တော်၊ ကျွန်မတို့ အန္တရာယ်မှ ကင်းကြရပါသည်။အခြားလူသတ္တဝါတွေလည်း အလားတူ အန္တရာယ်ကင်းကြပါစေ။ ဘုရား၏ နာမတော်များကို ယုံကြည်ရိုသေစွာ လိုက်နာပါ၏'' အာမင်။

မာရီသည် တစ်ခဏချင်း၌ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။ ဝုဒ်သည် မာရီ၏ ခန္ဓာကိုယ်လေးကို နွေးထွေးစွာ ပွေ့ဖက်ထားရင်း မကြာခင် အိပ်ပျော်ခဲ့သည်။

နံနက် (၃) နာရီခန့်တွင် အိပ်ပျော်နေသော မာရီ၏ ဗလုံးဗထွေး စကားပြောသံကြောင့် ဝုဒ် လန့်၍နိုးလာသည်။ မာရီသည် အတင်းရုန်းကန်နေသည့် အလားလူးလွန့်နေပြီ။

''ဟင့်အင်း…မသွားဘူး… မသွားဘူး'' ဟု အထပ်ထပ်ပြောကာ လူးလှိမ့်နေသည်။ ဝုဒ်က မာရီတစ်ယောက်တော့ ပင်ပန်းဒဏ်၊ ရထားပေါ်ကြုံတွေ့ခဲ့သော အနိဋ္ဌာရုံ မြင်ကွင်းများကြောင့် အိပ်မက်ဆိုးများ မက် နေပြီထင်ခဲ့သည်။ မာရီ (၅) မိနစ်ခန့် လူးလွန့်နေပြီး အိပ်ရာမှ ယောင်ယမ်းထသကဲ့ ဆတ်ခနဲ ထထိုင်လိုက်သည်။ သူမ၏ မူလအသံ မဟုတ်သောအသံဖြင့် ဝုဒ်၏ လက်ကိုဆုပ်ကိုင်ကာ ''လာ…လာ အပြင်သွားကြမယ် အပြင်သွားကြမယ်'' မာရီက အတင်းဆွဲသည်။ ထိုစဉ်ခုတင်ကလည်း ယိမ်းထိုးလှုပ်ရမ်းနေ၏။

''ဘာဖြစ်တာ မာရီ။ ဘာလို့အပြင်သွားရမှာလဲ''ဟု အတင်းမေးမြန်းသော်လည်း မာရီက မလွှတ်တမ်း ဝုဒ်လက်မောင်းဆုပ်ကိုင် ခုတင်မှ အတင်းဆင်းတော့သည်။ အခန်းမှာ မှောင်နေသော်လည်း မာရီသည် ထွက်ပေါက်ကို တန်းတန်းမတ် အမြန်သွားနေသည်။ ဝုဒ်ကလည်း မေရီနောက်မှ အတင်းလိုက်နေရသည်။ မတ်စောက်ကျဉ်းမြောင်းလှသော ကျောက်လှေခါးထစ်ကို မပြေးရုံတစ်မယ် မာရီ ကျွမ်းကျင်စွာ ဆင်းနေသည်။ ဝုဒ်ခမျာ



www.burmeseclassic.com

www.burmeseclassic.com



အတင်းနောက်က လိုက်နေရသည်။ လှေကားရင်း ရောက်သည်နှင့် အိမ်၏ ပင်မတံခါးကို ဖွင့်ပြန်သည်။ တစ်ဖန် အိမ်ရှေ့ခြံဝင်းကို အတင်းဖြတ်ပြေးစဉ် ဝုဒ်၏လက်ကိုမလွှတ်ပေ။ လမ်းတစ်ဖက် သစ်ပင်ခြေရင်းရှိ ဗုံးခိုကျင်းထဲကို ရောက်တော့ မာရီသည် ဘာမျှမဖြစ်သလို ဝုဒ်နံဘေး ကောက်ရိုးပုံပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။ ကနဦးက ဝုဒ်၏စိတ်သည် (အာရုံ) သည် မာရီထံ ရောက်နေသော်လည်း မာရီပြန်အိပ်ပျော်သွားပြီးနောက် ပတ်ဝန်းကျင်ကို သတိထားမိသည့်အခါ ဗုံးကွဲသံများ ကြားနေရသည်။ သို့ဖြစ်၍ ဗုံးခိုကျင်းငယ်မှ အသာတွားတက်ပြီး မိမိ၏ အမြောက်စခန်းဘက် လှမ်းကြည့်ရာ စခန်းတစ်ခုလုံး မှောင်ပိန်းနေပြီး ဆလိုက်မီးမောင်းထိုး ရှာတာလည်း မတွေ့ရ။ အမြောက်ဖြင့် ခုခံပစ်ခတ်ခြင်းကိုလည်း မတွေ့ရကြောင်း အံ့သြစွာ ဝုဒ် မြင်လိုက်ရသည်။

မကြာမီပင် အမြောက်စခန်းဆီမှ ဗုံးကွဲသံ၊ စက်သေနတ်သံနှင့် အနိမ့်ပျံလာသော လေယာဉ်ပျံအသံတို့မှာ တဝီဝီ တအုန်းအုန်း ဆူညံနေသည်။ ပြင်းထန်သော ဗုံးကွဲသည့်အရှိန်ကြောင့် ဝုဒ်တို့ ခိုနေသော ဗုံးကျင်းနေရာအထိ လျှင်လျှပ်သည့်အလား တုန်ခါနေသည်။ မာရီကတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ မိနစ် (၂၀) ကျော် စခန်း၏ ကောင်းကင်မှ စိတ်တိုင်းကျ ဗုံးကြဲပြီးသော နာဇီလေယာဉ်အုပ်စုသည် ဝုဒ်တို့ တိုက်အိုကြီးရှိရာသို့ ဦးတည်လာသည်။ တိုက်အိုကြီးဆီ လှမ်းကြည့်တော့ အောက်ထပ်တွင် မီးရောင်ပြပြကလေး လှမ်းမြင်ရသည်။ မိနစ်ပိုင်းအတွင်း လေယာဉ်တို့သည် အိမ်မိုးအထက် ပေ (၅၀၀) ခန့်မှ ဝီးခနဲ၊ ဝီးခနဲ ဖြတ်ကျော်ပျံသန်းသွားသည်မှ စင်းရေ မနည်းကြောင်း မှုန်ပြပြလရောင်အောက်မှ တွေ့ရသည်။ နောက်ဆုံး အိမ်ပေါ်မှ ဖြတ်ပျံသော ဗုံးကြဲလေယာဉ်ကြီးသည် ၄င်း၌ပါလာသော ခွင်းဗုံးကြီး (ပေါင် ၅၀၀ အား)ကို အိမ်အိုကြီးထိပ်တည့်တည့်ပေါ် ကြဲချလိုက်တော့သည်။ ပစ်မှတ်နှင့်လည်းနီးကပ် ဗုံး၏အလေးချိန်ကလည်း များသဖြင့် စက္ကန့်ပိုင်းအတွင်း တိုက်အိုကြီး၏ ထပ်ခိုးပေါ်ရှိ အမိုးကို ထိထိချင်း "ဒိန်း" ကနဲ့ပေါက်ကွဲ ပွင့်ထွက်သွားကြောင်း တွေ့ရသည်။ ဝုဒ်က "ဘုရား…ဘုရား အိမ်ထဲမှာ ရှိနေရင်တော့ အသေပဲ" ဟု တီးတိုးရေရွတ်မိသည်။ ဗုံးကြီး ပေါက်ကွဲပြီးနောက် လွင့်စင်ပေါက်ကွဲအားသည် မြေပြင်တုန်



www.burmeseclassic.com



**လန်အန်မှ မိုင်ပေါင်းများစွာ ဝေးသော ဤအထူးစခန်းထောင်တွင် သံခြေချင်းခတ်အကျဉ်းချထားရန် မြို့စားကြီးက အမိန့်ချခဲ့သည်**

ဟီးပြီး ထပ်ခိုးမှာ ဝုဒ်တို့အိမ်ခန်းရှိရာ ပထမထပ်သို့ ပြိုကျပြီး (၃) ပေ ကျော်ထူထဲသော အိမ်၏ နံရံကျောက်တုံးတို့သည် တအုန်းအုန်း ပြိုကျကာ အောက်ထပ် ပန်းချီ၊ စန္ဒရား အခန်းပေါ်ပိကျပြီး မိနစ်ပိုင်းအတွင်း အိမ်အိုကြီးသည် ကျောက်တုံးပုံ၊ အုတ်အကျိုးအပဲ့ပုံကြီး ဖြစ်သွားကြောင်း ဝုဒ်ထိတ်လန့်စွာ မြင်လိုက်ရသည်။

ဝုဒ် စိတ်ထဲ၌လည်း အမြောက်စခန်းက ခုခံသံလည်း မကြားရ။ မီးရောင်မှိန်မှိန်လည်း မတွေ့ရ။ မိမိတည်းခိုငှားနေသော အိမ်အိုကြီးမှာလည်း ဗုံးထိပြိုကျ၍ မိမိပင် မာရီက ကယောင်ကတမ်း ဆွဲထုတ်လာ၍ အသက်ရှင်ခြင်းများကို တွေးမိနေသည်။ မာရီကတော့ အိပ်ကောင်းတုန်း။ ဟောက်သံပင် ပေးနေသည်။ မိမိတို့နှစ်ဦး မာရီ၏ ကောင်းမှုကြောင့် သေဘေးလွတ်ခဲ့သော်လည်း "ဘာကြောင့် မာရီကို မည်သူကအတင်း အိမ်ပြင်ထွက် ခိုင်းခဲ့သည်ကို စဉ်းစားမရပေ"

သို့ရာတွင် တစ်စုံတစ်ခုသော တွန်းအားကသာ မာရီကို အိမ်ပြင်ရောက်အောင် အတင်းတွန်းထုတ်ခဲ့ကြောင်းနှင့် မိမိကိုယ်တိုင် သံကြိုးတုတ်ဝိညာဉ် အဘိုးအိုကြောင့်(၃) ကြိမ်တိုင် ဗုံးကြဲမည်ဖြစ်တိုင်း ကြိုသိရသည့်အဖြစ်ကို စဉ်းစားမိသည်။

ဝုဒ်လည်းအတွေးနယ်ချဲ့ရင်း မာရီဘေး ကောက်ရိုးပုံပေါ်၌ မှေးခနဲ အိပ်ပျော်ခဲ့သည်။ နံနက်ခင်း သစ်ပင်ထက်မှ ငှက်ကလေးတို့၏ ကျလိ-ကျလိ အော်သံကြောင့် ဝုဒ်အိပ်ရာမှ နိုးခဲ့သည်။ မကြာခင် မာရီလည်း အိပ်ရာမှ နိုးလာကာ တအံ့တဩဖြင့်....

"ဒါလင်...ဒါလင် မာရီတို့ ဘယ်ရောက်နေတာလဲဟင်။ အိမ်ထဲမှာလည်း မဟုတ်ဘူး"

"ဟုတ်တယ် မာရီ။ ကိုယ်တို့ ဗုံးခိုကျင်းထဲ ရောက်နေတာ။ အိမ်ကြီးကတော့ ဗုံးထိပြီး ပြိုကျသွားပြီကွ"

"ဟုတ်လား ဒါလင်။ ဒီနေ့လည်း မာရီတို့ဆက်ပြီး ကံကောင်းတုန်းပဲနော်"

ဝုဒ်သည် မာရီကို လက်ဆွဲပြီး ဗုံးခိုကျင်းမှထွက်လာကာ အမြောက်စခန်းဘက်ဆီ လျှောက်လာခဲ့သည်။

မာရီခမျာ အုတ်ပုံ၊ ကျောက်ပုံဖြစ်နေသည့် အိမ်ပျက်ကြီးကို ကြည့်ရင်း ဘုရားတ, တုန်လှုပ်နေသည်။ စခန်းရောက်တော့ တပ်ရေးဗိုလ်ကြီးထွက်လာပြီး...

"ဗိုလ်ကြီးတို့ ဘယ်လိုဖြစ်လာတာလဲ။ ညဝတ်အင်္ကျီတွေနဲ့"

"အေးဗျာ...အိမ်ကြီးကတော့ ဗုံးထိပြီး ပြိုကျသွားပြီ။ ကျွန်တော်တို့တောင် အပြင်ရောက်နေလို့ ကိစ္စမချောတာဘဲဗျို့"

"ဟုတ်တယ် ဗိုလ်ကြီး ညတုန်းက ကျွန်တော်လည်း အိပ်မပျော်သေးခင် စခန်းကမီးတွေ အကုန်ရပ်သွားတယ်။ ဘီအီးအင်ဂျင်နီယာကလည်း ညခွင့်ယူပြီး စကော့ ရွာထဲ သွားတယ်နေတယ်။ အဲဒီ အချိန်မှာ ဂျာမန်လေယာဉ်တွေ ရောက်ပြီး ဗုံးကြဲတာပဲဗျို့။ ကျွန်တော်တို့လည်း မီးဆလိုက်က မလင်းတော့ ရဲဘော်တွေလည်း အမှောင်ထဲ သင့်ရှိနေရာမှာ ပေပြီးခံနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖုံးကလဲ အတွဲလိုက်ကျတာ။ မြေငလျင်လှုပ်တယ် ထင်ရတယ်။ ဒီကောင်တွေ ဖုံးကြဲ ပြန်ထွက်သွားပြီး မကြာခင်မှာ မီးတွေပြန်လင်းလာတယ်ဗျာ။ ကံကောင်းတာက ဒီကောင်တွေ ကြဲချတဲ့ ဖုံးက ဘာတစ်ခုမှ မထိဘူးဗျို့"

ထူးဆန်းသောဖြစ်ရပ်ကို ဆက်ကြားရသော ဗိုလ်ကြီးရှိယာ ဝုဒ်သည် အားလုံးဆက်စပ်မိကာ..

"မြေအောက်အခန်းထဲမှ ပိတ်မိနေသော ဝိညာဉ်က သူ၊ သူ့ဇနီးနှင့် သူ့တပ်ဖွဲ့ကို တောက်လျှောက် ကယ်တင်နေကြောင်း သုံးသပ်မိတော့သည်။

ဝုဒ်နှင့်မာရီတို့သည် နံနက်စာ လက်ဖက်ရည်သောက်ပြီးနောက် တပ်ရေး ဗိုလ်ကြီးထံမှ စစ်ဝတ်စုံ (၂) ခု တောင်းယူဝတ်ဆင်ခဲ့သည်။ တစ်ဆက်တည်းမှာပင်...

"တပ်ရေးဗိုလ်ကြီးရေ ကျွန်တော့်ကို 120 ဘောက်ဖာ ကျည်သေတ္တာခွံ တစ်လုံးလောက်ပေးစမ်းဗျာ။ တပ်ဂျစ်ကားလည်း ကျွန်တော်ယူသွားဦးမယ်"

တပ်ရေးဗိုလ်ကြီးက ကျည်ဆန်သေတ္တာခွံပေးရင်း...

"ဗိုလ်ကြီးဘာသုံးဖို့လဲ အိမ်ကြီးလည်း မရှိတော့ဘူးဟာ၊ စခန်းမှာပဲ အဆင်ပြေသလိုနေပေါ့"



"အေးဗျ...ကျွန်တော်တို့ အားလုံးကို ကယ်တဲ့ ကယ်တင်ရှင်ကို ပြန်ကူညီရဦးမယ်"

ဝုဒ်သည် ဂျစ်ကားကို ထမင်းဆိုင်ဆီ ဦးတည်မောင်းလာရင်း...

"မေရီ မင်းကို ရထားပေါ်မှာ ကယ်တာ။ မင်းကို အိပ်ရာကနိုးပြီး အိမ်အောက်ဆင်းပြေးခိုင်းတာ။ နောက်ပြီး စခန်းတစ်ခုလုံး ဖုံးမထိအောင် ကာကွယ်ပေးတဲ့ ဝိညာဉ်ကို ပြန်ကယ်ရမယ်ကွဲ့"

မေရီက အံ့ဩနားမလည်သော်လည်း

"ဟုတ်တယ် ဒါလင်။ မေရီညက အိပ်နေတုန်း အရုပ်ဆိုးဆိုးနဲ့ သံကြိုးတွေ ပတ်ချည်ထားတဲ့ အဘိုးအိုကြီးက မေရီကို အိမ်ထဲက အတင်းမောင်းထုတ်တယ်လို့ မက်တယ်" နှစ်ဦးသား ထမင်းဆိုင်ရောက်တော့ မန်နေဂျာကြီးသည် သူ၏ ပစ္စည်းများလှည်း ပေါ်တင်နေတာ တွေ့ရသည်။ ဝုဒ်တို့ကိုမြင်တော့ အံ့ဩစွာကြည့်ရင်း...

"ဗိုလ်ကြီးတို့တော့ အိမ်ကြီးအောက်မှာ ကိစ္စချောပြီထင်တာ။ ကျွန်တော်လည်း ဒီအိမ်ကြီးပြိုကျသွားတော့ ဆက်စောင့်စရာမလိုတော့လို့ ကျွန်တော့်အရပ်ကို ပြန်တော့မယ်။ ဗိုလ်ကြီးတို့ ထမင်းဆိုင်မှာ ဆက်တည်းခိုပေါ့။ တိုက်ပိုင်ရှင်ကို အကျိုးအကြောင်း ပြောလိုက်ပါမယ်" ဟုဆိုကာ မြင်းရထားမောင်း၍ ထွက်ခွာသွားတော့သည်။

ဝုဒ်သည် မေရီကို လက်ဆွဲခေါ်၍ တိုက်အိုကြီးနောက်ဘက် သစ်ပင်ကြီး ခြေရင်း၌ လျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုဖွင့်ကာ မြေအောက်ဥမင် အတိုင်း တိုးဝင်ခဲ့ရာ အရိုးစုကြီး ရှိရာ အခန်းငယ်သို့ ချောမောစွာ ရောက်ခဲ့သည်။

အရိုးစုအားလုံးသည် ခြောက် သွေ့နေသည်။ ထိုအစိတ်အပိုင်း အားလုံးကို ရိုသေ လေးစားစွာ ကောက်ယူပြီး ကျည်ဆန်သေတ္တာ အတွင်း သေချာစွာ ထည့်ပြီး ထိုအခန်းမှ ပြန်ထွက်ခဲ့သည်။

တစ်ဆက်တည်း စကော့ရွာ ဘုရားကျောင်းမှ သင်းအုပ် ဆရာ တော်အား ဖြစ်ရပ်ကုန်စင် ပြောပြပြီး ညနေတွင် အရိုးစုအား သရဏဂုံ တင် ဂူသွင်းရန်စီစဉ်ခဲ့သည်။

× × ×

ရေးနှစ်ပေါင်းများစွာက တည်းက ရှင်သန်နေသော ချယ်ရီ ပင်အိုကြီးများ၊ မိုးမခပင် ကြီးများ ထူထပ်စွာပေါက်နေပြီး အုတ်ဂူ ဟောင်းတချို့မှာလည်း ပျက်စီးပြီး တောရိုင်းပန်းပွင့်စုံတို့ ဖုံးအုပ်ပွင့်ဖူး နေသည်။ ထိုသုသာန်ကြီးအလယ် တွင် ရေးရာစုနှစ်ကျော်က အပြစ် မရှိဘဲ အစာရေစာပြတ် သေဆုံးခဲ့ သော "မစ္စတာ ဂျွန်သောမတ်" ကို ဂူသွင်းရန်ဖြစ်သည်။ လပြည့်ည လကလည်း ထိုးထွက်လာပြီး ဖယောင်းတိုင် အလင်းအောက်တွင် ဝုဒ်သည် မစ္စတာ ဂျွန်သောမတ်၏ အရိုးစုကို အုတ်ဂူအတွင်း သေချာ စွာထည့်သည်။ သင်းအုတ်ဆရာ တော်ကလည်း သမ္မာကျမ်းစာကို တီကျူပြတ်သားစွာ ရွတ်ဖတ် သည်။ သရဏဂုံတင်အပြီး လေ ညင်းလေးတစ်ချက်က သွက်သွက် ကလေး သုသာန်အတွင်း ဖြတ် တိုက်လိုက်သဖြင့် ဖယောင်းတိုင် မီးငြိမ်းသွားသည်။ သင်းအုပ်ဆရာ ဝုဒ်နှင့် မေရီတို့ပြိုင်တူ "အာမင်" ဟု ရွတ်ဆိုချိန်တွင် တိုက်အိုပျက် နောက်ဘက် တောအုပ်ထဲမှ တော ခွေးတွေက ကျယ်လောင်စွာ အဆက်မပြတ် အူခဲ့သည်။ အသံ များအားလုံး တိတ်သွားပြီးနောက် မစ္စတာ ဂျွန်သောမတ်၏ အုတ်ဂူ ထက်မှ အဖြူရောင် တောက်ပ သော အလင်းတန်းတစ်ခု ထိုး ထွက်လာကာ ချယ်ရီအို ထင်းရှူး ပင်အိုတို့ကို ကျော်ဖြတ်ပြီး လမင်း ထွန်းလင်းရာ ကောင်းကင်ဆီ ထိုး တက်ဝင်ရောက် ပျောက်ကွယ်သွား သည်။ ဝုဒ်နှင့် မေရီတို့ နှုတ်မှ လည်း...

"ရာစုနှစ်များကြာ ဝိတ်မိ လှောင်ထား အကျဉ်းခံရသည့် မစ္စတာ ဂျွန်သောမတ်၏ ဝိညာဉ် သည် ကောင်းကင်ဘုံတွင် လွတ် လပ်ပျော်ရွှင်ပါစေ"

× × ×

ဒုတိယကမ္ဘာစစ်ကြီးအပြီး( ) နှစ်ကြာပြီးနောက် လန်ဒန်မြို့ ဝိတိုရိယ ရှေးဟောင်းပြတိုက်တွင် အသက် (၁၅) နှစ်အရွယ် လှပ ချောမောသော ကလေးမတစ်ဦး နှင့် ၅ နှစ်အရွယ် ယောက်ျား လေးတစ်ဦးတို့ ပြတိုက်ထဲ လှည့် လည်ကြည့်ရှုနေကြစဉ် ယောက်ျား ကလေးက သူ့အစ်မဆီ ပြေးလွှား အော်ပြောရင်း...

"မမရေ...ဒီမှန်ပုံးထဲမှာ ကြည့်ပါဦး။ ဒယ်ဒီနဲ့ မာမီတို့ လှူထားတဲ့ စိန်ကြယ်သီးတွေ"

ကလေးမနှင့် ကလေးငယ် တို့သည် မှန်ပုံးထဲမှ စိန်ကြယ်သီး များကိုကြည့်ရင်း ကမ္ပည်းထိုး ထားသောစာကို ဖတ်ကြည့်တော့

- ဝေလနယ်စားကြီး ဝတ်ဆင်ခဲ့ သည့် စိန်ကြယ်သီး (၁၂) လုံး
- ကာလတန်ဖိုး ပေါင်စတာ လင် (၅၀) သန်း
- ရှေးဟောင်းပစ္စည်း တန်ဖိုး အဖိုးမဖြတ်နိုင်ပါ။
- ဗိုလ်မှူးကြီးရိုယာဝုဒ်နှင့် ဇနီး မာရီ ရိုယာဝုဒ်က လှူဒါန်း သည်။

ညီမြင့်လွင်(မော်ကျွန်း)

Ref: World Digest

www.burmeseclassic.com

www.burmeseclassic.com







(၁)

"ငါသေတော့မည်" ငါ၏ သက်တမ်းကာလသည် လွန်စွာ တိုတောင်းလှပါ၏။ မကြာမီ သေခြင်းတရားသည် ငါ၏ လက်တစ်ကမ်း အလိုလို ရောက်လာတော့မည်။ ငါ၏ တွယ်တာ နှောင်ဖွဲ့နေသော သံယောဇဉ်တို့ကို ဖြတ်တောက်ပစ်ရပေတော့မည်။

သုံးဆယ့်တစ်ဘုံ အတွင်းရှိ သတ္တဝါဟူသမျှတို့သည် မိမိတို့ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ၊ ချစ်သော မယား၊ သား သမီး၊ ဆွေမျိုးများ၊

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ အပေါင်းအသင်းများ ရရှိထားသော ရာထူးဂုဏ်သိန်များကို စွန့်ခွာကာ သေမင်းခေါ်ရာသို့ မသေချင်သေးဘဲလည်း သေမြဲဓမ္မတာအရ သေပွဲဝင်ကြရတော့မည်။

ဒီလိုသတ္တဝါ အားလုံး သေဆုံးကြရသောအခါဝယ် အောက်ပါသေခြင်း (၄) မျိုးထဲမှ တစ်မျိုးမျိုးဖြင့် သေပွဲဝင်ကြရသည်မှာလည်း ဓမ္မတာပင်။

သေခြင်း (၄) မျိုးကား။

၁။ သက်တမ်းကုန်၍ သေရခြင်း။
၂။ ကံအစွမ်းကုန်၍ သေ ရခြင်း။
၃။ သက်တမ်း ကံအစွမ်း နှစ်ပါးစလုံး ကုန်၍ သေရခြင်း။
၄။ ဥပစ္ဆေဒက ခေါ်ကြား ကံတစ်ပါးပါးက သတ်ဖြတ် ၍ သေရခြင်းဟူ၍ ရှိပါသည်။

အခုတော့ ကျုပ်ဘဝအကျိုးပေး အခြေအနေက အသက်အရွယ်ကောင်းတုန်း၊ အား ကောင်းမောင်းသန် အသက် လေးဆယ်မှာ ဥပစ္ဆေဒကကံနဲ့ သေဆုံးရဖို့ ဖန်တီးလာနေပြီပဲ။ ဇနီးနဲ့ သားသမီးတွေ ကျုပ်မရှိတော့လျှင် ဘယ်လိုနေလို့ ဘယ်လို စားသောက်ပြီး ဘဝကို ဘယ်လိုရုန်းကန် လှုပ်ရှားကြပါမလဲ။

ကျုပ် အသိတရားရခဲ့ချိန် မှာ အချိန်အခါ နှောင်းသွားခဲ့ပြီ ပဲလေ။ ခုတော့ နောင်တတွေ အကြိမ်ကြိမ်ရနေရင်း ယူကျုံးမရ တသသဖြစ်နေခဲ့မိတယ်။ သတိလက်လွတ်ဖြစ်သွားခဲ့လို့ အမှား တစ်ချက်ကြောင့် ကျုပ်အသက်နဲ့ ခန္ဓာကိုယ်ကြီးကို ပေးဆပ်ရတော့မယ်။

ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့ရမလား၊ ကံတရားကိုပဲ ပုံချရမလား မဝေခွဲနိုင်တဲ့ စိတ်တွေ ဟာ ကျုပ်တစ်ကိုယ်လုံးကို လောင်မီးတိုက်ခံရသလိုပဲ ဝါးမျိုခံနေခဲ့ရပြီ။ ငါသေဖို့ အချိန်နီးကပ်လာနေပြီဆိုတဲ့ အတွေးက ဘယ်လိုမှ ထိန်းချုပ်မရနိုင်အောင် စိတ်ဂဏှာမငြိမ် ဖြစ်ပေါ်ခံစားနေရတယ်။

"ကောယနောယံ ဘိက္ခဝေ မဂ္ဂေါသတ္တာနံ ဝိသုဒ္ဓိယာ"

နှုတ်မှ တဖွဖွ ရွတ်ဆိုရင်း စိတ်ငြိမ်အောင် ပြု ကျင့်နေတယ်။ ငါသည်သေ ဘေးကို မျက်ဝါးထင်ထင် မြင်တွေ့လာတော့မှ အသိတရားတို့ ဝင်လာခဲ့သော်လည်း အချိန်အခါ နှောင်းခဲ့လေပြီ။ လောကတွင် သေဘေးကို မကြောက်သောသူ မည်သည် မရှိပြီတကား။

အကုသိုလ်ကံကို ကျူးလွန်လာခဲ့သူ ဖြစ်၍ထင်သည် မြဝတ်ရည်၏ သနားစဖွယ် ငိုယိုတောင်းပန်တိုးလျှိုး နေပုံအား မျက်ဝန်းထဲမှာ ဖျောက်ဖျက်မရနိုင်အောင် ပုံရိပ်တို့က ပီပီပြင်ပြင် ထင်ဟပ်လာသည်။ တစတစ ပြန်လည်မြင်ယောင်လို့ လာနေသည်။

(၂)

အဲဒီတုန်းက မြဝတ်ရည်လေးက ကျုပ်အပေါ်မှာ အလွန်

တုတ်တုတ်ခိုင်ခိုင်နဲ့ အချိုးအဆစ် ကျနနေတဲ့ ခန္ဓာကိုယ်ဟာ ကျုပ်ရင်ထဲက ရာဂပိုးတွေ ထကြွချင်လာအောင် လှုံ့ဆော်ပေးနေသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သိတတ်လိမ္မာသော တပည့်မလေးတစ်ဦး၊ နေ့စဉ်နီးနီးကပ်ကပ် လက်ပွန်းတတီး နေထိုင်ဆက်ဆံရဖန် များလာသောအခါ သံယောဇဉ်နွယ်ကြိုးတို့က ရစ်ပတ်ပျိုးချင် သလိုလို။

ဂိုဒေါင်မှူးတစ်ဦး ဖြစ်တဲ့ ကျုပ်က စပါးဂိုဒေါင်ကြီးထဲမှာ လုပ်ပိုင်ခွင့် အပြည့်အဝရှိသူ၊ မြဝတ်ရည်လေးက စပါးသယ် အလုပ်သမလေး တစ်ဦး အသက်အရွယ်က နှစ်ဆယ်ကျော်ရုံပဲ ရှိမယ်။ ကျုပ်က လေးဆယ်နားနီးအရွယ်။

ကျုပ် အပါးမှာပဲ လုပ်ငန်းကိစ္စအဝဝကို အမြဲတစေ ကူညီလုပ်ကိုင်ဆောင်ရွက် ပေးနေသူဆိုတော့ အများတကာတွေထက် ဆက်ဆံ ရင်းနှီးမှုမှာ အလေးသာသူ။ သူမက စပါးဂိုဒေါင်ကြီးထဲမှာ စပါးသယ်၊ ဆန်အိတ်တင်ဖို့ တာဝန်များကိုလည်း မလစ်ဟင်းအောင် ဆောင်ရွက်နေတတ်သလို၊ ပင်ကိုယ် အသိစိတ်ဓာတ်ရှိနေသူမို့ ကြွက်ဖောက်ပြန့်ကျဲနေသော ဆန်အလေအလွင့်များကို လှဲကျုံးပြီး အိတ်ထဲထည့် ဆိုကာချုပ်လုပ်ပေးသည်အထိ အောက်ခြေသိမ်းအလုပ်များက အစကူညီဆောင်ရွက်ပေးတတ်တယ်။

ဒီလို အလိုက်သိတတ်မှု၊ စေတနာ အပြည့်အဝထားရှိမှုတွေနဲ့ ဂိုဒေါင်ထဲမှာ နေ့ညမရွေး ဆောင်ရွက်လုပ်ကိုင် ပေးနေတယ်။ ဒီတော့လည်း ကျုပ်အနေနဲ့ အစစအရာရာ အားကိုးယုံကြည်နေခဲ့သူမို့ မေတ္တာစေတနာတွေ ရေစီးကမ်းပြိုဖြစ်ပေါ်လာခဲ့တယ်။ အရွယ်ချင်းက ကွာခြားပေမယ့်လည်း မရိုးသားတဲ့ ကျုပ်စိတ်ထဲမှာတော့ သူမနဲ့ နီးနီးကပ်ကပ် ဆက်ဆံထိတွေ့လုပ်ကိုင်နေခဲ့ရတာကိုပဲ သာယာချင်သလိုလို ဖြစ်ပေါ်ခံစားနေမိတယ်။

တကယ်တော့ ကျုပ်ကိုယ်တိုင်က ဘာသာတရားကို အလေးထား ဆောင်ရွက်နေသူ ဝိပဿနာ တရားကို အားထုတ်လို့ နေ့စဉ်နေ့တိုင်း ဘာဝနာ တရားကို စီးဖြန်းနေသူတစ်ယောက် ဖြစ်တယ်။ ကျုပ်ရဲ့ ဘာသာရေးကျင့်စဉ်တွေ ဟိုး တက်ကောင်းမွန်



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ အမြတ်တနိုး ထိန်းသိမ်းထားတဲ့ အပျိုရည်လေး ပျက်သုဉ်းသွားခဲ့လို့ ယူကျုံးမရ ဝမ်းနည်း ငိုကြွေးနေရှာတယ်။

လာလို့ ထင်တယ်။ တော်ရုံတန်ရုံ ရောဂါဘယ ဖြစ်နေတဲ့သူကို ကျုပ် ဂါထာမန်းမှုတ် ရွတ်ဆိုပေးထားတဲ့ ရေမန်းကို သောက်ရုံနဲ့ရောဂါကို ယူပစ်သလို ပျောက်ကုန်ကြတယ်။

ဒါကြောင့်လည်း ကျုပ်နေထိုင်တဲ့ ရွာနီးချုပ်စပ်ကလူတွေက ကျုပ်ကိုပျောက်စေ ဆရာလေးဆိုပြီး ကြည်ညိုပွားများ လေးစားကိုးကွယ်နေကြတယ်။

ကျုပ်ကလည်း ဆင်းရဲချမ်းသာမရွေး ကူညီရိုင်းပင်းချင်စိတ်နဲ့ ဘာသာတရားပေါ် ကြည်ညိုရင်းစွဲ ရှိနေတာကြောင့် နေ့စဉ်ဝတ်မပျက်ရုံးခန်းလေး ထဲမှာ ဘာသာတရား ကျင့်စဉ်တွေကို တစိုက်မတ်မတ် လုပ်ဆောင်နေခဲ့တယ်။

ခုလို ကျုပ်ရဲ့ ဂုဏ်သတင်း ပျံ့မွှေးနေတာကြောင့် ရွာနီးချုပ်စပ်က အစဇနေပုဒ်ပါမကျန် အားလုံးရဲ့ ယုံကြည်ကိုးကွယ် အားထားစရာလူ ဖြစ်နေတယ်။

ဒါပေမယ့် ကျုပ်ဆိုတဲ့ကောင်ဟာ အသိနဲ့သတိတရားကို ခွဲခြားပေဖန် မပိုင်းခြားတတ်တာကြောင့် ရေနစ်သေဖို့ကိန်းဆိုက်ခဲ့ရပြီ။ အဲဒါကတော့ ကျုပ်အပေါ် လေးစားကြည်ညိုထိုက်တဲ့ ဆရာသမားတစ်ယောက်လို အားကိုးအားထား ပြုပြီး အနီးအပါးမှာ ခြေဆုပ်လက်နယ် ပြုစုပေးနေတဲ့ မြဝတ်ရည်ဆိုတဲ့သူတော်ကောင်း မလေးကို ပြစ်မှားကျူးလွန်ခဲ့မိတာပါပဲ။

မိခင်အိုကြီးကို စပါး ဂိုဒေါင်မှာ အလုပ်လုပ်ကိုင် ကျွေးမွေးစောင့်ရှောက်ပေးနေရှာတဲ့ ရိုးသားသူ အလုပ်သမလေး မြဝတ်ရည်အပေါ်မှာ အနိုင်အထက် ပြုကျင့်ခဲ့မိတဲ့ လုပ်ရပ်က ကျုပ်ဘဝကြီးတစ်ခုလုံး ဂျမ်းထိုးမှောက်လန်ဖြစ်သွားအောင် ဖန်တီးလာခဲ့တယ်။

မြဝတ်ရည်ရဲ့ ချစ်စဖွယ် တီတီတာတာ ပြောဆိုတတ်တဲ့ ခွန်းသွဲ့ စကားလေးတွေရယ် ဝင်းဝင်းပပ ရွှန်းရွှန်းလဲ့နေတဲ့ မျက်ဝန်းအကြည့်လေးတွေရယ်၊ တုတ်တုတ်ခိုင်ခိုင်နဲ့ အချိုးအဆစ် ကျနနေတဲ့ ခန္ဓာကိုယ်ရယ်ဟာ ကျုပ်ရင်ထဲက ရာဂပိုးတွေ ထကြွချင်လာအောင် လှုံ့ဆော် ပေးနေသလိုပါပဲ။

ကျုပ်စိတ်ကို ကျုပ်ထိန်းလို့ ဘာသာတရား၊ အသိတရားတွေနဲ့ ဖွတ်နှစ်အာရုံဝင်စား လုပ်ကိုင်ဆောင်ရွက်နေခဲ့ပေမယ့် အဖွဲ့တွေ စိတ်အတွင်း သဏ္ဍာန်မှာ မြဝတ်ရည်ရဲ့ ချစ်စဖွယ် မျက်နှာလေးဟာ ဖျောက်ဖျက်မရနိုင်အောင် တရစ်ဝဲဝဲ မြင်ယောင်လာနေတော့ စိတ်အသိကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲလာတယ်။

ပိုဆိုးသွားတာကတော့ တစ်နေ့ ညဘက်ကြီး ဂိုဒေါင်ကြီးထဲမှာ တကုပ်ကုပ်နဲ့အလုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ မြဝတ်ရည်ဟာ အလုပ်ဆင်းချိန်တိုင်သည့် တိုင်အောင် တစ်ယောက်တည်း ဂိုဒေါင်ထဲက ကြွက်ဖောက်ဆန်တွေကို ကျုံးထည့်လို့ အိတ်ပိတ်ချုပ်နေခဲ့တယ်။

ကျုပ်ကလည်း ထုံးစံအတိုင်း ဂိုဒေါင်ကြီးထဲမှာ ကျုပ် ရုံးခန်းလေးထဲက ဘုရားစင်ရှေ့မှာ နေ့စဉ်ပြုနေကျ ပရိကံအမှုပြုရင်း ပုတီးစိပ်နေတယ်။ ည အမှောင် သန်းချိန်ရောက်မှ ကျုပ်ရဲ့ ပုတီးစိပ်တဲ့ အမှုကိစ္စ ပြီးစီး သွားလို့ ရုံးခန်းထဲက ထွက်လာတယ်။

ဒီအချိန်မှာ မြဝတ်ရည် တစ်ယောက်တည်း ဂိုဒေါင်နောက်ဘက်မှာ တကုန်းကုန်းနဲ့ ဆန်အိတ်အပ်ချုပ် ပိတ်နေတာကို မီးရောင် မလင်းတလင်းအောက်မှာ လှမ်းမြင်ခဲ့ရတယ်။

ကျုပ်လည်း ပုတီးစိပ်ပြီး သွားလို့ အညောင်းအညာဖြေရင်း လမ်းလျှောက်လို့ မြဝတ်ရည် အခြေအနေပြီးမပြီး အကဲခတ်သလို သွားကြည့်ဖို့ လှမ်းလာနေခဲ့တယ်။ ဆိတ်ကွယ်ရာ အရပ်ဆိုတာ လူတွေရဲ့ စိတ်ကို ဖောက်ပြန်ချင်လာအောင် ဖန်တီးပေးသလို ဖြစ်နေသည်။

ပတ်ဝန်းကျင် တစ်ခွင်လုံးကလည်း တိတ်တိတ်ဆိတ်ဆိတ်



မဲမဲ မှောင်နေတယ်။ ဂိုဒေါင်ကြီးထဲက မီးရောင်မလင်းတလင်းအောက်မှာ ဆန်အိတ်ကို ငုံ့ပြီး ကုန်းချုပ်နေတဲ့ သူမပုံစံကို အနီးကပ် မြင်တွေ့နေရချိန်မှာ ကျုပ်စိတ်တွေဟာ ဂဏှာမငြိမ် လှုပ်လှုပ်ခတ်ခတ် ဖြစ်ပေါ်ခံစားလာနေမိတယ်။

သူမကတော့ အလုပ်အပေါ်မှာပဲ အာရုံစူးစိုက် လုပ်ဆောင်နေတော့ ပတ်ဝန်းကျင်ကို ဂရုမထားဘူးလေ။ ကျုပ်မျက်စေ့ထဲမှာ သူမရဲ့ ပုံသဏ္ဍာန်ဟာ ကွင်းကွင်းကွက်ကွက် မြင်တွေ့နေရတော့၊ ဘယ်လိုမှ စိတ်ကို ထိန်းချုပ်မရတော့ဘူး။

ကျုပ်လည်း သတိလက်လွတ် ဖြစ်သွားပြီး ကုန်းကုန်းကွကွ ပုံစံမျိုးရှိနေတဲ့ သူမရဲ့ ကိုယ်လုံးလေးကို နောက်ကနေ ဆီးပွေ့ ဖက်ထားနေမိတော့ တယ်။

သူမဟာ မထင်မှတ်တဲ့ ကျုပ်ရဲ့ အပြုအမူကြောင့် လန့် ဖြန့် ကြောက်ရွံ့သွားခဲ့တယ်။

ကျုပ်ကို ဒီလို ရိုင်းပျစော်ကားတဲ့ အပြုအမူမျိုး မလုပ်ဖို့ အတန်တန် ပြောဆို သတိပေးနေတယ်။ ကျုပ်ကလည်း သတိလက်လွတ် ဖြစ်နေတာကြောင့် ဇွတ်ဖက်ပွေ့လို့ ကြမ်းပေါ်လှဲချ ဖို့

www.burmeseclassic.com

www.burmeseclassic.com



အတင်းကြိုးစားနေခဲ့တယ်။

သနားစဖွယ် မျက်နှာလေးနဲ့ ငိုယိုပြီး မသင့်တော်ကြောင်း တဖွဖွ ပြောဆိုငြင်းဆန်နေခဲ့ပေမယ့် ကျုပ်စိတ်တွေဟာ တစ်ကိုယ်လုံး ဆူပွက်ထလာပြီး။ သူမကို ဗလက္ကာရ ပြုကျင့်နိုင် ဖို့ ကြိုးစားနေခဲ့တယ်။

နောက်ဆုံးမှာတော့ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေရှာတဲ့ သူမရဲ့ ရှိုက်သံလေးတွေကြောင့် ကျုပ် အသိစိတ် ပြန်ကပ်လာချိန်မှာ လက်လွှန်သွားခဲ့ပြီလေ။ သူမကတော့ အမြတ်တနိုး ထိန်းသိမ်းထားတဲ့ အပျိုရည်လေး ပျက်သုဉ်းသွားခဲ့လို့ ယူကျုံးမရ ဝမ်းနည်း ငိုကြွေးနေရှာတယ်။

ကျုပ်လည်း သည်တော့မှ မိမိအမှားကို သိမြင်လာလို့ အနူးအညွတ် တောင်းပန်စကားဆိုပြီး ချော့မော့နေခဲ့တယ်။

ဒါပေမယ့် မတော် မတရား အတင်းအဓမ္မပြုကျင့်ခံ ရလို့ မိန်းမသားတစ်ယောက် အနေနဲ့ ခေါင်းငုံ့ခံနိုင်ရိုး ထုံးစံမှ မရှိဘဲ။ ဒီတော့ ကြက်ခေါင်းဆိတ်မခံ ကက်ကက်လန်အောင် ရန်တွေ့ ပြောဆိုလာတော့တယ်။

သူမရဲ့ ဘဝကို ဖျက်ဆီးရက်သူရယ်လို့ မကျေမချမ်းနိုင် ဘဲ အသည်းနာနာနှင့် ဒီကိစ္စ အပေါ် အရေးယူတိုင်ကြားမယ်လို့ ဖွတ် ပြောလာနေခဲ့တယ်။ ကျုပ်လည်း တစ်ရှက်ကနှစ်ရှက် ဖြစ်ရတော့ မှာပါလား ဆိုပြီး အသည်းအသန် ကြောက်ရွံ့ထိတ်လန့်သွားခဲ့တယ်။ သူမရဲ့ နှုတ်ထွက်စကားနဲ့ ကြိမ်းမောင်းပြော ဆိုနေသော ရဲစခန်းမှာ တိုင်ချက်ဖွင့် အရေးယူမယ်ဆိုတော့ ပိုလို့ စိုးရွံ့ ကြောက်လန့်သွားခဲ့တယ်။

အခုလို အခြေအနေမျိုး ရောက်လာမှတော့ ကျုပ်လည်း ဘယ်လက်သင့် ခံနိုင်ပါမလဲ။ ကျုပ်ရဲ့ ဂုဏ်သိက္ခာတရားကို ထိခိုက်နိုင်လာမယ့် အခြေအနေ ကို ရောက်လာနေပြီ။ ကျုပ်ကို လူတွေက လေးစားကြည်ညိုနေပါလျက် ကျုပ်ရဲ့ တစ်နပ်စား ဉာဏ်ကြောင့် လူပုံအလယ်မှာ တံတွေးခွက်ထဲ ပက်လက်မျောရမယ့် ကိန်းဆိုက်နေပြီ။

ဒီလို အကျဉ်းအကျပ်ထဲ ရောက်နေမှတော့ လူမသိ၊ သူမသိ ဆိတ်ကွယ်ရာ နေရာမျိုးမှာ မျက်မြင်သက်သေမရှိတော့ အပြတ်ရှင်းပစ်နိုင်မှ ဒီကိစ္စဘူး ပေါ်သလို မပေါ်ဘဲ လက်စပျောက်သွားမယ်လို့ စဉ်းစား လိုက်မိတယ်။

နောက်ဆုံးမှာတော့ ပေါက်သည့် နဖူးမထူးဘူးဆိုပြီးတော့ စိတ်ကိုဒုန်းဒုန်းချ ပစ်လိုက်တယ်။ သူမရဲ့ ဖော့ဖယောင်းလို ရှင်းသန့်နေတဲ့ လည်ပင်းကို ကျုပ်လက်နှစ်ဖက်နဲ့ ပြုတ်တူ ညှပ်သလို စုံကိုင်ဖျစ်ညှစ်လိုက်တယ်။ သူမဟာ လည်း ကျောချမှ ဓားပြမှန်းသိဆိုသလို သူမရဲ့ ကြိမ်းမောင်းခြိမ်း

နံနက်ပိုင်း ဂိုဒေါင်ထဲကို အလုပ်သမားတွေ အလုပ် ဆင်းဝင်လာသည့်အခါ ညက ဆန်အိတ် ပုံပြိုလဲပိကျလို့ သေနေသည့် အသွင်သဏ္ဌာန်မျိုး ဖန်တီးခဲ့တာပဲ ဖြစ်တယ်

www.burmeseclassic.com

www.burmeseclassic.com

ခြောက် စကားတွေကြောင့် အပြတ်ရှင်းတော့ မည်ဆိုသည်ကို ရိပ်စားမိလာလို့ သူမကို မသတ်ရန် အတန်တန် ရှိခိုးတောင်းပန်ရင်း မျက်ရည်ခံ ထိုးနေတယ်။

သူမရဲ့ လည်တိုင်ဖြူဖြူ ဖွေးဖွေးလေးပေါ်မှာ ကျုပ်ရဲ့ ကြောက်ရွံ့ ထိတ်လန့်နေစိတ်နှင့် ဖွတ်နှစ်ကြမ်းကြမ်းတမ်းတမ်း ပြုမူကျင့်ကြံမှုကြောင့် လက်ငါးချောင်းရာကြီး အထင်းသားပေါ် လွင်လာတယ်။ သူမဟာ ကြောက်ရွံ့တုန်လှုပ်စွာ ငိုကြွေး တောင်းပန်နေရင်း အသံတိမ်ဝင်သွားရာမှ နောက်ဆုံး ပျော့ခွေ ညွတ်ကျသွားတော့တယ်။

ကျုပ်လည်း လူတစ်ယောက် အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ပစ်ပြီးမှတော့ မထူးဇာတ်ခင်းရတော့တယ်။ အဲဒါကတော့ သူမလဲကျ သေဆုံးသွားသည့် အလောင်းပေါ်ကို ဆန်အိတ်တွေ ဖြိုချဖုံး လွှမ်းကာ ကွယ်ထားလိုက်တယ်။

တကယ်လို့ နံနက်ပိုင်း ဂိုဒေါင်ထဲကို အလုပ်သမားတွေ အလုပ်ဆင်း ဝင်လာသည့်အခါ ညက ဆန်အိတ်ပုံပြိုလဲပိကျလို့ သေနေသည့် အသွင်သဏ္ဍာန်မျိုး ဖန်တီးခဲ့တာပဲ ဖြစ်တယ်။

ကျုပ်လုပ်ခဲ့တဲ့ ကိစ္စအပေါ် ပိပိရိရိ ရှိမှာပဲဆိုပြီး ဂိုဒေါင်တံခါးကိုပိတ် သော့ခတ်ပြီး အိမ်ဆီကို ခပ်သုတ်သုတ် ပြန်လာခဲ့တယ်။

(၃)

"ဂျိုင်း"

ကျုပ်ထိုင်နေတဲ့ တိုက်ခန်းလေးထဲက အနောက် သော့ခတ်ထားသည့် သံတိုင်တံခါးကို တစ်စုံတစ်ယောက်က ဆွဲဖွင့် လိုက်သံ ရုတ်တရက် ကြားလိုက်တယ်။ ဒီတော့မှ အတွေး ရေယာဉ်ကြောမှာ မျောပါး လွင့်ပါးနေတဲ့ ကျုပ်ရဲ့ စိတ်ကို ပြန်လည်စုစည်းထိန်းချုပ်လိုက်ပြီး ပစ္စုပ္ပန် အခြေအနေကို သတိထားမိလာတယ်။ သြော်… အချိန်ကျလို့ သူတို့တွေ တာဝန်အရ ဆောင်ရွက်ဖို့ ရောက်လာကြပြီပဲ။

ကျုပ် တိုက်ခန်းလေးထဲက ကွပ်ပျစ် အနိမ့်လေးပေါ်မှာ ဝိပဿနာ တရားအားထုတ်လို့ ပုတီးစိပ်နေရင်းက နောက်ဘက်ကို လှည့်ကြည့် လိုက်တယ်။ ထောင်မှူးကြီး ဦးစိုးဝေ ဦးဆောင်လာတဲ့ ကြိုးတိုက်စောင့်ဝန်ထမ်းတွေဟာ ကျုပ် ရှိရာ အခန်းထဲကို အုပ်စု လိုက်ဝင်ရောက်လာနေကြတယ်။

"ချောက်"

အနားရောက်တာနဲ့ ဝန်ထမ်း



တစ်ယောက်က ကျုပ် လက်နှစ်ဖက်ကို လက်ထိတ် နောက်ပြန်ခတ်လိုက်တယ်။ နောက် ကျုပ်ရဲ့ လက်မောင်းတစ်ဖက် တစ်ချက်စီကို ဝန်ထမ်း နှစ်ယောက်က ချုပ်ကိုင်လိုက်ပြီး တိုက်ခန်း အပြင်ဘက်ဆီ ဆွဲခေါ် သွားတယ်။

ကျုပ်ကို ကြိုးတိုက်ခန်းထဲကနေ ကြိုးတိုက်အပြင်ဘက်ဆီ ဆွဲခေါ်သွားနေစဉ်မှာ မြေနီလမ်းကလေးပေါ် လျှောက်လှမ်းသွားနေရတယ်။ ခရီးလမ်းတစ်လျှောက် ဆူဆူပူပူ ရှန်းကန်တွန်းထိုးလုပ်လျှင် ဝိုင်းဝန်းထိန်းသိမ်းနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးက ဝန်ထမ်းလုံခြုံရေးတွေကို ကွပ်ကဲ အုပ်ချုပ်စီမံ ခေါ်ဆောင်သွားတယ်။

"နောင်··ဒူဝေ··ဒူဝေ"

ကျုပ် ရှေ့ဘက်နားဆီမှာ ဝါဒါအဖိုးကြီး တစ်ယောက်က ဥပသကာများလို ပိတ်စအဖြူတစ်စကို ယူနီဖောင်းအင်္ကျီပေါ်မှာ ကန့်လန့်ဖြတ်ရစ်ပတ် ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်မှာ ကြေးဆင်းတုတော် သေးသေးလေး တစ်ဆူကို ရွက်လျက်သွားနေတယ်။

သူ့ရဲ့ရှေ့မှာ ဝါဒါလေး တစ်ယောက်က ကြေးစည်သေးသေးလေးကို လက်ကိုင်ဘုလေးနဲ့ ထုရိုက်လိုက်လို့ ထွက်ပေါ်လာတဲ့ ကြေးစည်သံဟာ တိတ်ဆိတ်နေတဲ့ မိုးသောက်ယံအလင်း မပီတပီ အချိန်ခန့်မှာ ဆူညံမြည်ဟီးစွာ ထွက်ပေါ်လာတယ်။

ကိုယ်ပြု သောကံ ပဲ့တင်သံဟာ ကိုယ့်ထံပါးကို မလွဲမသွေ မုချ ရောက်လာလိမ့် မယ်ဆိုတာ ယုံကြည်နေပြီးသား ပါ။

ဒါကြောင့်လည်း မည်သူ့ကိုမျှ စောဒက တက်မနေတော့ဘဲ ပြုသမျှနုရမယ့် ဘဝအခြေအနေမှာ ရေငုံနုတ်ပိတ်လို့ ငြိမ်သက်စွာ လိုက်ပါလာတယ်။

ကျုပ်ကြားဘူးတာတော့ တချို့ကြိုးသမားတွေဟာ ကြိုးစင်ကြီးရှိရာဆီသို့ ခေါ်ဆောင်သွားခံရတာနဲ့ ကြောက်ရွံ့ထိတ်လန့်စိတ်တွေ ဖြစ်ပေါ်ခံစားလာပြီး ငယ်သံပါအောင် အော်ဟစ်ငိုကြွေးလို့ ရုန်းကန်တွန်းထိုး ယိမ်းယိုင်လူပ်ရှားကာ ဒရွတ်ဆွဲခေါ်ဆောင်ရသည်အထိ ရုတ်ရုတ်သဲသဲ ဆွဲခေါ်သွားရတယ်တဲ့။

ကျုပ်ကတော့ ဘာသာတရားကို လိုက်စားနေခဲ့သူမို့ ထင်တယ်။ မရဏာကမ္မဋ္ဌာန်းကို စီးဖြန်းရင်း ဖြစ်ခြင်း၊ ပျက်ခြင်း သဘောကို ရှုမှတ်ပွားများနေတယ်။ ဟုတ်တယ်လေ။ ဒီခန္ဓာကိုယ်ကြီးဟာ ဖြစ်တည်လာပြီးလျှင် တစ်နေ့သောအခါ ပျက်စီးရမှာဆိုတဲ့ ဓမ္မတာသဘောကို စောကြောမိနေလို့ပဲ။ ဒါကြောင့်လည်း ပျက်ချိန်တန်ရမယ့် အချိန်မှာ ပျက်စီးသွားရမှာပဲဆိုတဲ့ တရားသဘောကို နှလုံးသွင်းပြီး အေးဆေးတည်ငြိမ်စွာ လျှောက်လှမ်းလိုက်ပါလာ ခဲ့တယ်။

ဒါပေမယ့် ကျုပ် အသိစိတ်ထဲက သတိဉာဏ် ပစ္စင်မှာတော့ ကျုပ်သွားရတော့မယ့် တမလွန် ခရီးရှည်ကြီးမှာ ဒါန၊ သီလ၊ ဘာဝနာကို ရှုမှတ် လေ့လာမှတ်သားရင်း လက်ထဲမှာ ကိုင်ခွဲစိပ်လာတဲ့ ပုတီးကုံးလေးရဲ့ တစ်ဖြောက်ဖြောက် မြည်နေသံ ကို နားစွင့်လျက် လိုက်ပါလာနေတယ်။

ဟိုးအဝေးမှုန်ရီ ဝိုးဝါး နေရာဆီလောက်မှာ အောက်လင်းဓာတ်မီး အလင်းရောင်အောက်က ကြိုးစင်ကြီးကို ထီးထီးကြီး လှမ်းမြင်ခဲ့ရတော့တယ်။ ကြိုးစင်ကြီး တစ်ဝိုက်နေရာ ပတ်ဝန်းကျင်လောက်မှာ အောက်လင်းဓာတ်မီးလေးလုံးကို ကြိုးစင်ထောင့်မှာ တစ်လုံးဆီတင် ထွန်းထားတဲ့ အလင်းရောင်ဟာ ထိန်ထိန် တောက်ပလို့နေတယ်။

ဒီအချိန်မှာ လေနုအေး လေးတစ်ချက် ရုတ်တရက် တိုက်ခတ်သွား၍လား မသိ ကျောထဲမှာ စိမ့်ခနဲ ဖြစ်ပေါ်ခံစား သွားတယ်။ ယခုအချိန်မှာတော့ ကျုပ်ဟာ သေဘေးအန္တရာယ်နဲ့ ဒက်ထိတိုးနေခဲ့ရပြီ။ ဒီအသိစိတ် ဝင်လာမှပဲ ကျုပ်တစ်ကိုယ်လုံး တုန်လှုပ်ချောက်ခြား သွားခဲ့တယ်။

ဒါပေမယ့် ကျုပ်သတိလေး ကပ်ပြီး ထိန်းချုပ်နိုင်လိုက်လို့ လက်ထဲက ပုတီးကုံးလေးကို အားကိုးတကြီး နာနာဖိစိပ်နေ တယ်။ ဒီပုတီးကုံးလေးဟာ ကျုပ်

www.burmeseclassic.com

တရားအလုပ်ကို ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်စဉ်ကတည်းက အမြတ်တနိုး သိမ်းဆည်း ကိုင်ဆောင်ခဲ့တာ ဖြစ်တယ်။ ကျုပ်ရဲ့ တရား ကျင့်စဉ် အားထုတ်နေသမျှ ကာလပတ်လုံး နေ့စဉ်နေ့တိုင်း မပျက်မကွက် ကိုင်ဖွဲ့စိပ်လာခဲ့တဲ့ ပုတီးဖြစ်တယ်။ ဒီပုတီးကုံးလေးဟာ ကျုပ်ရဲ့ အသက်ခန္ဓာပြိုကွဲပျက်စီးသွားချိန်မှာ ပိုင်ရှင်မဲ့ဖြစ်ကျန်ခဲ့တော့မှာပါလား ဆိုပြီး နှမျောတသ ဖြစ်နေမိတယ်။

ကျုပ်ကို ခေါ်ဆောင်လာနေကြတဲ့ ထောင်မှူးကြီးနှင့်အဖွဲ့ကတော့ လမ်းတစ်လျှောက်ကျုပ်ရဲ့ တည်ငြိမ်ရင့်ကျက်နေသော အမူအယာကို ကြည့်ပြီးတော့ အံ့သြနေခဲ့ကြတယ်။ သူတို့တွေ ဖူးကြုံဖူးခဲ့တဲ့ ကြိုးသမားတွေလို မဟုတ်ဘဲ မည်သူ့ကိုမျှ ဒုက္ခမပေးလို့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် လိုက်ပါလာနေတဲ့ တရားသမားတစ်ယောက်မှန်း နားလည်သဘောပေါက်ခဲ့ကြတယ်။

ခုတော့လည်း ကျုပ်ဟာ ကြိုးစင်ကြီးနဲ့ နဖူးတွေ့ဒူးတွေ့ တည့်တည့်ကြီး တိုးနေပြီလေ။ ကျုပ်ရင်ထဲမှာ ဖြစ်တည်လာနေတဲ့ ကြောက်စိတ်အားလုံးကို ဖွတ်မိုတ် ဖျောက်ဖျက်ပစ်လိုက် ပြီး ကြိုးစင်ကြီး ရှေ့မှာရှိတဲ့ လှေကားခုံပေါ်ကို တစ်ထစ်ချင်းစီ နင်းတက်သွားခဲ့တယ်။

ကြိုးစင်ကြီးနဲ့
နဖူးတွေ့ဒူးတွေ့ တည့်တည့်ကြီး
တိုးနေပြီလေ။ ကြောက်စိတ်
အားလုံးကိုဖွတ်မိုတ်
ဖျောက်ဖျက် ပစ်လိုက်ပြီး
ကြိုးစင်ကြီး ရှေ့မှာရှိတဲ့
လှေကားခုံပေါ်ကို တစ်ထစ်
ချင်းစီ နင်းတက်သွားခဲ့တယ်။

ကြိုးစင်ကြီးပေါ်မှာ ခြေချမိချိန်မှာ သံယက်မတန်းပေါ်မှာ ချိတ်ဆွဲထားတဲ့ ကျုပ်လုံးခန့်မနီလာ ကြိုးကြီးတစ်ချောင်းဟာ လေတဖြူးဖြူး တိုက်ခတ်နေလို့ထင်တယ်။ လေထဲမှာ ဇွေ့ယမ်းလှုပ်ခါနေတယ်။ ပုခက်ကြိုးလွှဲပေးနေသလို လေရူးသုန်သုန် တိုက်ခတ်နေချိန်မှာ လှုပ်ယမ်းနေတယ်။

ကျုပ်ကို သံပြားနှစ်ချပ်ဆက်ထားတဲ့ အဖုံးတံခါးပေါ်မှာ ခြေစုံရပ်ခိုင်းတယ်။ ကျုပ် ဦးခေါင်းပေါ်မှာ သံယက်မတန်းကြီး ကန့်လန့်ဖြတ်ရှိနေတယ်။ အဲဒီ သံယက်မတန်းကြီးပေါ်မှာ မနီလာကြိုးတစ်ချောင်းကို ခိုင်ခိုင်ခံ့ခံ့ ချည်နှောင်ထားတယ်။

ကျုပ်ကတော့ စိတ်နှလုံး ကို အတတ်နိုင်ဆုံး ငြိမ်သက် သွားအောင် ထိန်းချုပ်လိုက်ပြီး ဟိုးခပ်လှမ်းလှမ်း နေရာနားမှာ တည်ထား ကိုးကွယ်တဲ့ စေတီတော်လေး တစ်ဆူဆီ အာရုံစုစည်းလို့ လှမ်းဖူးမျှော်နေမိတယ်။ ကြိုးသမားတွေအတွက် ရည်စူးတည်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထားပေးတဲ့ ထုံးဖြူဖြူစေတီလေးဟာ ဘဝကူးကောင်းစေဖို့ စိတ်ထဲမှာ အာရုံပြု ဖူးမျှော်နိုင်အောင် ကုသိုလ်ဒါန ပြုတည်ထားခဲ့ဟန်တူတယ်။

ဒီအချိန်မှာ ထောင်မှူးကြီးက ကျုပ်အာရုံပြုပြီးသွားပြီ ဆိုပြီးတော့ ကျုပ်ဦးခေါင်းပေါ်ကို ခေါင်းစွပ်အမဲ ဖုံးအုပ်စွပ်ပေးနေတယ်။ ကျုပ် မျက်စေ့နှစ်ကွင်းလုံး အမှောင်အတိ ဖုံးလွှမ်းသွားတော့တယ်။ ကျုပ် အသိစိတ် ကို အမြဲမပြတ်အောင် ထိန်းသိမ်းနေတုန်း ကျုပ်ခြေထောက်နှစ်ချောင်းကို ကြိုးတစ်ချောင်းနှင့် ချည်တုပ်နေမှန်း စိတ်ထဲက ခံစားနေရတယ်။

"ကြိုးသမား အောင်သူ … မင်းအနေနဲ့ နောက်ဆုံး … မှာခဲ့ချင်တာ‥ရှိလျှင် …မှာခဲ့ပါ"

ကျုပ်ရဲ့ နားစည်မှာ အောင်မြင် ပြတ်သားတဲ့အသံနဲ့ လှမ်းမေးနေတဲ့ တစ်စုံတစ်ယောက်ရဲ့ အသံကို ကျက်မိ သလိုလိုရှိလာတယ်။ ဒါထောင် ပိုင်ကြီးရဲ့ အသံမှန်း လူကိုမမြင်ရပေမယ့် ကျုပ်နဲ့ဆက်ဆံပြောဆိုဘူးလို့ နားရည်ဝနေတယ်။

"ကျွန်တော် ‥ဘာမှမမှာလိုတော့ပါဘူး။ ကျွန်တော် ပြောချင်တဲ့ စကားတော့ ရှိပါတယ်။ ကျွန်တော်လုပ်ခဲ့တဲ့ ကိစ္စအပေါ် ကျွန်တော်ပဲ သိပါတယ်။ ကျွန်တော့်လို အလားတူအမှုမျိုး ရှိလာခဲ့ရင်လည်း ယခုလို ကြိုးပေးစီရင်ခြင်း ပြစ်ဒဏ်ကို ကျွန်တော်သာ နောက်ဆုံးပဲ‥"



"ဂျိုင်း…"

"ဝုန်း…"

ဆိုတဲ့ ကျယ်လောင်မြည်ဟီးသွားသည့် ကြောက်မက်ဖွယ်ရာ အသံကြီးနှစ်သံကြောင့် ကြိုးစင်ဘေးနားက ညောင်ညိုပင်ကြီးပေါ်မှာ အိပ်တန်းတက်နေကြတဲ့ ကျီးတစ်အုပ်ဟာ လန့်ဖျပ်အော်ဟစ်ကာ ကောင်းကင်ယံပေါ် ပျံဝဲသွားတယ်။

ကျုပ်ခြေထောက် နင်းထားတဲ့ သံပြားကြီး နှစ်ချပ်ဟာ ကွဲထွက်ကွာသွားပြီး ကျုပ်ခန္ဓာကိုယ်ကြီး အောက်ဘက်လိုဏ်ခေါင်းထဲ ပြုတ်ကျသွားတာကို အသည်းမှာ အေးခနဲခံစားသွားရပြီး ကျုပ်ခန္ဓာကိုယ်ကြီး ကြိုးတစ်ဆုံးအရောက်မှာ အသက်နှင့်ခန္ဓာအဆက် ပြတ်သွားတာကိုသာ နောက်ဆုံးသိရှိခဲ့တယ်။

ကျုပ်ရဲ့ အသိစိတ်ကိုတော့ ကျုပ်လက်ထဲမှာ ကိုင်ဆွဲစိပ်နေတဲ့ ပုတီးကုံးလေးပေါ် အာရုံနှစ်ထားခဲ့တယ်။ ကျုပ်ကို ကြိုး ပေးတော့မည့် အချိန်မတိုင်မီ ကျုပ်နှုတ်ကနေ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တွေကို အဆက်မပြတ် ရွတ်ဆိုနေလျက် ပုတီးကိုလည်း မပြတ်အောင် စိပ်နေခဲ့တယ်။

(၄)

ထောင်မှူးကြီး စိုးဝေတစ်ယောက် မိမိ တာဝန်ဝတ္တရားအရ ဆောင်ရွက်ရတော့မည့် ဒေါက်ဖြုတ်စီရင်ရသည့် ဒေါက်မောင်းတံကို လက်ထဲမှာ ဆုပ်ကိုင်ထားလျက် နှုတ်မှလည်း ကြိုးသမား အောင်သူအပေါ် ဘာရှင်ညိုးရန်စ

www.burmeseclassic.com

www.burmeseclassic.com



အသက်နှင့် ခန္ဓာအဆက်ပြတ်သွားတာကိုသာ နောက်ဆုံးသိရှိခဲ့တယ်။

ကျုပ်ရဲ့ အသိစိတ်ကိုတော့ ကျုပ်လက်ထဲမှာ ကိုင်ဆွဲစိပ်နေတဲ့ ပုတီးကုံးလေးပေါ် အာရုံ နှစ်ထားခဲ့တယ်

မှ မရှိပါဘဲ တာဝန်အရ မင်းမိန့်မင်းအာဏာဖြင့် စီရင်ခဲ့ရသည် ကို ခွင့်လွှတ်ပေးဖို့ တဖွဖွရွတ်ဆို တောင်းပန်နေရင်း လက်ထဲက ဒေါက်မောင်းတံမှာ ချွေးစေးများနှင့် စေးထန်းနေတယ်။

ကြိုးသမား အောင်သူအား ထောင်ပိုင်ကြီးမှ စကားပြောဆို မေးမြန်းနေလျက် အာရုံပြောင်းနိုင်ရန် ဝိညာဉ်ပူးကပ်နေသော ခန္ဓာကိုယ်မှ တစ်စစီကွဲကွာသွားစေနိုင်အောင် ခွန်းဆိုစကားဖြင့် မေးမြန်းအာရုံ ပြောင်းသည်ကို စောင့်ကြည့်နေခဲ့တယ်။

နောက်ဆုံး ကြိုးသမားထံမှ စကားပြန်ပြောနေသံကို နားစွင့်ထောင်နေစဉ်မှာ ထောင်ပိုင်ကြီးသည် ညာဘက်ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပုဝါ အဖြူလေးကို အသာအယာ ထုတ်လျက်လေထဲမှာ ဇွေ့ယမ်းအချက်ပြလိုက်တဲ့အခါ ဒေါက်မောင်းတံကို အားဖြင့် ဆွဲကိုင်ညှစ်ချ လိုက်တော့တယ်။

အဲဒီလို ကြိုးပေးစီရင်ပြီး သွားလျှင် ပြီးသွားခြင်း ထောင်မှူးကြီးသည် ကြိုးစင်ထက်မှ လျင်မြန်စွာ ပြေးဆင်းကာ ကြိုးစင်အောက် လိုဏ်ခေါင်းထဲမှ ကြိုးသမား၏ အလောင်းကို အပြင်ဆွဲထုတ်ယူလိုက်တယ်။

ထိုစဉ် ကြိုးသမား၏ လက်ထဲမှာ ကိုင်ဆွဲထားသော ပုတီးကုံးလေးသည် အသက်နှင့် ခန္ဓာပြတ်စဲသွားသည့်တိုင် သုံးလေးကြိမ်ခန့် တချောက် ချောက်စိပ်နေလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် အံ့ဩသွားခဲ့တယ်။

နောက်ဆုံးမှာတော့ ကြိုးသမားအောင်သူအား ကြိုးပေးကွပ်မျက်ရာတွင် အမှန်တကယ်သေဆုံးသွားခြင်း ရှိမရှိကို ထောင်ဆရာဝန်ကြီး ကိုယ်တိုင် စမ်းသပ်စစ်ဆေးကြည့်ပြီး သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုပေးခဲ့တယ်။

သည်တော့မှ ကြိုးသမား၏ အလောင်းကို အသင့်စပ်ထားသော ခေါင်းတလားထဲကို မချီသွတ်သွင်း ထည့်ခဲ့ကြတယ်။ အလောင်းကို ပထမဦးဆုံး မြင်တွေ့ခဲ့တဲ့ ထောင်မှူးကြီးစိုးဝေ ဟာ ကြိုးသမားလက်ထဲက ဝိညာဉ်ပူးကပ်နေဆဲ ပုတီးကုံးလေးကို သူများတကာ မမြင်နိုင်ခင်မှာ ဖြုတ်ယူသိမ်းဆည်းထားခဲ့တယ်။

ဌင်းဝိညာဉ် ဝင်စားသွားသည့် ပုတီးကုံးလေးကို သိမ်းဆည်းရရှိလာခဲ့သည့် ထောင်မှူးကြီး စိုးဝေတစ်ယောက် လုပ်သက် ကာလတစ်လျှောက်မှာ အခက်အခဲများနှင့် ကြုံတွေ့လေတိုင်း အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်နိုင်ခဲ့ခြင်းကြောင့် ကျရောက်လာမည့် ဘေးအန္တရာယ် အပေါင်းမှ ခလုတ်မထိ ဆူးမငြိဘဲ အောင်မြင်စွာ ဖြတ်သန်းကျော်လွှားနိုင်ခဲ့ခြင်းကြောင့် နောက်ဆုံးပင်စင်ယူသွားသည်အထိ ကောင်းသော အကျိုးပေးခြင်းကို လက်တွေ့ကြုံကြိုက်ခဲ့ရပါတော့တယ်။

ဦး၀ေ

www.burmeseclassic.com

www.burmeseclassic.com

၃၂ မြဝတီ

# မိုက်လေသူ၏ သွားရာလမ်း



သက်ကျွင်

www.burmeseclassic.com

www.burmeseclassic.com





ထင်းရှူးရွာ။ ထိုရွာကလေးကား သံဖြူဇရပ်မြို့နှင့် ရေးမြို့သွား မီးရထားလမ်းဘေးမှ ရွာတစ်ရွာဖြစ်သည်။

'အပြောင်'။ သူသည် ထင်းရှူးရွာသားဖြစ်သည်။ လယ်ယာလုပ်ကိုင်၏။ တစ်ခါတစ်ရံ ပစ္စည်းသယ်ပို့သည့် အငှားအထမ်းသမားလည်း လုပ်သည်။

လူက ပုပုတုတ်တုတ်၊ ညို ညိုလုံးလုံး အသက်က (၂၀) ကျော်ကာစ ဝဲကလောင်ရွာမှ မသန်းအေး ဆိုသူ သူ့အရွယ်ရှိ မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ကျ၏။ သျှောင်နောက်ဆံထုံးပါ ဆိုသကဲ့သို့ အပြောင့်ရှိရာ ထင်းရှူးရွာသို့ လိုက်နေ၏။

ဆူလွယ် နပ်လွယ် ချစ်လွယ် မုန်းလွယ်သော ငယ်ရွယ်သူတို့၏ သဘာဝအတိုင်း အပြောင်၏ အိမ်ထောင်ရေးသည် ညားချိမှ (၄) လမပြည့်မီ သောင်ညိုပင် လမ်းခွဲဇာတ်လမ်းစကြသည်။ စလယ်အိုးလေး ဖင်မမည်းမီပင် အက်ကြောင်းစလေပြီ။

ကတောက်ကဆ. မပြေမလည်ဖြစ်ရသည့် အကြောင်းရင်းကား ငွေကြောင့်ပင်ဖြစ်သည်။

အပြောင်၏ဇနီးက ငယ်ရွယ်၏။ မိန်းမသဘာဝ အလှအပ ကြိုက်၏။ ဝတ်ချင်စားချင်စိတ်ရှိသည်။

အပြောင်ကား ငွေကိုရေလို သုံးနိုင်သူ မဟုတ် သည့်ကြားထဲ 'အရက်' ကလေးလည်း မှိဝဲတတ်သေး၏။ 'ဖဲ' လည်းရိုက်လိုက်သေးသည်။

ဖဲရိုက်သည်မှာ အပျော်မဟုတ်၊ နေ့စဉ်လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအဖြစ် စီးပွားဖြစ်ကစားသည်။ သည်တော့ ဖဲသမားမယားသည် နဲ့သမားပါးဖြစ်ရလေပြီ။ နဲ့သမားပါးကပင် ဖောင်းလိုက်ပိန်လိုက် ရှိသေးသည်။

ဖဲသမား အပြောင်၏မယား မသန်းအေးနားမှာတော့ နားပန်မရှိဟောင်းလောင်း။ မိဘဆင်ပေးလိုက်သည့် မသန်းအေးနားကပ်လေးမှာ အပြောင်၏ ဖဲဝိုင်းတွင် အပေါင်ဆုံး အရှုံးခံလိုက်ရသည်။

နားပေါက်ဟောင်းလောင်း ဖြစ်နေသည်မှာ ကြာလာတော့ မသန်းအေးသည် သည်းမခံနိုင်ဖြစ်လာသည်။ နားပူနားဆာလုပ်လာသည်။ တစ်ယောက်တစ်ခွန်း စကားများရာက အထုပ်အပိုးပိုက်၍ မသန်းအေး အိမ်ပေါ်မှဆင်းခဲ့သည်။ ဖခင်ဦးအပစ်ရှိရာ ဝဲကလောင်ရွာသို့ ပြန်ခဲ့သည်။

ထိုအခါ ညားကာစ မယား ပူပူနွေးနွေးလေးနှင့် လမ်းခွဲလိုက်ရသည်ကို အမူးပြေမှ အပြောင် နောင်တရမိသည်။ ဖြစ်သမျှ ပြန်လည်ဆန်းစစ်ကြည့်တော့ သူ့အပြစ်မှန်း သူသိလာသည်။ သူ့ဘက်က မိန်းမကို လှပအောင် ဘာတစ်ခုမှ မဆင်ပေးနိုင်သည့် အပြင် မယားဘက်ကပါလာသည့် နားကပ်လေးပင် ဖဲဝိုင်းထဲ အဆစ်ပါခဲ့သည်ကို ပြန်အမှတ်ရသည်။



တစ်ခုခုတော့ လုပ်ရန် လိုအပ်လာပြီ။ သူ့မယားကို ပြန်ချော့နိုင်ဖို့ နားကပ်အစားပြန်ဝယ် ပေးနိုင်မည့်အရေး သူတွေးသည်။ ထိုအခါ ထင်းရှူးရွာ တစ်ရွာတည်းနေ ဦးလေး တစ်ဝမ်းကွဲတော်သူ ဦးကိုသိန်း၏ မျက်နှာသည် သူ့အတွေးတွင် ဝင်လာသည်။

ဟုတ်ပြီ။ ဦးလေးဆီမှ သူ ငွေသုံးရာ ရစရာရှိသည်။ တစ်ခါတောင်းလည်း မရ၊ နှစ်ခါတောင်းလည်းမရ။ သည်တစ်ခါ ရအောင်တောင်းမည်ဟု ဆုံးဖြတ်ပြီး အိမ်မှထွက်ခဲ့သည်။

ဦးမောင်အိမ်ရှေ့အရောက် သူငယ်ချင်းတစ်ယောက်က ခေါ်သဖြင့် တောခလေ့ ချက်အရက် တစ်စိတ်ကို ဝင်မော့လိုက်သေးသည်။ အေးသောသွေးတို့ နွေးရာမှ ဆူဝေလာသည်။

"ငွေသုံးရာ ဒီတစ်ခါမရ ရအောင်တောင်းမယ်" ဟူသော သံမဏိဆုံးဖြတ်ချက်ကို သူ့စိတ်မှ ကြုံးဝါးလိုက်သည်။

xxx

www.burmeseclassic.com

www.burmeseclassic.com



မှန်းချက်နှင့် နှမ်းထွက် မကိုက်ဖြစ်ရလေပြီ။

ငွေသုံးရာ မရသည့်အပြင် ဦးလေးတော်သူ၏ တင်းမာစကားကြောင့် ဦးလေးနှင့်တူ တစ်ယောက် တစ်ခွန်း စကားများကြသည်။ နောက်ဆုံး လူငယ်သဘာဝ မကျေနပ်စိတ်နှင့် 'တောက်' တစ်ချက်ခေါက်ကာ အံကြိတ် လက်သီးဆုပ်လျက် ပြန်လာရသည်။

"အဘ...ဦးလေးက သား ပိုက်ဆံကို အခုထိပြန်မပေးတဲ့ အပြင် သားကို ထိုးကြိတ်မလို့တောင် လုပ်သေးတယ်။ သား မကျေနပ်ဘူး။ အဘ တောင်းပေးရင် တောင်းပေး။ မတောင်းပေးရင်တော့လား အင်း...ဟင်း"

အပြောင်သည် သူ့အဖေကို အကျိုးအကြောင်း ပြောပြသည်။ အကူအညီလည်း တောင်းသည်။ ထိန်းမရစိတ်နှင့် နာကျည်းသံများလည်း ပွင့်အံလာသည်။ သား၏စိတ်ကို အဖေကသိ၍ အချိန်မီ သတိပေးသည်။

"ကိုယ့်ဦးလေးပဲကွာ။ အဘရအောင် တောင်းပေးပါ့မယ်။ အာဃာတ မထားပါနဲ့ သားရယ်"

"ဒါဆိုပြီးရော။ အဘသာ ရအောင်တောင်းပေး"

အဖေ တာဝန်ယူမည်ဆို၍ အပြောင်က စိတ်မာန်လျှော့ကာ နေခဲ့ရသည်။ ဘာလိုလိုနှင့် သူ့ဖနီး ဝဲကလောင်ရွာ ဆင်းသွားသည်မှာ (၂၀) ရက် ကျော်ချေပြီ။ ငါ့ကို သတိရချင်ရနေမည်။ ငွေကလည်း မကြာခင်ရအောင် အဖေက တောင်းပေးမည်ဟု ပြောထားသည်။ ဖနီးကို ချော့ဖို့ ဝဲကလောင်ရွာသို့ ထွက်လာသည်။

မထွက်လာမီ သူငယ်ချင်းများနှင့် ထန်းရည်သောက်ဖြစ်ခဲ့သေးသည်။ ထန်းရည်ကောင်းထွက်သည့် အရပ်လည်းဖြစ်ပြန်၊ ထန်းလရာသီဖြစ်၍ ဆက်ရက် တောင်ပံကျိုးနှင့် ကြောင်ခံတွင်း ဖျက်ပမာ အပြောင်တစ်ယောက် ထန်းရည်တစ်ကျည်တောက် ကုန်အောင်သောက်ခဲ့သည်။

ထန်းရည်တိုက်သူ သူငယ်ချင်းက သူ့လိုပင် ဖဲသမားဖြစ်သည်။ ငွေလေးပေါသည့်အခါ သူငယ်ချင်းအကြိုက် အလိုက်သိခဲ့ခြင်းဖြစ်သည်။ ယောက္ခမအိမ်တက် သားမက် မျက်နှာမငယ်စေဖို့ မယားအသစ်ချော့ချော့ အိမ်အပြန်ချော့ဖို့၊ နူးဖို့ ထန်းရည်တိုက်သည့်အပြင် ငွေနှစ်ဆယ့်ငါးကျပ် အပိုဆောင်း ကူညီလိုက်သေးသည်။

ထန်းရည်မူးမူးနှင့် အပြောင် ထိုင်ရာမှ ထသည်။

နေ့လယ် (၂) နာရီကျော်ပြီ။ ညနေ နေမဝင်မီ ဝဲကလောင်ရွာသို့ သူအရောက်ပြန်ရန် ခြေလှမ်းလှမ်းလိုက်သည်။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း။ ..ယိမ်းယိုင်နေသော သူ့ခြေလှမ်းများသည် ... ။

×××

"ဦးလေးက ပိုက်ဆံကို အခုထိပြန်မပေးတဲ့ အပြင် ထိုးကြိတ်မလို့တောင် လုပ်သေးတယ်။ သား မကျေနပ်ဘူး။ အဘ တောင်းပေးရင် တောင်းပေး။ မတောင်းပေးရင်တော့လား...ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းများ ရပ်တန့်သွားသည်။

ထန်းရည်ခိုးဝေနေသော သူ့မျက်လုံးများကို ပြူးပြဲကာရှေ့မှ အရာဝတ္ထုကို ကြည့်မိသည်။ အရာဝတ္ထုဆိုသည်မှာ ကစားစရာ အရုပ်ကလေးတစ်ရုပ် မဟုတ်ပါ။

ဗိညာဉ်လိပ်ပြာနှင့် အသက်ရှိသော မိန်းကလေးတစ်ဦး နားကွင်းကလေးနှင့် လက်စွပ်ကလေးနှင့် နားမှ နားကွင်းကလေးက ပြိုးပြိုးပြက်ပြက် ဝင်းဝင်းလက်လက်။

ထင်းရှူးဘုတာရုံမှ ဝဲကလောင်သွားရာ လမ်းပေါ်တွင် ကလေးမလေး ကစားနေသည်။ ဤကလေးမလေးကို ထန်းရည်မူးနေသော အပြောင်သည် မုန်းတီးစိတ်ဖြင့် ကြည့်မိသည်။

ကလေးမလေးကို ကြည့်မိသော သူ့မျက်လုံးထဲတွင် အပြစ်ကင်းစင်စွာ ရယ်မောဆော့ကစားနေသည့် ကလေးငယ်တစ်ဦးဟု မမြင်တော့ချေ။ ဘီလူးသရဲပမာ ဒေါသကဲထန်သော မနက်ကပင် သူ့ကို မောက်မောက်မာမာ ဆက်ဆံလိုက်သော ဦးလေး ဦးကိုသိန်း၏ မျက်နှာကိုသာ အစားထိုးမြင်ယောင်နေသည်။

စင်စစ် ဤကလေးမလေးသည် သူ့ဦးလေးတစ်ဝမ်းကွဲ၏ သမီးဖြစ်သည်။ သူနှင့်လည်း ဝမ်းကွဲတူမတော်စပ်သည်။ သူချီခဲ့၊ နမ်းခဲ့ဖူးသည်။ ကစားစရာ၊ စားစရာ ဝယ်ခြမ်းပေးခဲ့ဖူးသည်။

မခေါ်ချင်နေ၍ ရသည်။ မတော်ချင်နေ၍ မရချေ။ ဆွေမျိုးသားချင်း သွေးသားတော်စပ်၍ ဤကလေးမလေးကို ချစ်ခဲ့ဖူးသည်။

ယခုတော့ ... ယခုတော့မူ...။

သူ့မျက်လုံးထဲမှာ ဤ ကလေးမလေးသည် ခလုတ်ကန်သင်း၊ အနှောင့်အယှက်တစ်ခု၊ ကလဲ့စားချေစရာ ပစ်မှတ်တစ်ခု ဖြစ်နေသည်။

အမှားအမှန်ကို မဆုံးဖြတ်နိုင်မီပင် သူသည် ကလေးမလေးအနားသို့ တိုးကပ်သွားသည်။ သူကလေးသည် သူမ၏ အန္တရာယ်ကို ဘာမှမသိ။ ခါတိုင်းလိုပင် အပြောင်ခေါ်ရာသို့ လိုက်ပါသွားခဲ့ချေပြီတကား။

ဤတွင် ...။ ဖရိုင်းလိုက်ချောင်းကလေးသည် ရေပွက်ထ၍ ကျန်ခဲ့သည်။

×××

ပြည်တွင်း

နေလည်းညိုပြီ။ ညီအစ်ကို မသိတသိအချိန်။

အပြောင် ဝဲကလောင်ရွာသို့ ရောက်လာသည်။ မယားချော မသန်းအေးလက်ထဲသို့ နားကွင်းတစ်ရံနှင့် လက်စွပ်တစ်ကွင်း အပ်နှံလိုက်သည်။ ဖဲကစားရာက ရရှိကြောင်း အပြောင် ပြောကြားသည်။

မပြောပြလည်း ဖဲသမားမယားဖြစ်မှ ဒါမျိုးနောကြေရမှန်း မသန်းအေး သိပြီးသား။

အပြောင်နှင့် မသန်းအေး ဝဲကလောင်ရွာတွင် ပြန်ဆုံ

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်လုံးထဲမှာ ဤ ကလေးမလေးသည် ခလုတ်ကန်သင်း၊ အနှောင့်အယှက်တစ်ခု၊ ကလဲ့စားချေစရာ ပစ်မှတ်တစ်ခု ဖြစ်နေသည်။

ပေါင်းသင်းလိုက်ကြသည်။

သို့သော် တစ်ညတည်းသာ။ နောက်တစ်နေ့ မနက်တွင် အပြောင်သည် ဝဲကလောင်ရွာမှ ထင်းရှူးရွာသို့ တစ်ယောက်တည်း ပြန်လာသည်။ ကော့လေးတောင်ကြား ရထားလမ်းပေါ် အရှေ့ဘက်တွင် ကာလီမာနတ် ဖမ်းစားသကဲ့သို့ ဒိန်းတလိန်းဖြစ်သွားရချေပြီ။

ရင်ခုန်သံ နည်းနည်းမြန်သွားခြင်း၊ ဖော့ချွေးပြန်သွားခြင်းနှင့် အတူ လူ (၃) ဦးကို ဘွားခနဲ သူရင်ဆိုင်လိုက်ရသည်။

သူမုန်းတီးသော ဦးကိုသိန်း၊ ဦးကိုသိန်း၏ညီ ကိုငြိမ်း၊ ပြီးတော့ အပြောင်၏ ဦးလေးအရင်းခေါက်ခေါက် ဦးအပစ်ရ။

"မင်းမနေ့က ကလေးကို ခေါ်သွားတယ်ဆို"

ကိုငြိမ်းက မိုးချုန်းသံထက် ကြောက်စရာကောင်းသော သူ့အသံနှင့် မေးလိုက်သည်။

"မင်းမနေ့က ကလေးကို ခေါ်သွားတယ်ဆို"

"ကျွန်တော်… ကျွန်တော် မခေါ်သွားပါဘူး"

အသံကိုထိန်း၍ အပြောင်က ပြောလိုက်သည်။ စင်စစ်သူ ကလေးမကို ခေါ်သွားသည်ကို မည်သူမှ မမြင်ဟုထင်သည်။

"မင်းမလိမ်နဲ့"

"ဖြန်း… ဖြန်း … ဖြန်း"

အစေးအမြန်းနှင့် အတူ ကိုငြိမ်း၏ လက်ဝါးကြမ်းကြီးက အပြောင်၏ နားရင်းကို လက်စွမ်းပြလိုက်သည်။ သည်တစ်ခါ အဖြေတစ်ခုထွက်လာသည်။ ဤအဖြေ၏ နောက်ဆက်တွဲကြောင့်…။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂/၂၉၃တွင် ဝင်းရှိန်ဆိုသူ လူငယ်တစ်ဦးမှာ ပုဒ်မ(တွဲ)တရားခံ (ခံ-၂) ဖြစ်လာရပြန်သည်။

ဘုမသိ ဘမသိ ဝင်းရှိန် လက်ထိတ်ခတ်ခံရသည်။ အချုပ်နန်းစံမြန်းရသည်။ ဖြစ်ကြောင်းကုန်စင် အစကား သည်လို …။

ကိုငြိမ်း၏ လက်ဝါးကြမ်းကြီးကြောင့် နားအုံနားရင်း ပူထူပြီး မျက်လုံးထဲတွင် ကြယ်မြင်လမြင် ဖြစ်သွားသော အပြောင်၏ ထွက်လာသော အဖြေကား …

"ကျွန်တော် ကလေးကို ခေါ်သွားတာမှန်ပါတယ်။ ဒါပေမဲ့ အဖော်ဖြစ်တဲ့ ဝင်းရှိန်က မင်းဆွေမျိုးတော်လို့ ငါးရေထဲပစ်ချပေးမယ်။ မင်းမလုပ်နဲ့ ပြောလို့ ကျွန်တော် သစ်ပင်ပေါ်တက်နေပါတယ်"

အပြောင်၏ ထွက်ဆိုချက်ဖြင့် မုဒုံမြို့နယ် တော်ကူးတံခွန်တိုင် ရွာသား ဝင်းရှိန်သည် ဓားခုတ် ရာ လက်ဝင်လျှိုလိုက်ရသည်။

စင်စစ် အခင်းဖြစ်ပွားသည့် နေ့လယ်ပိုင်းက ထင်း[illegible] ဦးလေးတော်သူနှင့် [illegible] လုပ်ငန်း လာရောက်[illegible] နေသူ ဝင်းရှိန်မှာ [illegible] အနီးမှ ဖြတ်သွား[illegible] နှင့် ကလေး[illegible] လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးမလေးကို ကျွန်တော် ရေထဲပစ်ချခဲ့ပါတယ်။ သတ်တော့ မသတ်ပါဘူး"

ညနေ ထမင်းစားချိန်ထိ ကလေးပြန်မရောက်၍ ရှာဖွေကြရာမှ တစ်ရွာလုံး ကလေးပျောက်သတင်း ပျံ့ခဲ့သည်။ လမ်းတွင် အပြောင်ခေါ်သွားသည်ကို မြင်သော ဝင်းရှိန်က သဘောရိုးနှင့် သူမြင်လိုက်သည်ကို ပြောပြသည်။

တစ်ရွာလုံးပြုံပြုံစင် လယ်ကွင်းအဆုံး ရှာဖွေကြသည်။ ဘယ်မှာမှ မတွေ့။

သို့သော် သေသောသူ ကြာလျှင်မေ့၊ ပျောက်သောသူရှာလျှင် တွေ့ရချေမည် မဟုတ်ပါလား။

×××

"ကျွန်တော့်ကို ကိုငြိမ်းက ရိုက်လို့ ပါးစပ်တွေ့ရာ ပြောမိတာပါ။ ကလေးမလေးကို ကျွန်တော် ရေထဲပစ်ချခဲ့ပါတယ်။ သတ်တော့ မသတ်ပါဘူး။ ကလေးမလေးကို ထားခဲ့တဲ့ နေရာ ပြပါမယ်"

ကိုငြိမ်း၏ ကြယ်မြင်လမြင် လက်ဝါးကြောင့် ပြောချင်ရာ ပြောခဲ့သော အပြောင်မှာ ထင်းရှူးရှာ ပြည်သူ့စစ်ခေါင်းဆောင်မှ ခြောက်လှန့်ခြင်းကိုခံရသောအခါ အဖြေတစ်မျိုး ထွက်လာပြန်သည်။

အပြောင်ညွှန်ပြရာ 'ဖရိုင်းလိုက်ချောင်း'က သည်တစ်ခါတွင် ရေပွက်ထရုံမက နောက်ကျူသွားချေပြီ။

မှန်ပါသည်။ ကျေးရွာကောင်စီဝင်များ၊ ပြည်သူ့စစ်များနှင့် တာဝန်သိရွာသူရွာသား ၃၊ ၄ ဆယ်ခန့်ဖြင့် လှေ ၃ စီးထိုးကာ ဖရိုင်းလိုက်ချောင်းကို ရေဆုံး ရေဖျား မွှေနှောက်လိုက်သောအခါ-

အပြစ်မဲ့သော ကလေးအလောင်းကား ရေထဲပေါ်လာခဲ့ချေပြီ။ ပျောက်သောသူကို ရှာ၍တွေ့ချေပြီ။

သေသူက သေခဲ့ချေပြီ။ သတ်သူကား ဘယ်သူနည်း။ သိဖို့လိုလာသည်။ ဖော်ထုတ်ရန်လိုအပ်လာချေပြီ။ 'အပြောင်'လား။ 'ဝင်းရှိန်'လား။ သို့မဟုတ် တစ်ယောက်ယောက်လား။ သို့မဟုတ် နှစ်ယောက်စလုံးလား။

'လား' ပေါင်းများစွာဖြင့် မပီဝိုးဝါးဖြစ်နေစဉ် အပြောင်၏ ထွက်ဆိုချက်ကြောင့် ဝင်းရှိန်နှင့် အပြောင်တို့မှာ အချုပ်ခန်းထဲ ရောက်နေချေပြီ။

စင်စစ် ဥပဒေက မရှုပ်ထွေးပြစ်မှုက ရှုပ်ထွေးသည်။ သို့သော် မည်မျှပင်ရှုပ်ထွေးသော ပြစ်မှုမျိုးမဆို အမှုစစ်အရာရှိ၊ တာဝန်သိသော သက်သေ၊ အကျိုးဆောင် ဥပဒေဝန်ထမ်းတို့၏ ကြိုးစားအားထုတ်မှု၊ ရိုးသားမှန်ကန်မှု အပေါ် ချည်နှောင်ထားသော ဆက်ထုံးလေးကို တွေ့စမြဲပင်။

ထိုဆက်ထုံးလေးမှ ထိုအစလေးကို ကျင်ကျင်လည်လည် စိတ်ရှည်လက်ရှည် ဆွဲဖြန့်လိုက်ရန် ပထမအဆင့်ကား ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ တရားလိုကတိုင်ချက်ဖွင့်ရန်ပင်ဖြစ်သည်။

သို့ဖြင့် အခင်းဖြစ်ပြီး နောက်တစ်နေ့တွင် သေဆုံးသူ ကလေး၏ ဖခင် ဦးကိုသိန်းက တရားလိုပြု

www.burmeseclassic.com

www.burmeseclassic.com



၍ ပြည်သူ့ရဲသို့ တိုင်ချက်ဖွင့်လေပြီ။

သည်တွင် အမှုစစ် ဒုရဲအုပ်ဖြစ်သူ ဦးမင်းလွင်က ပြည်သူ့အတွက် ပြည်သူ့ရဲပီသစွာ တရားခံကို ဖော်ထုတ်ရန် ကြိုးစားရလေပြီ။

တရားခံဟူ၍ စိတ်မှထင်ရုံနှင့် မပြီး။ အကျိုးအကြောင်းဆက်နွှယ်ခြင်းတရားခံဟူ၍ သတ်မှတ်နိုင်သည့် သက်သေများ စုဆောင်းရခြင်း၊ တရားခံအား ငြင်းကွယ်မရသော အထောက်အထားနှင့် စွဲချက်တင်ရမည်ကား အမှုစစ်ရဲအုပ်ဦးမင်းလွင်၏ တာဝန်။ ထိုတာဝန်များကြောင့် …

အပြောင် သွားရောက်အပ်နှံခဲ့သည့် လက်စွပ်နှင့် နားကွင်းကို ဝဲကလောင်ရွာ မစုဆိုသူထံမှ သိမ်းဆည်းနိုင်ခဲ့သည်။ (မစုမှာ အပြောင်၏မယား မသန်းအေး၏ အစ်မဖြစ်သည်။) မသန်းအေးမှာ ၄င်း၏အဖေအား ငွေနှစ်ရာကျပ် ပေးရန်ရှိသည်။ အပြောင် ဖဲကစား၍ နိုင်လာသည့် ပစ္စည်းဟု သဘောရိုးထင်မှတ်ကာ ငွေအစား အဆိုပါ ပစ္စည်းများကို အဖေ့ကို ပေးခဲ့သည်။ အဖေက ပိုက်ဆံသာ လိုချင်သည်ဆို၍ နားကွင်းကို မစုအား သွားရောက်ရောင်းစေခဲ့သည်။ လက်စွပ်ကို သိမ်းဆည်းထားခဲ့သည်။ နောက်ပိုင်း အပြောင်၏ ဖြစ်ရပ်မှန်ကို ကြားရသောအခါ နားကွင်းကို ပုံစံတူပြန်လည်အစားထိုး၍ လက်စွပ်နှင့်အတူ ရဲသို့ အပ်နှံခြင်းဖြစ်သည်။ မစုက (လိုပြ-၈) ဖြစ်ခဲ့သည်။

နောက်တစ်ဦး။ သူကား တရုပ်ပီရွာသား ပန်းထိမ်ဆရာ ခင်းမောင်ခင်။

မစုက သူ့ထံလာ၍ နားကွင်း တစ်စုံရောင်းခဲ့သည်။ ၃၅၀၀/- ဈေးဖြင့် ကျသင့်ငွေ ၂၀၀/- ပေးခဲ့ရကြောင်း။ မစုက ရောင်းပြီး ဒီနေ့ ပုံစံတူ ပြန်လုပ်ခိုင်း၍ ၃၇၀၀/-ဈေးဖြင့် ကျသင့်ငွေ ၂၉၀/-ပြန်လည်ပေးအပ်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ခင်းမောင်ခင်ကား (လိုပြ-၂) ဖြစ်ခဲ့သည်။

နောက်တစ်ဦးကား အလောင်းကို စစ်ဆေးခဲ့သည့် သံဖြူဇရပ်မြို့နယ်ဆရာဝန် ဒေါက်တာရွှေဝင်းဆရာဝန်၏ ဆေးမှတ်ချက်မှာ အလောင်း၏ နဖူး၊ နားခေါင်းနှင့် ဦးခေါင်းတို့တွင် ညိုမည်းသော အကွက်များရှိပြီး နားခေါင်းမှ သွေးယိုထွက်နေခြင်းမှာ ဒဏ်ရာဖြင့် ရေနစ်သေဆုံးရခြင်းဖြစ်ကြောင်း ထင်မြင်ချက်ပေးခဲ့သည်။

ဤသို့ဖြင့် လိုပြသက်သေ (၁၀) ဦးခန့် ထွက်ဆိုချက်များအပေါ် သုံးသပ်၍ ဆုံးဖြတ်လိုက်သောအခါ …

×××

မပြေးသော် ကန်ရာက ရှိခဲ့ချေပြီ။

အပြောင်က ဆင်ဝေ့ ရန်ရှောင် မည်သို့ပင်ဖုံးဖုံး၊ ကလေးကို ရေထဲတွန်းချခဲ့ခြင်းကို မျက်မြင်သက်သေ မရှိလင့်ကစား လိုပြသက်သေများ၏ ကွင်းဆက်မပြတ် ထွက်ဆိုခဲ့သော ပတ်ဝန်းကျင် သက်သေခံအထောက်အထားများ၊ တရားခံအပြောင်၏ ရှေ့ရှေ့တွင် ထွက်ချက်၊ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားကြောင်း နားကပ်ဖြုတ်ယူကြောင်း၊ ကျေးရွာမှ တာဝန်ရှိသူများ၏ မေးမြန်းချက်အရ အလောင်းတွေ့ရှိအောင် ညွှန်ပြနိုင်သော အချက်များကို ခြုံငုံဆက်စပ်လိုက်သောအခါ အပြစ်မဲ့ကလေးငယ်အား သွေးဆောင်ခေါ်ယူပြီး ပစ္စည်းယူ၍ ရေထဲတွန်းချသတ်ခဲ့သည်ကို အပြောင်ဘယ်သို့ ငြင်းကွယ်၍ ရအံ့နည်း။

ဆင်သေကို ဆိတ်သားရေဖြင့် ဖုံးခဲ့သော အပြောင်။

သူ၏ ထွက်ချက်များကား နောက်မှ အကြံရ၍ ထုချေချက်မဲ့ဖြစ်နေပြီး သဘာဝယုတ္တိကင်းမဲ့နေသည်ကိုကား သူမသိချေ။

ကလေးငယ်အား ချောင်းထဲ ပစ်ချခဲ့သည်ကို ဖုံးကွယ်ခဲ့သည်။ ကလေးသည် ရေထဲကျသွားသယောင် ထင်ယောင်ထင်မှားဖြစ်အောင် ထွက်ဆိုခဲ့သည်။

သို့သော် မှုခင်းဆိုင်ရာ ဆေးပညာအရ သေဆုံးပြီးလျှင် ညိုမည်းသော ဒဏ်ရာများဖြစ်အောင် ပြုလုပ်၍မရခြင်း၊ ညိုမည်းသော ဒဏ်ရာများရပြီး သေမှသာ အလောင်းမှ ညိုမည်းသော ဒဏ်ရာများ တွေ့နိုင်သည်ကို နားမလည်ခဲ့ချေ။

ပြစ်မှုတစ်ခုကို ကျူးလွန်ပြီးသောသူသည် လိုက်သူမရှိဘဲ ပြေးနေရတတ်၏။

ပြစ်မှုတစ်ခုကို ကျူးလွန်ပြီးသောသူအား လိုက်သူကလိုက်နေလျှင် အဘယ်မှာလျှင် ရာဇဝတ်ဘေး ပြေးလွတ်အံ့နည်း။



ယခုပင် အပြောင်ကို တရားဥပဒေက ဆက်ထုံးဖြေမရအောင် ပိုင်ပိုင်နိုင်နိုင် ချည်တုပ်လိုက်ချေပြီ။

မှန်ပါသည်။ သံဖြူဇရပ် မြို့နယ် တရားရုံးတော်မှ ပြစ်မှုဆိုင်ရာတရားဥပဒေပုဒ်မ ၃၀၂-(၁) (ဂ) အရ အပြီးသတ်စွဲဆိုလျှောက်လဲချက်အပေါ် သုံးသပ်ဆုံးဖြတ်လိုက်သည့်နေ့ကား ...

ချမှတ်လိုက်သည့် အပြစ်ဒဏ်ကား သေဒဏ်။

အပြောင်အား သေဒဏ်ချမှတ်လိုက်သည်။ မိုက်လေသူ၏ သွားရာလမ်းကား မရဏကမ္ဘာပင်ဖြစ်သင့်သည် မဟုတ်ပါလား။

သည်တွင် အပြောင်နှင့် တွဲဖက်ဝင်းရှိန် ဘာဖြစ်သွားပါသနည်းဟု မေးစရာရှိလာသည်။ စင်စစ် ဝင်းရှိန်မှာ လူရိုးလူကောင်းတစ်ဦးသာဖြစ်သည်။ တရားဥပဒေက အကောင်းအဆိုး ခွဲထုတ်ပြလိုက်သည်။

အပြစ်မဲ့ လူသားအတွက် အောက်ပါအထောက်အထားများကို တင်ပြလိုက်သည်။

'ပြစ်မှုကျူးလွန်သူ တစ်ဦးက အခြားသူပါ ကျူးလွန်ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်ဟု စွပ်စွဲခြင်းပြုကာမျှနှင့် အခြားသူတစ်ဦးအား အပြစ်ပေးရန် သင့်တော်မည် မဟုတ်ချေ။ ပြစ်မှုကျူးလွန်သူတို့သည် အခြားသူများကိုပါ ဆွဲထည့်တတ်သည့် မမွတာတစ်ရပ်ရှိသည်ကို သတိချပ်သင့်သည်ဟု (မောင်ဖိုးချော ပါ-၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၈၊ အထူး-၂၂၇)

ကြီးလေးသော သေဒဏ်ထိုက်သည့် အမှုမျိုးတွင် လုံးဝယုံကြည်လက်ခံနိုင်ရန် ခဲယဉ်းသည့် သက်သေတစ်ဦး၏ ထွက်ချက်အပေါ်မှုတည်၍ အပြစ်ပေးနိုင်ရန် မသင့်လျော်ဟု မောင်စော်ပွားအမှု၊ ၁၉၆၄ မတစရုံးချုပ် ၆၈၆ တွင် ညွှန်ပြထားသည့်အတိုင်း။

အပြစ်ပေးနိုင်လောက်အောင် လုံးဝအထောက်အထား ခိုင်မာမှု မရှိ၍ ဝင်းရှိန်အား အပြစ်မှ တရားသေ လွှတ်လိုက်လေသည်။

ဖြစ်ရပ်များကို ပြန်လည်ကြည့်လျှင် သေဆုံးရသည့် မော်မော်အေးမှာ အပြောင်း (တရားခံ) နှင့် နာကျည်းလောက်ဖွယ် ငြိုးသူရန်ဘက်များ မဟုတ်ခဲ့ချေ။

တရားလို ဦးကိုသိန်းမှာလည်း သူ၏တစ်ဝမ်းကွဲဦးလေး၊ ကြီးမားသော ခံပြင်းနာကျည်းချက်များလည်းမရှိခဲ့ချေ။ ငွေသုံးရာ ပြန်တောင်းရာမှ စကားများပြီး အတေးအမှတ် အငြိုးကြီးခဲ့ခြင်းသာဖြစ်သည်။

ထိုအတေးအမှတ်အငြိုးကားဖွဲ့ငြိုးစီးသော ဖြစ်မလာခဲ့ချေ။ ထန်းရည်ခါးနှင့် သောအရက်ကား အပြောင်း၏စိတ်ကို ဖွဲ့မီးပမာ တငွေ့ငွေ့လောင်ကျွမ်းစေခဲ့သည်။

ဤဖွဲ့မီးကြောင့်ပင် အမှန်အမှားခွဲခြား မဝေဖန်နိုင်ဘဲ သူတူမလေးကို ရက်စက်စွာ သတ်သည်အထိ ဖြစ်လာသည်။ ကျွဲနှစ်ကောင်ခတ်ရာတွင် မြေဇာပင်လေးက ကြားထဲမှ ခံလိုက်ရခြင်းဖြစ်သည်။

စင်စစ် အပြောင်းသည် ဖဲတစ်ချပ်နှင့် ငွေရှာသည်။

ငွေကြောင့် ခိုက်ရန်ဖြစ်သည်။ စကားများသည်။

ခိုက်ရန်စကားကြောင့် ရဲဆေးအဖြစ် ထန်းရည်ခါးနှင့် ချက်အရက်ကိုသောက်ခဲ့သည်။ အသိစိတ်ပျောက်ခဲ့ရာမှ လူတစ်ယောက်၏ အသက်ကို သတ်ခဲ့သည်။

အမှုးပြေမှ မှားမိမှန်းသိသည်။ သည်အခါ ကြေကွဲစိတ်နှင့် နောင်တရမိချိန်တွင် တရားဥပဒေက ထိုက်သင့်သော ပြစ်ဒဏ်ကို ပေးခဲ့ချေပြီ။

**စာရေးသူမွန်ပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ်က ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်တစ်ရကို ပြန်လည်ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည်**

တရားခံအား ငြင်းကွယ်မရသော အထောက်အထားနှင့် စွဲချက်တင်ရမည်ကား အမှုစစ် ရဲအုပ်ဦးမင်းလွင်၏ တာဝန်။

သက်လွင် (ရဲကျော်သူ)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(၁)

လူဆိုတာ စွဲမိစွဲရာစွဲတတ်သော အမျိုးဖြစ်သည်။ ပင်ကိုယ်ဓာတ်စိတ်ကပင် အဖော်မင်လွန်းလှသည်။ အထီးတည်းမနေတတ်၊ မနေချင်။ သံယောဇဉ်လွန်းပျံခတ်၍ သမုဒယနွယ်မျှင်များဖြင့် ထာဝရယက်ရှုယ်ရှုပ်ထွေးနေတတ်သော သတ္တဝါကိုပင် လူဟုဆိုရမည်လေလား။ ဘုရားရှင်ကတော့ 'သမုဒယ' ဟု အတတ်ဟောခဲ့၊ ဆုံးမခဲ့သည်။ တွယ်ချည်နှောင်ဖွဲ့တတ်လွန်းသော်လည်း သမုဒယကိုပင် 'မေတ္တာ' ဟု ထင်ယောင် မှားတတ်လိုက်သေးသည်။ သံယောဇဉ်ဟု ထင်ယောင်ပိုးတဝါး တံလျှပ်ရေရိပ်များကို မျှော်လင့်တကြီးငေးနေရင်း နွေအပူနေပူထဲ ရပ်ရတာ အားရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေလွန်လျှင် ... တံလျှပ် ရေရိပ်တို့ ပျောက်ကွယ်မြဲ။ တကယ် စစ်မှန်အေးမြသော မိုးရေ ချိုချိုကို သောက်ချိုးရမြဲ။ သို့ပြား၊ နွေမလွန်မီ သမုဒယအပူလှိုင်းတို့က မေတ္တာအယောင်ဆောင်၍ သိင်္ဂါသံသီချင်း ဆိုညည်းနေချိန်မှာဖြင့် စွဲမိစွဲရာ၌ ရစ်ပတ်နှောင်ဖွဲ့ သံယောဇဉ်ချဲ့တတ်စမြဲ။

နွေ၏အလွန်၌မူ ... နွေ၏ အလွန်။

(၂)

သူ့လောက် ရိုးသားအေးဆေးလွန်းသူ တစ်ယောက်ကြိုးသမားအဖြစ် သေဒဏ်ကျလာသည်မှာ တကယ်တော့ အံ့ဩဖို့ကောင်းသည်။ တည်ကြည်ဖြောင့်မတ်သော နူတ်နည်းလွန်းသော၊ စိတ်အနေဖြူစင်လွန်းသော၊ သူတစ်ပါးအနေခက်လောက်အောင် အားနာတတ်လွန်းသော၊ ရတနာသုံးပါး၌ ကိုင်းရှိုင်းရိုသေတတ်လွန်းသော တောနေလယ်သမား လူရိုးတစ်ယောက်က လူနှစ်ယောက်သတ်၍ သေဒဏ်ကျခံခဲ့ရပါသည် ဆိုသည်မှာ နိစ္စရူဝ သူနှင့်တွေ့ကြုံ ဆက်ဆံအုပ်ထိန်းနေရသူ တစ်ဦးအဖို့ ယုံကြည်ရန်ပင် ခက်လွန်းလှသည်။ ကျွန်တော့်ဘဝ ငယ်နုစဉ်

ထောင်ဆိုသည်မှာ ထောင်ဆိုသည့်အတိုင်း အရာရာ စည်းမျဉ်းစည်းကမ်း တိတိကျကျ။ ဝန်ထမ်းရော အကျဉ်းသားရော ၁၈ ပေ အမြင့်ရှိသည့် အုတ်တံတိုင်းကာ နံရံကြီးအတွင်း အသက်ရှူမဝ လောက်အောင် ပိတ်လှောင်လွန်းသည့် နေရာ။

ထောင်မှူးကလေးဘဝက ၁၉၉၀ ဝန်းကျင်တွင် မန္တလေးဗဟိုအကျဉ်းထောင်ကြီး၏ ကြိုးတိုက်ထောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူး၏။ ထိုစဉ်ကတွေ့ခဲ့ရသော 'သေဒဏ်ကျအကျဉ်းသား ကိုစိုးတင့်' ကို ယနေ့တိုင်သတိရရှိနေဆဲ။ အကြောင်းတိုက်ဆိုင်မှုလေးများ ကြုံလာတိုင်း သူ့ကို ဖျက်ခနဲ သတိရမိတတ်ဆဲ။ အထူးသဖြင့် မေတ္တာလွန်၍ သောက၊ ဒေါသ အပူဖြင့် လောင်မြိုက်ကာ ထင်မိထင်ရာ တစ်ဆုံးတစ်စလုပ်ပစ်တတ်သူ တစ်ဦးဦးကို တွေ့လိုက်တိုင်း ကျွန်တော် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော ကြိုးသမားကို ဦးစိုးတင့်၊ ခိုဖြူကလေးတစ်ကောင်၊ လူမိုက်ပြူးကျယ်နှင့် ယင်းတို့ သုံးဦး၏ ထောင်ထဲက ဇာတ်လမ်းကလေးကို မနေ့တစ်နေ့က ဖြစ်ခဲ့ရလိုပင် ရင်ထဲ၌ အသစ်ဖြစ်၍ ဖြစ်၍လာတတ်ချင်သေးသည်။

သိင်္ဂါသံသီချင်း။ သံယောဇဉ်တေးသံ။ ရန်လိုမုန်းတီးမှု။ ရက်ရက်စက်စက် လူသတ်ရန် ကြံစည်မှု။ ဘယ်လိုမှ ယှဉ်တွဲဆက်စပ်စရာ မကောင်းလှသည့် အကြောင်းတရားများနှင့်ဖွဲ့စည်းသောသည့် ဇာတ်လမ်းကလေးက မန္တလေးဗဟို အကျဉ်းထောင် အမှတ် (၁) ကြိုး

www.burmeseclassic.com

www.burmeseclassic.com



တိုက်အခန်း (၁၃) ၌ တကယ် ဖြစ်ခဲ့ဖူးပါသည်။

ကြာတော့ ကြာခဲ့ပါပြီ၊ ၁၉၉၀ ခုနှစ်ဆီကဆိုတော့ အနှစ်နှစ်ဆယ်ခန့် ရှိပြီပေါ့။

(၃)

ထောင်မှူးပေါက်စ ဘဝဖြင့် မန္တလေးဗဟို အကျဉ်းထောင်သို့ ၁၉၈၉ ခု၊ ဇူလိုင်လတွင် ကျွန်တော် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ရသည်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် နောင်ရိုးကြံစိုက်ပျိုးရေးစခန်းမှာပင် (၁၁) နှစ်ကျော် စာရေးကလေးဘဝ၊ စာရေးကြီးဘဝ၊ ထောင်မှူးဘဝ သုံးဘဝပြောင်း၍ နေခဲ့ရသည်။

ဒေါနတောင်တန်း၏ မှိုင်းမှိုင်းညို့ညို့တောင်စဉ်တောင်တန်းများ နောက်ခံတွင် ဧက (၃၇၀၀) ကျော် ကျယ်ဝန်းလှသည့် စိမ်းမြမြကြံစိုက်ခင်းကြီးများအလယ်၌ ပျော်ရွှင်နှစ်ခြိုက်စွာ တာဝန်ထမ်းဆောင်ခဲ့ရသည်မှာ (၁၀) နှစ်ဆိုသော အချိန်ပင် ခဏကလေးထင်ရလောက်အောင် တိုတောင်းလွန်းစွာ ကုန်ခဲ့သည်။ တောမှာမွေး၊ တောမှာကြီး၊ တောကြက်၊ တောငှက်သဖွယ် အနေကြာခဲ့၍ မန္တလေးလို နန်းမြို့တော်ကြီးက တကယ့်အမိပတိဗဟို



အကျဉ်းထောင်ကြီးမှာ တာဝန်ထမ်းဖို့ ဆိုတာသွေးမရဲစရာ။ အလိုလိုစိုးရွံ့နေမိသည်။

အကျဉ်းဦးစီးဌာန အောက်တွင် အကျဉ်းထောင်နှင့် အလုပ်စခန်းဟု တာဝန်ထမ်းဆောင်ရာ ဌာနနှစ်ရပ်ရှိရာ အလုပ်သဘာဝချင်းက မတူ။ ထောင်ဆိုသည်မှာ ထောင်ဆိုသည့်အတိုင်း အရာရာစည်းမျဉ်းစည်းကမ်း တိတိကျကျ။ ဝန်ထမ်းရော အကျဉ်းသားရော ၁၈ ပေ အမြင့်ရှိသည့် အုတ်တံတိုင်းကာနံရံကြီးအတွင်း အသက်ရှူမဝလောက်အောင် ပိတ်လှောင်လွန်းသည့် နေရာ။ အလုပ်စခန်းဆိုသည်က ဘယ်မြို့၊ ဘယ်ရွာမှာ ဖြစ်ဖြစ် အပြင်လေရှူပြီး လွတ်လွတ်လပ်လပ်၊ ကျယ်ကျယ်ပြန့်ပြန့်လုပ်ငန်းနှင့် လုံခြုံရေးကို မထိပါးသရွေ့ ခေတ်ကာလနှင့် မဆီလျော်တော့သော အချို့ထောင်စည်းကမ်းများကို မသိကျိုးကျွံပြု၍ ရတတ်သည်။ ထောင်လိုတော့ မတင်းကြပ်။ ထို့ကြောင့်ပင် ကျွန်တော်တို့လိုနယ်အလုပ်စခန်းများတွင်ပင်တစ်ဆက်တည်း နှစ်ကာလကြာရှည်တာဝန် ထမ်းဆောင်ခဲ့သူအရာရှိဝန်ထမ်းများသည် အကျဉ်းထောင်သို့ ပြောင်းရမည့်အမိန့်စာရကတည်းက မြစ်ထဲချောင်းထဲမှ ပျော်မြူးစွာ ကူးခတ်နေသော ငါး

www.burmeseclassic.com

www.burmeseclassic.com



ကလေး ဖားကလေးများကို ရေခွက်ငယ်တစ်ခုထဲ ဖမ်းယူထည့်ထားခြင်းခံရသလို စိတ်ရောကိုယ်ပါ ကျဉ်းကျပ်သွားရတတ်သည်။

သို့တစေ။ တော်ပါသေး၏။

ထိုအချိန်က မန္တလေးဗဟို အကျဉ်းထောင်ကြီး၏ တာဝန်ခံအရာရှိ ထောင်ပိုင်အဆင့် (၂)(ယခုအခေါ်အဝေါ်တော့ ဒုတိယညွှန်ကြားရေးမှူးတဲ့။) ဦးသန်းစိန် (ကုလားကြီး) က လွန်ခဲ့သော ၁ နှစ်ကျော်ခန့်ကမှ နောင်ရိုးစခန်းမှ မန္တလေးဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့သွားရသူ ကျွန်တော့်ဆရာအရင်း။ ထောင်ပိုင်ကြီးသမီး ရီရီစိန်၊ ယုယုစိန်၊ သီတာစိန်တို့က ကျွန်တော် တပည့်ကလေးများ၊ ညီမကလေးများသဖွယ် လက်ပွန်းတတီး ပြုစုစောင့်ရှောက်ခဲ့ရသည့် မိသားစုများဖြစ်သည်။ အငယ်ဆုံးမ သီတာစိန်ဆိုလျှင် ကျွန်တော်လက်ပေါ်တွင်ပင်ကြီး၊ ကျွန်တော်ပင် စာသင်စာပြ။ ညီမထွေးကလေးနှယ် သံယောဇဉ်တွယ်ခဲ့ သံယောဇဉ်ကြီးခဲ့ရသည်။ ထောင်ပိုင်ကြီးဇနီး အန်တီကြီးကလည်း ကျွန်တော်အပေါ်မိခင်ကြီး ပမာသံယောဇဉ်ကြီးရှာသည်။ ဒီအခံကလေးရှိနေတော့ မျက်စေ့သူငယ်နှင့် မန္တလေးရွှေမြို့တော် ပြောင်းရွှေ့ခဲ့ရသော တောသားကျွန်တော် ထင်ထားသလောက် အနေအစားမကျပ်ခဲ့ရပါ။



စခန်းမှာရှိနေစဉ်၊ အတူတာဝန်ထမ်းဆောင်စဉ်ကတည်းပင် ထောင်ပိုင်ကြီး၏ ပီအေ (Personal Assitant) သဖွယ်အလုပ်စခန်း၏ နောက်တန်းလုံခြုံရေး၊ စားဖိုကြီးနှင့် နောက်တန်းအုပ်ချုပ်ရေးတပ်ခွဲ၏ တပ်ခွဲမှူးအဖြစ် (၄) နှစ်နီးပါးခန့် အတူတာဝန်ထမ်းဆောင်ခဲ့ဘူးသဖြင့် ထောင်ပိုင်ကြီးကလည်း ကြည့်ရှုစောင့်ရှောက်ပါသည်။ "နန်းဇရာ" အရာရှိရိပ်သာတွင်(V.I.P) အခန်း (၁) ခန်းပေးထားကာ ထောင်ပိုင်ကြီးအိမ်ပေါ်၌ မိသားစုနှင့်အတူ ထမင်းစား၍ မန္တလေးထောင်ရှိလုပ်ငန်းတာဝန် (Section) များအနက် နှစ်သက်ရာတစ်ခုခုကို ကိုယ်တိုင်ရွေးချယ်ရန်ပင် အခွင့်ပြုခဲ့သည်။

သို့ဖြင့် ထောင်လုပ်ငန်းတာဝန်များအနက် မည်သူမျှမလုပ်ချင်၊ ရှောင်ကွင်းကြသော "ကြိုးတိုက်ထောင်မှူး" တာဝန်ကို ကျွန်တော် ကျေကျေနပ်နပ် ရွေးချယ်ခဲ့သည်။ ထောင်ပိုင်ကြီးက အံ့အားသင့်၍ တားမြစ်ခဲ့သေးသည်။ ဟုတ်ပ။ အကျဉ်းထောင်တွင် နေရချောင်၊ စားရချောင် ကြော့ကြော့မော့မော့ ပပလွှားလွှား လူလုံးပြကောင်းသည့် Show Job တွေ[illegible]ပိုတပင်ရှိသည့် အနက် အ[illegible]တာဝန်ကြီး၊

www.burmeseclassic.com

www.burmeseclassic.com



၁၀ ပေ၊ ပေ ၂၀ ပတ်လည် အုတ်တိုက်အခန်းကလေးအတွင်း နေ့နေ့ညညနေ၍ ကြိုးပေးအသတ်ခံရမည့် ကိုယ်သေမည့်ရက်ကို ထမင်းစားရင်း စောင့်နေကြရသူတို့၏ တကယ့်လက်တွေ့ဘဝ၊ ရင်ထဲနှလုံးသားထဲက ခံစားချက်......

အလွန် အလုပ်များ၊ ဘယ်တော့မှ မျက်နှာကောင်းမရလောက်အောင် ပြဿနာများလွန်းသည့် ကြိုးတိုက်ထောင်မှူးကိုမှ လုပ်ချင်၍ ရွေးခဲ့သူ တပည့် ကျော်ကို ထောင်ပိုင်ကြီး နားမလည်နိုင်ခဲ့။

သို့တစေ ကျွန်တော်က ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်သည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ်။ ထို့ကြောင့် ''ကြိုးတိုက်ထောင်မှူး'' တာဝန်ကိုပင် လိုလိုချင်ချင် တစ်ခုတ်တရ တောင်းခံတင်ပြခဲ့ခြင်း ဖြစ်သည်။ သည်လိုပါ ကျွန်တော်က ဒီဗဟို အကျဉ်းထောင်ကြီးတွင် အတွေ့အကြုံ နုနယ်လှစွာ အစိမ်းသက်သက် တိုးဝင်ခဲ့ရသူ။ ထောင်အတွေ့အကြုံ၊ ထောင်ပညာ၊ ထောင်သမ္မာနတ္တိ။ ကိုယ်အုပ်ချုပ်ရမည့် အကျဉ်းသား အချုပ်သားများက ကိုယ့်ထက်ပို၍ ထောင်တွင် ကျိုးကပ်နေသူတွေ။ လက်ရည်ချင်းယှဉ်၍မရနိုင်သေး။ ကျွန်တော်မှာ ထောင်ကြီးဆီကသင်ယူ လေ့လာစရာတွေ အများကြီးရှိသေးသည်။ ထောင်လား မြောက်ဖို့ အချိန်ယူရဦးမည်။ ကြီးကြီးကျယ်ကျယ်တာဝန်ကြီးတွေ တောင်းပြီး ကာမှပင်မနိုင်၊ ခေါင်းမနိုင် ကယ်ပါ၊ ယူပါမဖြစ်စေချင်။ ပညာသင်ကာလတွင် ထောင်ဆရာကြီးတွေကို ရှောင်ရမည်။ ပြီးတော့ကျွန်တော်မှာ တွယ်ကပ်နေသော စာပေပိုးက ရှိသေးသည်။ အချိန်ကလေးရတုံး အခြေအနေကလေး ပေးတုန်း သေဒဏ်ကျ အကျဉ်းသား(ဝါ) ကြိုးသမားတို့၏ ဘဝကို ထဲထဲဝင်ဝင်ဆေ့ ကြည့်ချင်သည်။ တစ်သက်တစ်ခါသာဖြစ်ရသည့် သည်ဘဝတွင် ၁၀ ပေ၊ ပေ ၂၀ ပတ်လည် အုတ်တိုက်အခန်းကလေးအတွင်း နေ့နေ့ညညနေ၍ ကြိုးပေးအသတ်ခံရမည့် ကိုယ်သေမည့်ရက်ကို ထမင်းစားရင်း စောင့်နေကြရသူတို့၏ တကယ့်လက်တွေ့ဘဝ၊ ရင်ထဲနှလုံးသားထဲက ခံစားချက်ကို နီးနီးကပ်ကပ် လေ့လာကြည့်ချင်သည်။ စာနာကြည့်ချင်သည်။ သူတို့ ဘာဖြစ်ခဲ့ကြသလဲ။ သူတို့ ဘယ်လိုနေကြသလဲ။ သူတို့ဘယ်လိုခံစားကြသလဲ။ နောက်ဆုံး သူတို့ ဘာဖြစ်သွားကြသလဲ။ ကြုံတောင့်ကြုံခဲတွေ့ရတုံး ပွန်းပွန်းတီးတီး၊ ကျွမ်းကျွမ်းဝင်ဝင် နေကြည့်ချင်သည်။ သို့ဖြင့် ...။ကိုင်း လုပ်လိုက်ပေါ့ ''ကြိုးတိုက်ထောင်မှူး''။

ဒီတွင်၊ သူတို့နှင့်တွေ့ရသည်။

(၄)

မန္တလေးဗဟို အကျဉ်းထောင် (ထောင်ဟောင်း) တွင် အရေးကြီး အကျဉ်းသား၊ အချုပ်သားများထား ရှိ ထိန်းသိမ်းသော အဓိကတိုက်ကြီး (၃) ခုရှိသည်။ (၁) တိုက်၊ (၂) တိုက်၊ (၃) တိုက်။ (၁) တိုက်တွင် ကြိုးသမားများ (ဝါ) သေဒဏ်ကျ အကျဉ်းသားများ ထားရှိထိန်းသိမ်းသည်။ (၂) တိုက်တွင် နှစ်(၃၀) အထက်နှစ်ကြီး အကျဉ်းသားများကို ထားရှိထိန်းသိမ်းသည်။ (၃) တိုက်၌ လုံခြုံရေးအရ သီးခြားထိန်းသိမ်းထားရှိရန် ညွှန်ကြားခြင်းခံရသူ၊ အကျဉ်းထောင်စည်းကမ်းဖောက်

www.burmeseclassic.com

www.burmeseclassic.com



**အကျဉ်းထောင်စည်းကမ်း ဖောက် ဖျက်၍တိုက်ပိတ်ပြစ်ဒဏ်ကျခံရသူနှင့် အကျဉ်းထောင်လုံခြုံရေး၊ စည်း ကမ်းထိန်းသိမ်းရေးကို ထိပါးမည်ဟု ယူဆရသည့် အကျဉ်းသား အချုပ်သားများကို တသီးတသန့်ခွဲ ၍ ထားရှိသည်**

ဖျက်၍ တိုက်ပိတ်ပြစ်ဒဏ်ကျခံရသူနှင့် အကျဉ်းထောင်လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးကို ထိပါးမည်ဟု ယူဆရသည့် အကျဉ်းသား အချုပ်သားများကို တသီးတသန့်ခွဲ၍ ထားရှိသည်။ လှေကြီးပေါ်တွင် လှေငယ်တင်ခြင်းမဟုတ်။ ထောင်ကြီးထဲက ပိုမိုကျဉ်းကြပ်သည့် နောက်ထပ်သီးသန့် ထောင်ကလေးဟုသာ ဆိုကြပါစို့။

၁၉၉၀ ခုနှစ်ခန့်က ကျွန်တော် တာဝန်ယူရသော အမှတ် (၁) တိုက်၊ ကြိုးတိုက်တွင် သေဒဏ်ကျ ကြိုးသမား တော်တော်လေးများသည်။ မန္တလေး အကျဉ်းထောင်သမိုင်းတွင် တွေ့ဖူးကြုံဖူးသမျှ၌ အများဆုံးဟုပင် ရှေ့မီနောက်မီ ဆရာသမားများက ပြောကြသည်။ ၁၉၈၈ ခုနှစ် တိုင်းပြည်ဆူပြည်ပျက် အရေးအခင်းကြီး ကာလည်းပြီးစ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရ တက်လာ၍ တိုင်းပြည်အား တည်ငြိမ်အေးချမ်းအောင် အင်တိုက်အားတိုက် တည်ဆောက်ဆဲကာလ။ အရေးအခင်းကာလခေတ်ဆိုးကြီး အတွင်းက ထင်သလိုသောင်းကျန်း မင်းမူခဲ့ကြသော ဆူပူဆန္ဒပြသူများ၊ တောကြောင်များ၊ ဝေလေလေခုတ်ခွာများကို ဖိဖိစီးစီး ဖော်ထုတ်စစ်ဆေး၍ နှိမ်နင်းနေဆဲကာလ။ တရားစီရင်မှုအာဏာကို အထူးစစ်ခုံရုံးများ ဖွဲ့စည်း၍ မြန်မြန်ဆန်ဆန် စစ်ဆေးစီရင်နေဆဲကာလ။ ဒီကာလအတွင်း အကြောင်းကြောင်းသော အကြောင်းများကို အကြောင်းပြုပြီး ကျလာလိုက်သည့် သေဒဏ်၊ ကြိုးသမားတွေ။ ကျွန်တော်ကြိုးတိုက် ထောင်မှူးအလုပ်တာဝန်ကို ထောင်မှူးဦးထွန်းဟန်ထံမှ လွှဲပြောင်းလက်ခံရယူချိန်တွင် သေဒဏ်ကျ အကျဉ်းသား (၅၁) ဦး ရှိသည်။ ကျွန်တော် တာဝန်ထမ်းဆောင်ချိန်တွင် လက်ခံရရှိထိန်းသိမ်းခံရသည်မှာ (၃) ဦး၊ စုစုပေါင်း (၅၄) ဦးတောင်ရှိခဲ့သည်။ အလားတူပင် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးနှင့် (က) အဆင့်အကျဉ်ထောင်ကြီး (၁၉) ထောင်တွင် လက်ခံထိန်းသိမ်းခံရသူ သေဒဏ်အကျဉ်းသား များပြားလွန်းလှကြောင်း ကြားသိနေရပါ၏။ (၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁/၉၃ ဖြင့် နိုင်ငံတော်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့၍ မြန်မာတစ်ပြည်လုံး သေဒဏ်အကျဉ်းသားများအားလုံး အသက်ဘေးမှ ကင်းဝေးကာ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂၅) နှစ်စီ ပြောင်းလဲကျခံခဲ့ကြရပါသည်။ ယခုအချိန်တွင်မူ ပြစ်ဒဏ်ကာလစေ့၍ လွတ်သွားကြပါပြီ။ အဆိုပါအကျဉ်းသား (၅၄) ဦးစလုံး အကျဉ်းထောင်အတွင်း မရှိကြတော့ပါ။ ပြင်ပလူအဖွဲ့အစည်းအတွင်း သာမန်ပြည်သူများနှယ် ကျင်လည်နေကြပါပြီ။) ကြိုးတိုက်ရှိ သေဒဏ်ကျအကျဉ်းသားများမှာ နှစ်ရှည်ကြာနေသည်။ ၁၉၈၈ ခုနှစ် ပေါ်ပိုင်မီက

www.burmeseclassic.com

www.burmeseclassic.com



ရောက်နှင့်နေသည့် လူဟောင်း (၁၉) ယောက်အုပ်စုနှင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း အရေးအခင်းနှင့် ဆက်နွယ်သော ပြစ်မှုများဖြင့် ရောက်ရှိလာသည့် လူဟောင်း (၃၂) ယောက်အုပ်စုတို့ ဖြစ်ကြသည်။ လူဟောင်းအုပ်စုမှာ ကျွန်တော် ထောင်မှူးမဖြစ်မီ တပ်သားကလေး ဘဝ ၁၉၇၉ ခုနှစ်ကတည်းက ကြိုးတိုက်တွင် ရောက်နှင့်နေသူတွေ ပင်ပါသည်။ ရွှေဘိုက အဘဦးအေးဖေ၊ အဘမိုး၊ ကိုရန်နိုင်၊ ချင်းပြည်နယ်ဟာခါးက ဒိုကပ်နှင့်အဖွဲ့၊ ကလေးတမူးဘက်က ဓားပြလူသတ်အဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်မှူးချုပ် အယ်လ်ကွန်ဖန်ကို လုပ်ကြံခဲ့သည့် ၄င်း၏တူအရင်းဖော်ဆိုင်းနှင့်ပီတာ၊ ကျောက်ဆည်က သုံးလောင်းပြိုင်လူသတ်မှု ဖြင့် ကျလာသည့် ဟိန္ဒူကုလားကလေးလားရ်ဗဟာဒူးတို ညီအစ်ကို၊ ခင်ဦးက အဘဦးညီပု၊ ကောလင်းဝန်းသိုက မုဒိမ်းလူသတ် အလောင်းဖျောက်လှမောင်၊ ပြီးတော့ ပုသိမ်ကြီးက လူသတ်မှုဖြင့် ကျလာသည့် တပ်ကြပ်ကြီးစိုးတင့်။ စသည့်၊ စသည့် လူဟောင်း (၁၉) ဦးက ကြိုးတိုက်တွင် အနေကြာ လူဟောင်းများ ပီပီပုံစံကျသည်။ စည်းကမ်းရှိသည်။ သေဝပ်သည်။ အနေအေး၍ အချင်း



ချင်း ညီညွတ်စည်းလုံးကြသည်။ လူသစ်အဖွဲ့ကမူ အရေးအခင်းကာလ ဥပဒေမဲ့ချိန်တွင် တဒင်္ဂဗိုလ်ကျမင်းမူခဲ့ဖူးသည့် စရိုက်ဆိုးနှင့် နိုင်ငံရေး ယောင်ယောင် တိုင်းပြည်နှင့် လူမျိုးအတွက်ပဲ အသက်ပေးလာခဲ့ သယောင်ယောင် ထောင့်မကျိုးသည့် ညာဉ်ကလေးတွေကိုယ်စီနှင့်အပြင် အချင်းချင်းကလည်း မတည့်ကြ။ အမှတ် (၁) တိုက်တွင် အခန်း (၂၀) ရှိရာ အကျဉ်းသားများကို နှစ်ဦးတစ်တွဲ၊ သုံးဦးတစ်တွဲ၊ အလှည့်ကျ မကြာခဏ ပြောင်းတွဲပေး၍ နေရာချထားပေးရာ လူသစ်အဖွဲ့က အချင်းချင်းလည်း မတည့်၊ လူဟောင်းများနှင့်လည်း အဆင်မပြေ။ ဂဂျီဂချောင်ကျ၍ ထိန်းရအုပ်ရခက်လှသည်။ လူဟောင်းကြီးသမားအဖွဲ့က တကယ်လုပ်ရဲ ကိုင်ရဲ၊ လက်စလက်နရှိပြီး ပြစ်မှုကိုအဟုတ်သတ်၊ အဟုတ်ကျလာသူတွေမို့ ထိပ်တိုက်ရင်မဆိုင်ရဲ၊ တော့တော့ တင်တင်မငြိဝံ့ ကြသော်လည်း မကြားနိုင်နား ထိကပါးရိကပါးလုပ်တတ်ကြ၍ လူဟောင်းလူသစ် ခဏ တိုင်း စကားများတတ်ကြ၊ တိုင်ကြတောကြ ဖြေရှင်းရတတ်သည်။

ပြဿနာက အဲဒီကစသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ပြဿနာက တေဇိန္ဒ (ခေါ်) ပြူးကျယ် (ခေါ်) တင့်လွင်ကစသည်။ တိတိကျကျ ပြောကြစို့ ဆိုလျှင် ပြူးကျယ်သည် ကျွန်တော်တို့ အညာကရေပုံးဆယ်သည့် ရေပုံးချိတ်လို လူစားမျိုး ဖြစ်သည်။ ကျွန်တော်တို့ အညာဒေသ မိုးခေါင်ရေရှားအရပ်မှာ အားကိုးရသော ရေတွင်းများက အနက်ပေရှစ်ဆယ်တစ်ရာ နက်သည့်တကယ့်ရေတွင်းကြီးများ ဖြစ်သည်။ နက်လိုက်သည်မှာ ဝီခေါ်လို့နေသည်။ တွင်းဝက ငုံ့ကြည့်၍ပင် တွင်းခြေကို မမြင်နိုင်။ ဒီရေတွင်းထဲ ရေငင်သည့် ရေပုံးကြိုး ပြတ်ကျသွား၍များဖြင့် ချက်ချင်းဆယ်ဖို့မလွယ်။ ပစ်သာထားလိုက်ပေဦးတော့။ ရေပုံးကျသူ လေး၊ ငါး၊ ခြောက်ဦးရှိပြီဆိုမှ ရေပုံးချိတ်ကို ကြိုးထိပ်မှာချည်၍ ကျသောရေပုံးများကို တွင်းခြေတွင် မွှေနှောက်ရှာဖွေပြီး ပြန်ဆယ်ယူရသည်။ တစ်ပုံးပြုတ်ကျတစ်ခါ ဆယ်ဆိုလျှင် ရေတွင်းထဲက ဒီရေ



နည်းနည်းကို အဘယ်မှာ သုံးနိုင်ပါတော့မည်လည်း နောက်ကျိနေတော့မည်။ ဒီတော့ တစ်ပတ်တစ်ခါ တစ်လတစ်ခါမှ ရေပုံးတစ်ခါဆယ်ရသည်။ ထိုသို့ ဆယ်ရာတွင်လည်း အလုပ်ပြီး အလုပ်တွင်ဖို့ ရေပုံးချိတ်ကို သံချိတ်ငါးချောင်းခန့် ပူးချည်ပြီး စပယ်ရှယ်လုပ်ထားရသည်။ ကိုယ့်ပုံးဆယ်ရင်းနှင့် သံချိတ်တွင် အခြားသူများပုံးတွေ ငြိပါလာတယ်သည်။ သူများပုံးဆယ်ရင်း ကိုယ့်ပုံးငြိပါလာလို့ ကိုယ်တိုင်မဆယ်ရဘဲ ပုံးပြန်ရခဲ့တာလည်း ရှိသည်။ ရနိုင်ပါသည်ကော ရေပုံးဆယ်သည့် ချိတ်က လေး၊ ငါး၊ ခြောက်ခု ပူးချည်ထားသည့် ရှယ်ချိတ်လေ။ ရေတွင်းအခြေသို့ချ၍ တစ်ချက် နှစ်ချက်လောက် လှည့်ပတ်မွှေလိုက်၊ ဆွဲလိုက်နှင့် ပုံးကတော့ မငြိမရှိ၊ ငြိပြီးချိတ်ပြီးသား။ ပြူးကျယ်က ထိုသို့ အညာရေပုံးဆယ်သည့် ချိတ်မျိုး။ သူများက ငြိငြိမငြိငြိ၊ သူကလိုက်ငြိတတ်သူ၊ ဘယ်သူရယ် ဘယ်ဝါရယ် လူမရွေး၊ တွေ့သည့်သူနှင့်ခဏတွေ့၊ ခဏငြိသူ။

သေဒဏ်ကျလာခဲ့ပုံကိုကမလည်ရှုပ်အမှုက်ပွေ တတ်သူမို့ ကိုယ်မသိ၊ ကိုယ်မသတ်သည့်အမှုတွင်မားခုတ်ရာ လက်လျှိုမိပြီး အကြောင်းဆုံလာခဲ့သည်ကို ဆိုရ

www.burmeseclassic.com

www.burmeseclassic.com



ပါမည်။ သေဒဏ်အမှုနှင့် ရင်မဆိုင်ရစဉ်က ပြုံးကျယ်သည် စာချတန်းစာသင်စာလိုက်နေသော ဘုရားသားတော် ပဉ္စင်းပျိုတစ်ပါးဖြစ်သည်။ မန္တလေးမြို့ နာမည်ကြီးစာသင်တိုက်ကြီး တစ်တိုက်တွင် သီတင်းသုံး၍ စာဝါလိုက်နေခဲ့သည်။ အမည်ရင်း တင့်လွင်။ ခြောက်တန်းအထိ အတန်းပညာသင်ဖူးသည်။ မအောင်၍ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်တော့ သာသနာဘောင်ဝင်ခဲ့ပြီး ဝတ်ကျေတမ်းကျေစာသင်သည်။ လတ်လတ် လတ်လတ် ကြော့ကြော့ ကြော့ကြော့နှင့်ရွှေမျက်မှန် ကောင်းကောင်းကလေးတတ်ကာ ပီဘိပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်တစ်ဦးနှယ် ထယ်တတ်သေးသည်။ အသားဖြူဖြူ၊ လူပုံနွဲ့နွဲ့၊ မျက်လုံးပြူးပြူးနှင့် ပုရစ်ခဲဖိထားသည့် သူ့ပုံကြောင့် မည်သူမျှ သူ့ကို ဦးဇင်းဦးတေဇိန္ဒဟု လေးလေးမြတ်မြတ်မခေါ်၊ ဦးဇင်းပြုံးကျယ်ဟုသာ နှုတ်ကျိုးကြသည်။ 'နေသေးသပချုံထဲက၊ ချိုသွေးသမှတမြမြ။' အခါအခွင့်ကို ကြာကြာမစောင့်လိုက်ရ။ ဥပဒေမဲ့ ခေတ်ဆိုးခေတ်ပျက် အရေးအခင်းကာလကြီးနှင့် ကွက်တိ။ မကြာမီ တရားပွဲ၊ ဆန္ဒပြပွဲများမှာ ဦးဇင်းပြုံးကျယ်နေရာရ လူသိလာသည်။ လှိုင်းကြီး

အကျဉ်းသားများကို နှစ်ဦးတစ်တွဲ၊ သုံးဦးတစ်တွဲ၊ အလှည့်ကျ မကြာခဏပြောင်းတွဲပေး၍ နေရာချထားပေးရာ လူသစ်အဖွဲ့က အချင်းချင်းလည်း မတည့်၊ လူဟောင်းများနှင့်လည်း အဆင်မပြေ။ ဂျိုဂချောင်ကျ၍ ထိန်းရအုပ်ရခက်လှသည်။

လေထန်၊ တိုင်းဆူပြည်ပျက်ကာလကြီး အရှိန်အမြင့်ဆုံးကာလတွင် ဦးဇင်းဦးတေဇိန္ဒသည် ဒီမိုကရေစီထောက်ခံရေးလှုပ်ရှားမှုများ၏ ဦးဆောင် "အောင်ဆန်းကြယ်နီ" စစ်ကြောင်း၏ အရေးပါသောပုဂ္ဂိုလ်တစ်ဦး၊ အများပြည်သူ ဖိန့်ဖိန့်တုန်အောင်ကြောက်ခဲ့ရသည့် "ဂဠုန်နီဆရာတော် ဦးကာဝိယ" ၏ လက်ရုံးတစ်ဆူ ဖြစ်လာခဲ့သည်။ ဆန္ဒပြဆူပူမှုနေရာတိုင်းတွင် လူထုခေါင်းဆောင်အဖြစ်သူ့ကို တွေ့ရပါလိမ့်မည်။ အကုသိုလ်အပြားလိုက်ကပ်ဖို့ ကြုံလာတော့ မန္တလေးမြို့ သကျသီဟဘုရားအနီး ဆူပူသူတစ်စုက တပ်မတော်ထောက်လှမ်းရေးဟု မသင်္ကာသူ သုံးဦးကို တစ်ယောက်တစ်ပေါက် စစ်ကြဆေးကြ၊ ရိုက်ကြ နှက်ကြရင်း တစ်ယောက်မှာ လက်လွန်သေဆုံးသွား၏။ အပြေးအလွှား ဂဠုန်နီဆရာတော်ဦးကာဝိယကို လျှောက်ထားတင်ပြကြသည်။ တိုင်းပြည်မှာ အစိုးရလည်းမဲ့နေပြီ၊ ဥပဒေကလည်း အစိုးတရမရှိတော့၊ အာဏာစက်ကလည်း ပျက်ခဲ့ပြီ။ နီးရာဓားကို ကြည့်ခစားနေကြရသည့် အခြေအနေ ခေါင်ကိုတက်ကိုင်နိုင်မှ လုံခြုံမည်ဟု လက်လွန်သူအဖွဲ့က သုံးသပ်ပြီး ဦးကာဝိယကို တရားခံစေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဦးကာဝိယကလည်း ပါးပါးလေး။ အောင်ဆန်းကြယ်နီ စစ်ကြောင်းမှူး ဂျွန်နီဦးကလျာဏကို တာဝန်ပေးသည်။ ဦးကလျာဏက တစ်ဆင့်လူထု ခေါင်းဆောင် ဦးဇင်းကလေးဦးတေဇိန္ဒက ဦးစီးစီမံဖို့ အခွင့်ကြုံသည်။ အရှည်အဝေးတွေးမနေနှင့်၊ သေသူ၏ အလောင်းကို ပိပိရိရိချက်ချင်းဖျောက်စေ။ ကျန်နှစ်ဦးကို စစ်ကိုင်းဘက်ခေါ်သွားပြီး ပုညရှင်စေတီ အနီးမှာပညာပေးဆုံးမ၍ ပြန်လွှတ်လိုက်။ လူထုအာရုံမစိုက်မိဘို့ လူထုကိုတိုက်ပွဲ၊ တောင်းပွဲတွေ မရပ် မနားဖန်တီးလိုက်။ ဦးဇင်းပြူးကျယ် အစီအမံကောင်းလိုက်ပုံက အနီးအနား အတွင်းသိတချို့မှ အပ မည်သူမျှ မရိပ်မိလိုက်။ အရေးအခင်းကာလ တစ်လျှောက်လုံးလေသံတောင် ဟဟထွက်မလာခဲ့။ သို့တစေ ဥပဒေ လက်တံကရှည်သည်။ နဝတ လက်ထက်ဆက်စပ် စစ်ကြောချက်များမှသည် ဤသေမှုသေခင်းက မထင်ဘဲပြန်ပေါ်လာသည်။ ဆူပူသူအဖွဲ့ခေါင်းဆောင်သုံးဦးနှင့်ဦးဇင်းကလေးပြူးကျယ်တို့အတွက် နိဂုံးရလာဒ်က သေဒဏ်။

ဘုရားသားတော်ဘဝမှ မကြဲကောင်းမစည်ရာ 'သေဒဏ်အကျဉ်းသား' ဘဝကူးခဲ့ရသည်မို့ သတိသံဝေဂရမည်။ အနေအထိုင် ပိပြားသိပ်သည်းလေမည် မထင်ပါနှင့်။ အမှတ် (၁) ကြိုးတိုက်တွင် တန့်ဆည်အရေးအခင်းတွင် ရဲတပ်ဖွဲ့ဝင်များအား အရှင်လတ်လတ် ခေါင်းဖြတ်သတ်ခဲ့၍ သေဒဏ်ကျလာသူ "ဓားပြချိုထွန်း" နှင့် မိုက်ဂုဏ်ချင်းပြိုင်ကာ ပြဿနာများလွန်းလှသည်။ လူတွေထက်ပိုမိုက်၍ ကတုံးတုံးထားသည်ဆိုသကိုး၊ ကြွေကြော်လိုက်သေးသည်။ သေဒဏ်ကျပြီးမှ ဘုရားဝတ်ပြု ပုတီးစိတ်ခြင်း၊ ဗုဒ္ဓဂါရဝအမှု၊ ရတနာသုံးပါးနှုသတိပွားများမှုများကိုပင် အပိုအလုပ်တွေဟု မိုက်မိုက်ကန်းကန်း နှုတ်ထွက်ရဲလိုက်သေးသည်။ သူနှင့်တစ်ခန်းတည်း အတူတွဲ၍နေလိုသူမရှိ။ သူ့ကို မေတ္တာရှိသူလည်း နတ္ထိ၊ သူက သံယောဇဉ်ထားသူလည်း မတွေ့မမြင်၊ ကြိုးတိုက်ခန်းမှာ တကယ့်ပြဿနာဦးခေါင်းကြီးလို ဖြစ်နေတော့သည်။

တစ်နေ့သ၌ ...။

သေဒဏ်ကျလာခဲ့ပုံကိုကမလည်ရှုပ်အမှိုက်ပွေတတ်သူမို့ကိုယ်မသိ၊ ကိုယ်မသတ်သည့်အမှုတွင်ဓားခုတ်ရာလက်လျှိုမိပြီး အကြောင်းဆုံလာခဲ့သည်ဟု ဆိုရပါမည်

(၆)

"ဆရာထောင်မှူး၊ ဆရာထောင်မှူး၊ ခဏထစမ်းပါဦး။ (၁) တိုက်ဘက်က မီးခိုးတွေထွက်နေတယ်။ လိုက်ကြည့်ပေးစမ်းပါဦး။

တာဝန်ကြပ်၊ တပ်ကြပ်ဆရာသန်းမောင်၏ အသံကိုကြား၍ အိပ်ယာမှ ခပ်သွက်သွက်ထကာ လက်နှိပ်မီးကို ကိုင်၍ ဖူးဝတံခါးဆီ အပြေးတစ်ပိုင်းထွက်လာမိ၏။ ထိုနေ့ညက ထောင်မကြီးတွင် ကျွန်တော်တာဝန်မှူးကျသည်။ သီးသန့်ထောင်တွင် ဆရာဦးအောင်သန်း (ကုလား) ဖြစ်သည်။ တာဝန်မှူးကျသည့် တစ်နေ့တာ (၂၄) နာရီပတ်လုံး အကျဉ်းထောင်လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးတွင် အဓိက တာဝန်အရှိဆုံးအရာရှိဖြစ်၍ မိမိနေအိမ်ခန်းတွင် မနေရပါ။ အကျဉ်းထောင်တံခါးကြီးရှိ တာဝန်မှူးရုံးခန်းတွင် နေ့ရောညပါ (၂၄) နာရီလုံးအချိန်ပြည့်နေ၊ တာဝန်

www.burmeseclassic.com

www.burmeseclassic.com




ထမ်းနေရပါသည်။

“ဦးသန်းမောင်…ဘာလဲဗျ။ တိုးတိုးသက်သာလုပ်စမ်းပါ။ ထောင်ပိုင်ကြီးနှင့် ထောင်ပိုင်လေး နိုးသွားလို့ အလန့်တကြားတွေ ဖြစ်ကုန်ပါဦးမယ်။ ခင်ဗျားတံခါးမှာ နေခဲ့။ ရော့…အပြင်တံခါးသော့။ ထောင်ပိုင် (၂) ယောက်ကလွဲလို့ ဘယ်သူမှ ဖွင့်မပေးနဲ့ ကျုပ်တိုက်ကိုသွားစစ်လိုက်ဦးမယ်။ ညကင်းစစ်အဖွဲ့ ကျုပ်ခေါ်သွားမယ်”

ဟုတ်ပါတယ်။ အကြီးအကဲများက လာစစ်လာမေးမှ ကိုယ်ဂဃနဏာသိထားတာမရှိရင် ရေးပေတော့ထုချေလွှာ၊ ရှင်းပေတော့ တစ်သံသရာ။ လူသားမို့ သွေးနဲ့ကိုယ်သားနဲ့ကိုယ် ခေတ္တခဏလဲလျောင်းနားနေရအောင် အိပ်ယာခင်းခွင့်ပြုသော်လည်း ကျကျနန နှစ်နှစ်ခြိုက်ခြိုက်တော့ အိပ်ခွင့်မရှိပါ။ ကြက်အိပ်ကြက်နိုးပ။

ညကင်းစစ်အဖွဲ့ တပ်ကြပ်သန်းဦး၊ တပ်သားလှိုင်ဦး (ယခု ထောင်မှူး)၊ တပ်သားတင်မောင်သန်း တို့ကိုခေါ်ကာ တိုက် (ကြိုးတိုက်) ဘက်သို့ အပြေးကလေး လှမ်းခဲ့ရပါတော့သည်။ ညဦးပိုင်းမှစကာ ည (၁၁) နာရီခန့်အထိ မိုးကခပ်ပါးပါးရွာထားသဖြင့် မိုးငွေ့ကြောင့် ချမ်းစိမ့်စိမ့်ရှိလှသည်။ နာရီကိုကြည့်လိုက်တော့ နံနက် (၁) နာရီကျော်နေပြီ။ စည်းကမ်းထိန်းသိမ်းရေးရုံး (Main Jail) ကနေ ကြည့်လိုက်ရာ ကြိုးတိုက်အခန်း (၃) လား (၄) လား တစ်ခန်းခန်းဆီမှမီးခိုးငွေ့တန်းက နောက်ကျောလေဝင်ပေါက် (Vantillation Hole) သံတိုင်များကြားကထွက်ကာ မိုးပေါ်သို့တစ်မျှော်တစ်ခေါ် ဆောင်တက်နေသည်။ မီးခိုးလုံးမကြီး မီးခိုးမည်းမဟုတ်၊ ဆူညံသံလည်းမကြားရ၊ ငြိမ်သက်တိတ်ဆိတ်နေသဖြင့်အဖြေကို ကျွန်တော်ခန့်မှန်းမိလိုက်ပါပြီ။

“ဆရာသန်းဦးရေ စွတ်ဝင်မသွားနဲ့ဟေ့။ စိုးရိမ်စရာကိစ္စ



မဟုတ်ဘူး။ တစ်ယောက်ယောက် မီးမွှေးပြီးရေနွေးအိုးတယ်သလား။ ဟင်းချက်သလား တစ်ခုခုပဲ။ ထောင်ကျဆောင် (၂) ဘက်အပေါက်က ပတ်ဝင်ရအောင် တင်မောင်သန်းနဲ့ လှိုင်ဦးက တိုက်နောက်ကျော မီးခိုးထွက်နေတဲ့အခန်းနောက်ကစောင့်။ ငါနဲ့ဆရာသန်းဦးက တိုက်ခန်းအပြင်တံခါးကနေဝင်မယ်။ ရော့…ဒီမှာ ကြိုးတိုက်အပြင်တံခါးသော့တွေ၊ ဝန်ထမ်းတွေ အိပ်နေတာသိလို့ လုပ်တာကွ။ ခြေသံလုံလုံသွားကြ”

ဒါမျိုးက ခဏခဏဖြစ်တတ်ပါသည်။ အကျဉ်းထောင်အတွင်း လုံခြုံရေးကို ထိခိုက်စေမည့်ကိစ္စများဖြစ်မလာအောင် ထောင်တွင်းရှာဖွေရေး (တလာစီခြင်း) ကို ဘယ်လောက်ပင် ဖိဖိစီးစီးလုပ်လုပ်။ လိုက်သူနှင့်ပြေးသူပမာ အကျဉ်းသား၊ အချုပ်သားများက တစ်ကွက်တော့ ဦးနေတတ်သည်။ ဒီနည်းကို မိလို့ပိတ်ပြီဆိုရင် နောက်တစ်နည်းကြံဆဦးမည်။ ရှာရှာဖွေဖွေလုပ်ဦးမည်။ လွန်ခဲ့သော (၁) ရက်ကပင် တိုက်ခန်းများအထူး ရှာဖွေရေးလုပ်ခဲ့သေးသည်။ နေ့စဉ်ရှာဖွေရေးကတော့ တစ်နေ့လျှင်အနည်းဆုံး ငါးကြိမ်ထက်မနည်း လုပ်နေရသည်။ ဒီအထဲကပင် အကျဉ်းသား၊ အချုပ်သားက ပို၍ဉာဏ်ပြေးလျှင် (သို့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်) ဝန်ထမ်းကပျင်းလျှင် ဖျင်းလျှင် ယခုလိုချောင်သွားတတ်သည်။ ပီအီး (ပဏာမစုံစမ်းစစ်ဆေးမှု Primary Enquirement) ကတော့ဖြင့်သေချာနေပါပြီ။ ဒီအီး (Departmental Equirement) မငြိအောင် ကိုယ်ကလက်ဦးအောင် အုပ်မိဖို့တော့လိုသည်။

ဟော...နောက်ဆုံးတော့မိပါပြီ။ ကြိုးတိုက်ခန်းအမှတ် (၂) တွင် ဘယ်သူနှင့်မျှမတည့်၍ ဦးစီးထောင်မှူးကြီး ဦးချစ်အမိန့်အရ တစ်ယောက်တည်းသီးခြားထားသည့် ဗြဟ္မာဦးခေါင်းကြီး ပြူးကျယ်ပါပဲ။ ပြူးကျယ်ကတော့ လုပ်ချလိုက်ပြန်ချေပြီ။ တိုက်ခန်းတာဝန်ကျ ကင်းတပ်သားဟန်မြင့်နှင့် မောင်ကံတို့အတွဲ တိုက်ခန်းတံခါးရှေ့ ငုတ်တုတ်အိပ်ပျော်နေသည်ကို အခွင့်ကောင်းယူကာ ပလပ်စတစ်ဇလုံကို ထုရိုက်ချိုးဖဲ့လျက်မီးမွေးပြီး ပုံစံအန်ပန်းကန်လုံးတွင် အသားကြော်နေခြင်းပါ။ သက်သေခံပစ္စည်းများ အားလုံးမိပါသည်။ ပြူးကျယ်ကလည်း လွယ်လွယ်ပဲဝန်ခံပါသည်။ တစ်ခုပဲခက်နေသည်။ မီးမွေးတာ၊ ဆီရတာ၊ ပန်းကန်လုံးရတာတွေ ပေါ်သော်လည်း ဘာသားကြော်နေတာလဲ၊ ဘယ်ကရတာလဲဆိုတာ ဘယ်လိုစစ်စစ်အဖြေမပေးပါ။ ဝေ့လည်လည်လုပ်နေသည်။ နောက်ဆုံး အပြင်းအထန် လှန်လှောရှာဖွေတော့မှ တွေ့ရပါပြီ။ တိုက်ခန်းအပြင်ခန်း၌ထားသည့် ရေစဉ့်အိုးအောက်မှ ငှက်တစ်ကောင်၏ အမွေး၊ အတောင်၊ အရေခွံများ၊ ငှက်ဘယ်ကရသလဲ ဘယ်လိုရသလဲ သေချာပြန်ကြည့်လိုက်မိ၏။ ဗုဒ္ဓေါ၊ ပြူးကျယ်ဒုက္ခပေးပြန်လေပြီ။ သူကြော်နေတာ ခိုတစ်ကောင်ရဲ့အသား။ ကိုစိုးတင့် တယုတယ သံယောဇဉ်ကြီးစွာ မွေးထားသည့်ခို။ ဒီခိုတစ်ကောင်ကို သားသမီးလို တယုတယ၊ တမွေ့တစ်ပိုက် ကျွေးမွေး ပြုစုလာတာကြာပြီ။ သူ့နာမည် "ရွှေသွေး"

ရွှေသွေးနှင့် သူ့ဖခင် ကိုစိုးတင့်တို့၏ မေတ္တာသံယောဇဉ်ကလည်း လွှမ်းလောက်အောင် စာဖွဲ့ချင်စရာကောင်းလှသည်။

(၇)

တပ်ကြပ်ကြီး စိုးတင့်။

ပုသိမ်ကြီးမြို့တွင် တပ်တည်သော တပ်မ (×) လက်အောက်ခံတပ်ဖြစ်သည့် ခလရ (××) မှ တပ်ကြပ်ကြီး တစ်ယောက်ဖြစ်သည်။ ပြီး ဒီပုသိမ်မြို့နယ် ရန်ကင်းတောင်ခြေက ရွာကလေးတစ်ရွာသား၊ ရွာခံ၊ မိဘများက တောင်သူလယ်သမားများ ဖြစ်သော်လည်း ဘယ်ဘဝက ဗီဇသွေးကြောင့်မှန်းမသိ မောင်စိုးတင့်ကလေးက စစ်တိုက်တာပဲ ဝါသနာပါသည်။ အမိအဘများက သဘောမတူ၍ အတန်တန်တားနေသည့် ကြားကပင် စစ်ထဲ ဝင်ဖြစ်အောင် ဝင်သည်။ ကိုးတန်းဖြေအပြီး အိမ်မပြန်ဘဲ မန္တလေးမြို့ပေါ် မျက်ပါးရပ်က ခလရ (၇၆) တပ်ရင်းတွင် တပ်သားသစ်အဖြစ် ဝင်ရောက်ခဲ့သည်။ ဝါသနာစေရာပေမို့လား မသိ။ သူ့အလုပ်နှင့်သူ အကျိုးပေးကကောင်းခဲ့သည်။ အထက်လူကြီး

သူနှင့်တစ်ခန်းတည်း အတူတွဲ၍နေလိုသူမရှိ။ သူ့ကို မေတ္တာရှိသူလည်း နတ္ထိ၊ သူက သံယောဇဉ်ထားသူလည်း မတွေ့မမြင်၊ ကြိုးတိုက်ခန်းမှာ တကယ့်ဗြဟ္မာဦးခေါင်းကြီးလို ဖြစ်နေတော့သည်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်သည်။ လက်အောက်က ချစ်ကြောက် ရိုသေသည်။ တိုက်ဖော် တိုက်ဖက်တို့က အားကိုးသည်။ တကယ့် သေကွင်းသေကွက် ကြက်ရေးငှက်ရေးတွင် သူ့ကို သတိရသည်။ တာဝန်ကို ဝံ့ဝံ့ ရဲရဲ၊ စွန့်စွန့်စားစား ကျားကုတ်ကျားခဲ လုပ်ရဲကိုင်ရဲသူမို့ အောင်ပွဲက ရလွယ်သည်။ အောင်ပွဲနှင့်အတူ ရာထူးတက်တာလည်း ကြမ်းသည်။ စစ်သက်ကလေး မရင့်သေးမီမှာပင် မောင်စိုးတင့် တပ်ကြပ်ကြီး ဖြစ်နေပြီ။

အသားညိုညို၊ အဆစ်အမြစ်ကြီးကြီး၊ တုတ်တုတ် ခိုင်ခိုင်၊ ဂင်တိုတိုနှင့်မို့ ရုတ်တရက် ကြည့်လိုက်ပါက ရုပ်နည်းနည်းဆိုးသည်ဟု ဆိုချင် ဆိုနိုင်သည်။ မိန်းကလေး ကြိုက်တော့မဟုတ်။ နှုတ်ကလည်း နည်းသေးသည်။ စကားသံက မဖွာ။ အနေအေးပြီး ခပ်ကုပ်ကုပ် သိပ်သိပ်သည်းသည်းကလေး နေတတ်သူမို့ သူ့မိဘများနှင့် တပ်ရင်းမှူးကြီး ဖနီးမောင်နံ့က ဦးစီးကာ စီမံနေရာချထားပေးခဲ့သည်၊ မဟုတ်လျှင် လူပျိုကြီးဘဝနှင့် အရိုးထုတ်ရဦးမည်။ ယခုတော့ သူနှင့်တစ်ရွာတည်း ဆွေမျိုးနီးစပ်ထဲက သူ့ထက်ငယ်သူ မိန်းကလေး "မြမြထွေး" နှင့် အိမ်ထောင်ကျခဲ့ရသည်။ သားကလေး "ရွှေသွေး" နှင့် သမီးကလေး "ရွှေရည်" တို့ အပါအဝင် ဖနီးနှင့် သူ့မိသားစုကလေးကို မြတ်နိုးတန်ဖိုးထားလိုက်သည်မှာ မြင်သူတိုင်း ညြချယူရအောင်ပင်။ ရှေ့တန်းမထွက်၊ တပ်တာဝန်များ မရှိပါက နေအိမ်လိုင်းခန်းက မခွာ၊ အသောက်အစား အပျော်အပါးကင်း၊ လူချစ်လူခင်လည်းများသူမို့ ဆရာသမားအရာရှိများကလည်း စောင့်ရှောက်ကြသည်။ အိမ်ထောင်စုလေး တစ်ခု သာတောင့် သာယာ၊ တင့်တင့်တယ်တယ် ထူထောင်နိုင်ခဲ့ပါသည်။ တစ်ခုပဲရှိသည်။ ဖနီးသည် "မြမြထွေး" က အရွယ်ချင်းလည်း ကွာ၊ မိဘသဘောကျ အလိုတူခဲ့ရသူမို့ နည်းနည်း စိမ်းချင်သည်။ သားသမီးနှစ်ယောက် ထွန်းကားခဲ့ပြီး ဖြစ်သည့်တိုင် သူ့အပေါ် ဆက်ဆံရေးက အေးစက်စက်။ ရိုသေပါသည်။ အလိုက်သိပါသည်။ ဖနီးကောင်း တစ်ယောက် ဆိုနိုင်လောက်အောင် တာဝန်ကျေလှပါသည်။ သို့တစေ အခေါ်အပြော ဆက်ဆံမှုက ရင်ချင်းမဆုံ နွေးထွေးလှိုက်လှဲမှု ကင်းသည်။ အရေးကြီးလှသော "အချစ်" ဆိုသည့် ထိုအရာကို ဘယ်တော့ရမည်လဲ။ စစ်သားကောင်း လူရိုးကြီး ကိုစိုးတင့် မျှော်လင့်တကြီး ကြိုးစားနေရဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့နေ့ပေါ့လေ…တစ်နေ့နေ့ပေါ့"

သို့တစေ ကြမ္မာဆိုးက မောင့်ကို မွေခဲ့ပြီထင်…။

ကရင်ပြည်နယ်၊ စစ်ဆင်ရေးကြီး ကာလကြာ ဆင်နွှဲနေရစဉ် ဇနီးချောက မူပြောင်းလာသည်။ ဖခင်ကြီး နေမကောင်းသည်ကို ပြုစုရန် အကြောင်းပြ၍ တပ်ရင်းအိမ်ထောင်သည်လိုင်းမှ ဒီရွာကို ပြန်ပြောင်းနေသည်။ သူ့မိဘများနှင့်အတူ တပ်ရင်းမှူးကတော်ကြီးကို ကျလောက်အောင် မျက်ရည်ခံထိုးလိုက်တော့ နုဂိုကပင် စိတ်ထားသိပ်မွေ့လှသူ လူကြီးက ခေါင်းညိတ်လိုက်သည်။ ကလေးနှစ်ယောက်ကိုပါခေါ်၍ ရွာပြန်နေသည်။ ရွာနှင့်တပ်ရင်းက အလှမ်းမဝေးလှ၍ မကြာခဏတော့ တပ်ရင်းကို ရောက်သည်။ တပ်ရင်းမိသားစု အလုပ်များကိုလည်း တာဝန်ကျေကျေလာ၍ လုပ်ရှာပါသည်။ သို့ဖြင့် ဒီတစ်ခါ စစ်ဆင်ရေးက တော်တော်ကြာသွားသည်။ အထိအခိုက်အကျအဆုံးကလည်း တပ်ရင်းသမိုင်းမှာ ပြောစမှတ် ပြုလောက်အောင် များသည်။ ဒုတပ်ရင်းမှူး ဗိုလ်မှူးဝင်းမြင့် (မြို့တော်စည်ပင်၊ ရန်ကုန်) ကိုယ်တိုင် မိုင်းနင်းမိကာ တပ်က ရာသက်ပန် နားလိုက်ရရှာသည်။



ကာလရှည်လှသည့် စစ်မြေပြင်က ခဏခွာဖို့ တပ်ကြပ်ကြီးဆရာကြီးစိုးတင့် အခွင့်ကြုံရသည်။ အရေးကြီး တပ်တာဝန်ဖြင့် ယာယီတပ်တည်ရာ ကရင်ပြည်နယ်၊ ရွှေဂွန်းမှသည် တပ်ရင်းသို့ ရုတ်တရက်ပြန်လာခဲ့သည်။ ပါလာသည့် အလုပ် ဝတ္တရားများကို ကျေပွန်အောင် တက်သုတ်ရိုက် ဆောင်ရွက်ပြီးသည်နှင့် မိသားစုရှိရာ ရွာကလေးသို့ အပြေးတစ်ပိုင်း ပြန်လာခဲ့၏။ ကပျာကသီ ပြေးလာခဲ့ရသည်ဟု ဆိုသည့်တိုင် ဇနီးသည်နှင့် 'ရွှေသွေး' တို့ 'ရွှေရည်' တို့ အတွက် ကရင်ပြည်နယ်ထွက် ဒေသလက်ဆောင်ကလေးများ၊ အဝတ်အစားများ မန္တလေးမြို့က မုန့်ပဲသရေစာများ တစ်ထွေ့တစ်ပိုက် ပါဖြစ်အောင် ပါလာလိုက်သေးသည်။

သို့သော်…။

တိတ်ဆိတ်နေသော ဇနီးသည်၏ မိဘများအိမ်ကို ဝမ်းသာအားရ

www.burmeseclassic.com

www.burmeseclassic.com

ပြေးအဝင် အမြင်မတင့်တယ်စရာ နှလုံးရိုင်းဖွယ် မြင်ကွင်းက 'စိုးတင့်' ရင်ကို မုန်တိုင်းထန် စေခဲ့သည်။ အသိ၊ သတိတရားတို့ ရုတ်ခြည် ပျောက်ကွယ် ပျက်သုန်းခဲ့ရသည်။ ကာလ ကြာရှည်ခဲ့သော စစ်မြေ၏ ဖိအားကပဲ ပေါက်ကွဲထွက်သလား၊ သားသမီး နှစ်ယောက် ရချိန်အထိ တယုတယ ချစ်ချစ်ခင်ခင် ကြင်နာ လိုက်လှဲမှု မရခဲ့တဲ့ အေးစက်စိမ်းကား သည့် အဆက်အဆံများ၏ တုန့်ပြန် တွန်းကန်အားကပဲ ပြင်းထန်လေ သလား။ အသိနှင့်ကိုယ် ကပ်လိုက် မိချိန်တွင် ဇနီးသည် မြမြထွေးနှင့် အတူ မသူတော် ဓာတ်ခင်းနေသည့် သူ့မောင်နှမ ဝမ်းကွဲတော်သူ တက္ကသိုလ်ကျောင်းသားတို့ အသက် နှင့်ခန္ဓာ အိုးစားကွဲခဲ့ကြပြီ။ ရုတ်တ ရက် မုန်တိုင်းမွှေလိုက်သလို ရက် ရက်စက်စက် ပြင်းပြင်းထန်ထန် တိုက်ခိုက် ချေမှုန်းမှုများအောက်၌ မကြည့်ရက် မရှုရဲစရာဇိဝိန်ကြွေ ခဲ့ကြရပြီ။ 'သားကလေးရွှေသွေး ရေ၊ သမီးရွှေရည်ကလေးရေ ...' ဖေဖေကြီးကို ခွင့်လွှတ်ကြပါတော့။ ဒီမျက်နှာကလေးများကိုပင် မကြည့် ရက် မကြည့်နိုင်၊ ကြည့်နိုင်ဖို့ အင်အားလည်း မရှိနိုင်တော့။

မြင်မြင်သမျှ ကြားကြားသမျှ က စုပ်တသပ်သပ် သနားကရုဏာ

လုံခြုံရေးကို ထိခိုက်စေမည့်ကိစ္စများ ဖြစ်မလာအောင် ထောင်တွင်း ရှာဖွေရေး (တလာစီခြင်း) ကို ဘယ်လောက်ပင် ဖိဖိစီးစီးလုပ်လုပ်။ လိုက်သူနှင့်ပြေးသူပမာ အကျဉ်းသား၊ အချုပ်သားများက တစ်ကွက်တော့ ဦးနေတတ်သည်

ပိုကြသည်။ ဒီမိသားစုလေး၏ ကြမ္မာဆိုးကို ရင့်နင့်ကြရသည်။ တတ်နိုင်သမျှ ဝိုင်းဝန်းကြ ဖေးမ ကြသော်ငြား ဥပဒေ၏ လက်တွင်း ကရုန်းမထွက်သာခဲ့။ သတိမဲ့စွာ လိုသည်ထက်ပို၍ ရက်စက်ကြမ်း ကြုတ်ခဲ့သည့် ဒေါသတရား၏ အမွေကို ခံရသည်။ သေဒဏ်တဲ့ ဘဝတွင် မည်သည့်အခါကမျှ မယုံကြည် မမျှော်လင့်ခဲ့သည့် ဒီလို ဘဝဆိုးမျိုးကို ကြုံရ၊ ရင်ဆိုင်ခဲ့ရ သည်။ ဒီဘဝ တစ်သက်တာတွင် လူမှန်းသိစကပင် မည်သူ့အပေါ်မျှ မုန်းစိတ်မဝင်၊ ရန်မပြုဘူးခဲ့။ ဒုက္ခ ရောက်စေ အံ့သောငှာ မပြုမှားခဲ့ ဘူးခဲ့။ သံသရာ၏ အကြွေးတစ်ကြွေး က ဝဋ်ကြွေးကို ဆပ်ရပြီဟုပင် ယုံ လိုက်ပါပြီ။ ကျန်နေသေးမည့် ဘဝ တာကိုသာ ဘဝကူးကောင်းအောင် နောင်သံသရာ ဘဝအဆက်ဆက်မှာ ဒီလို ကြမ္မာဆိုးမျိုး မကြုံရအောင် ကြိုးစားပေတော့မည်။ ကြိုးလည်း တကယ် ကြိုးစားရှာပါသည်။ အား လျှင် တရားထိုင်၊ ပုတီးစိတ် နေ သည်ကို သာတွေ့ရသည်။ သေဒဏ်ကျ ကြိုးသမားက မအား ရအောင် ဘာတွေအလုပ်ရှိလို့လဲဟု စောဒက မတက်ပါနှင့်။ သူ့မှာ လည်း သူ့အလုပ်နှင့်သူပါ။

ကြိုးသမားဘဝ အထီးကျန်စွာ သေမည့်နေ့ကို လက်ချိုးရေရင်း စောင့်နေရသည့် ကာလတွင် သံယောဇဉ် ကြိုးနှစ်ချောင်းက တိုး လာသေးသည်။ 'ရွှေရည်' ဟူသော ကြွက်မကလေး တစ်ကောင်နှင့် 'ရွှေသွေး' ဟူသော ခိုဖြူကလေး တစ်ကောင် သူမွေးထားသည်။ ဒီ တိရစ္ဆာန်ကလေး နှစ်ကောင်ကို သူ့ ဘဝအတွင်းက သူ့ရင်နှစ်သည်းချာ သားကလေး သမီးကလေးတို့နာမည် ပေးထားသည်။ ကလေးတို့ကို သတိရ လွမ်းဆွတ်ရင်း ကလေးတို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စား ပြုစုယုယ ကျွေးမွေးရသည်။ စကားပြောရသည်။ 'ရွှေရည်'က ကြိုးတိုက်ရှေ့ ညောင်ပင်ကြီး ခြေရင်းက တွင်းထဲမှာ နေသည်။ 'ရွှေသွေး'က အကျဉ်းထောင် ဗဟိုကင်း၏ မျက်နှာကြက်ပေါ်မှာနေသည်။ သို့တစေ နံနက်တိုက်ခန်းဖွင့်ချိန်ကနေ၊ ညပိုင်းတိုက်ခန်းပိတ်ချိန်အထိ သူတို့တစ်နေကုန် နေသည်က ဒီကြိုးတိုက်က အခန်းတွေမှာသာ။ 'ကိုစိုးတင့်' အခန်းမှာပင်တိုင် နေသော်ငြား၊ ကြိုးသမားတို့စံရာ အခန်းနှစ်ဆယ်စလုံး သူတို့အိမ်၊ သူတို့ယာ၊ အားလုံးက သူတို့ နှစ်ကောင်ကို သိသည်။ ချစ်ကြ၊ သံယောဇဉ်ထားကြသည်။ ယုယကြသည်။ စကြ နောက်ကြသည်။ ခင်တွယ်စရာ လူသားကလေးငယ် မရှိသည့် ဒီအရပ် ဒီနေရာတွင် သူတို့နှစ်ကောင်သည်သာ ကလေးသဖွယ် ဖြစ်နေတော့သည်။ ဒီနှစ်ကောင်ကလည်း ထောင်ဖွင့်သံချောင်းမှ မခေါက်လိုက်နှင့် ကိုစိုးတင့် အခန်းဆီ ရောက်ပြီ၊ ကြွေးတာစား၊ သူပြောတာ နားထောင်ပြီး တစ်ခန်းဝင် ဖာစ်ခန်းထွက်သွားကြ လာကြစားကြ၊ သောက်ကြ။ မကြာမကြာ ရွှေရည်မှာ အစားလွန်ကာ ဗိုက်ကြီးဖောင်းကား၍ မရှုနိုင်မကယ်နိုင် ဖြစ်နေတတ်သေးသည်။ ကျွန်တော် ထင်သည်။ ကျွန်တော် ကြိုးတိုက်ထောင်မှူးအဖြစ် ထောင်မှူးဦးထွန်းဟန်ထံမှ တာဝန်လွှဲယူခဲ့စဉ်က ဒီနှစ်ကောင်ပါ တရားမဝင်ပါခဲ့သည်ဟုပင် ပြောရမည်။ ထိုစဉ်ကတည်းက 'ရွှေရည်'နှင့် 'ရွှေသွေး'ကို သိ၍ အများနည်းတူ ချစ်ခဲ့၊ သံယောဇဉ် ပိုခဲ့ရသည်။ တစ်ခုပဲ ရှိသည်။ ကျွန်တော်က တာဝန်ပြီးချိန်တွင် အပြင်မှာ သားကြီး 'ဖိုးသိဂ်ါ'နှင့် သမီး 'မြတ်နိုး' တို့က ရှိနေ၍ ကိုစိုးတင့်တို့ ကြိုးသမားများလောက်တော့ နက်နက်နဲနဲ ခင်တွယ်မှု မရှိဟု ဆိုလျှင် ဝန်ခံရပါမည်။

ယခုမူ...။

ဒီကြိုးသမား ငါးဆယ်ကျော်၏ ရင်သွေးဖြစ်သော ခိုဖြူကလေး 'ရွှေသွေး'ကိုမှ ရက်ရက်စက်စက် သတ်ပြီး ကြော်စားရက်လေသည့် ပြူးကျယ်၏ လုပ်ရပ်မှာ စက်ဆုပ်ရွံမုန်းစရာ ကောင်းလွန်းလှသည်။ ထို့ထက် ပိုဆိုးတာက မိုးလင်း၍များ ဒီကိစ္စ အဖြစ်မှန်ပေါ်ခဲ့လျှင်...။

ကျွန်တော် တွေးမကြည့်ဝံ့။ ဒေါသအိုးတွေ ပေါက်ကွဲကာ ဘာတွေဆက်ဖြစ်မည်လဲ။ ကိုစိုးတင့် ဘာလုပ်မလဲ။ ဘယ်လိုနေမလဲ။ တကယ် မတွေးဝံ့တော့ပါ။ ပြူးကျယ် ပေးသည့်ဒုက္ခက တိုက်ခန်းအတွင်း မီးမွေး၍ ဟင်းချက်သည့် ကိစ္စကို အစစ်ဆေး ခံရရုံမျှမကတော့။ ပြင်းထန်လွန်းသည့် မုန်တိုင်းကြီး တစ်ခု ဂြိုလ်ဆိုး ကြမ္မာဆိုးကြီး တစ်ခုကို ဖိတ်စာကမ်းမိလျက်သား ဖြစ်နေပြီ။

စိတ်မကောင်းမှုနှင့် အတူ 'ရွှေသွေး' အပေါ် သနားစိတ်က လှိုက်တက်လာသည်။ ဒီအကောင် ပြူးကျယ်ကို စိတ်ရှိ လက်ရှိ ဆဲရင်း တီးလိုက်ချင်သည်။ ဆားရပါးရ

---

အသိနှင့်ကိုယ် ကပ်လိုက်မိချိန်တွင် ဇနီးသည်မြမြထွေးနှင့် အတူ
မသူတော် ဇာတ်ခင်းနေသည့် သူ့မောင်နှမဝမ်းကွဲတော်သူ
တက္ကသိုလ်ကျောင်းသားတို့ အသက်နှင့်ခန္ဓာ အိုးစားကွဲခဲ့ကြပြီ

---

www.burmeseclassic.com

www.burmeseclassic.com



တွယ်လိုက်ချင်သည်။ သို့တစေ ထိန်းရမည်။ ပြဿနာမီး ဟုန်းကနဲ တောက်၍ မဖြစ်။ ဉာဏ်နှင့်ယှဉ်၍ စီစဉ်စရာရှိသည်တို့ကို စနစ်တကျ စီစဉ်ရသည်။ 'ရွှေသွေး' ဆိုသည့် ခိုကလေး၏ အသားနှင့်တကွ သဲလွန်စ အားလုံးကို ဖျောက်ဖျက်ရသည်။ တိုးတိုးတိတ်တိတ်၊ သိပ်သိပ်သည်းသည်း တာဝန်ကြပ်နှင့် တကွ ကင်းစစ်အဖွဲ့ ညကင်းသားအဖွဲ့တို့ကို စည်းရုံး နှုတ်ပိတ်ရသည်။ နောက်တစ်နေ့ နံနက်မိုးလင်းလာမှာကိုပင် ဝန်လေး နေတော့သည်။

(၈)

စစ်ဆင်ရေး အောင်မြင်ခဲ့ပါသည်။ ပြဿနာကောင် ပြူးကျယ်၏ ကိစ္စကို အားလုံးသိကြသော်လည်း နှုတ်ဆိတ် နေလိုက်ကြသည်။ ဒီအမှုကနေ မီးခိုးကြွက်လျှောက် တိုက်ခန်းအားလုံး စည်းကမ်းနှင့် ရှာဖွေရေး တင်းကြပ်ကာ အံနေမချောင်တော့မည်မို့ ဓာတ်မတိုက်ရဘဲ ညီညီညွတ်ညွတ် ဖုံးဖိထားနိုင်ခဲ့ကြသည်။ ဟုတ်သည်လေ။ ထောင်မှာ ဆိုရိုးစကား ရှိသည်။ 'ဘာမှမဖြစ်ရင်တော့ ဘာမျှမဖြစ်ဘူး၊ တစ်ခုခု ဖြစ်ရင်တော့ အားလုံးဖြစ်ပြီ'တဲ့။ ဘာမှ မဖြစ်အောင် ကြိုတင် ကာကွယ်နိုင်လေ၊ ထောင်



အုပ်ချုပ်မှု တည်ငြိမ် အေးချမ်းလေပင်။

သို့တစေ နံနက် ထောင်ဖွင့်ချိန်တွင် ရောက်လာနေကြ 'ရွှေရည်' တစ်ကောင်ပဲ ရောက်လာခဲ့ပြီး၊ 'ရွှေသွေး' ပျောက်နေ၍ အားလုံး ယောက်ယက်ခတ် နေကြသည်။ 'ကိုစိုးတင့်' က အဆိုးဝါးဆုံး။ တိရိစ္ဆာန်ဆိုသည့် ကြွက်ကလေး 'ရွှေရည်' ပင် 'ရွှေသွေး' ကို တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေကာ ပျာယာခတ် နေပုံမှာ မြင်ရသူရင်စို့စရာ၊ မည်သူမျှ မကြည်မလင် မရွှင်ပျကြ။ တိုင်ပင်မထားပါဘဲ ရပ်ထဲရွာထဲက နာရေးအိမ်ပမာ ကြီးတိုက်ခန်း တစ်ခုလုံး မီးခိုးတိတ်။

ကျွန်တော်လည်း ဘယ်လိုရင်းပြရမည်။ ဘယ်ပုံ ဖြေသိမ့်ရမည် စဉ်းစားမတတ်တော့။ ခပ်မဆိတ်ပင် နေလိုက်ရတော့သည်။

ဒီမှာ ကယ်တင်ရှင် ပေါ်လာသည်။ ညက တာဝန်ဝင်ရောက်ခြင်းမရှိခဲ့သည့် နေ့တာဝန်ကျ တပ်ကြပ် မောင်အုန်း၊ သက်ပြည့်ပင်စင်နီးပြီ ဖြစ်၍ ပြေးပြေးလွှားလွှား လုပ်ရန် မလိုသည့် ကြီးတိုက် နေ့အင်ချုပ် တာဝန် ထမ်းဆောင်ရသူ။ သူက တကယ့် ရွှေပြည်အေး ဆရာကြီး။ မည်သူ့ကို ချော့မော့ နှစ်သိမ့်ရမည်နည်း။ ရသည်။ ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ဒီကြိုးသမားငါးဆယ်ကျော်၏ ရင်သွေးဖြစ်သော ခိုဖြူကလေး ‘ရွှေသွေး’ ကိုမှ ရက်ရက်စက်စက်သတ်ပြီး ကြော်စားရက်လေသည့် ပြူးကျယ်၏ လုပ်ရပ်မှာ စက်ဆုပ် ရွံမုန်းစရာ ကောင်းလွန်းလှသည်။

သည်။ မန်းရာပြည့်ပွဲမှာ တယော ရွှေတံဆိပ်ရခဲ့သည့် ‘မန္တလာအုန်း’ ပေပဲ။ သူ့တယောအိုကြီးက ထွက်လာသည့် အသံနှယ် အေးအေးတွဲ့တွဲ့ လေးလေးမှန်မှန်ဖြင့် တအိအိ ပြောပါလိမ့်မည်။ တစ်ဖက်လူ နားဝင် မဝင်တော့ မသိ၊ နားညည်း၍တော့ တိတ်သွားရမည် အသေအချာ ယခုလည်း သူဝင်ရှင်းသည်။

“တဲ···ကဲ သတ္တဝါတစ်ခု ကံတစ်ခုပဲကွာ။ ဘာတတ်နိုင်မလဲ၊ ငါတွေ့တာတော့ မနေ့က ညနေပိုင်းက ဗိုလ်သင်တန်း တတ်နေတဲ့ ထောင်ပိုင်လေးသား ဗိုလ်လောင်းနဲ့ အဖွဲ့တွေ လေသေနတ်တွေနဲ့ ငှက်လိုက်ပစ်နေတာ တွေ့ရတယ်။ လေး၊ ငါး၊ ဆယ်ကောင် ရလို့ စာရေးကြီး ကိုကံညွန့် (ယခုထောင်မှူးကြီး) အိမ်မှာ ကြော်နေတာ တွေ့ရတယ်။ ရွှေသွေးတော့ ပါသွားရှာပြီ ထင်ပါရဲ့။ ကျန်နေတဲ့ လူတွေက ကျန်းမာရေး ဂရုစိုက်ကြ၊ ကိုယ့်ဖာသာကိုယ်ပဲ သတိထား။ ပြုပြင်နိုင်တာပဲ ပြုပြင်ကြပေါ့၊ အဲဒါတော့ ဒါပဲ ပြောချင်တယ်”

အားလုံးလည်း နားလည်ပါသည်။ ကိုယ်ဘာမှ မတတ်နိုင်သည့် ကိစ္စဆိုသည်ကို။ သို့တစေ ကိုစိုးတင့် တစ်ယောက်တော့ဖြင့် ရှိုက်ကြီးတငင် ချုံးပွဲချ၍ ငိုရှာပါသည်။ ရှိုက်၍ ရှိုက်၍ တသိမ့်သိမ့် တအိအိ ငိုရှာပါသည်။ ကျွန်တော်ပင်လျှင် ကြည့်ရင်း မြင်နေရင်းက မျက်ရည်စို့လာမိသည်။ ကြေကွဲရပါသည်။

ပြီးတော့ ထူးထူးခြားခြား တသိမ့်သိမ့် ငိုကြွေးနေသူ တစ်ဦး ရှိပါသေးသည်။ အကြောင်းစုံ မသိသူတို့က အံ့သြဟန်မပြသော်လည်း အတွင်းသိ အစင်းသိ ကျွန်တော်တို့ကမူ အံ့သြရသည်။ တော်တော်ဟန်ဆောင်ကောင်းတဲ့ ကောင်ပဲဟု ရွံရှာစိတ်ပင် ဝင်လာသေးသည်။

ဒီတစ်ခါလည်း ကျွန်တော့ အထင်လွဲပြန်ပါသည်။ ပြူးကျယ် (ခ) တင့်လွင် (ခ) တေဇိန္ဒ တစ်ယောက် ဒီတစ်ခါ တကယ့်သံဝေဂ ရသွားပုံပေါ်သည်။ အနေအထိုင်၊ အပြောအဆို ပြောင်းလဲလာသည်။ ပို၍တည်ငြိမ် အေးချမ်းလာသည်။ ယခင်လို ညာဉ်ဆိုး၊ စရိုက်ဆိုး တို့ကို သိပ်မတွေ့ရတော့။ ပို၍ထူးသည်က ကိုစိုးတင့်နှင့် တစ်ခန်းတည်းအတူ နေပါရစေဟု အထူးအလေးပေး ကြင်နာစွာ နေထိုင်လာခဲ့သည်။ ကြွက်မကလေး ‘ရွှေရည်’ ကိုလည်း သူ့လက်ပေါ်က မချတော့။

ဒီလို ဖြစ်လာတော့မှပင်···။

(၉)

ကြိုးတိုက်မှာ ကြိုးသမားချင်း ရိုက်ကြလို့တဲ့။ တစ်ယောက်တော့ သေမလား ရှင်မလား မသိဘူး။ ထောင်တွင်း ဆေးရုံတင်လိုက်ရပြီး စကားမေးတော့ မရဘူး ညွန့်မှူးပါ ထောင်ထဲဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ထိုထိုသော ကြားလိုက်ရသမျှ သတင်းက ကြိုးတိုက် ထောင်မှူး ကျွန်တော်ရင်ဝကို လက်နက်ကြီး ကျည် တည့်တည့် မှန်သလို တစ်ချီတည်း အရိုက်ထိသည်။ ဒီကနေ့ စနေနေ့ တစ်ရက်ပဲ ကျွန်တော် နားရက်။ ရှားရှားပါးပါး တစ်ပတ်မှာမှ ဒီတစ်ရက်ထဲ ဇိမ်မယူအားတော့ ယူနီဖောင်း ကပျာကယာလဲကာ ထောင်တွင်းသို့ အပြေးတစ်ပိုင်း လာခဲ့မိသည်။ ပြေးရင်းလွှားရင်းလည်း ဆိုင်းမဆင့် ဗုံမပါ ထဖြစ်သည့် ဒီရန်ပွဲ၏ ဇစ်မြစ်ကို အတွေးမှာ အဖြေရှာသွားမိသည်။ မနေ့က ညနေအထိ ဘာသံမှုမကြား၊ အားလုံး အေးအေးချမ်းချမ်း၊ ဘာ အရိပ်အယောင်မှ မရှိ။ ဘယ်လိုဖြစ်ပါလိမ့်။

လမ်းမှာ တပ်သားလှိုင်ဦးနှင့် တွေ့သည်။

"ဆရာရေ ညွှန်မှူး ခေါ်ခိုင်းတယ်။ ကိုစိုးတင့်နဲ့ ပြူးကျယ် ဖြစ်တာ ဆရာ၊ ကိုစိုးတင့်က ထမင်းထမ်းတံပိုးနဲ့ အသေရိုက်တာ ပြူးကျယ် အတော်နာတယ်။ ကံကောင်းလို့ မသေတာ။ ပြူးကျယ် အိတ်ကပ်ထဲမှာ ရွှေရည်ရှိနေလို့ ရွှေရည်က စွတ်အော်နေတော့မှ ကိုစိုးတင့် သတိပြန်ဝင်လာတာ၊ ပြူးကျယ်တော့ ဆေးရုံပေါ်မှာ မသေနိုင်ဘူး ထင်ပါတယ်။



တပည့်ကျော်က ကသောကမျော ရှင်းပြသည်။ သွားပါပြီ တစ်သက်လုံး ဖုံးသမျှ ဘယ်လို ကုန်းလိုက်လို့ ပေါ်ပြန်လေသလဲ မသိ။ ညွှန်မှူးပါ ဖြစ်ကြောင်း ကုန်စင် သိလောက်ပေပြီ။ ဘယ်လို လျှောက်လဲချက် တင်ရမလဲ။ ပြေးရင်းလွှားရင်း ခေါင်းပူအောင် စဉ်းစားရသည်။

"နေပါဦးကွ...ဘယ်လိုလုပ်ပြီး 'ရွှေသွေး'နဲ့ 'ပြူးကျယ်' အကြောင်းကို ကိုစိုးတင့် သိသွားရတာလဲ။

"တင်မောင်သန်းပေါ့ ဆရာရယ်...မနေ့ညက ကြိုးတိုက်မှာ ညကင်းဝင်ရင်းနဲ့ နည်းနည်းလည်း တွေလာတယ်နဲ့ တူပါတယ်။ ပြူးကျယ်ကို စရင်းနောက်ရင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးတင့်ကြီးကို မေ့ပြီး လွှတ်ခနဲ ပြောချလိုက်တာ အားလုံးပေါ်ကုန်တယ် ပြောတာပဲ"

"တောက် . . . ခွေးမသား တင်မောင်သန်း"

နိဂုံးချုပ်လျှင် 'ရွှေသွေး' ကိစ္စ ထိမ်ချန်ခဲ့၍ ကျွန်တော် အပေါ် ဌာနဆိုင်ရာ စစ်ဆေးမှု ပြုပြီး နှစ်တိုး (၆) လ ဖြတ်တောက်ခြင်းခံခဲ့ရပါသည်။ ကိုစိုးတင့် က တိုက်ပိတ်၊ ဒေါက်ခတ်ပြစ်ဒဏ် (၁) လနှင့် လျော့ရက် (၁) လ ဖြတ်တောက်ခံရသည်။ ပြူးကျယ် ကတော့ ဦးခေါင်းတွင် ခြောက်ချက် ချုပ်လိုက် ရသည်။ ညာခြေထောက် ခြေကျင်းဝတ်မှာ သွင်သွင်ကျိုး သွားသည်။ ဝဲဘက်ညှပ်ရိုး အရိုး အက်သွားသည်။ (၂) လခန့် ဆေးရုံမှာ အသည်းအသန်ကုလိုက် ရသည်။ ပြီးတော့ ကျွန်တော်လည်း ကြိုးတိုက်မှ ရဲဘက်ရုံးသို့ တာဝန် ပြောင်းလဲခြင်း ခံလိုက်ရသည်။ ထောင်ပိုင်ကြီး ကျွန်တော့်ဆရာက တော့ လုပ်သက်နုနယ်သေးသည့် ထောင်အတွေ့အကြုံ မရှိသူ ကျွန်တော့်အား ကြိုးတိုက်ထောင်မှူး တာဝန်ကြီးတွင် ချထားပေးခဲ့မိ၍ ညွှန်ကြားရေးမှူး (ယခု ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) အဘ ဦးကျော်ထွန်း) ဆူပူကြိမ်းမောင်းမှု

> ကြိုးတိုက်မှာ ကြိုးသမားချင်း ရိုက်ကြလို့တဲ့။ တစ်ယောက်တော့သေမလားရှင်မလားမသိဘူး။ ထောင်တွင်းဆေးရုံတင်လိုက်ရပြီး စကားမေးတောင်မရဘူး ညွှန်မှူးပါ ထောင်ထဲဝင်သွားပြီ . . .

ကို တော်တော်ခံလိုက်ရသည်။

ဤတွင်ရွှေ နိဋ္ဌိတံ၊ ပြီးပါပြီ ဟု ထင်ပါသလား။ မပြီးသေးပါ။

(၁၀)

မနေ့တစ်နေ့က ကျွန်တော့် အိမ်သို့ အလည်လာသော ထောင်မှူးကြီး ကိုကံညွှန့် (ယခင် စာရေးကြီး) ထံမှ သတင်းစကားရသည်။

ကျွန်တော့်တပည့်ကျော် သေဒဏ်ကျ အကျဉ်းသား ကိုစိုးတင့်သည် ၁၉၉၇ ခုနှစ်က ထောင်မှ လွတ်ပြီး သူ့ဇာတိရွာ ပုသိမ်ကြီးမြို့နယ် သရက်ကုန်းရွာကလေးတွင် ဖရဲနှင့် သခွားမွေးစိုက် တောင်သူကြီး ဖြစ်၍ ကြီးပွားနေပြီ။ သားကြီး မောင်ရွှေသွေး၊ သမီးငယ်မရွှေရည် တို့နှင့် အတူနေကာ ပျော်ရွှင်နေပြီ။ ပြီးတော့ ခြေထောက်တစ်ဖက် ကျိုးနေသည့် ဒုက္ခိတသားတစ်ယောက်ကိုလည်း မွေးစားထားသည်။ သူ့မွေးစားသားက သူ့ရွာမှာ ကလေးများကို ပညာဒါန အခမဲ့စာသင် ပေးရင်း သူ့အပေါ် ဖခင်တစ်ဦးပမာ ပြုစုနေသည်။ သူ့သားအမည် က ကိုတင့်လွင် (သို့မဟုတ်) ကိုပြူးကျယ် . . . တဲ့။

(၁၁)

နွေ၏အလွန်မှာ မိုးဖြိုင်ဖြိုင် ရွာတတ်ပါသည်။ ။

**ဓေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com



## ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### ရာဇဝတ်မှုတွင် ကာလစည်းကမ်းသတ်မရှိ

ပြစ်မှု (ရာဇဝတ်မှု) လူသတ်မှု စသည်ဖြင့် ပြစ်မှုကြီးငယ်မဆို ကျူးလွန်ပြီး ထွက်ပြေး တိမ်းရှောင်နေလျှင် နှစ်ပေါင်း မည်မျှကြာကြာ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသလို ဖမ်းမိသည့် နေ့ (သို့မဟုတ်) အဖမ်းခံရသည့် နေ့မှစပြီး ရုံးတော်သို့ တင်ပို့ ကြားနာစစ်ဆေး၍ ထိုက်သင့်သည့် အပြစ်ဒဏ်ချမှတ် (စီရင်) နိုင်ပါသည်။

ဥပဒေကိုးကားချက်- ပြစ်မှု (ရာဇဝတ်မှု) တွင် ကာလစည်းကမ်းသတ် မရှိသဖြင့်၊ အချိန်အခါမရွေး ဖမ်းဆီးစစ်ဆေး ကြားနာနိုင်ပါသည်။

BURMESE CLASSIC .com

၁၉၆၆ ခုနှစ်၊ မြန်မာ နိုင်ငံတရားစီရင်ထုံး B.LR(CC) နိုင်ငံတော်တရားရုံးချုပ်၊ စာမျက်နှာ (၂၁၉) ဦးသွယ်ပါ (၂)နှင့် UB အမှုစီရင်ထုံး ဆုံးဖြတ်ချက် (လမ်းညွှန်ချက်)

**လူသတ်မှုလက်တွေ့ ဖြစ်ရပ် မှန်တစ်ခု**

လွန်ခဲ့သော ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ (၂၁) ရက်နေ့ က လူသတ်တရားခံပြေး တစ် ယောက်ဖြစ်သူ မစ္စတာ Eng Bak Siong ဆိုသူသည် (ယခု အသက် ၆၀ နှစ်ရှိပြီး စင်ကာပူမြို့၊ တာပါ ယောင်ရပ်ကွက်၊ အမှတ်(၁) လမ်းကြား၊ တိုက်အမှတ် (၁၂၇) တွင်၊ ခိုက်ရန်ဖြစ်ပွားပြီး လူသတ် မှုကျူးလွန်ခဲ့၏။

ထို့နောက် မလေးရှားနိုင်ငံသို့ ထွက် ပြေးတိမ်းရှောင်ခဲ့ရာ အချိန် (၁၂) နှစ်ခန့် ကြာခဲ့ပြီးသော ယခု ဇူလိုင်လ(၁၂) ရက်နေ့ည၌ စင်စန်းကျင်း ပင်လယ်ကွေ့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် မလေးရှား ထောက်လှမ်းရေးနှင့် အထူးတပ်ဖွဲ့က လက်ရဖမ်းမိပြီး (၁၆.၇.၂၀၁၃) ရက်နေ့က စင်ကာပူမြို့ တရားရုံးတော်သို့ လွှဲပြောင်းပေး ပို့၍ အမှုကို ဆက်လက်စစ်ဆေး ကြားနာလျက်ရှိသည်ဆို၏။

**Ref: C.S.T (Singapore) 17.7.2013**

---

### လိင်တူဆက်ဆံ ထောင်ဒဏ် (၁၀) နှစ်နှင့် ကြိမ်ဒဏ်

စင်ကာပူနိုင်ငံတွင် လွန်ခဲ့ သော ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ လ (၇) ရက်နေ့ည (၇)နာရီ အချိန်တွင် စားသောက်ဆိုင်၌ ပန်းကန်ဆေး အလုပ်သမား၊ အသက် (၄၄)နှစ်ရှိသူ မစ္စတာ ဘန်ကျက်မင်းသည် ဆိုင်တွင် ပန်းကန်ဆေးကြောနေစဉ် အသက် (၁၁) နှစ်ရှိ ယောကျ်ား လေးကျောင်းသားတစ်ဦးအား ပန်းကန် ကူဆေးခိုင်းခဲ့ပြီး အတင်းခြိမ်းခြောက် ဖမ်းဆီးကာ လိင်တူဆက်ဆံမှု ပြုလုပ်ခဲ့သည့်အတွက် အရပ်က ဝိုင်းဖမ်းပြီး ရဲလက်ထဲသို့ အပ်ခဲ့၏။ ၎င်းအား ရုံးတင်စစ်ဆေးခဲ့ရာတွင် ပြစ်မှုထင်ရှားတွေ့ရှိခဲ့ရသဖြင့် စင်ကာပူတရားရုံးက (၉.၅.၂၀၁၃) ရက်နေ့၌၎င်း အပေါ်၌ထောင်ဒဏ် (၁၀) နှစ်နှင့် ကြိမ်ဒဏ် (၁၅)ချက် ချမှတ်ခဲ့သည်ဟု သတင်းရရှိပါသည်။

**Ref: C.S.T (Singapore) 18.5.2013**

www.burmeseclassic.com